

# ဇာတ်လမ်းပါမှာ

## သာရ

စိတ်ကူးချိုချိုစာအုပ်

# ဇာတ်လမ်းပမာ

## သာရ

တတိယအကြိမ်၊ ၂၀၂၀

တတ်လမ်းမေား၊ သာရ
မျက်နှာဖုံးပန်းချီ - ဇော်ဟောင်
စာမျက်နှာ ၂၁၆ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၅၃၈)၊ ၈၅ ၁၆၄လမ်း တာမွေ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မော၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၅၇၊ မရိုးရိုးလမ်း ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ တတိယအကြိမ် အုပ်ရေ ၅၀၀၊
၁၉၇၄ စာသဘင်တိုက်ထုတ် ပထမအကြိမ်မှ

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

ဥက္ကလာ ဓာတ်ပုံတိုက်အောက်ထပ် ညစျေးတန်းဘက်ရှိ အထည်ဆိုင် တစ်ဆိုင်တွင် တိုဘရက်ကိုး အဆင်ဆန်းတစ်ထည်ကို ခပ်သုတ်သုတ်ဝယ်၍ ထွက်လာကြသည့် မိန်းမငယ်နှင့် လူရွယ်တစ်စုံတွဲအား အကဲခတ် ကြည့်ရှု နေကြသော ပတ်ဝန်းကျင် လမ်းသွားလမ်းလာ ပရိသတ်၏ အမူအရာမှာ အတော်ကလေး ကြည့်နူးအားကျနေသည့်အသွင် ဆောင်လျက်ရှိကြ၏။

အချို့ကမူ ဖရေဇာလမ်းမကြီးကို ဖြတ်ကျော်သွားပြီဖြစ်သည့် ထို စုံတွဲအား မျက်စိတစ်ဆုံး သမင်လည်ပြန် လှည့်ကြည့်နေဆဲပင် ရှိလေသေး ၏။

အဖိုးထိုက် အဖိုးတန်ပင် မဟုတ်စေကာမူ သန့်သန့်ရှင်းရှင်းနှင့် သပ် သပ်ရပ်ရပ် ဝတ်စားဆင်ယင်ထားသည်ဖြစ်သောကြောင့် အဆိုပါ စုံတွဲအား ကြည့်ရသည်မှာ အတော်ကလေး သားနားနေသည်ကိုတွေ့ရပြီး ရုပ်ရည်အား ဖြင့်လည်း ရိုးရိုးယဉ်ယဉ်၊ နှစ်ဦးစလုံး မှင်သေသေနှင့် ကျက်သရေရှိလှသည် ကြောင့် ပတ်ဝန်းကျင်က ငေးကြည့်ရသည်အထိ သူတို့စုံတွဲမှာ အဆင်ပြေနေ ခြင်းဖြစ်၏။

သို့လျှင် ပတ်ဝန်းကျင် ပရိသတ်က အားကျသော မျက်နှာထားဖြင့် ခပ်ပြုံးပြုံး ငေးကြည့်ခြင်းကိုပင် ခံယူရသည်မှန်သော်လည်း ကာယကံရှင်ဖြစ် သော ထိုဇနီးမောင်နှံတို့၏ အမူအရာမှာမူ ကိုယ်စီကိုယ်စီ၌ တစ်စုံတစ်ရာ သော စိတ်မကြည်မလင်ဖွယ်ရာ ပြဿနာတစ်ခုနှင့် ရင်ဆိုင်နေရဘိသည့် ပမာ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာပင် ရင်ပေါင်တန်းလျက် လှမ်းနေသည်ကို တွေ့ရ၏။

တစ်ယောက်နှင့်တစ်ယောက် မည်သူ့မည်သူမျှ စကားမပြောဘဲ ဆူးလေဘုရားလမ်းအတိုင်း မြောက်ဘက်သို့ လျှောက်ခဲ့ကြ၏။ နောက် ဗိုလ်ချုပ်လမ်းရောက်သည်နှင့် အရှေ့ဘက်သို့ ချိုးကွေ့ခဲ့ကြ၍ ဘားလမ်းထိပ် သို့ရောက်သည့်တိုင်အောင် စကားဆို၍ တစ်ခွန်းတစ်ပါဒမျှ မပြောကြသေး။ ခပ်ခွာခွာနှင့် ခပ်မှန်မှန်ပင် လျှောက်လာခဲ့ကြ၏။

နှစ်ဦးစလုံးပင် မျက်နှာထား ကြည်လင်ခြင်းမရှိဘဲ ကိုယ်စီအတွေးဖြင့် ငေးရင်းသာ လှမ်းခဲ့ကြ၏။ သို့နှင့် ရုပ်ရှင်ရုံတစ်ရုံရှေ့သို့အရောက်တွင် လူရွယ်သည် မိန်းမငယ်အား ငုံ့ငုံ့ကလေးသော်မှ လှည့်မကြည့်ဘဲ…

"ဘယ်လိုလဲ၊ ကြည့်ဦးမလို့လား ရုပ်ရှင်"ဟု တိုတိုပြတ်ပြတ်နှင့် ခပ်ဆတ်ဆတ် မေးလိုက်၏။

မိန်းမငယ်တွင်မူ လူရွယ်လောက် ဥပေက္ခာထားသော အသွင်မျိုး မပေါ်။ သို့သော်လည်း မေးပုံမေးနည်းနှင့် လေသံကိုပါ မကျေနပ်သည့် အမူအရာဖြင့် ဆတ်ခနဲ မော့ကြည့်တဲ့ပြီး…

"သဘောပဲ"ဟု အသံကိုအုပ်၍ အတိုချုပ် ဖြေလိုက်၏။

လူရွယ်သည် ဘာတစ်ခွန်းမျှ ထပ်မပြောတော့ဘဲ လျှောက်မြဲလျှောက် လျက်ရှိ၏။ မိန်းမငယ်သည်လည်း ညဈေးတန်းမှဝယ်လာခဲ့သော လုံချည် ထုပ်ကလေးကို လက်တစ်ဖက်မှတစ်ဖက်သို့ ပြောင်းကိုင်ရင်း ခြေလှမ်းမပျက် လူရွယ်နှင့်အတူ လျှောက်လျက်ပင်ရှိ၏။

"ကဲ… ကြည့်ချင်လည်းကြည့်၊ လာ"

ရုပ်ရှင်ရုံပေါင်းများစွာ ကျော်လွန်ခဲ့ပြီးနောက် ပန်းဆိုးတန်းထိပ်ရောက် ကာမှ လူရွယ်တွင် အဘယ်လိုစိတ်မျိုး ပေါ်ပေါက်လာသည်မသိ။ သို့ပြောရင်း ကပင် ကိုယ်ကိုလှည့်၍ လာလမ်းအတိုင်း ရုပ်ရှင်ရုံများဘက်သို့ ပြန်လျှောက် လာသောကြောင့် မိန်းမငယ်တွင်လည်း လူရွယ်အား မျက်စောင်းတခဲခဲနှင့်ပင် ထက်ကြပ်မကွာ လိုက်ပါလာခဲ့၏။

သုံးလေးမိနစ်အတွင်းလောက်မှာပင် ရှေ့သွားနောက်လိုက် ညီ သလောက် သူတို့ချင်း အဆင်မပြေဟန် တူနေသည့် ဇနီးမောင်နှံသည် တစ်ဆောင်သော ရုပ်ရှင်ရုံအတွင်းသို့ ရောက်လာခဲ့ကြ၏။

သူတို့ဝင်လာသောအချိန်၌ ရုပ်ရှင်တစ်ရုံလုံး မှောင်နေပြီဖြစ်၏။နမူနာ

အပိုင်းအဖြစ် ပြနေသော ပိတ်ကားမှ အလင်းရောင်ဖြင့်လည်းကောင်း၊ ရုံဆောင့်၏ လက်နှိပ်ဓာတ်မီးရောင် အကူအညီဖြင့်လည်းကောင်း နေသားတကျ ထိုင်မိလျှင်ပင် နမူနာပိုင်းဆုံး၍ မူရင်းဇာတ်ကား စလေတော့၏။

ပထမ ရှေးဦးစွာ ရုပ်ရှင်ပိတ်ကားပေါ်တွင် ထင်လာသည်ကား မျဉ်ထောင်မျဉ်ခင်း၊ ခနိမိုးအိမ်တစ်အိမ်၏ အခန်းကလေးတစ်ခုအတွင်း၀ယ် အသက်အားဖြင့် ၂၅ နှစ်ခန့်ရှိ လူရွယ်တစ်ဦးသည် စားပွဲတစ်လုံးတွင် ကျကျနန ထိုင်၍ ဆေးပေါ့လိပ်ကို တစ်ဖက်ကကိုင်ရင်း စာရေးလိုက်၊ စဉ်းစားလိုက်ဖြင့် အလုပ်ရှုပ်နေသည့်အခန်း ဖြစ်၏။

ရုပ်ရှင်မှာ ဗမာဇာတ်ကားပင်ဖြစ်သော်လည်း များစွာသော ဗမာရုပ်ရှင်ကားများကဲ့သို့ ကုမ္ပဏီ၊ ဒါရိုက်တာ၊ ပါဝင်သူ စသည်တို့ဖြင့် ရှေးဦးစွာ မစဘဲ အချို့သော အနောက်နိုင်ငံ ရုပ်ရှင်များနည်းတူ တစ်မူခြား၍ အထက်ပါအတိုင်း ဇာတ်ဆောင်သူတစ်ဦး၏ စာရေးခန်းဖြင့် စ၍ဖွင့်လိုက်သောကြောင့် ဗမာရုပ်ရှင် ပရိသတ်အဖို့၌ အတော်ကလေး ထူးခြားသလို ဖြစ်နေတော့၏။

တစ်ဖန် အသံထွက်ကား....ဟု ဆိုထားစေကာမူလည်း လူရွယ်တစ်ဦး စာရေးရင်း၊ စဉ်းစားရင်းဖြင့် စိတ်အိုက်နေသည့်အခန်းကိုသာ ပြထားသည်။ အသံဆို၍ ဘာသံမျှ မကြားရသေး။ ပရိသတ်ကမူ သမားရိုးကျအတိုင်း သီချင်းသံကလေးသော်မျှ မကြားရ၍ မကျေမနပ် မရိုးမရွ ဖြစ်နေကြ၏။ ထိုအခိုက်မှာပင် အသံတစ်ခုသည် ရုတ်တရက်ဆိုသလို ကျယ်လောင်ပြတ်သားစွာ ပေါ်လာ၏။

"ဩော်... ကိုစိန်လွင်... ကိုစိန်လွင်၊ စာပေ၀ါသနာအိုးဘ၀ကနေပြီး စာရေးဆရာရူးရူး၊ ကဗျာဆရာရူးရူး၊ ဒီလိုနဲ့ ကလောင်ရူးရူးပြီး အချိန်ရှိသလောက် ကဗျာတွေရေး၊ ၀တ္ထုတွေရေးနဲ့ တစ်ရေးတည်းရေးပြီး တစ်ရူးတည်း ရူးခဲ့လို့ တက္ကသိုလ်၀င်စာမေးပွဲ ကျခဲ့တာချည်း သုံးနှစ်ရှိခဲ့ပြီ၊ ခုထိလည်း သူ ရူးတုန်းပဲ"

ထိုစကားသံများ ကြားနေရသည့်အချိန်အတွင်း၌ စာရေးရင်း အလုပ်ရှုပ်နေသူ ကိုစိန်လွင်၏ အမူအရာမှာ ဆေးပေါ့လိပ်ညှိလိုက်၊ စွာလိုက်၊ စာရေးလိုက်၊ စဉ်းစားလိုက်၊ အခြား ရေးပြီးသားစာရွက်တစ်ခုကို ပြန်ကြည့်

လိုက်ဖြင့် အသွင်အမျိုးမျိုး ပြောင်းလဲနေရာမှ ထိုအခန်း ပျောက်သွားပြီး…

ငြိမ့်ညောင်းသာယာလှသော တူရိယာသံနှင့်အတူ ရုပ်ရှင်ကုမ္ပဏီ၏ အမည် ပေါ်လာ၏။ နောက် ဒါရိုက်တာအမည်၊ နောက် ဇာတ်ညွှန်းရေးသူ၊ ပါဝင်ဇာတ်ဆောင်သူများ စသည်ဖြင့် အစဉ်လိုက် ဖော်ပြသွားပြီးနောက်…

ကိုစိန်လွင် စာရေးနေသည့်အခန်း ပေါ်လာပြန်၏။ စောစောက အတိုင်း တူရိယာသံမပါဘဲ ခြောက်ကပ်ကပ် ရှိနေပြီးနောက် မရေးမနှောင်း မှာပင် စကားသံသည် ပေါ်လာပြန်၏။

"ကိုစိန်လွင်နဲ့ ကျွန်တော်ဟာ အင်မတန် ချစ်ကြတဲ့ ကျောင်းနေဖက် သူငယ်ချင်းပါပဲ။ ကျွန်တော် ဆယ်တန်းအောင်လို့ ရန်ကုန်မှာ အလုပ်လုပ်နေ တဲ့အချိန်ထိ သူကတော့ စာရေးဆရာရူးရူးရင်း စာမေးပွဲ တဖုတ်ဖုတ်ကျတုန်း ပါပဲ"

ထိုစကားသံများနှင့်အတူ ကိုစိန်လွင်တွင် အမူအရာ အမျိုးမျိုးဖြင့် လှုပ်ရှားပြောင်းလဲနေ၏။ စာရေးနေရာမှ ရုတ်တရက် ရပ်ပြီး ခပ်လှမ်းလှမ်းရှိ ဗီရိုတစ်ခုထဲမှ မဂ္ဂဇင်းစာအုပ် လေးငါးအုပ်ကိုဆွဲယူလာပြီး တစ်စုံတစ်ရာရှာ သလို တစ်အုပ်ပြီးတစ်အုပ် လှန်လှောရှာဖွေလျက်ရှိ၏။

စကားသံတို့သည်လည်း ဆက်တိုက် ပေါ်ထွက်လျက်ရှိ၏။

"နောက်ဆုံးမှာတော့ သူ အင်မတန်လိုလား မျှော်မှန်းထားတဲ့ နိုင်ငံ ကျော် စာရေးဆရာဘဝကို ပြောင်မြောက်စွာ ရောက်သွားပေမဲ့ အင်း… ချစ်လှစွာသော ကျွန်တော့်သူငယ်ချင်း ကိုစိန်လွင်ရဲ့ဇာတ်သိမ်းကတော့ဖြင့် ကြေကွဲစရာလို့ပဲဆိုရမလား၊ နှောင်တတရား ရစရာလို့ပဲ ယူဆရမလား"

ထိုအချိန်၌ ကိုစိန်လွင်သည် မဂ္ဂဇင်းစာအုပ်များကို ဗီရိုတွင် ပြန်ထား ပြီး ဆေးပေါ့လိပ်ညှိသောက်၍ လမ်းလျှောက်ရင်း စဉ်းစားနေပြန်၏။

စကားသံမှာမူ စက္ကန့်ပိုင်းလောက်သာရပ်သွားပြီး ဆက်လက်၍ ပေါ် လာပြန်သည်မှာ…

"သူ့ဘဝဖြစ်စဉ်ဟာ ဘယ်လို အမျိုးအစားလဲလို့ အမည်မပေးတတ် သော်လည်း အချစ်လောကထဲမှာ တဝဲဝဲလည်နေကြတဲ့ ကျွန်တော် အပါ အဝင် အချစ်လောကသားတွေအဖို့ သတိတရား ရစရာတွေ အတော်များ များ ပါကောင်းပါလိမ့်မယ်လို့ ယူဆယုံကြည်တဲ့အတွက် ဒီရုပ်ရှင်ကုမ္ပဏီ၊

ဒီဒါရိုက်တာ၊ ဒီပညာသည်တွေရဲ့ အကူအညီနဲ့ ကျွန်တော့်သူငယ်ချင်းရဲ့ ဖြစ်ကြောင်းကုန်စင်ကို"

"ဇာတ်လမ်းပမာ..."

"တိုင်းပြည်သို့ တင်ဆက်လိုက်ရခြင်း ဖြစ်ပါတယ်"

ဤတွင် 'ဇာတ်လမ်းပမာ'ဟူသော စလေးလေးနှင့် ပြတ်သားစွာ ပြောလိုက်သည့် စကားသံနှင့်အတူ ထူထဲ မည်းနက်သော စာတန်းသည်လည်း တစ်ပြိုင်တည်း ပေါ်လာ၏။

ချက်ချင်းပင် ထိုစာတန်းပျောက်သွားပြီး ကိုစိန်လွင် စာရေးနေသည့် မူလအခန်း ပြန်ပေါ်လာလျက် ကိုစိန်လွင်မှာ ပြတင်းပေါက်တစ်ခုအနီးတွင် ရပ်ကာ အပြင်ဘက်သို့ငေးရင်း တစ်စုံတစ်ရာ တွေးနေသည်ကို တွေ့ရ၏။

ထိုအခိုက်တွင် ကိုစိန်လွင်နှင့် မတိမ်းမယိမ်းအရွယ် လူငယ်နှစ်ယောက် အခန်းထဲသို့ဝင်လာပြီး...

"ဟော့... စာရေးဆရာကြီးရဲ့၊ ဘာဝတ္ထုများရေးမလို့ ဒီလောက် တွေးနေရတာလဲ"ဟု တစ်ယောက်သော လူငယ်က ပြောရင်း အသံပြုလိုက်မှ ကိုစိန်လွင် အတွေးရပ်ပြီး ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

ချက်ချင်းပင် ကိုစိန်လွင်လည်း ဝင်လာသူ လူငယ်နှစ်ယောက်အား အမူအရာဖြင့် ဖိတ်ခေါ်ရင်း စားပွဲဆီသို့လျှောက်သွားကာ အသီးသီး ထိုင်မိကြသည်နှင့်...

"ဝတ္ထုရေးဖို့ စဉ်းစားနေတာ မဟုတ်ပါဘူး လှဦးရာ။ စိတ်ညစ်ညစ်ရှိတာနဲ့"

ကိုစိန်လွင်က မကြည်မလင် ပြန်ဖြေရာမှ ဆေးပေါ့လိပ်ကို ကောက်ကိုင်လိုက်သည်တွင် ကိုစိန်လွင် လက်သွားရာကို လိုက်ကြည့်နေသော ကိုလှဦးဆိုသူ၏ မျက်လုံးများသည် စားပွဲပေါ်တွင် ပြန့်ကျဲနေသော စာရွက်များဆီသို့ ရောက်သွားရာမှ စာရွက်တစ်ရွက် ကောက်ယူ၍ ပြုံးလိုက်ပြီး...

"ဒါက ဝတ္ထုရေးတာမဟုတ်လို့ ဘာလဲကွ"ဟု ကိုလှဦးက ကိုစိန်လွင်အား လှမ်းမေးရင်း တစ်ဆက်တည်းပင် အခြားလူငယ်တစ်ဦးဘက်သို့လှည့်၍...

"ဒီမှာကြည့်စမ်းဟော့... ကျော်မောင်၊ ဝတ္ထုနာမည်ကလေးကတော့

အတော်ပြီသားကွ၊ 'ချစ်ပဟေဠိ'တဲ့၊ ဟဲ... ဟဲ... ဟဲ"

"ဟေ့... စိန်လွင်၊ ခုထိလည်း မင်းစာ ဆိုလို့ ကဗျာကလေးတစ်ပုဒ်တောင် မစွံသေးဘူး၊ ဒါနဲ့တောင် ဝတ္ထုအထိ တက်ပြီး ရေးနေသေးသကိုးကွ။ ဘာလဲ၊ မင်း စာပေဗိမာန်ဆုကို ချိန်နေပြီပေါ့လေ"

ကိုကျော်မောင်ကလည်း လှောင်သလို မျက်နှာထားဖြင့် မေးလိုက်ပြန်၏။

"အေး... အေး... ပြောကြပေါ့ကွာ၊ ငါမှ မစွံသေးဘဲကိုးကွ။ ဒါပေမဲ့ တစ်နေ့ကျရင်..."

"ဘာလဲ၊ စွံဦးမယ်များ ထင်နေသေးသလား စိန်လွင်၊ မင်ဖိုး၊ စာရွက်ဖိုးနဲ့ တံဆိပ်ခေါင်းဖိုး ကုန်တာကလွဲလို့ စာမေးပွဲကျတာပဲရှိမယ်"

ကိုကျော်မောင် စကားမဆုံးသေးမီ ကိုလှဦးက ဖြတ်၍...

"ဟေ့... ကျော်မောင်၊ ဒါတော့ ထည့်မပြောနဲ့ကွာ၊ စိန်လွင်က ပြည်သူလူထုအတွက် အနစ်နာခံနေတာကွ"ဟု သရော်လိုက်သောကြောင့် နှစ်ယောက်သား ဝါးခနဲ ရယ်ချလိုက်စဉ်...

"ဟေ့ကောင်တွေ တော်ကြတော့ကွာ၊ အစ်ိုလိုက စိတ်ညစ်နေရတဲ့အထဲ"ဟု ပြောပြောဆိုဆို ကိုစိန်လွင်က တကယ် စိတ်ဆိုးသွားသည့်မျက်နှာထားဖြင့် ထိုင်ရာမှ ထသွားသောကြောင့် ကိုလှဦးတို့နှစ်ယောက်စလုံးပင် မျက်နှာပိုးပြင်ရင်း ကိုစိန်လွင် ရပ်နေရာ ပြတင်းပေါက်ဆီသို့ ထလျှောက်သွားပြီး...

"စိတ်မဆိုးပါနဲ့ သူငယ်ချင်းရာ၊ မင်းတကယ် စိတ်ညစ်နေမှန်း မသိလို့ပါ၊ ဘာဖြစ်လို့လဲ၊ မင်းဦးလေးက ပွက်ပြန်ပြီလား၊ စာမေးပွဲကျလို့"ဟု ကိုကျော်မောင်က မေးလိုက်၏။

"ထုံးစံအတိုင်းပဲပေါ့ကွာ၊ ဒါပေမဲ့ ငါ ဦးလေးတို့ကို စိတ်မဆိုးဘူး၊ ငါ့အပြစ်နဲ့ငါမို့ အကြိမ်းခံရတာပဲ၊ စာမေးပွဲ ခဏခဏကျတာကိုတော့ အပြစ်ကြီးတစ်ခုလုပ်ပြီး မပြောရှာပါဘူး၊ ခုလို စာပေဝါသနာပါလို့ ရေးရေးနေတာကိုသာ အရည်မရ၊ အဖတ်မရအလုပ်ဆိုပြီး မကျေမနပ် ဖြစ်နေတာကွ"

"ဟုတ်လည်းဟုတ်သားပဲ မင်းဥစ္စာက၊ ကလောင်သင်ဘဝမှာလည်း ဝင်ငွေမရှိဘူး၊ နောင်တစ်နေ့ မင်းဝတ္ထုတွေ သုံးဦးတော့၊ ကလောင်သစ်မို့ဆို

ပြီး ညဏ်ပူဇော်ခ မပေးဘူး၊ ဝါရင့်စာရေးဆရာဖြစ်တော့လည်း ငတ်တစ်လှည့် ပြတ်တစ်လှည့်ဆိုတော့..."

"ဟော့... ဒီစကားတော့ ငါ လက်မခံနိုင်ဘူးကွာ၊ အေး... အရက်ချည်းပဲ နေ့ညမပြတ် သောက်နေလို့ ထမင်းငတ်တဲ့ စာရေးဆရာတွေတော့ ငါ မပြောလိုဘူး၊ ဒါပေမဲ့ ခုခေတ်မှာ စာရေးဆရာပီပီ သစ္စာရှိရှိနဲ့ ဘယ်ဝါဒ၊ ဘယ်ပယောဂမှမပါဘဲ သန့်သန့်ရှင်းရှင်း ရေးနိုင်ရင် အထက်တန်းစာရေးလခလောက်တော့ ချောင်ချောင်ကလေး ဝင်ငွေရှိတယ်လို့ ငါ သိရတယ်"

ကိုစိန်လွင်က ဒေါမာန်ပါပါ ပြော၍ စကားရပ်လိုက်သည်နှင့် ကိုလှဦးက...

"အေးလေ... ဒါတော့ ငါတို့လည်း အမှန်မသိဘူး၊ မင်းလည်း ဒီကနေ ပြောနေတာ၊ ရန်ကုန်စာပေလောကအကြောင်း ကိုယ်တွေ့သိသေးတာ မဟုတ်ဘူး၊ ကိုင်း... ဒါတွေ ထားလိုက်တော့၊ ဒီနှစ် ကျောင်းဖွင့်ရင် ဆက်နေဖို့ မင်း စိတ်ကူးသေးသလား၊ ငါတို့တော့ စာတိုက်နဲ့ ပညာဝန်ရုံးမှာ အလုပ်လျှောက်လိုက်ပြီ"

ကိုစိန်လွင်ကမူ ရုတ်တရက် ဘာမျှ မပြောသေးဘဲ ခပ်တွေတွေ စဉ်းစားနေပြီးမှ...

"ခုန ငါ တွေးနေတာ ဒီကိစ္စပေါ့ သူငယ်ချင်း၊ ကျောင်းလည်း ဆက်မနေချင်တော့ဘူး၊ ဦးလေး လုပ်ခိုင်းတဲ့ သစ်လုပ်ငန်းလည်း ဝါသနာမပါဘူး၊ ငါတော့ ဆုံးဖြတ်လိုက်ပြီ၊ ရန်ကုန်ကို လစ်တော့မယ်"

"ဘာလဲကွ၊ မင်း ခဏခဏပြောဖူးတဲ့ စာပေနယ်ထဲကို ခြေစုံပစ်ဝင်တော့မယ်ဆိုပါတော့"

"အေးပေါ့ ကျော်မောင်၊ ငါ့ရည်မှန်းချက် ပန်းတိုင်ရောက်အောင်တော့ ဘယ်လိုပဲဖြစ်ဖြစ် ငါ ချီတက်ရမှာပဲ"

ဤတွင် ကိုကျော်မောင်က ဦးခေါင်းကို အသာယမ်းလိုက်ရင်း...

"မဟုတ်သေးပါဘူး စိန်လွင်ရာ၊ မိတ်ဆွေကောင်းအနေနဲ့ပြောရရင် နည်းနည်းတော့ အချိန်ယူပြီး စဉ်းစားစေချင်သေးတယ်"

"နည်းနည်းမဟုတ်ဘူး၊ ငါလေ တစ်နှစ်ကျော်ကျော် အချိန်ယူ စဉ်းစားခဲ့ပြီးပြီ၊ ဒီနေ့ ငါ ဆုံးဖြတ်ချက် ချလိုက်တယ်၊ ရန်ကုန်လာခဲ့မယ်ဆိုတဲ့

အကြောင်း ဘိုးထင်ကြီးဆီကိုတောင် စာရေးလိုက်ပြီးပြီ"

ကိုစိန်လွင်သည် စကားကို ရုတ်တရက် ဖြတ်၍ ကိုကျော်မောင်ရော၊ ကိုလှဦးကိုပါ အမိပွာယ်ပါလှသော မျက်နှာထားဖြင့် တစ်လှည့်စီကြည့်လိုက်ပြီးမှ...

"မင်းတို့ ငါ့မျက်နှာကို သေသေချာချာ ကြည့်ထားလိုက်"

ကိုစိန်လွင်၏မျက်နှာသည် ပိတ်ကားကြီးတစ်ခုလုံး ပြည့်သွားလုမတတ် ပေါ်လာရာမှ ဆက်လက်၍...

"ငါလေ ... စိန်လွင်ဆိုတဲ့ ကလောင်ရှင်ဟာ တစ်နေ့ကျရင် နိုင်ငံကျော် စာရေးဆရာအဖြစ်နဲ့ မင်းတို့ကို ဒီမျက်နှာ လာပြဦးမယ် သိလား၊ မြဲမြဲသာ မှတ်ထားလိုက်ကြပေတော့"

ထိုစကားဆုံးသည်နှင့် ကိုစိန်လွင့်မျက်နှာသည် တဖြည်းဖြည်းချင်း မှေးမှိန်ပျောက်ကွယ်သွားခြင်းနှင့်အတူ ရေးရေးပေါ်လွင်လာသော အဆောက်အအုံတစ်ခုသည်လည်း ရန်ကုန်ဘူတာရုံကြီးအဖြစ် ထင်ရှားစွာ ပေါ်လွင်လာသည်ကို တွေ့ရ၏။ နောက်မကြာမီ ဘူတာရုံအတွင်းမှ သားရေအိတ်တစ်လုံးကိုင်၍ ကိုစိန်လွင် ထွက်လာသည်ကိုတွေ့ရပြီး အကြိုလာမည့်သူကို ရှာသည့်နှယ် ဦးခေါင်းတလည်လည်နှင့်ရှိနေခိုက် အသံတစ်ခုသည် ရုတ်တရက် ပေါ်လာပြန်၏။

"ဒီနေ့ ဒီရက်မှာ သူ လာမယ် စောင့်ကြိုပါဆိုတဲ့စာကို ကျွန်တော်ရထားခဲ့ပေမဲ့လည်း ကိစ္စတစ်ခုကြောင့် ဘူတာရုံကို အချိန်မီ မရောက်နိုင်ခဲ့ဘူး၊ သူ့ခမျာ ကျွန်တော့်ကို မျှော်ရင်းနဲ့ ဘူတာရုံမှာ နာရီဝက်လောက် စိတ်အိုက်နေရရှာတယ်"

စကားသံ ပျောက်သွားပြန်၏။

ကိုစိန်လွင်လည်း ဟိုဟိုသည်သည် မျှော်ကြည့်နေရာမှ ရုတ်တရက် တစ်နေရာသို့ စူးစိုက်သွားပြီး...

"ဟေး... ဘိုးထင်ကြီး ... ကွာ စောင့်လိုက်ရတာ၊ မင်း သိပ်ရျော်တဲ့ သတ္တဝါပဲ"

စကားမဆုံးမီပင် လူရွယ်တစ်ဦး ထိုင်လျက်ပါလာသော ဆိုက်ကားတစ်စီးသည် ကိုစိန်လွင် ရပ်နေသောနေရာတွင် ထိုးဆိုက်လိုက်၏။

"ငါတောင် ခု လိုက်လာတော့မလို့ စိတ်ကူးနေသေးတယ်၊ စစ်ပြီးခေတ်မှာ ပေါ်လာတဲ့ကွက်သစ်တွေ ငါ မရှာတတ်လို့သာပေါ့ကွာ"

"အေး... မင်း အပြစ်တင်ရင်လည်း ခံရမှာပဲ၊ ငါတို့ ဝန်ထောက်ကရုံးအလုပ်တင်မဟုတ်ဘူး၊ သူ့အိမ်တွင်းရေးကိစ္စတစ်ခုပါ ခိုင်းလိုက်တာနဲ့ နောက်ကျသွားတယ်၊ ကဲ... တက်ကွာ"

သို့ ပြောလိုက်သော ဘိုးထင်ကြီးဆိုသူသည် ဆိုက်ကားပေါ်မှမဆင်းဘဲ ကိုစိန်လွင်ဘက်လှည့်၍ ပြောနေသောကြောင့် သူ့မျက်နှာကို မမြင်ရ။

မရှေးမနှောင်းမှာပင် ကိုစိန်လွင်လည်း ဆိုက်ကားနောက်ပိုင်းတွင် တက်ထိုင်လိုက်သဖြင့် ဆိုက်ကားသမားလည်း ဖြည်းဖြည်းချင်း အရှိန်ယူနင်းထွက်သွားတော့၏။ အတန်ငယ် ဝေးသွားမှ ထိုအခန်းသည် မှေး၍ ပျောက်သွားကာ...

သာယာလှသော နေထွက်ချိန် ရှုမျှော်ခင်းကလေးတစ်ခုသည် ကြည်နူးဖွယ် ပေါ်လာပြန်၏။

"ပထမ... သူ ရောက်လာပြီး လေးငါးရက်မှာတော့ ကိုစိန်လွင်ဟာ ကျွန်တော့်အိမ်မှာပဲ ဝတ္ထုရေးရင်း၊ စာဖတ်ရင်းနဲ့ပဲ အချိန်ကုန်နေရှာတယ်၊ ဘယ်စာအုပ်တိုက်ကိုမှ သွားဝံ့လာဝံ့ မရှိရှာသေးဘူး"

ထိုအခိုက်တွင် နေထွက်ချိန် ရှုမျှော်ခင်း ရုတ်တရက် ပျောက်သွားပြီး ဝါးထရံကာ အခန်းတစ်ခုအတွင်းဝယ် နို့ဆီသေတ္တာတစ်လုံးကို စားပွဲအဖြစ်သုံး၍ စာကုန်းရေးနေသော ကိုစိန်လွင် ပေါ်လာ၏။

စကားသံသည်လည်း ကြားမြဲကြားနေရ၏။

"ဒီလိုနဲ့ ၁၀ ရက်လောက်ကြာမှပဲ ကိုစိန်လွင်ဟာ ရန်ကုန်မှာရှိတဲ့ ဝတ္ထုတိုက်၊ မဂ္ဂဇင်းတိုက် အစရှိတဲ့ စာပေမွေးထုတ်ရာ ဌာနတွေကိုသွားပြီး သူ့ဝတ္ထုကလေးတွေကို အရဲစွန့်ပေးရင်း စာပေလောကနဲ့ နီးစပ်အောင် စိတ်မပျက်ဘဲ ကြိုးစားခဲ့ရှာတယ်"

ထိုစကားသံနှင့်အတူ ကိုစိန်လွင် စာရေးနေသည့် အခန်းပါပျောက်သွားပြီး စက်ရုံတစ်ခုအတွင်းမှ အလုပ်သမားများ အလုပ်ဆင်းလာသည့် ရှုခင်းတစ်ခု ပေါ်လာ၏။

နောက် ဆင်းရဲသားရပ်ကွက်တစ်ခုအတွင်းရှိ လမ်းတစ်လမ်းသည်

ဆွမ်းခံကြွလာသော သံဃာတော်နှစ်ပါးအား အိမ်တစ်အိမ်မှ အဒေါ်ကြီးတစ်ယောက် ထွက်၍ ဆွမ်းလောင်းသည့်အခန်း ပေါ်လာ၏။

ဤအခန်းသည်လည်းကောင်း၊ စောစောက ရှုခင်းများသည် လည်းကောင်း ရုပ်ရှင်ဇာတ်လမ်းနှင့် ဘာမျှမသက်ဆိုင်သော်လည်း သဘောအားဖြင့် ကိုစိန်လွင် စာရေးသည်မှာ နေထွက်ချိန်မှသည် ညနေ အလုပ်သမားများ အလုပ်ဆင်းလာသည့်အချိန်ထိ တစ်နေ့လုံးပင်ဖြစ်သည်ဟူ၍လည်းကောင်း၊ သံဃာတော်များ ဆွမ်းခံကြွသည့် ရှုခင်းမှာလည်း တစ်နေ့သော နံနက်ဟူ၍လည်းကောင်း အသီးသီး အဓိပ္ပာယ်ဆောင်ထားသော ရှုကွက်ကလေးများဟူ၍ ရုပ်ရှင်ကြည့် ပရိသတ်က နားလည်ထားလိုက်ကြ၏။

အထက်ပါ ပြကွက်မှာ တစ်ဆက်တည်းဖြစ်၏။ ဆွမ်းလောင်းပြီး၍ အဒေါ်ကြီး တက်သွားသည်နှင့် တစ်ပြိုင်တည်းဆိုသလိုပင် ထိုအဒေါ်ကြီး ဝင်သွားသော အိမ်ခန်းနှင့်ကပ်လျက်ရှိသော အခြားတစ်ခန်းမှ စာရွက်ခေါက်ကလေးတစ်ခုကိုင်၍ ထွက်လာသူ ကိုစိန်လွင်အား တွေ့ရ၏။

ကိုစိန်လွင်လည်း ထိုထိုဤဤ မျက်လုံးကစားလိုက်ပြီးမှ ငါးထစ်မျှရှိသော လှေကားကလေးပေါ်မှ ခပ်လေးလေးဆင်း၍ ထွက်ခွာသွားသည်ကို တွေ့ရ၏။

မကြာမီ ထိုအခန်းသည် မှေးမှိန်ပျောက်ကွယ်သွားပြီး...

'ပြည်သူ့ကြေးမုံဂျာနယ်'ဟူသော ဆိုင်းဘုတ်သတ်သတ်တစ်ခု ပေါ်လာပြီး တဖြည်းဖြည်း ဝေးသွားကာ အဆိုပါ ပြည်သူ့ကြေးမုံဂျာနယ်တိုက် အောက်ထပ်တစ်ခုလုံး ပေါ်လာသည်အထိ တွေ့လိုက်ရပြီးမှ ဖျတ်ခနဲ ထိုအခန်းပျောက်သွားကာ အလုပ်ခန်းတစ်ခု ပေါ်လာ၏။

အခန်းထဲတွင် စားပွဲကိုယ်စီနှင့်ထိုင်နေကြသော လူရွယ်၊ လူလတ်သုံးယောက်သည် စာရေးသူရေး၊ ဖတ်သူက ဖတ်နှင့်ရှိနေကြစဉ် အယ်ဒီတာနှင့်တူသူ မျက်မှန်ထူထူတပ်ထားသည့် လူရွယ်သည် တိုက်ထဲသို့ တစ်စုံတစ်ဦး ဝင်လာသံကို ကြားလိုက်ရသကဲ့သို့ ရုတ်တရက် လှည့်ကြည့်လိုက်၏။

ခပ်ယို့ယို့ ဝင်လာသူကား ကိုစိန်လွင်ဖြစ်၏။

နောက် အယ်ဒီတာ့ရုပ်လုံး ပေါ်လာပြန်ပြီး စိတ်မပါ့တပါ အမူအရာ

ဖြင့်...

"လာလေ... ထိုင်"ဟု သာမန်အားဖြင့် ပြောလိုက်ပြီး ကိုင်ထားသော စာအုပ်ကို ဖတ်မြဲဖတ်နေ၏။

ဤတွင် ကိုစိန်လွင်လည်း ရှိုးတိုးရှန့်တန့် အမူအရာဖြင့် ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်ရင်း ထိုလူရှယ်သုံးယောက်ဆီသို့ မသိမသာအားဖြင့် တစ်လှည့်စီ အကဲခတ်နေ၏။

စာရေးသူက ရေးမြဲ။

စာဖတ်သူက ဖတ်မြဲ။

စာပြင်သူက ပြင်မြဲ။

သူ့အား အရေးလုပ်၍ စကားပြောလိုသည့် အရိပ်အယောင်ကိုမှ မည် သူကမျှ မပြသည်နှင့် ကိုစိန်လွင်တွင် အားငယ်သွားသလို ထိုသူများအား ကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီး နံရံတွင် ချိတ်ထားသောပုံများဆီသို့ မျက် လုံး ရောက်သွားတော့၏။

၁၁ နာရီထိုးရန် မိနစ် ၂၀ ခန့်လိုသေးသောအချိန်ကို ပြနေသည့် တိုင်ကပ်နာရီနှင့်အတူ ရှမျှော်ခင်းပုံကလေးများ တစ်ပုံပြီးတစ်ပုံ ပေါ်နေသည့် အချိန်တွင် စကားသံသည် ရုတ်တရက် ထွက်လာပြန်၏။

"ကလောင်သစ်ကလေးများကို အမြဲ ဖိတ်ခေါ်နေပါတယ်၊ တက်သစ် စ ကလောင်ရှင်ကလေးများကို မြေတောင်မြှောက်ပေးစမ်းပါရစေ စသဖြင့် အမြဲ ကြွေးကြော်နေတဲ့ စာပေလောကကို တော်တော်ကလေး အထင်ကြီးခဲ့ သမျှ ကိုစိန်လွင်ခမျာ ကိုယ်တွေ့ကျမှပဲ စာအုပ်ရောင်းကောင်းရဲ့ အသံ ကောင်းဟာစ်တာလို့ သိရှာတော့တယ်။ သူတို့လို ကလောင်ရှင်ပေါက်စ ကလေးများကို မြေတောင်မြှောက်ပေးဖို့ဆိုတာ ဝေးလို့၊ အဖက်လုပ်ပြီးတော့ တောင် စကားမပြောချင်သလို ဆက်ဆံတတ်ကြတဲ့ လက်ရှိ ရန်ကုန် စာပေ လောကအကြောင်းကိုဖြင့် ကိုစိန်လွင်ဟာ သူ ပြန်လာတိုင်း ကျွန်တော့်ကို တစ်ဆင့် ဖောက်သည်ချလေ့ရှိပါတယ်။ စိတ်ပျက်လက်ပျက် ညည်းညူလေ့ ရှိပါတယ်"

ထိုစကားသံရော မှန်ပေါင်တပ် ရှုမျှော်ခင်း ကားကလေးများပါ ဖျတ်ခနဲ ပျောက်သွားပြီး ကိုစိန်လွင် ပေါ်လာပြန်၏။

စောစောက မူအတိုင်းပင် အယ်ဒီတာနှင့်တကွသော လူရွယ်သုံးယောက်အား ကိုစိန်လွင်သည် အကဲခတ်သလို ကြည့်လိုက်ပြန်၏။

ထူးခြားထူးခြားမလာ၊ ယခင်ပုံစံအတိုင်း ကိုစိန်လွင်အား လှည့်၍သော်မှ ကြည့်ဖော်မရ၊ ရေးမြဲရေး၊ ဖတ်မြဲဖတ်လျက်ပင်ရှိ၏။ အထူးသဖြင့် အယ်ဒီတာနှင့်တူသူ မျက်မှန်ထူထူဆရာမှာ မျက်နှာထား အတင်းဆုံးဖြစ်နေ၏။ ကိုစိန်လွင် စိတ်အိုက်လာသည့်ပမာ နာရီကို မော့ကြည့်လိုက်၏။

၁၁ နာရီတိတိ ရှိနေလေပြီ။

သို့နှင့် ကိုစိန်လွင်လည်း ထိုသုံးယောက်အနက် မျက်နှာထားအချိုဆုံးသော လူရွယ်ဆီသို့ ချဉ်းကပ်သွားကာ...

"တစ်ဆိတ်လောက်ခင်ဗျာ၊ ကျွန်တော့်ဝတ္ထုကလေးအကြောင်း မသိရဘူးလား"ဟု မရဲတရဲနှင့်ပင် ကိုစိန်လွင်က မေးလိုက်၏။

"အဲဒါ ကျွန်တော်နဲ့မဆိုင်ဘူး၊ အယ်ဒီတာကို မေးပါ"

ထိုလူရွယ်က ဤသို့ ပြောလိုက်သည်နှင့် ကိုစိန်လွင်လည်း အယ်ဒီတာဘက်သို့ မျက်လုံးလည်သွား၏။ စောစောက လူရွယ်ပြောလိုက်သောစကားသံကြောင့် အယ်ဒီတာ မော့အကြည့်နှင့် ကိုစိန်လွင်တို့ မျက်လုံးချင်းဆုံသွားကာ...

"ကျွန်တော် လာနိုင်ပါသလား ခင်ဗျာ"ဟူသော အမူအရာဖြင့် ကိုစိန်လွင်က အောက်ကျို့ပြုံး ပြုံးရင်း အယ်ဒီတာ့စားပွဲအနီးသို့ ခပ်ယို့ယို့လှမ်းသွား၏။

အယ်ဒီတာ့ စားပွဲအနီးတွင် ရပ်မိသည်နှင့် ကိုစိန်လွင်သည် လည်ချောင်းရှင်းသလို တံတွေးတစ်ချက် မျိုလိုက်ပြီးမှ...

"ကျွန်တော့်ဝတ္ထုကလေး ဘယ်လို သဘောရတယ်ဆိုတာ သိချင်တာနဲ့..."

"အင်း... ခင်ဗျားဝတ္ထုက ဘယ်ဟာပါလိမ့်"

အယ်ဒီတာက မျက်နှာမမော့ဘဲ မျက်လုံးလှန်ကြည့်ရင်း ရေရွတ်ကာစဉ်းစားသလို တွေနေခိုက်...

"လေထဲက မေ ဆိုတဲ့ ဝတ္ထုကလေးပါ"

"ဪ... ဪ၊ အဲဒါ မဖတ်ရသေးဘူး၊ ခင်ဗျား ပြန်လိုချင်ရင်တော့

ယူသွားနိုင်တယ်”

အယ်ဒီတာက ခပ်တည်တည်ပင် ပြောလိုက်၏။

“ဟာ... ကျွန်တော် ပြန်လိုချင်လို့ လာတောင်းတာ မဟုတ်ရပါဘူး၊ ဒီဝတ္ထုနဲ့ပတ်သက်လို့ ဘယ်လိုသဘောရတယ်ဆိုတာ ဆရာတို့ရဲ့ဝေဖန်ချက်ကလေး သိချင်တာလောက်ပါပဲ”

“ဒါဖြင့် နောက်တစ်လလောက်ကြာမှ လှည့်လာပေဦးတော့၊ ဒီမှာ အလုပ်က သိပ်များတယ်၊ ခင်ဗျားတို့လို ကလောင်သစ်တွေရဲ့ စာမူက တစ်လတစ်လ အစိတ် နှစ်ဆယ်လောက် ရောက်ရောက်နေတော့ အားလုံးကို တစ်ပြိုင်တည်း မဖတ်နိုင်ဘူးဗျ”

“ကောင်းပါပြီ၊ ဒါဖြင့်လည်း ကျွန်တော် နောက်တစ်လလောက်ကြာမှပဲ လာပါ့မယ်”

ကိုစိန်လွင်သည် မျက်မှာနိတော်တင်းနေသော အယ်ဒီတာမင်း စိတ်မကွက်စေရန် ခပ်သုတ်သုတ် ပြော၍ ရုတ်ခြည်းပင် လှည့်ထွက်သွားတော့၏ ။

ထို့နောက်တစ်ဖန် အခြားသော စာအုပ်တိုက် တစ်တိုက်အတွင်းသို့ ကိုစိန်လွင် ရောက်နေသည်ကို တွေ့ရပြန်၏။

‘သရုပ်ဖော် စာပေတိုက်’ဟူသော သစ်သားဆိုင်းဘုတ်ကလေး ချိတ်ဆွဲထားသည့် နံရံကိုကျောပေး၍ ထိုင်နေသော တိုက်အုပ်ဖြစ်သူက...

“ဘာကိစ္စလဲ”ဟု မေးလိုက်သဖြင့် ကိုစိန်လွင်လည်း ခါးကလေးအသာညွတ်တဲ့ကာ...

“ခြော်... ကျွန်တော် ပို့ထားတဲ့... ဟို...”

ကိုစိန်လွင်သည် အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့် ကိုက်၍ တွေနေပြီးမှ...

“ဟို... ဆုးနဲ့ နှင်းဆီဆိုတဲ့ ဝတ္ထုကလေးအတွက် ဆရာတို့ ကြိုက်မကြိုက်...”

ကိုစိန်လွင်မှ စကားမဆုံးသေးမီ...

“သိပြီ... သိပြီ၊ ခင်ဗျားဝတ္ထု ပြန်ယူသွားပေတော့၊ ကျွန်တော်တို့ မသုံးနိုင်ဘူး”

တိုက်အုပ်သည် ပြောပြောဆိုဆို အံဆွဲထဲမှ ဗိုင်ကြီးတစ်ခုကိုထုတ်၍ စားပွဲပေါ်တင်ကာ ဝတ္ထုစာမူကို ရှာနေ၏။

"ဖတ်လို့ရော ပြီးပါပြီလားခင်ဗျာ၊ အဲဒီဝတ္ထုမှာ ဘာတွေ ချို့ယွင်းနေတယ်ဆိုတာကလေး သိရရင်ဖြင့်..."

တိုက်အုပ်က ဆတ်ခနဲ မော့ကြည့်ပြီး...

"ခင်ဗျားစာမူကိုလား၊ ဝတ္ထုနာမည်မြင်တာနဲ့ ဖတ်ချင်တဲ့စိတ် ကုန်သွားတယ်"

တိုက်အုပ်သည် လက်ဝါးနှစ်ဖက်ကိုလှန်၍ ဘေးဘက်သို့ကားပြရင်း ဟန်ပါပါ ပြောလိုက်သောကြောင့် ကိုစိန်လွင်တွင် မျက်နှာမထားတတ်အောင် ဖြစ်သွားရှာ၏။ တိုက်အုပ်ကပင် ဆက်လက်၍...

"စိတ်မဆိုးနဲ့နော်၊ စေတနာနဲ့ ဝေဖန်ရမယ်ဆိုရင် ခင်ဗျားဟာ ဝတ္ထုနာမည်တောင် မပေးတတ်သေးသလို ဖြစ်နေတယ်။ ခင်ဗျားဝတ္ထုကို အမည်ပေးထားတာက ဆူးနဲ့နှင်းဆီတဲ့နော်၊ အဲ... နှင်းဆီပန်းမှာ ဆူးရှိတယ်ဆိုတာကလေးကအစ သိနေတာပဲ မဟုတ်လားဗျာ၊ ဝတ္ထုနာမည်ကအစ ပေါ့ပေါ့ဆဆ ဖြစ်နေတယ်ဆိုတော့ အထဲကစာကို ဖတ်ချင်တဲ့စိတ် ဘယ်ရှိတော့မလဲဗျ၊ ကဲ... ရော့... ရော့၊ ခင်ဗျား စာမူ"ဟု ပြောပြောဆိုဆို တိုက်အုပ်က ကမ်းပေးလိုက်သည်နှင့် ကိုစိန်လွင်လည်း ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ရှက်လွန်း၍ တုန်နေသော လက်များဖြင့် စာမူကိုလှမ်းဆွဲပြီး ခြေလှမ်းကျဲနှင့် ထွက်လာခဲ့တော့၏။

ထိုအခန်းပျောက်သွားပြီးနောက် သူ တည်းခိုနေထိုင်ရာ ကွက်သစ်ကလေးထဲသို့ ခေါင်းငိုက်စိုက်နှင့် လျှောက်လာသော အခန်းနှင့်အတူ စကားသံသည်လည်း ပေါ်လာပြန်၏။

"အဲသလို ရန်ကုန်စာပေလောကရဲ့ စိတ်ပျက်စရာ ဆက်ဆံမှုတွေကြောင့် ကိုစိန်လွင်ဟာ တစ်ခါတစ်ခါတော့ စာရေးဆရာဖြစ်ချင်နေတဲ့ သူ့ရည်မှန်းချက်ကို လက်လွှတ်လိုက်တော့မယောင်ယောင် စကားမျိုး ပြောပြောလာတယ်။ ဒါပေမဲ့လည်း ဝါသနာက ကြီးလွန်းနေတော့ ဒီစိတ်ဟာ ခဏပဲ၊ ခု စိတ်ကုန်ပြီပြောပြီး တော်ကြာ ဝတ္ထုကိုပဲ ထိုင်ရေးချင်ရေးနေလေ့ရှိပါတယ်"

ထိုစကားပြတ်သွားသည့်အချိန်၌မူကား ကိုစိန်လွင်သည် လေးလံသော ခြေများဖြင့် အိမ်ပေါ်တက်၍ အခန်းထဲဝင်သွားသည်ကို တွေ့ရပြီး ချက်ချင်းပင် ထိုရှုခင်းပျောက်သွားကာ—

စာအုပ်တိုက်၊ မဂ္ဂဇင်းတိုက်များသို့ တစ်တိုက်ဝင်၊ တစ်တိုက်တက်ဖြင့် စိတ်ပျက်အားငယ်စွာ ထွက်၍ထွက်၍လာသော အခန်းများသည် တစ်ခုစီ သီးသန့်မဟုတ်ဘဲ အရောရော အနှောနှော ပေါ်လျက်ရှိ၏။ စကားသံက လည်း ဤသို့လျှင် သရုပ်ဖော်နေပြန်၏။

"ဒီလိုနဲ့ တစ်လကျော်ကျော်လောက်ဟာ စာအုပ်တိုက်၊ မဂ္ဂဇင်း၊ ဂျာနယ်တိုက်တွေ လျှောက်သွား၊ သူ့ဝတ္ထုအကြောင်းနဲ့စင်နဲ့ အချိန်တွေသာ ကုန်ခဲ့တယ်။ တစ်ခါမှ ဟန်ကျခဲ့တဲ့ မျက်နှာထားမျိုး မတွေ့ရဘူး။ ဒါပေမဲ့လို့လည်း ဖွဲ့ကတော့ နည်းနည်းကလေးမှ လျော့မသွားဘဲ ခြေစ်မနေ ကြိုးစားနေတာကိုသာ တွေ့ရပါတယ်"

တစ်ဖန် ထိုစကားသံနှင့်အတူ ရောထွေးယှက်တင် ပေါ်နေသော အထက်ပါအခန်း ပျောက်သွားကာ...

အလုပ်ခန်းတစ်ခုအတွင်း၌ အဝတ်အစား ရိုးရိုးယဉ်ယဉ်ဖြင့် ဣန္ဒြေရရ ထိုင်၍ လက်နှိပ်စက်ရိုက်နေသော အသက် ၂၀ ခန့်အရွယ် အမျိုးသမီးကလေးတစ်ဦး ပေါ်လာ၏။

မရှေးမနှောင်းမှာပင် ထိုအခန်းပျောက်၍ 'ပျော်တော်ဆက် မဂ္ဂဇင်းတိုက်'ဟူသော ဆိုင်းဘုတ်ကလေး ဆွဲချိတ်ထားသည့် တိုက်တစ်ခုအတွင်းသို့ ခြေလှမ်းမှန်မှန် ဝင်သွားသော ကိုစိန်လွင်ကို တွေ့လိုက်ရ၏။

နောက်... အမျိုးသမီးက ဣန္ဒြေရရပင် အပြုံးနှင့်နှုတ်ဆက်လိုက်သောကြောင့် ကိုစိန်လွင်ကပါ ပြန်၍ပြုံးပြရင်း အလုပ်ခန်းပတ်ဝန်းကျင်ကို မျက်လုံး ကစားလိုက်၏။

လေးလုံးသော စားပွဲတစ်ခုစီပေါ်တွင် တိုက်အုပ်၊ တွဲဖက်စာတည်း၊ တာဝန်ခံစာတည်း၊ ဖြန့်ချိရေးမှူး အစရှိသော သုံးမြောင့်သစ်သားတုံး ဆိုင်းဘုတ်ကလေးများ တင်ထားသည်ကိုတွေ့ရ၏။ သို့သော် ဆိုင်ရာ တာဝန်ခံများကား တစ်ယောက်မျှမရှိ။

သို့နှင့် ကိုစိန်လွင်လည်း လက်နှိပ်စက်ရိုက်နေသူ အမျိုးသမီးကလေး

ဆီသို့ လျှောက်သွားပြီး မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်လွတ် နောက်မှီကို ကိုင်၍ရပ်တဲ့ကာ တစ်စုံတစ်ရာ ပြောတော့မည်အပြုတွင်...

"ထိုင်လေ— ထိုင်ပါ"ဟု အမျိုးသမီးကလေးက အပြုံးတစ်ဝက်နှင့် လက်ဟန်ပါ ပြလိုက်၏။

ကိုစိန်လွင်လည်း နေသားတကျ ထိုင်မိသည်နှင့်...

"အယ်ဒီတာတွေ ဘယ်သွားကြပါလိမ့် မမြင့်ကြည်"ဟု ကိုစိန်လွင် က မေးလိုက်၏။

"ထမင်းစားပြန်ကြတယ်လေ၊ တချို့ကလည်း လက်ဖက်ရည်သောက် ဆိုပါတော့"

ကိုစိန်လွင်က စကားကို ရုတ်တရက် ပြန်မစသေးဘဲ နှုတ်ခမ်းနှစ်လွှာ ကို လျှာနှင့်သပ်လိုက်ပြီးမှ...

"ဒါနဲ့ ကျွန်တော့်ဝတ္ထုကလေးအကြောင်း ဘာများ ပြောသံကြားသေး သလဲဗျာ... ဟင်"

"အဲဒါတော့ ကျွန်မလည်း မသိဘူး ကိုစိန်လွင်"ဟူသော စကားသံ နှင့်အတူ မမြင့်ကြည်၏အမူအရာသည် ကိုစိန်လွင့်အား ကရုဏာသက်သလို အသွင်မျိုး ပြောင်းသွားရာမှ ဆက်လက်၍...

"အင်း... ရှင်တို့ ကလောင်သစ်တွေလည်း ဒုက္ခပဲနော်၊ ဒီဝတ္ထုကလေး တစ်ပုဒ်အတွက်နဲ့ လာရတာနဲ့ပဲ ခြေတိုလုနေပြီ"

"သိတဲ့အတိုင်းပါပဲဗျာ၊ ဒါပါဆို ခြောက်ခေါက်ရှိနေပြီကော၊ ကျွန် တော် လာရတာ"

"သိသပေါ့ရှင်၊ ကိုစိန်လွင် တစ်ယောက်တည်းမဟုတ်ဘူး၊ ကလောင် သစ်တိုင်းလိုလိုပဲ၊ သူတို့ရေးတဲ့ကဗျာကလေး၊ ဝတ္ထုကလေးတွေ စွံဖို့အရေး အယ်ဒီတာတို့၊ တိုက်ရှင်တို့ကို ခစယယနဲ့ အောက်ကျနောက်ကျခံပြီး..."

မမြင့်ကြည်လည်း စကား ဤတွင်ဖြတ်၍ ပါးစပ်ကို လက်ဖျား ကလေးဖြင့်ပိတ်ရင်း အတွင်းဘက်ရှိ ရုံးသုံးတံခါးရွက်ကလေးများ တပ်ထား သည့် အပေါက်ဆီသို့ ငဲ့ကြည့်လိုက်၏။

"စာစီသမားတွေများ ကြားသွားပြီလား မသိဘူး၊ ဒီလိုစကားမျိုးကို အယ်ဒီတာတွေမရှိတုန်းမို့သာ ပြောဝံ့တာ၊ ဒါနဲ့ ရှင်ကော စိတ်မပျက်သေးဘူး

သား ကိုစိန်လွင်၊ ဒီစာရေးဆရာအလုပ်က နာမည်မရသေးခင်တော့ တော်တော်ပဲ သည်းခံနိုင် အောက်ကျို့နိုင်မှ တန်ကာကျတာရှင့်"

"အင်း... ရန်ကုန်က စာပေလောကဟာ ကလောင်သစ်တွေအပေါ် ဒီလောက် နှိမ်လိမ့်မယ်လို့ လုံးဝ မထင်ခဲ့ဘူး၊ ကျွန်တော်တို့လို နယ်က စာပေဝါသနာအိုးတွေဆို သိပ်အထင်ကြီးတာပေါ့၊ ခုလို ကိုယ်တွေ့ကြုံမှပဲ ဒီလိုပါလားလို့ သိရတော့တယ်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော်တော့ စိတ်မလျှော့သေးဘူး၊ ဒါနဲ့ စကားမစပ် ရိုင်းတယ်လို့ မယူဆရင်တော့ စကားတစ်ခု မေးပါရစေလား မမြင့်ကြည်"

မမြင့်ကြည်၌ ပထမသော် မျက်လုံးကလေး ဝိုင်းသွားပြီးမှ...

"ဘာများပါလိမ့်ရှင်"

"ဒီလိုပါ၊ ခုဆိုရင် စာပေနဲ့ပတ်သက်လို့ ဆွေးနွေးတိုင်ပင်စရာရယ်လို့ အရေးတယူ လက်ခံတာဆိုရင် မမြင့်ကြည် တစ်ယောက်ပဲ ရှိပါတယ်။ ဒါ မှန်တဲ့အတိုင်း ပြောတာပါ၊ အဲဒီတော့ အကြောင်းရှိလို့ တိုင်ပင်ချင်တဲ့အခါ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်အောင် မမြင့်ကြည်တို့အိမ်လိပ်စာကို သိထားရင် ကောင်းမလားလို့"

မမြင့်ကြည်က အတန်ကြာတွေနေပြီး...

"သိရပါတယ်ရှင်... သိရပါတယ်၊ ဗဟန်း ၃ လမ်း၊ အိမ်နံပါတ် ၃၃၃။ မှတ်မိရဲ့မဟုတ်လား၊ ၃ လမ်း၊ အိမ်နံပါတ် သုံးသုံးလုံး"ဟု မမြင့်ကြည်က သောလုံးကလေးသဖွယ်ပြောရင်း ရောနှော ရယ်လိုက်၏။

ထိုအခိုက် ယောကျ်ားလူရွယ် သုံးယောက်နှင့် အသက် ၄၀ ခန့် လူကြီးတစ်ဦး တိုက်ထဲသို့ ဝင်လာသည်ကို တွေ့ရပြီး...

"ဘယ့်နှယ်... ခေတ္တရာစိန်၊ ရောက်နေတာ ကြာပြီလား"

ဟု အသက် ၄၀ ခန့်အရွယ် လူကြီးက ကလောင်နာမည်ကိုခေါ်၍ ခပ်ပြုံးပြုံးပင် နှုတ်ဆက်လိုက်သောကြောင့် ကိုစိန်လွင်တွင် "ဒီလို ဖော်ရွေတဲ့ တိုက်ရှင်မျိုးလည်း ရှိပါသေးကလား"ဟူသော အတွေးမျိုးဖြင့် အားတက်သွားသလို ပြုံးမိရင်း တိုက်ရှင်ရှိရာ စားပွဲအနီးသို့ လျှောက်သွားပြီး ခပ်ရဲရဲပင် ထိုင်ချလိုက်၏။

"ခင်ဗျားဝတ္ထုကိစ္စကိုပဲ လာမေးတာ မဟုတ်လား"

"ဟုတ်ကဲ့၊ နောက်ထပ် ရေးလာတဲ့ဝတ္ထု အသစ်တစ်ပုဒ်လည်း ပါပါသေးတယ်"

ပြောပြောဆိုဆို ကိုစိန်လွင်လည်း အပေါ်အင်္ကျီအတွင်းအိတ်ထဲမှ စာအိတ်ရှည်တစ်ခုကို ကမ်းပေးလိုက်၏။ တိုက်ရှင်ကလည်း လှမ်းယူ၍ စားပွဲပေါ် တင်ထားလိုက်ပြီးမှ...

"ခင်ဗျား လာရတာလည်း လေးငါးခေါက်ရှိနေပြီနော်၊ အင်း... အားတော့ နာစရာပဲ"

"ဟာ... ကိစ္စမရှိပါဘူး၊ ဆရာတို့မှာ အလုပ် ဘယ်လောက်များတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော့်ဝတ္ထုကို အခု မဖတ်ရသေးလည်း..."

ကိုစိန်လွင် စကားမဆုံးသေးမီပင် တိုက်ရှင်ဖြစ်သူက...

"အရင်ပေးထားတဲ့ ဝတ္ထုကို ပြောတာမဟုတ်လား၊ အဲဒါတော့ ဖတ်ပြီးပါပြီ၊ ဒါပေမဲ့ တယ်တော့ မကြိုက်လှဘူး"

ကိုစိန်လွင်တွင် ရုတ်တရက် မျက်လွှာကလေး ကျသွားပြီးမှ တိုက်ရှင်အား မော့ကြည့်တဲ့ကာ တစ်စုံတစ်ရာ ပြောတော့မည်ကဲ့သို့ ပါးစပ်ပြင်လိုက်စဉ်...

"အရေးအသားနဲ့ စကားအသုံးအနှုန်းတွေကတော့ စံချိန်မီပါတယ်၊ ဒါပေမဲ့ ဝတ္ထုစပုံ၊ အဆုံးသတ်ပုံနဲ့ ဇာတ်ကွက် အချိတ်အဆက် ဆင်ပုံကတော့ တော်တော် လိုနေသေးတာကို တွေ့ရတယ်"

"ဟုတ်ကဲ့၊ ခုလို စိတ်ရှည်လက်ရှည် ဝေဖန်ပြီး ရှင်းပြတာကိုပဲ ကျွန်တော်ဖြင့် ကျေးဇူးတင်လို့မဆုံးပါဘူး ခင်ဗျာ၊ ဒီလို ဝေဖန်ပေးတဲ့ ဆရာတို့လိုလူရှိမှလည်း ကျွန်တော်တို့ရဲ့ ချို့ယွင်းချက်ကို တွေ့နိုင်ပါတယ်"

"နို့ပေမဲ့ ခင်ဗျား လက်စလက်နကတော့ ကြိုးစားရင် အောင်မြင်ဖို့ လမ်းများတယ်နော်၊ စိတ်တော့ မလျှော့နဲ့"

"ဒါတော့ စိတ်ချပါ ဆရာ"

ထိုအခိုက်တွင် အသက်သုံးဆယ်ခန့် လူရွယ်လူလတ်တစ်ယောက် ရုတ်တရက် ပေါက်လာသည်တွင် တိုက်ရှင်ရော အယ်ဒီတာများပါ ပျာပျာသလဲ ထ၍ ဆီးကြိုနှုတ်ဆက်ကြသည်ကိုတွေ့ရပြီး တာဝန်ခံစာတည်းက...

"ဘယ့်နှယ်လဲ ဆရာ၊ မနက်ကတောင် ဒီက သူငယ်ကလေးတစ်

ယောက် လွှတ်လိုက်သေးတယ်၊ ဆရာ့ဆီက ဝတ္ထုတောင်းဖို့၊ အဲဒါ"ဟူသော စာတည်း၏ စကားစမှ မပြတ်သေးမီ..."

"ဟုတ်တယ်လေ၊ ဒါကြောင့်ပဲ ကျွန်တော် လာခဲ့တာပေါ့"

ထိုဝင်လာသူ လူရွယ်က ဤလိုပြောလိုက်သည်နှင့်...

"ဝတ္ထုကော ပါတယ်မဟုတ်လား၊ ပေးပါဗျာ... ကျေးဇူးပါပဲ"ဟု တိုက်ရှင်ဖြစ်သူက လက်ဝါးနှစ်ဖက် ဆန့်တန်းရင်း အရေးတယူ တောင်း လိုက်သည်တွင်...

"အို... မပါဘူးဗျ၊ ဒီလတော့ သည်းခံဗျာ၊ ရေးနိုင်မယ် မထင်ဘူး၊ အဲဒါ လာပြောတာပဲ၊ ခင်ဗျားတို့ဆီက လူ ခဏခဏလွှတ်ပြီး စာမူတောင်း နိုင်းနေမှာစိုးလို့"

သို့လျှင် အဆိုပါလူရွယ်က ပြောလိုက်သည်နှင့်...

"ဟာ... မဖြစ်ဘူး... မဖြစ်ဘူး၊ ဒီလ မဂ္ဂဇင်းမှာ ဆရာ့ဝတ္ထုမပါလို့ တော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး၊ ဝတ္ထုရှည်ကြီးမရေးနိုင်တောင် အတိုပဲဖြစ်ဖြစ် ရေးပေးပါ ဆရာ၊ အထူးပဲ တောင်းပန်ပါတယ်"ဟု တွဲဖက်စာတည်းက ညည်းညည်းညူညူ ဝင်ပြောပြန်၏။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျား မရေးတာ သုံးလရှိပြီ၊ ဒီလတော့ ဆက် ဆက်ကလေး လုပ်ပေးစမ်းပါဦး၊ နေဗျာ...နော်၊ ကိုင်း... ဘာသောက်မလဲ၊ ကော်ဖီပူပူလား၊ လိမ္မော်ရည်အေးအေးလား"

တိုက်ရှင်က စီးကရက်ဘူး လှမ်းပေးရင်း မေးလိုက်၏။

"ဟင့်အင်း၊ ဘာမှ မမှာနဲ့၊ မသောက်တော့ဘူး၊ ဝင်စရာကလေး ကိစ္စကလေးရှိနေသေးလို့၊ ကဲ... သွားမယ်ဗျာ နော်၊ အားလုံးပဲ"

ထိုလူရွယ် စာရေးဆရာသည် စီးကရက်တစ်လိပ်သာယူ၍ မီးညှိဖွာ ရှိုက်လျက် ပြောပြောဆိုဆို ထွက်ခွာသွားသည်တွင်...

"ရေးဖြစ်အောင် ရေးထားပါ ဆရာ... နော်၊ သန်ဘက်ခါ အယူလွှတ် လိုက်ပါရစေ"

တိုက်ရှင်ဖြစ်သူက သို့လှမ်းပြောရင်း တံခါးဝဆီသို့ အတန်ကြာ ငေး ကြည့်နေပြီးမှ ခပ်လေးလေး ထိုင်ချလိုက်ကာ စာတည်းဘက်လှည့်၍...

"ဒီမှာ ကိုဘမြိုင်၊ နက်ဖြန် အလုပ်လာရင်း သူ့အိမ်ကို ခင်ဗျားကိုယ်

တိုင် ဝင်ခဲ့ဗျာ၊ အတင်းနားပူပြီးသာ ရေးခိုင်းပေတော့၊ သူ့ဝတ္ထုမပါလို့ စာဖတ်ပရိသတ်ရော၊ နယ်ကိုယ်စားလှယ်တွေကရော၊ ဆူစာပူစာတွေ ရေးလှပြီ၊ မရသကအဆုံး သုံးလေးမျက်နှာလောက်ဖြစ်ဖြစ် ရအောင် ကြိုးစားပါဦးနော်"

တိုက်ရှင်က ပြောနေသည်ကို စာတည်းဖြစ်သူက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေပြီး...

"ဟုတ်ကဲ့၊ ကျွန်တော် မနက် အလုပ်လာရင်း သူ့အိမ် ဝင်ခဲ့ပါမယ်"

ထိုစာရေးဆရာဝင်လာသည်မှ ထွက်သွားသည့်အချိန်ထိ ကိုစိန်လွင်လည်း ပါးစပ်အဟောင်းသားနှင့် သူတို့၏ ပြောဆိုလှုပ်ရှားမှုများကို ယောင်ရာချာ ငေးကြည့်နေရှာ၏။

နောက် တိုက်ရှင်နှင့် စာတည်းတို့ စကားပြတ်သွားပြီး တိုက်ရှင်က ကိုစိန်လွင့်အား လှည့်ကြည့်ရင်း...

"အဲ... ခင်ဗျားကို ကျုပ် အကြံဉာဏ်တစ်ခု ပေးချင်တာရှိတယ်၊ အဲဒါ"

"ဟုတ်ကဲ့၊ ပြောပါခင်ဗျာ"

"တခြားတော့ မဟုတ်ဘူး၊ ခင်ဗျား ခုလိုသာ စမ်းတဝါးဝါးနဲ့ ဝတ္ထုရေးနေရင် တော်တော်နဲ့ ခရီးရောက်မှာ မဟုတ်ဘူး"

တိုက်ရှင်သည် စကားကို ရုတ်တရက်ဖြတ်ကာ မေးစေ့ကို လက်ဖျားကလေးဖြင့်ပွတ်နေပြီးမှ...

"ဪ... ဒါနဲ့ ခု ခင်ဗျား ဘာလုပ်သလဲ၊ ကျောင်းနေတုန်းပဲလား"

"မဟုတ်ပါဘူး၊ ဒီနှစ်ပဲ ကျောင်းက ထွက်ခဲ့ပါတယ်"

"အလုပ်အကိုင် မရှိသေးဘူးပေါ့"

"ဟုတ်ကဲ့၊ မရှိသေးပါဘူး"

"နို့... ဘယ်လို အလုပ်မျိုး လုပ်မယ်လို့ကော စိတ်ကူးပြီးပလား"

ကိုစိန်လွင်လည်း မျက်လုံးကို အောက်စိုက်၍ အခိုက်အတန့် စဉ်းစားနေပြီးမှ...

"ကျွန်တော်တော့ ဒီပြင်အလုပ်ထက် စာရေးဆရာဖြစ်ဖို့ကိုပဲ ရည်ရွယ်ရင်း ရှိပါတယ်"

"အင်းပေါ့လေ... ဝါသနာက ကြီးပေသကိုး၊ အဲဒီတော့ ကျုပ် ခုန

ပြောသလို ကိုယ့်ဟာကိုယ် စမ်းတဝါးဝါး ရေးနေတာထက် စာပေလောကနဲ့ နီးစပ်အောင်နေပြီး ဝါရင့်စာရေးဆရာတွေနဲ့ ရင်းနှီးအောင်လုပ်၊ သူတို့ဆီက အကြံဉာဏ်တောင်း၊ အဲသလိုဆို ပိုမကောင်းပေဘူးလား"

တိုက်ရှင်သည် စကားများကို ထွေးမသွားအောင် တစ်ပိုဒ်ချင်း၊ တစ်ပိုဒ်ချင်း ပီသပြတ်သားစွာ ပြောလိုက်၏။

"ဒီလိုဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့ခင်ဗျာ"

"အဲသလို ဖြစ်နိုင်ဖို့ဟာ စာပေလောကထဲဝင်ပြီး အလုပ်တစ်ခုခုလုပ်မှပဲ အရာရောက်မယ်၊ ဒီတော့ ခင်ဗျား လုပ်နိုင်မယ်ဆိုရင်ပေါ့လေ၊ စာပြင်ဆရာအဖြစ်နဲ့တော့ အလုပ်တစ်ခု ကျုပ် ပေးနိုင်တယ်၊ လခတော့ များများမတတ်နိုင်သေးဘူး၊ ကျုပ်တို့မဂ္ဂဇင်းက ရှုံးနေလို့ တစ်လ ၇၅ ကျပ်လောက်ပဲ ပေးနိုင်မယ်၊ အဲဒါ ခင်ဗျား လုပ်နိုင်မလုပ်နိုင် စဉ်းစားပေါ့"

ကိုစိန်လွင်တွင် ရုတ်တရက် တွေသွားပြီးမှ...

"ကောင်းပါပြီ၊ ကျွန်တော် စဉ်းစားပါ့မယ်"

"အမှန်ကတော့ ကျုပ်တို့ဆီမှာ လူလိုနေလို့မဟုတ်ဘူး၊ ခင်ဗျားရဲ့ စာပေဖွဲ့ကို လေးစားတဲ့အတွက် တတ်နိုင်တဲ့ဘက်က ကူညီတဲ့သဘောမျိုးပါပဲ"

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ် ခင်ဗျာ"

သို့ ပြောလိုက်သော ကိုစိန်လွင်၏မျက်နှာထားတွင် အသွင်တစ်မျိုးဖြင့် စဉ်းစားသလို တွေသွားရာမှ ထိုအခန်းသည် မှေးမှိန်ပျောက်ကွယ်သွားပြီး သူ တည်းခိုနေထိုင်ရာ ကိုဘိုးထင်ကြီး၏ အိမ်ကလေးအတွင်းသို့ ပြန်ရောက်လာသည့်အခန်း ပေါ်လာ၏။

ကိုစိန်လွင်လည်း ဝတ်ထားသော အပေါ်အင်္ကျီကို ဝါးထရံရှိ အင်္ကျီချိတ်တွင် လှမ်းချိတ်လိုက်၏။ ထိုအင်္ကျီချိတ်နှင့် တစ်ပေသာသာလောက် အကွာတွင် တစ်နေ့ တစ်ရွက်ဆုတ်ရသော ပြက္ခဒိန်ကလေးတစ်ခုကိုလည်း တွေ့ရ၏။ နေ့စွဲရက် ၉ ဂဏန်းကိုလည်း ထင်ရှားစွာ တွေ့ရ၏။

နောက် ကိုစိန်လွင်လည်း ပက်လက်ကုလားထိုင်တစ်ခုတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း တစ်စုံတစ်ရာကို လေးနက်စွာ တွေးနေ၏။

သူ့အား မမြင့်ကြည်က ကရုဏာသက်စွာဖြင့် အရေးတယူ လက်ခံ

ဆွေးနွေးလိုက်သည်ကိုလည်းကောင်း၊ တိုက်ရှင်ဖြစ်သူက အလုပ်နှင့်ပတ်သက်၍ ပြောလိုက်သည်များကိုလည်းကောင်း၊ နာမည်ကြီး စာရေးဆရာတစ်ယောက်အား တိုက်ရှင်ကအစ သောင်းသောင်းဖြဖြ ညွှဲခံလိုက်ကြသည်ကိုလည်းကောင်း ကိုစိန်လွင်သည် တရေးရေး မြင်ယောင်လျက်ရှိ၏။

ထိုရှုကွင်းနှင့်အတူ အသံသည်လည်း ပေါ်လာပြန်၏။

"အဲဒီနေ့က သူ ကြုံတွေ့ကြားသိခဲ့ရတာတွေကိုလည်း တစ်လုံးမကျန် ကျွန်တော့်ကို ပြောပြပါသေးတယ်၊ သူ ဖြစ်ချင်နေတာက စာရေးဆရာ၊ လုပ်ရမယ့်အလုပ်က စာပြင်ဆရာဆိုတော့ ပတ်ဝန်းကျင်ရဲ့ လေးစားမှုခံချိန်နဲ့ တိုင်းထွာလိုက်တော့ သူ ရည်မှန်းတာထက် သုံးလေးထစ်လောက် နိမ့်နေတယ်လို့လည်း သူ ကျွန်တော့်ကို ပြောပြပါသေးတယ်"

နောက် ထိုအသံ ပျောက်သွား၏။ ကိုစိန်လွင်လည်း အတွေးရပ်ကာ မျက်လွှာကို မှေးချလိုက်၏။ ထိုအခန်းသည်လည်း ရေးရေးမှသည် မှုန်၍ မည်းသွားပြီး...

အပေါ်ပိုင်း အဝတ်မပါ၊ မျက်နှာသုတ်ပဝါ လည်တွင်ပတ်လျက် အခန်းထဲဝင်လာသူ ကိုစိန်လွင်အား လေတချွန်ချွန်ဖြင့် ကြည်လင်သာယာနေသော ရှခင်းကလေး ပေါ်လာ၏။

ကိုစိန်လွင်သည် ဇွပ်ကျယ်အင်္ကျီနှင့် လုံချည်များကို အစဉ်လိုက်ဝတ်ပြီးသည်နှင့် အင်္ကျီချိတ်ရှိရာ ထရံသို့လျှောက်သွား၏။

ဤတစ်ကြိမ်တွင်မူ ပြက္ခဒိန်မှ ဂဏန်းသည် 12 ကို ပြထား၏။ သို့နှင့် ကိုစိန်လွင်က ထိုအရွက်ကို ဆွဲဆုတ်လိုက်သဖြင့် Sunday ဟူသော တနင်္ဂနွေနေ့ စာလုံးနှင့်အတူ 13 ဂဏန်းသည် ထင်ရှားစွာ ပေါ်လာ၏။ ကိုစိန်လွင်လည်း ပြက္ခဒိန်စာရွက်ကို ဆုတ်ချေလုံးထွေးလွှင့်ပစ်လိုက်ပြီးမှ အပေါ်အင်္ကျီကိုဖြုတ်၍ ဝတ်လိုက်၏။

ချက်ချင်းပင် ထိုအခန်းပျောက်သွားပြီး အိမ်နံပါတ်ရှာသလို ဟိုဟိုသည်သည်ကြည့်ရင်း ဗဟန်း ၃ လမ်းထဲသို့ ဝင်လာသော ကိုစိန်လွင်အား တွေ့ရ၏။

ဆယ့်လေးငါးလှမ်းမျှ လျှောက်မိလျှင်ပင် သူ ရှာသော အိမ်နံပါတ်ကို တွေ့သွားသကဲ့သို့ အိမ်ကလေးတစ်အိမ်ပေါ် လှမ်းတက်သွား၏။ အိမ်

ညှော်ခန်းတွင် သင်ဖြူးတစ်ချပ်ပေါ်ထိုင်လျက် ဖန်းတစ်ခုနှင့် အာလူးအခွံနွှာနေသော အသက် ၅၀ ခန့် အဒေါ်ကြီးတစ်ဦးအား တွေ့ရသည်နှင့်...

"မမြင့်ကြည်တို့အိမ်ဟာ ဒီအိမ်ပဲလား ခင်ဗျာ"ဟု ခါးကလေးညွှတ်၍ ကိုစိန်လွင်က မေးလိုက်သည်ကို...

"ဪ... ဟုတ်ပါတယ်၊ ဘာကိစ္စပါလိမ့်"

အဒေါ်ကြီးသည် အာလူးဖန်းကလေးကို အသာချပြီး သင်ဖြူးဖျာကို အပေါက်စပ်သို့ တိုးပေးလိုက်၏။

"အထူးအထွေ ကိစ္စမရှိပါဘူး၊ သူနဲ့တွေ့ချင်လို့ပါပဲ"

ကိုစိန်လွင်သည် ရပ်နေလျက်ကပင် ပြောလိုက်သောကြောင့်...

"အေး... ဒီနေ့ အလုပ်အားတာနဲ့ ပျော်ပွဲစားဆိုလား၊ သူ့ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် လာခေါ်လို့ လိုက်သွားလေရဲ့၊ ကဲ... ထိုင်ပါဦးလား မောင်ရင်"

ပျော်ပွဲစားဆိုသည်မှာ နံနက်စောစောသွား၍ ညနေစောင်းမှ ပြန်လေ့ပြန်ထရှိသည်မှာ ထုံးစံလို ဖြစ်နေ၏။ ဤသည်ကို ကွက်ခနဲ သဘောပေါက်မိသော ကိုစိန်လွင်က...

"မထိုင်တော့ပါဘူး ဒေါ်ဒေါ်၊ သူလာရင်သာ ပြောလိုက်ပါတော့၊ ခေတ္တရာစိန်ဆိုတဲ့ သူငယ်တစ်ယောက် လာတယ်လို့"

"ဘယ်သူကွဲ့"

"အဒေါ်ကြီးသည် မျက်လုံးကို ကျယ်ကျယ်ထား၍ နားစွင့်ရင်း မေးလိုက်သောကြောင့်...

"စာရေးဆရာ ခေတ္တရာစိန်လို့"

"ဩ...ဩ... စာရေးဆရာ"

အဒေါ်ကြီးသည် စကားကို ဤတွင်တန့်၍ အောက်နှုတ်ခမ်းပေါ် လျှာဖျားကလေးတင်ကာ ခပ်တွေတွေ စဉ်းစားနေပြီးမှ...

"အေး... အဲဒီနာမည်တော့ မောင်ရင် ဆင်းသွားတာနဲ့ အဒေါ် မေ့သွားမှာပဲ၊ တစ်ဆိတ် ရေးပေးခဲ့ရင်ကော မဖြစ်ဘူးလားကွယ်"

ထိုစကားကြောင့် ကိုစိန်လွင်တွင် မဲ့ပြုံးကလေး ပြုံးမိသွားရာမှ...

"ဟုတ်ကဲ့၊ ရေးပေးခဲ့ပါ့မယ် ဒေါ်ဒေါ်"ဟု ပြောရင်း မှတ်စုစာအုပ်ကို

ထုတ်ရေးပြီး စာရွက်ကလေးတစ်ရွက် ဆုတ်ပေးကာ ချာခနဲ လှည့်ဆင်းသွား၏။

သို့သော် လှေကား၏ အောက်ဆုံးထစ်မှသည် လမ်းပေါ်သို့ ခြေတစ်ဖက်ချလိုက်သည်နှင့် 'ပွမ်…'ဟူသော ဟွန်းသံနှင့်အတူ ဆိုက်ကားတစ်စီး ထိုးရပ်လာသောကြောင့် ကိုစိန်လွင်လည်း ဆတ်ခနဲ ခြေကိုရုပ်၍ နောက်ဆုတ်တက်လိုက်ရ၏။

"ဟင်… ကိုစိန်လွင်"

"ဟော… မမြင့်ကြည်"

"ရှင် ရောက်နေတာ ကြာပြီလား"

မမြင့်ကြည်က ဆိုက်ကားပေါ်မှဆင်းရင်း လှမ်းမေးလိုက်သည်ကို…

"ခုပဲလေ… မမြင့်ကြည်၊ ပျော်ပွဲစားသွားတယ်ဆိုတာနဲ့"

"ကဲ… တက်ဦးလေ အိမ်ပေါ်"

သို့နှင့် နှစ်ယောက်စလုံး အိမ်ပေါ်သို့ ရှေ့ဆင့်နောက်ဆင့် တက်ခဲ့ကြပြီး…

"ခဏနော်၊ ကျွန်မ အဝတ်အစားကလေး လဲချေဦးမယ်"ဟု ပြောရင်း မမြင့်ကြည် အခန်းထဲဝင်သွားသဖြင့် အဒေါ်ကြီးပါ ထ၍လိုက်သွား၏။

မကြာမီ မမြင့်ကြည် ပြန်ထွက်လာပြီး ကိုစိန်လွင်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ရာမှ…

"သူငယ်ချင်းမတစ်ယောက်က အင်းလျားကို ပျော်ပွဲစားဆိုပြီး လာခေါ်လို့ လိုက်သွားတာ၊ ဟိုရောက်မှ လူမစုံတာနဲ့ အစီအစဉ်ပျက်ပြီး နောက်တနင်္ဂနွေကို ချိန်းလိုက်ကြတယ်"

"ဒါဖြင့် ကျွန်တော် ကံကောင်းတာပေါ့နော်"

စကားသည်သာ ဘာလိုလို အဓိပ္ပာယ်ဆောင်နေသော်လည်း ကိုစိန်လွင်၏ အမူအရာမှာမူ ပကတိ ရိုးရိုးသားသားပင် ဖြစ်၏။ သို့တိုင်အောင် မမြင့်ကြည်တွင် ရှက်စနိုးကလေး ပြုံးသွားမိရာမှ…

"အင်း… ဆိုပါဦး၊ အကြောင်းက"

"ရှင်းပါတယ် မမြင့်ကြည်၊ တကယ်လို့သာ မမြင့်ကြည်တို့ ပျော်ပွဲစား ထွက်ဖြစ်သွားရင် ကျွန်တော် လာရကျိုးမနပ်တော့ဘူးပေါ့၊ နောက်တစ်

ကြိမ်လာဖို့ဆိုရင်လည်း တနင်္ဂနွေနေ့ရောက်အောင် တစ်ပတ်လုံးလုံး စောင့်ရမယ် မဟုတ်လား၊ နောက်ပြီး ခုလာတာကလည်း ပထမအကြိမ်ဆိုတော့"

"ဟုတ်တာပေါ့လေ၊ ကျွန်မနဲ့တွေ့ရဖို့ဟာ အတော်ကလေး မျှော်လင့်ထားပေမှာပဲ၊ ဒါနဲ့ ကိစ္စက"

"အင်း... တခြားတော့ မဟုတ်ပါဘူး၊ စာပေကိစ္စ ဆွေးနွေးချင်တာရယ်၊ နောက်ပြီး ဩော်... မမြင့်ကြည် တခြားကိစ္စ ဘာများရှိသေးသလဲဟင်"

"မရှိပါဘူး ကိုစိန်လွင်၊ ကျွန်မ အားပါတယ်"

"ဒီလိုဆိုရင်တော့ တော်တော် စုံစုံလင်လင်ကလေး ဆွေးနွေးခွင့်ရမှာပေါ့နော်၊ အမှန်အားဖြင့်တော့ ကျွန်တော် ရန်ကုန်ဆင်းလာတာဟာ စာရေးဆရာဖြစ်ချင်တဲ့ ရည်မှန်းချက်အတွက် စာပေလောကနဲ့ နီးနီးကပ်ကပ် ကြိုးစားရရင် မြန်မြန်အောင်မြင်မယ်လို့ အထင်တကြီးနဲ့ လာခဲ့တာပဲ၊ နို့ပေမဲ့ ဒီရောက်မှ ကျွန်တော် မျှော်လင့်သလိုမဟုတ်ဘဲ ပြောင်းပြန်ဖြစ်နေတာကို တွေ့ရတယ်။ ဒါလည်း မမြင့်ကြည် ပိုသိမှာပေါ့"

"သိပါသော်ကောရှင်၊ ဒါကြောင့် ဟိုနေ့က ကျွန်မ ပြောလိုက်သား မဟုတ်လား"

"မှန်ပါတယ်၊ ဒါကြောင့်လည်း ကျွန်တော် စိတ်ပျက်ချင်သလို ဖြစ်လာပြီ"

"နို့... ဟိုတစ်နေ့က တိုက်မှာပြောတော့ ဖွဲ့မလျှော့သေးဘူးဆိုရှင့်"

"အင်း... ဒါက ဒီလိုလေ၊ မမြင့်ကြည်ကိုတော့ မဖုံးမကွယ် ပြောသင့်တယ်ထင်လို့ ပြောရမယ်ဆိုရင် ကျွန်တော် ပြည်က ထွက်လာခါနီးမှာ ကျွန်တော့်လိုပဲ စာပေဝါသနာအိုးတစ်စုက ဝိုင်းပြီးလှောင်လိုက်ကြတယ်၊ သရက်ပင်ကသာ မာလကာသီးရင် သီးမယ်၊ မင်းတော့ စာရေးဆရာ ဖြစ်မှာမဟုတ်ဘူးတဲ့"

မမြင့်ကြည်က ချို့ချိုကလေး ပြုံးလိုက်၏။

"ဒီတော့ ကျွန်တော်ကလည်း အားကျမခံပေါ့ဗျာ၊ ဟေ့... ငါ့စကားကို မြဲမြဲမှတ်ထားလိုက်၊ နိုင်ငံကျော် စာရေးဆရာအဖြစ်နဲ့ ဒီမျက်နှာ လာပြဦးမယ်လို့ ခပ်မောက်မောက်ပဲ ပြန်ပြောခဲ့တယ်"

ကိုစိန်လွင်က မျက်နှာထားရော လက်ပါ ဟန်ပါပါနှင့် ပြောလိုက်၏။

မမြင့်ကြည်ကလည်း ရှင်ရှင်ကလေး နားစွင့်နေ၏။

"နဂိုက စာရေးဆရာဖြစ်ချင်တဲ့ ဝါသနာက ကြီးရာမှ ခုလို စကားက လည်း အလွန်အကျွံကြွားခဲ့မိတော့ မထူးဘူး မမြင့်ကြည်၊ ကျွန်တော် နောက် မဆုတ်တော့ဘူး၊ မဖြစ်မနေ ကြိုးစားတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ"

ကိုစိန်လွင်သည် သူ့စကားများနှင့်ပတ်သက်၍ မမြင့်ကြည်ထံမှ ထွက်လာမည့် ထင်မြင်ချက်ကို သိလိုလှသည့်အသွင်ဖြင့် မမြင့်ကြည်အား ငေးကြည့်နေ၏။

"အင်းပေါ့လေ၊ ဒီလို တိတိကျကျ ဆုံးဖြတ်လိုက်ပြီဆိုရင်တော့ဖြင့် မဖြစ်မနေ ကြိုးစားဖို့ရှိတာပဲ"

ရုတ်တရက် ကိုစိန်လွင်က စကားပြန်မဆက်သေးဘဲ တစ်စုံတစ်ရာ ကို စဉ်းစားသလို ငိုင်နေပြီးမှ...

"နောက်ပြီး တိုင်ပင်စရာလည်း တစ်ခုရှိသေးတယ်၊ မမြင့်ကြည်ကို တော့ ဖွင့်ပြောရတော့မှာပဲ၊ ကျွန်တော့် ကိုယ်ရေးကိုယ်တာ ကိစ္စပဲဆိုပါတော့"

မမြင့်ကြည်က ခေါင်းညိတ်လိုက်၏။

"ကျွန်တော့်မှာ မိဘမရှိဘူး၊ ဦးလေးရဲ့အရိပ်ကို ခိုလှုံရင်းပဲ ဒီအသက် ဒီအရွယ် ရောက်ခဲ့ရတယ်၊ ကျွန်တော့်ဦးလေးကလည်း သားအရင်းတမျှ ချစ်ရှာပါတယ်။ ဒါပေမဲ့ ခုတော့ဖြင့် ကျွန်တော့်ကို လျစ်လျူရှုလိုက်ပြီ မမြင့် ကြည်၊ သူက ကျွန်တော့်ကို သူ လုပ်နေတဲ့ သစ်လုပ်ငန်းဘက်မှာ အသုံးချချင် တယ်၊ ကျွန်တော်က စာပေဘက်မှာ စိတ်သန်ပြီး ဝတ္ထုချည်း ထိုင်ရေးနေတဲ့ အတွက် ခဏခဏ စာမေးပွဲကျခဲ့တယ်၊ ဒါကို ဦးလေးက မလိုလားဘဲ နေ့ရှိ သလောက် ဆူပူက်နေတဲ့အထဲက ကျွန်တော် ခုလို ထွက်လာတော့ သိပ် ဒေါသဖြစ်သွားတယ် ထင်ပါရဲ့၊ စာရေးတာတောင် ပြန်စာ မပို့တော့ဘူး"

"ဒါကတော့ ရှင့်ဦးလေးရဲ့အပြစ် မဟုတ်ဘူး ထင်တာပဲ"

"ကျွန်တော် ဆိုးတာပါ မမြင့်ကြည်၊ နားလည်ပါတယ်၊ အတိုချုပ် ပြောချင်တာကတော့ ကျွန်တော် လာတုန်းက ပါတဲ့ငွေအပြင် ရှိတဲ့အဝတ် အစားတွေလည်း ပေါင်သုံးရတာနဲ့ ကုန်လုနေပြီလေ၊ အဲဒီတော့ ဟိုနေ့က မမြင့်ကြည်တို့ တိုက်ရှင်ပြောတဲ့အတိုင်းပဲ စာပြင်စာရေး ဝင်လုပ်ရကောင်း မလားလို့"

မမြင့်ကြည်က ရုတ်တရက် မဖြေ၊ ခေါင်းကလေးငုံ့၍ တွေနေပြီးမှ...

"ကောင်းတော့ ကောင်းသားပဲ၊ ဒါပေမဲ့ ဦးရင်မောင် ပေးမယ်ဆိုတဲ့ လစာက ၇၅ ကျပ်တည်းဆိုတော့ သုံးလောက်ပါ့မလား ကိုစိန်လွင်၊ ဒါလည်း စဉ်းစားဦး၊ တခြား အလုပ်တစ်ခုခု ရှာလုပ်မယ်ဆိုရင် ဒီထက် လခကောင်း မယ် ထင်တာပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော့်သူငယ်ချင်း ဘိုးထင်ကြီးကလည်း ပြော ပါတယ်၊ အောက်တန်းစာရေးလောက်တော့ သူ ဆောင်ရွက်ပေးနိုင်သတဲ့၊ ကျွန်တော်က မလုပ်ချင်ဘူး၊ စာပေသမားတွေနဲ့ များများဆက်ဆံရတဲ့ နေရာ မှာပဲ အဆင်းရဲခံပြီး လုပ်ရလုပ်ရ လုပ်ချင်တယ်။ နောက်ဆုံး အဲဒီ ၇၅ ကျပ်ဟာ မသုံးလောက်တောင် စားဖို့တော့ လောက်မှာပါပဲ"

"အင်းလေ... ရှင့်သဘောပေါ့"

ထိုအခိုက် အဒေါ်ကြီးသည် ကော်ဖီ နှစ်ပန်းကန်ပါသော ဗန်း ကလေးတစ်ခုနှင့်ထွက်လာပြီး မမြင့်ကြည်အား လှမ်းပေးလိုက်၏။ မမြင့် ကြည်က တစ်ဖန် ကိုစိန်လွင်အား တစ်ပန်းကန်ကမ်းပေးရင်း တစ်ယောက်နှင့် တစ်ယောက် အပြုံးကိုယ်စီဖြင့်ကြည့်ကာ သောက်နေစဉ်ပင် ထိုအခန်းသည် မှုန်ဝါးပျောက်ကွယ်သွားတော့၏။

ပျော်တော်ဆက် မဂ္ဂဇင်းတိုက်အတွင်းသို့ ခပ်သုတ်သုတ်ကလေး လှမ်းဝင်သွားသော ကိုစိန်လွင်အား တွေ့လိုက်ရပြီး အလုပ်ခန်းတွင်းသို့ ရောက်သည်နှင့်...

"ဟာ... မမြင့်ကြည် အစောကြီး ရောက်နေပါလား"

"ဟုတ်တယ်လေ၊ ဒီနေ့တော့ တမင်ပဲ စောစောထွက်လာခဲ့တယ်"

"ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော့်ကို ကူညီဖို့ ထင်ပါရဲ့"

ကိုစိန်လွင်လည်း အပေါ်အင်္ကျီကိုချွတ်၍ ကုလားထိုင်နောက်မှီတွင် ချိတ်ရင်းက ပြောလိုက်သောကြောင့်...

"ဒီလိုထင်ရင်လည်း မမှားပါဘူး၊ အမှန်ကတော့"

မမြင့်ကြည် စကားအစ မသတ်မီ...

"ကဲပါဗျာ... ဒီနေ့မှ အလုပ်စဆင်းရတော့ ဘာတွေ ဘယ်လိုလုပ်ရ မယ်ဆိုတာလည်း မသိသေးဘူး၊ တစ်ဆိတ်လောက် ပြပေးစမ်းပါဦး"

ကိုစိန်လွင်လည်း သို့ ပြောရင်းကပင် မမြင့်ကြည် စားပွဲဆီသို့ ခပ်သုတ်သုတ် လျှောက်သွားပြီး မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။

"အင်း... ကျွန်မကလည်း ရှင်ပြောသလို အကူအညီ လိုလိမ့်မယ်ဆိုတာ တွေးမိလို့ ခုလို စောစောလာခဲ့တာပါပဲရှင်"

မမြင့်ကြည်က တစ်မျိုးအမူအရာဖြင့် ငဲ့ကြည့်ရင်း မျက်စောင်းကလေးချီ၍ ပြောလိုက်ပြီးမှ...

"ကဲ... ကိုစိန်လွင် ဒီမှာကြည့်"ဟု ပြောပြောဆိုဆို မဂ္ဂဇင်းတစ်မျက်နှာအရွယ် ပုံနှိပ်ပြီးသား စာရွက်တစ်ရွက်ကို စားပွဲပေါ် ချပြလိုက်၏။

"ဟောဒီစာပိုဒ်ကို ဖတ်ကြည့်စမ်း"

ကိုစိန်လွင်က ခပ်ကျယ်ကျယ်ပင် အသံထွက်အောင် ဖတ်လိုက်သည်မှာ...

"မိန်းမဟူဘိ၊ ထိုဣတ္ထိကား ... မထိမကောင်း"

ဤတွင် မမြင့်ကြည်က ခပ်ဟားဟားကလေး ရယ်လိုက်သဖြင့် ကိုစိန်လွင်ကပါ ရောနှောရယ်တဲ့ကာ...

"မရှိမကောင်းဖြစ်ရမှာ မဟုတ်လား မမြင့်ကြည်"

"ဟုတ်တယ်လေ၊ စာစီဆရာက (ရှိ) နေရာမှာ (ထိ)ဆိုပြီး မှားစီလိုက်လို့ မထိမကောင်း ဖြစ်သွားတာပေါ့"ဟု သဘောကျသလို ပြောရင်းပင် ရယ်နေသောကြောင့်...

"အင်း... တော်ပါသေးရဲ့ဗျာ၊ ရှေ့စာပိုဒ်ကိုပါ ထဆင်ထူးတွေနဲ့ချည်းလျှောက်မှားရင် မိန်းမဟူဘိ၊ ထိုဣတ္ထိကား၊ မထိမကောင်း၊ ထိမကောင်းတည့်၊ မထောင်းလည်းခက်၊ ထောင်းလည်းခက်၏ဆိုသလို ခွကျကုန်မှာပဲ"

ကိုစိန်လွင်က ခပ်တည်တည်ပင် ရေရွတ်ရင်း ပြက်လုံးထုတ်လိုက်သောကြောင့် မမြင့်ကြည်မှာ တခစ်ခစ် ဖြစ်နေတော့၏။

"တော်ပါတော့ရှင်... ရှင်ပြောမှ ပိုဆိုးကုန်ပြီ၊ ခုန စာပိုဒ်ထဲမှာ ရှိ–အစား ထိ–ဖြစ်နေတယ် မဟုတ်လား၊ အဲဒါကိုပြင်တော့၊ ဟောဒီလို"

စကားကို ရှေ့မဆက်တော့ဘဲ မမြင့်ကြည်က ထိုစာရွက်ပေါ်တွင်ပင် စာအမှား ပြင်ပုံပြင်နည်းကို ဖောင်တိန်ကလေးဖြင့် ရေးခြစ်ပြင်ပြလိုက်၏။

"ပြီးတော့ နောက်တစ်ပိုဒ်က စပြီး စီရမယ့်စာကို ရောစီထားရင်

ဒီလို အမှတ်အသားနဲ့ ပြရတယ်၊ စာချင်း ပူးနေတာကို ခွဲချင်ရင် ဒီအမှတ်အသားနဲ့ပြ၊ ကျဲနေလို့ ပူးပေးပါဆိုတော့ ဒီအမှတ်အသားကိုသုံး၊ စာတစ်လုံးနဲ့တစ်လုံး အရှေ့အနောက် နေရာလွဲနေရင် ဟောဒီလို ပြင်ရတယ်"

ဤအခန်း၌ ရုပ်ရှင်ကြည့် ပရိသတ်သည် အသံကိုသာ ကြားနေရပြီး သူတို့နှစ်ယောက်၏ မျက်နှာကို မမြင်ရ။ စကားအလိုက်၊ စာပြင်ပုံ ပြင်နည်းများကို ရေးခြစ်ပြနေသော မမြင့်ကြည်၏ လက်နှင့် စာရွက်ကိုသာ တွေ့ရ၏။

"ကျေးဇူးပါပဲဗျာ၊ ဒီလောက် သိရရုံနဲ့ပဲ အတော် သဘောပေါက်သွားပါပြီ"

ဤတွင်မှ လှိုက်လှိုက်လှဲလှဲ ဝမ်းသာစွာ ပြောလိုက်သော ကိုစိန်လွင်၏ မျက်နှာ ပေါ်လာ၏။

"ရှင့်လို စာပေသမားတစ်ယောက်အဖို့တော့ သိပ်ခက်မယ်မဟုတ်ပါဘူးရှင်၊ ဆယ့်လေးငါးရက်ဆို လည်လည်ပတ်ပတ် တတ်သွားမှာပါ၊ ဒါပေမဲ့ ကျွန်မ ပြတာ မစုံသေးဘူးနော်၊ စာပြင်ရင်းနဲ့ မရှင်းတာတွေ့တဲ့အခါလည်း မေးပေါ့၊ ဟုတ်ဘူးလား"

ကိုစိန်လွင်က ခေါင်းကိုသာ ခပ်လေးလေး ညိတ်နေ၏။ ဘာတစ်ခွန်းမျှ ပြန်မပြောသေးဘဲ ဆန်းဆန်းလည်းမဟုတ်၊ ရိုးရိုးလည်းမဟုတ်သော တစ်မျိုး အမူအရာဖြင့် ငေးကြည့်နေသောကြောင့် မမြင့်ကြည်မှာ မျက်လုံးချင်း ကြာကြာမဆိုင်ဝံ့တော့ဘဲ ရှက်ရွံ့ကလေး ငုံ့သွားရှာ၏။

"ဒါနဲ့ ခုန မမြင့်ကြည် ပြတဲ့ စာပိုဒ်ကလေး ဖတ်လိုက်ရတော့ ကျွန်တော် ရေးထားတဲ့ဝတ္ထုကို သွားသတိရမိတယ်"

ကိုစိန်လွင်က စကားစလိုက်သဖြင့် မမြင့်ကြည်တွင် ဦးခေါင်းကလေး မော့လာပြန်၏။

"ဘယ်လိုပါလိမ့်"

"ဪ... မိန်းမဟူဘိ၊ ထိုက္ကတ္တိကားဆိုတဲ့–လင်္ကာက မိန်းမတွေကို နှိမ်ထားတဲ့ စာမျိုးမဟုတ်လား မမြင့်ကြည်၊ မိန်းမဆိုတာ မရှိလည်းမကောင်းဘူး၊ ရှိလည်း မကောင်းဘူးဆိုတဲ့ သဘောပေါ့"

"ဟုတ်တယ်လေ၊ ဒီအတိုင်း အဓိပ္ပာယ်ရတာပေါ့၊ ဘာဖြစ်လို့လဲ အဲဒါ"

"ကျွန်တော့် ဝတ္ထုတစ်ပုဒ်ထဲမှာ အဲဒီစာကို စောဒကတက်ထားတဲ့ စာချိုးကလေးတစ်ခု ထည့်ရေးထားတယ်လေ၊ ကဲ... ကျွန်တော် ရွတ်ပြမယ်"

ကိုစိန်လွင်သည် စကားကို အသာဖြတ်လျက် တံတွေးမျိုရင်း လည်ချောင်းကိုရှင်းလိုက်ပြီးမှ...

"ယောကျ်ားဟူဘိ၊ ထိုပုရိကား၊ မရှိမဖြစ်၊ ရှိမဖြစ်တည့်၊ မချစ်လည်းခက်၊ ချစ်လည်းခက်၏"

လေးလေးနှင့် ပီပီပြတ်ပြတ် ရေရွတ်လိုက်ကာ ကိုစိန်လွင်ကပင် ဆက်၍...

"ကဲ... ဘယ့်နှယ်လဲ"

မမြင့်ကြည်တွင် နှစ်နှစ်ခြိုက်ခြိုက်ကလေး ရယ်လိုက်မိပြီးမှ...

"တယ်ဆိုလိုက်တဲ့ စာပါလား ကိုစိန်လွင်"

"အင်း... မှားမလား၊ မှန်မလားတော့ မသိဘူး၊ ခုနပြောတဲ့ မိန်းမဟူဘိ ဆိုတာကတော့ တစ်ဖက်သတ် ကျလွန်းတယ်လို့ ကျွန်တော် ယူဆတယ်၊ ဘယ့်နှယ်ဗျာ... မိန်းမတွေတော့ မရှိမကောင်း၊ ရှိမကောင်းတဲ့၊ ယောကျ်ားတွေကျတော့ မရှိ ရှိရှိ ကောင်းသလိုလို"

ဤတွင် မမြင့်ကြည်၌ အသည်းခိုက်အောင် သဘောကျသွားသည့်နှယ် ကိုယ်ကလေးပါ ယိမ်းထိုးရယ်နေပြီးမှ...

"အင်း... အဲဒီစာပါတဲ့ ဝတ္ထုသာ မဂ္ဂဇင်းထဲ ပါသွားဖြစ်ရင်တော့ ယောကျ်ားပရိသတ်က ရှင့်ကိုဝိုင်းပြီး ဆဲကြလိမ့်မယ်၊ သိလား"

"ဆဲရုံမကလို့ ဘာလုပ်လုပ်ပေါ့ မမြင့်ကြည်၊ တစ်ဖက်သတ် ရွတ်ချတာမျိုးကိုတော့ ကျွန်တော် နည်းနည်းမှမကြိုက်ဘူး၊ ယောကျ်ားလည်းလူ၊ မိန်းမလည်းလူပဲ မဟုတ်လားဗျာ၊ လူလူချင်းမှာ ဗမာယောကျ်ားတွေက အတောင် ၂၀ ဝတ်လို့ ပိုမြတ်တယ်ထင်ရင် ဂေါ်ရင်ဂျီ ကုလားမတွေလည်း ဗမာယောကျ်ားနဲ့ တန်းတူ မြတ်တယ်ဆိုရမှာပေါ့"

မမြင့်ကြည်တွင် ခွက်ထိုးခွက်လန် ရယ်မိပြန်၏။

"မရယ်နဲ့ဗျ၊ ကုလားမတွေရဲ့ဆာရီဟာ ဗမာပုဆိုးထက် ကွင်းကျယ်ရင်သာ ကျယ်မယ်၊ မကျဉ်းတာတော့ သေချာသဗျ၊ ခါးအပြင် ရင်ဘတ်ရော ကျောပါ ကောင်းကောင်းလုံတာ ကြည့်ပါလား"

ကိုစိန်လွင်က လက်ဟန်ခြေဟန်နှင့် ထ၍ လုပ်ပြရင်း ပြောနေသော ကြောင့် မျက်လုံးတွေပါအစ်လျက် မမြင့်ကြည် တခစ်ခစ် ဖြစ်နေပြန်၏။

"ကဲ... မြို့မိဖြို့ဖများ ကျေနပ်လောက်ပါပြီရှင်၊ တော်ပါတော့၊ အူ လည်း နာလှပါပြီ"ဟု မမြင့်ကြည်ကပင် ရယ်လက်စနှင့် တောင်းပန်လိုက်ရ ပြီး...

"ဒါနဲ့ အဲဒီဝတ္ထုက ဘယ်မလဲ ကိုစိန်လွင်"

"ဟိုတလောက ဦးရင်မောင် ပြန်ပေးတဲ့ဝတ္ထုလေ၊ မမြင့်ကြည် မသိ သေးဘူးထင်ပါရဲ့"

"ဒါတွေက ကျွန်မနဲ့ ဆိုင်တာမှမဟုတ်တာ"

"ဦးရင်မောင်က ဝတ္ထုစပုံ၊ အဆုံးသတ်ပုံ မကြိုက်ဘူးဆိုပြီး ပြန်ပေးလို့ ကျွန်တော် အသစ် ပြန်ရေးထားတယ်၊ တခြား မဂ္ဂဇင်းတိုက်ဖြစ်ဖြစ်၊ ဟံသာ ဝတီမဂ္ဂဇင်းကဏ္ဍအတွက်ပဲဖြစ်ဖြစ် ပို့မလို့ စိတ်ကူးပြီး ခြော်... အခုတောင် ပါလာသေးတယ်၊ မမြင့်ကြည် ဖတ်ချင် ဖတ်ကြည့်ပါဦးလား"

ကိုစိန်လွင်သည် ပြောပြောဆိုဆို ထသွားပြီး လွယ်အိတ်ထဲမှ စာအိတ် ရှည်တစ်ခုထုတ်ယူလာကာ မမြင့်ကြည်အား လှမ်းပေးလိုက်၏။

"အိမ်ရောက်မှပဲ ဖတ်ဗျာနော်၊ တော်ကြာ ပြောစရာဖြစ်နေပါ့မယ်"

"အမယ်လေး... ဒါတော့ ကျွန်မတို့တိုက်ရှင်အကြောင်း ကျွန်မ ပိုသိ တာပေါ့ရှင်၊ ဦးရင်မောင်က ဒီပြင်နေရာမှာ အပြောချိုသလောက် အလုပ်နဲ့ ပတ်သက်ရင် အင်မတန် ခေတဲ့လူ သိလား၊ အားမနာတမ်း ပြောတတ်တယ်"

ထိုအခိုက်တွင် စာစီသမားနှင့် စာရိုက်သမားများ ဝင်လာသောကြောင့် ရုတ်တရက် စကားစ ပြတ်သွား၏။ ထိုအလုပ်သမားတစ်သိုက် နောက်ဖေး ခန်းထဲဝင်သွားမှ...

"ကြည့်စမ်း... ကျွန်တော်လည်း စကားသာ ကောင်းနေတယ်၊ အလုပ် သမားတွေ ရှိမရှိတောင် ထည့်မစဉ်းစားမိဘူး၊ နို့... မမြင့်ကြည်လာတော့ ဘယ်သူမှ မရောက်သေးဘူးပေါ့နော်"

"တိုက်ရှင်ကတော့ ရောက်နေနှင့်တယ်လေ၊ ကျွန်မလာမှ သူလည်း ပြန်သွားတယ်"

ထိုစကားအပြတ်မှာပင် အယ်ဒီတာတစ်ဦးရောက်လာပြန်သဖြင့် ကိုစိန်

လွင်လည်း မမြင့်ကြည် စားပွဲမှထကာ ထိုသူများကို နှုတ်ဆက်လိုက်ရင်း...

"ကျွန်တော် လုပ်ရမယ့်အလုပ်အတွက် နည်းနာနိဿယ တချို့တော့ မမြင့်ကြည်ဆီက ယူပြီးပြီ၊ ကျန်တာတော့ ဆရာတို့ဆီ အကူအညီတောင်းရမှာပဲ"

သို့ပြောနေချိန်၌ ဦးရင်မောင် ရောက်လာပြန်သောကြောင့် စကားမဆက်ကြတော့ဘဲ ကိုယ့်စားပွဲတွင် ကိုယ်ထိုင်လျက်၊ ကိုယ့်အလုပ်ကိုယ် စကြတော့၏။ ကိုစိန်လွင်သာလျှင် ဘာလုပ်ရမည်မသိဘဲ ယောင်ချာချာနှင့် ဦးရင်မောင်အား ငေးကြည့်နေ၏။

မရှေးမနှောင်းမှာပင် နောက်ဖေးခန်းမှ လူတစ်ယောက်ထွက်လာပြီး ဦးရင်မောင်၏စားပွဲတွင် စာရွက်ရှည်ကြီး သုံးလေးရွက် လာချသွား၏။

"ကိုင်း... ကိုစိန်လွင်၊ ရော့... ဟောဒီ ဝတ္ထုစာမူနဲ့ ဒီစာတွေနဲ့ယှဉ်ပြီး ဖတ်၊ မှားနေတာတွေကို ပြင်ပေတော့၊ ဒါနဲ့ ပြင်ပုံပြင်နည်းကော နားလည်..."

"ဟုတ်ကဲ့၊ သဘောလောက်တော့ သိပါပြီ၊ ခုနပဲ မမြင့်ကြည်ဆီ မေးထားလို့"

"သြ... သြ... ကဲ... ယူသွားပေတော့"

ကိုစိန်လွင်လည်း စာစီသမားက ပရုရိုက်ပေးလိုက်သော စာရွက်ရှည်ကြီးကိုဖတ်လိုက်၊ လက်ရေးစာမူကို ဖတ်လိုက်နှင့် အမှားများကို ပြင်နေ၏။ တစ်ခါတစ်ခါ သူ နားမလည်သော အခက်အခဲကို တွေ့ရသကဲ့သို့ ခေါင်းကုတ်နေရာမှ နီးရာ အယ်ဒီတာအား စာရွက်ကို ထပြရင်း မေး၏။ အယ်ဒီတာက ပါးစပ်ဖြင့်မပြောဘဲ တစ်စုံတစ်ရာ ရေးခြစ်ပြလိုက်မှ ခေါင်းတညိတ်ညိတ်ဖြင့် နေရာတွင် ပြန်ထိုင်ရင်း ဆက်လက် ပြင်ဆင်နေ၏။ နောက် ထိုအခန်းသည် တဖြည်းဖြည်းချင်း မှုန်၍ ပျောက်သွားတော့၏။

* * *

လွယ်အိတ်ကလေး လက်တွင်ကိုင်လျက် ခပ်မှန်မှန် ဝင်လာသူ မမြင့်ကြည်က...

"အမယ်... ဒီနေ့တော့ ကိုစိန်လွင်က ကျွန်မထက် စောပြီး ရောက်နေသကိုး"ဟု လှမ်း၍ နှုတ်ဆက်လိုက်သဖြင့် ကိုစိန်လွင်လည်း ဝမ်းသာအားရ

ထိုင်ရာမှ ထသွားကာ...

"ဟုတ်တယ်လေ၊ မမြင့်ကြည် ရောက်နှင့်နေလိမ့်မယ်ထင်ပြီး ခပ်စောစောပဲ ထွက်လာခဲ့တယ်"

မမြင့်ကြည်ကမူ ဘာမျှ ပြန်မပြောသေးဘဲ ချစ်စဖွယ် ပြုံးပြလိုက်၏။ မမြင့်ကြည်၏စားပွဲတွင်ပင် နှစ်ယောက်သား ကျကျနန ထိုင်မိကြသည်နှင့်...

"ခါတိုင်းဆို မမြင့်ကြည် ၉ နာရီခွဲ ၁၀ နာရီလောက်မှ တိုက်ကိုရောက်တယ် မဟုတ်လား"

"ဒါ ရှင့်ကို ဘယ်သူပြောလဲ ကိုစိန်လွင်၊ ဘယ်သူကမှ မပြောရင်လည်း ရှင်က မေးမိသလား"

မမြင့်ကြည်က မျက်နှာထားတည်တည်နှင့် မေးလိုက်သောကြောင့်...

"ဟင်... မမြင့်ကြည် မေးပုံကလည်း အထိတ်တလန့်ကြီးပါလားဗျာ၊ ဒါ ပြဿနာတစ်ခုမှ မဟုတ်တာပဲ"

"အင်းပေါ့၊ ပြဿနာတစ်ခု မဟုတ်ပေမဲ့ ကိစ္စက ထူးတယ်၊ နောက်ပြီး..."

"ကဲပါဗျာ... ဒီကိစ္စကို အေးအေးမှ ဆွေးနွေးကြတာပေါ့၊ ကျွန်တော်ပြောချင်တာက ခါတိုင်းဆိုရင် မမြင့်ကြည့် အလုပ်ဆင်းတာ ၉ နာရီအစောဆုံးပဲ မဟုတ်လား၊ ခု ကျွန်တော် အလုပ်ဝင်မှ မမြင့်ကြည်ဟာ ၇ နာရီခွဲ ၈ နာရီဆို တိုက်ရောက်လာပြီ"

မမြင့်ကြည်တွင် ရှက်သလို ရွံ့သလို မျက်နှာကလေး ညိုသွားရာမှ...

"ဟုတ်တယ်လေ၊ ဒါက..."

"ကျွန်တော့်စကားပဲ ဆုံးအောင် နားထောင်ပါဦး၊ အဲသလို မမြင့်ကြည် စောစောလာတာဟာ အမှန်က ကျွန်တော့်အပေါ် ကရုဏာထားတယ်၊ ကူညီချင်တယ်၊ ညှော်သည်ကို အိမ်ရှင်က ပြုစုတဲ့သဘောမျိုး၊ အားကိုးရာမဲ့နေတဲ့ ကျွန်တော့်လို တစ်နယ်သားကို စေတနာကောင်းနဲ့ စောင့်ရှောက်ချင်တယ်၊ ဒီလိုမဟုတ်လား မမြင့်ကြည်"

မမြင့်ကြည်က ပါးစပ်နှင့်မဖြေ၊ ဣန္ဒြေရရ ခေါင်းညိတ်ပြလိုက်သဖြင့်...

"နို… ဒီနေ့ ကျွန်တော် မမြင့်ကြည်ထက် စောစောရောက်တာကော ဘာဖြစ်လို့လဲ၊ သိလား"

"ဟင့်အင်း"ဟူသော စကားနှင့်အတူ မမြင့်ကြည်က ခေါင်းကလေးပါ အသာအယာ ခါပြလိုက်၏။

"ခုအတိုင်းဆိုရင် ကျွန်တော်က အကူအညီတောင်းရမယ့်လူ၊ မမြင့်ကြည်က ကူညီရမယ့်မိတ်ဆွေနော်၊ အဲဒီတော့ အကူအညီလိုနေတဲ့လူက စောစောလာပြီး စောင့်နေမှသာလျှင် တရားနည်းလမ်းကျမယ် မဟုတ်လား မမြင့်ကြည်"

ကိုစိန်လွင် စကားအဆုံးသတ်လိုက်သည်နှင့် မမြင့်ကြည်က မျက်စောင်းနှင့်ငုံ့ကာ မဲ့ပြုံးကလေး ပြုံးတဲ့ပြီး…

"ရှင့်နှယ်ရှင်… လိုရင်းအချက်က နည်းနည်း၊ ပြောလိုက်တာတွေက ဖြင့် ဟင်း… စာရေးဆရာပီပီ စကားကြောရှည်လိုက်တာ"

ဤတွင်ပင် ရပ်တော့မည်ကဲ့သို့ စကားကို ဖြတ်လိုက်ပြီးမှ ဆက်လက်၍…

"ဒါနဲ့ မနေ့က ရှင်ပေးလိုက်တဲ့ဝတ္ထု ကျွန်မ ဖတ်ကြည့်တယ်လေ ညက၊ အတော် ကောင်းသားပါလား"

ကိုစိန်လွင်က ပျာပျာသလဲ လက်ကာပြရာမှ…

"ဒီမှာ… ဒီမှာ၊ တကယ်ကောင်းမှလည်း ကောင်းတယ်ပြောပါနော်၊ နို့မို့ရင်…"

"ဘာလဲ၊ ရှင့်ကို မြှောက်ပြောတယ်များ ထင်နေသလား ဟင်၊ ဟုတ်တယ်… ဟုတ်တယ်၊ ရှင် လခထုတ်တဲ့နေ့မှာ နိုင်လွန်တစ်ဝတ်စာလောက်များ လက်ဆောင်ရမလားလို့"

မမြင့်ကြည်က စိတ်ဆိုးသွားသလို မျက်နှာထားကလေးဖြင့် ခပ်ဆတ်ဆတ် ငေါ့ပြော ပြောလိုက်သောကြောင့်…

"ဟာ… မမြင့်ကြည်က မြှောက်ပြောတဲ့အနေမျိုး ဆိုလိုတာ မဟုတ်ပါဘူးဗျ၊ တယ်ခက်ပါလား၊ ကျွန်တော်ဆိုတဲ့အကောင်က စာရေးဆရာ သိပ်ဖြစ်ချင်နေတယ် မဟုတ်လား၊ ခုလို မမြင့်ကြည်က အတော်ကောင်းတယ်လို့ ပြောရုံနဲ့ ဒီကောင် ရင်တွေခုန်နေပြီ၊ ဒီဝတ္ထုသာ ပုံနှိပ်စာလုံးနဲ့ မဂ္ဂဇင်းတစ်ခုခု

ထဲ ပါလာရင်တော့ ရှုံးသွားမှာတောင် ကြောက်နေရတယ်၊ ဒါကြောင့် နည်းနည်း သတိထားပြီး ပြောပါလို့ တောင်းပန်ချင်တာပါ မမြင့်ကြည်ရဲ့"

မမြင့်ကြည်က မကျေနပ်သေးသလို အမူအရာဖြင့် တစ်စုံတစ်ရာ ဘာမျှ မပြောဘဲ မျက်လွှာကလေး ချလိုက်သောကြောင့်...

"ဇာတ်လမ်းဇာတ်ကွက်ကော ဘယ့်နှယ်နေလဲ မမြင့်ကြည်"ဟု ကိုစိန်လွင်ကပင် စကားစလိုက်သဖြင့်...

"ကောင်းပါတယ်၊ အထူးသဖြင့် ကျွန်မအနေနဲ့ပြောရရင် အယူအဆကလေးတွေ လေးလေးနက်နက် ဖော်ထားတာကို ပိုပြီး ကြိုက်တယ်"

"ဒါဖြင့် ဒီဝတ္ထု စွံဖို့လမ်းရှိတယ်ပေါ့"

"သေသေချာချာ စွံနိုင်ပါတယ်၊ ကျွန်မလည်း ဝတ္ထုအမြဲဖတ်နေတဲ့ မိန်းမတစ်ယောက်ပဲ၊ ရှင့်ဝတ္ထုလို အတွေးအခေါ် ထူးခြားတာမျိုး မဖတ်ဖူးသေးဘူး၊ ဒါပေမဲ့ ပေးထားတဲ့ ဝတ္ထုနာမည်တော့ တယ်မကြိုက်ချင်ဘူး ကိုစိန်လွင်၊ ဒါနဲ့ နေပါဦး၊ ရှင့်ဝတ္ထုနာမည်က ဘာတဲ့"

"အနာဂတ်၏အရှုံး"

"အဲ... အဲ... အဲဒီ အနာဂတ်၏ အရှုံးဆိုတဲ့ စကားကိုပဲ ကျွန်မတော့ ဘယ်လို အဓိပ္ပာယ်ကောက်ရမှန်းကို မသိဘူး၊ နို့... ရှင်ကကော ဘယ်လို သဘောပေါက်စေချင်လို့ ဒီနာမည် ပေးလိုက်တာလဲဟင်"

ကိုစိန်လွင် အဖြေမပေး၊ လက်ဝဲထောင့် အောက်နှုတ်ခမ်းကလေးကို အပေါ်သွားဖြင့် ဖိကိုက်တွေနေပြီးမှ...

"အဲဒီတော့ မမြင့်ကြည်က ဘယ်လို နာမည်မျိုး ပြောင်းချင်လို့လဲ"

"စကားကို လွှဲမပစ်နဲ့၊ ရှင် ပေးထားတဲ့ ဝတ္ထုနာမည်ကိုပဲ ရှင့်ဟာရှင် အဓိပ္ပာယ်မသိဘူး မဟုတ်လား"

စကားကို ခေတ္တ နားလိုက်ပြီးမှ မမြင့်ကြည်ကပင် ဆက်လက်၍...

"ဒီမှာ ကိုစိန်လွင်၊ ကျွန်မကိုယ်တိုင်က စာဖတ်ဝါသနာအိုး၊ ပြီးတော့ စာပေနယ်ထဲ ရောက်နေတာပဲ လေးနှစ် ရှိနေပြီ၊ ဒီတော့ စာရေးဆရာတွေ အကြောင်း ကျွန်မ ကောင်းကောင်း သိသပေါ့ရှင်"

"အင်း... ဆိုပါဦး"ဟု ကိုစိန်လွင်က ရက်ပြုံးနှင့် ပြောလိုက်၏။

"များသောအားဖြင့် ကျွန်မ နားလည်သလောက်ဆိုရင် ကလောင်သစ်

တွေဟာ သူတို့ဝတ္ထုကိုပယ်တော့ ပယ်ရကောင်းလားဆိုပြီး မကျေမနပ်နဲ့ မဂ္ဂဇင်းတိုက်တွေကို ဒေါပွကြတယ်၊ သူတို့ရေးတဲ့ဝတ္ထုတွေဟာ ဘယ်အထိ ကိုးရိုးကားရား ဖြစ်နေတယ်ဆိုတာတော့ သေသေချာချာ ပြန်ပြီး မလေ့လာကြဘူး"

ကိုစိန်လွင်က ခေါင်းတညိတ်ညိတ်နှင့် နားစွင့်နေ၏။

"စာပေသစ် ပြည်သူ့စာပေ၊ ဘဝသစ်သရုပ်ဖော်ဆိုပြီး ကိုယ့်တံဆိပ် ကိုယ် တပ်ထားတဲ့ စာရေးဆရာတချို့က ဝတ္ထုနာမည်တွေ ဆန်းဆန်းပေး၊ ကိုးရိုးကားရား ကဗျာတွေစပ်နဲ့ ဗမာစာ သရုပ်ပျက်အောင် လုပ်နေတာကိုပဲ တချို့ ကလောင်သစ်ကလေးတွေက အဟုတ်ကြီးထင်ပြီး ရှင် စိတ်မဆိုးနဲ့နော်"

"ဟာ... မဆိုးပါဘူးဗျ၊ တစ်လုံးမကျန် အားမနာတမ်းသာပြော၊ ကျွန်တော် မှားနေတာပါရင် ပြင်ရတာပေါ့"

"ကောင်းပါလေ့ရှင်၊ အင်း... ခုန ပြောသလိုပဲ တချို့ ကလောင်သစ်ကလေးတွေဟာ ဘာရယ်လို့မဟုတ်ဘူး၊ စာပေသစ်ဆရာတွေ၊ နာမည်ဆန်းဆန်းပေးတာနဲ့ သူတို့ကပါ ရောယောင်ပြီး... အဟမ်း..."

မမြင့်ကြည်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"ဘဝရဲ့သမီးတဲ့၊ ဆန့်ကျင်ဘက်၏ဖေဖေတဲ့၊ မဆုံးနိုင်သော အတိတ်၏အစတဲ့၊ အပြုံးထဲက အနံ့တဲ့"

ကိုစိန်လွင်တွင် ဤမျှဖြင့် မဆည်နိုင်တော့ဘဲ ပါးစပ်ကို လက်ဖျားကလေးနှင့်အုပ်၍ ပြုံးလိုက်သောကြောင့်...

"မရယ်နဲ့ရှင့်၊ အဲဒါ ကျွန်မ ကိုယ်တွေ့သိထားတဲ့အချက်တွေပဲ၊ နောက်ပြီး အဲသလို ဝတ္ထုနာမည်ပေးရာမှာတင် ကရော်ကမည်နိုင်တာမဟုတ်သေးဘူး၊ ကလောင်နာမည်ပေးရာမှာလည်း ဒီအတိုင်းပဲ၊ စာရေးဆရာမိုးဝေကို အားကျပြီး မိုးဝေရဲ့အရေးအသားမျိုးအတိုင်း အတုခိုးရေးလိုက်တဲ့ ကလောင်သစ်ကလေးတစ်ယောက်က သူ့ကလောင်နာမည်ကို ဘယ်လိုတပ်လိုက်တယ် ထင်သလဲ"

မမြင့်ကြည်က စကားစ အဖြတ်လိုက်တွင်...

"ကျွန်တော် မစဉ်းစားတတ်ဘူး မမြင့်ကြည်"

"မိုးစွေ တဲ့"

သို့လျှင် ပီပီသသကြီး ပြောချလိုက်သောကြောင့် ကိုစိန်လွင်ခမျာ တစ်ကိုယ်လုံး ခါသွားသည်အထိ ဟက်ဟက်ပက်ပက် ရယ်ချလိုက်မိတော့၏။

"ဒါတင် မကသေးဘူး၊ တချို့ ကလောင်နာမည်ရော၊ ဝတ္ထုအမည်ပေးတာပါ တော်တော့်ကို ဝါစာကမာနိုင်တာတွေ အပုံပဲ ကျွန်မ တွေ့ဖူးတယ်၊ အဲဒီတော့ ဒီလို ကလောင်သစ်မျိုးရေးတဲ့ တော်ရုံလျော်ရုံ ဝတ္ထုမျိုးကို ဘယ်တိုက်က လက်ခံမှာလဲ၊ ရှင်ပဲ စဉ်းစားကြည့်တော့"

ကိုစိန်လွင်က အတန်ကြာ တွေနေပြီး...

"ငြင်းချက်ထုတ်တာတော့ မဟုတ်ပါဘူးဗျာ...နော်၊ ဒါနဲ့ ခွကျကျနာမည်တွေနဲ့ စာအုပ်တချို့ကတော့ တစ်ခါတစ်ခါ ထွက်လာသားပါလား၊ ဒါမျိုး လက်ခံတဲ့ စာအုပ်တိုက်လည်း ရှိဦးမှာပေါ့နော်"

"အင်း... လူထုက ကြိုက်ကြိုက် မကြိုက်ကြိုက်၊ ပိုက်ဆံအကုန်ခံနိုင်ရင် အမတ်အရွေးခံရသလိုပေါ့၊ ကိုယ်ရေးချင်ရာရေးပြီး ကိုယ့်ပိုက်ဆံနဲ့ကိုယ် ရိုက်ထုတ်လည်း စာအုပ်ဖြစ်တာပဲ မဟုတ်လား ကိုစိန်လွင်ရဲ့၊ နိုင်ငံက အများဆုံး လက်ခံတဲ့ ထိပ်တန်း မဂ္ဂဇင်းတွေမှာ ပါနိုင်မှ ထင်ပေါ်လို့ စင်တော်ကကောက်တဲ့စာမျိုး ဖြစ်နိုင်မယ် မဟုတ်လားရှင့်"

သို့ပြောနေစဉ်မှာပင် တိုက်ရှင် ဦးရင်မောင်ရောက်လာသောကြောင့် စကားပြတ်သွားကာ...

"ဘယ့်နှယ် ကိုစိန်လွင်၊ စက်သမားတွေလာရင် အဆင်သင့်ရိုက်နိုင်ဖို့ မနေ့ကစာတွေ ပြင်ပြီးနေပြီလား"ဟု ဦးရင်မောင်က မေးလိုက်၏။

"ဟုတ်ကဲ့ ပြီးနေပါပြီ ဆရာ"

ကိုစိန်လွင်လည်း အံဆွဲထဲမှ စာရွက်လေးငါးရွက်ကိုဆွဲယူ၍ ဦးရင်မောင်အား အထပ်လိုက်ပင် လှမ်းပေးလိုက်၏။

ဦးရင်မောင်က ကိုစိန်လွင် ပေးလိုက်သော စာရွက်များကို ပြန်လှန်စစ်ဆေးသလို ကြည့်နေရင်းမှာပင် ထိုအခန်းသည် မှုန်ဝါးပျောက်ကွယ်သွားတော့၏။

* * *

ရန်ကုန်တက္ကသိုလ် အင်းလျားဆောင်၏ တစ်ခုသောအခန်းတွင်းမှ မိန်းမပျို ကျောင်းသူတစ်စု၏ ရွှင်းကလေး ပေါ်လာ၏။ ကုလားထိုင်တွင် ခြေချိတ်၍ ထိုင်နေသူက မဂ္ဂဇင်းတစ်အုပ်ကိုကိုင်လျက် အသံထွက်အောင် တစ်စုံတစ်ရာကို ဖတ်ပြလျက်ရှိ၏။

"သူမ ယောက်ျား ရခဲ့သည်မှာ ခြောက်လမျှ ရှိခဲ့လေပြီ။ သို့မို့ကြောင့် သူမသည် ယခု ကိုယ်ဝန်နှင့်၊ ဗိုက်နှင့်ဖြစ်နေသည်။ ယခုခေတ်ပေါ် ဗိုက်ဖုံး အင်္ကျီ (ဝါ) တစ်နည်းအားဖြင့် 'ရှက်စနိုး'အင်္ကျီကိုလည်း ဖက်ရှင်ကျကျ ဝတ်ဆင်ထားသည်"

စာဖတ်ပြနေသူ မိန်းမပျိုနှင့် မျက်နှာချင်းဆိုင် ခုတင်ပေါ် ခြေတွဲ လောင်းချ၍ ထိုင်နေသော ကျောင်းသူနှစ်ယောက်လည်း ထိုဝါကျဆုံးသည် နှင့် ဝုန်းခနဲ ပွဲကျသွားတော့၏။

"ကြဲကြဲဖန်ဖန်ကွယ်၊ 'ရှက်စနိုး' အင်္ကျီရယ်လို့ သူပဲ ကတ်ကတ် သတ်သတ် နာမည်ပေးတတ်တယ်"

"ဒီ ဟာသပြဇာတ်ဆိုတဲ့ ငနဲကတော့ ဘယ်တော့ရေးရေး မဟုတ်က ဟုတ်ကချည်းပါပဲရှင်၊ ပရိုဝတ္ထုတစ်ပုဒ်ထဲ ရေးလိုက်တာကြည့်ပါလား၊ 'သူမ သည် ဝမ်းဘဲဖင်ထိုင်လျက် လဲသလို ကမန်းကတန်း ထိုင်ချလိုက်သည်'တဲ့"

ဤတွင်လည်း တဟားဟား ပွဲကျသွားကာ မကြာမီ အခြား မိန်းမပျို ကလေးတစ်ဦး အခန်းထဲ ဝင်လာသောကြောင့် စာဖတ်နေသူက...

"ဟဲလို... မူမူ လာဟေ့၊ ကြည့်ရတာ ပြုံးပြုံးရွှင်ရွှင်နဲ့ ဘာများသဘော ကျလာတယ် မသိဘူး"

သို့ နှုတ်ဆက်ရင်းကပင် မေးခွန်းလိုလို စကားမျိုးပြောလိုက်သည်နှင့် ဝင်လာသူ မူမူက ခုတင်ပေါ်ရှိ ကျောင်းသူနှစ်ဦးနှင့် ရောထိုင်လိုက်ပြီး...

"သဘောကျဆို ရွှေချိုးဖြူဆီက ပြန်စာ ရောက်လာတယ်လေ၊ ဟောဒီမှာ" ဟု ပြောပြောဆိုဆို စာတစ်စောင်ကို ထုတ်ပြပြီးမှ...

"ဖတ်ချင်တဲ့လူ လက်ညှိုးထောင်"ဟူ၍ မူမူကပင် ပြောင်စီစီကလေး ပြောလိုက်ပြန်သောကြောင့် ...

"အောင်မယ်... စာရေးဆရာဆီက ပြန်စာများ တန်ရာတန်ဖိုးထားလို့ ဟင်း၊ ဖတ်ချင်ပေါင်၊ ကိုယ်တို့တော့ မိန်းမကပိုးဆိုတဲ့ ဂိုဏ်းထဲမပါဘူး"

တစ်ယောက်သော ကျောင်းသူက ခုတင်အစွန်းမှ ငဲ့ကြည့်ရင်း ပြော လိုက်သောကြောင့်...

"ဒီလိုတော့ မပြောပါနဲ့ ဆွေဆွေရယ်၊ ကိုယ့်အကြိုက်နဲ့ကိုယ်ပေါ့"

ဟု ကုလားထိုင်ပေါ်မှ ကျောင်းသူက ဆွေဆွေ့အား ဟန့်လိုက်ရာမှ မှုမှုဘက် လှည့်တဲ့ပြီး တစ်စုံတစ်ရာ စကားစတော့မည်ပြုစဉ်...

"ပြောပါစေ နုရယ်၊ ကျွန်မတို့က ဆွေဆွေလို လုပ်ပြီကထိကတွေနားမှ မကပ်နိုင်ပဲ၊ စာရေးဆရာပဲ ဂေါ်ရတော့တာပေါ့"

"ကဲ... ဒါတွေ ပြောမနေပါနဲ့တော့ မှုမှု၊ ဘယ်မလဲ အဲဒီစာရေးဆရာ ရွှေမျိုးဖြူဆီကစာ ပေး၊ ကိုယ်ဖတ်မယ် လက်ညှိုးလည်း ထောင်ပါသတဲ့ရှင်"

နုဆိုသူက ထိုအတိုင်းပြောကာ လက်ညှိုးကလေး ထောင်ပြနေသော ကြောင့် မှုမှုက စာအိတ်ကလေးတစ်ခုကို လှမ်းပေးလိုက်၏။ ထိုအခိုက် စောစောက မှုမှုအား ခနဲ့လိုက်သူ ဆွေဆွေလည်း တစ်စုံတစ်ရာမကျေနပ် သလို မျက်နှာထားဖြင့် ခုတင်ပေါ်မှ ဆတ်ခနဲထကာ အခန်းထဲမှ ခပ်ဆောင့် ဆောင့်ကလေး နင်းထွက်သွားသည်ကို မှုမှုက နုအား လက်တို့ရင်း မေးထိုး ပြလိုက်သဖြင့်...

"သွားပစေရှင်... သူက သူများကိုသာ မထိတထိ ပြောချင်၊ သရော် ချင်တယ်၊ သူ့ကိုပြောလိုက်ရင် ဒီလိုချည်းပဲ၊ ကဲ... အားလုံးကြားနိုင်အောင် ခပ်ကျယ်ကျယ် ဖတ်မယ်နော်၊ မှုမှု သဘောတူမလား"

"အဆန်းလုပ်ပြီး မေးနေပြန်ပြီ နုကလည်း၊ ဖတ်ပေါ့ ဘာဖြစ်လဲ"

နုသည် မျက်နှာရော ကိုယ်ကလေးပါ လှုပ်ရှားလိုက်ပြီးမှ...

"ချစ်သော ညီမလေး"တဲ့။

ဤတစ်ကြောင်းမျှသာဖတ်ပြီး နုသည် မှုမှုအား လှမ်းကြည့်ရင်း...

"အလို... နိပ်ဟ၊ ချစ်သောညီမလေးဆိုပါလား"

"ဆက်ဖတ်စမ်းပါဦး နုရဲ့၊ သူ့ဖြင့် လျှောင်ဖို့ပဲ စိတ်စောနေတယ်"

"ကဲပါရှင်... ဖတ်ပါ့မယ်"

"ချစ်သော ညီမလေး တဲ့...။

ညီမလေးပေးစာကို မနက်ကပဲရလို့ ရရချင်းပဲ အစ်ကိုကြီး စာပြန်လိုက်ပါတယ်...တဲ့၊ ညီမလေးကိုယ်တိုင်က စာရေးစာ

ဖတ် ဝါသနာပါတယ်ဆိုတာသိရတဲ့အတွက် အစ်ကိုကြီး သိပ်ဝမ်းသာမိတယ်... တဲ့။

အထူးသဖြင့် ညီမလေးဟာ ဝတ္ထုတို့၊ ကဗျာတို့ ရေးချင်တဲ့ဘက်မှာ ပိုပြီး ဝါသနာထုံတယ်ဆိုတာသိရလို့ အစ်ကိုကြီးတို့နဲ့ ဘဝတူ ကလောင်တစ်ချောင်း တိုးဦးတော့မှာပါလားဆိုပြီး အတိုင်းမသိ ပီတိတွေ ဖြာနေမိတယ်...တဲ့"

(အင်း... ဆွယ်လုံးကလေးက... ဒီလို)

နုက ဤသို့ လှောင်လုံးကလေးပါ ညှပ်၍ ပြောလိုက်ပြီးမှ ဆက်လက်ဖတ်နေပြန်၏။

"ညီမလေးက အစ်ကိုကြီးကို အားကိုးတယ် ဟုတ်လား၊ အားကိုးရပါတယ်ကွယ်၊ စာပေကိစ္စနဲ့ဖြစ်ဖြစ်၊ တခြား ဘာအကူအညီပဲလိုလို အစ်ကိုကြီးတော့ ပေးဖို့အဆင်သင့်ပါပဲ...တဲ့"

(လုပ်လိုက်ကွဲ့...)

သို့ ရေရွတ်ရင်း မူမူ့အား မော့ကြည့်လိုက်ပြန်၏။

"ညီမလေးဆီမှာ ဝတ္ထုတို့၊ ကဗျာတို့ ရေးပြီးသားတွေရှိတယ်ဆိုတာ ပို့လိုက်ပါလား၊ အစ်ကိုကြီး ဖတ်ကြည့်ပြီး ပြင်သင့်တာပြင်ပေးမှာပေါ့၊ မဂ္ဂဇင်းတွေထဲ ပါအောင်လည်း အစ်ကိုကြီးဆောင်ကြဉ်းပေးမယ်လေ၊ ဟုတ်လား...တဲ့"

(အင်း... စေတနာတွေကဖြင့် မနည်းဘူးဟဲ့...)

"သြော်...ညီမလေးက အစ်ကိုကြီးကို မမြင်ဖူးပေမဲ့ အစ်ကိုကြီးရဲ့စာတွေကိုတော့ အင်မတန် နှစ်သက်တယ်လို့ ရေးလိုက်တယ်နော်၊ ကဲ... အစ်ကိုကြီးကို မြင်ဖူးသွားအောင် နောင်လည်းလမ်းမှာ တွေ့တဲ့အခါ နှုတ်ဆက်နိုင်အောင်လို့ အစ်ကိုကြီး ဓာတ်ပုံတစ်ခု ထည့်ပို့လိုက်တယ်...တဲ့"

ဤတွင် နုက ဆတ်ခနဲ မော့ကြည့်တဲ့ပြီး...

"ဟေး... မူမူ၊ ဘယ်မလဲ ဓာတ်ပုံ ပြ... ပြ..."ဟု ပြောရင်း နုသည် မူမူ့အနီးသို့ ထ,လာသောကြောင့်...

"ကြည့်ရမှာပေါ့ရှင်၊ ကဲ... ရော့... ရော့"

မူမူက ဝတ္ထုစာအုပ်တစ်အုပ်ကြားတွင် ညှပ်ယူလာသော ဓာတ်ပုံတစ်ခု ထုတ်ပေးလိုက်သဖြင့် နနှင့်တကွ မူမူ့ဘေးရှိ ကျောင်းသူမကလေးပါ စိတ်ဝင်စားစွာ ခေါင်းချင်းဆိုင်၍ ကြည့်နေကြ၏။

စာရေးဆရာ ရွှေချိုးဖြူအမည်ခံသူ၏ ပုံပန်းသဏ္ဍာန်မှာ အသက်အားဖြင့် သုံးဆယ်ကျော်လောက်ဟု ခန့်မှန်းရ၏။ ရုပ်ရည် မပြေမပြစ် ရှိရသည့်အထဲတွင် ဓာတ်လိုက်မင်းသားလည်းမကျ၊ ရေဒီယိုအဆိုတော် စတိုင်မျိုးလည်းမကသော အမူအရာဖြင့် ရိုက်ကူးထားသော ပုံဖြစ်သည်ကို တွေ့ရ၏။

ဤတွင် န ဆိုသူက...

"ဟင်း... သူ့ရုပ်ရည်နဲ့များ လုပ်ထားလိုက်တဲ့အိုက်တင်က ပြဇာတ်မင်းသား ကျနေတာပဲ"

"ဟုတ်ပါရဲ့နော်၊ သူ့စာတွေဖတ်ပြီး အထင်ကြီးခဲ့သမျှ ဒီပုံမြင်လိုက်ရတော့ အမြိုင်ဖြင့် စိတ်ကို ပျက်သွားတာပဲ"

အခြားကျောင်းသူကလေးကလည်း န၏စကားကို ထောက်ခံလိုက်၏။

"အို... ဘာပဲဖြစ်ဖြစ်ပေါ့ရှင်၊ ကျွန်မကတော့ စာပေဝါသနာအိုးမို့ ရိုးရိုးပဲ မိတ်ဆွေဖြစ် စာရေးလိုက်တာကို သူက ဓာတ်ပုံပါ ထည့်ပို့လိုက်တယ်၊ ဘာသဘောလဲမသိဘူး၊ ပြီးတော့ ကျွန်မဓာတ်ပုံလည်း ပေးပါတဲ့လေ၊ အဲဒီစာထဲ ပါတယ်၊ ဆက်ဖတ်ကြည့်ပါဦး နရဲ့"

"တော်ပါပြီ မူမူရယ်၊ ဓာတ်ပုံမြင်ကတည်းက စိတ်ပျက်နေပြီ၊ ရော့— သူ့စာလည်း မဖတ်ချင်တော့ပါဘူး"ဟု နက ကိုင်ထားသော စာရွက်ကလေးကို လှမ်းပေးလိုက်ရင်း...

"ဒီမှာ မူမူ၊ ကိုယ် တစ်ခုသတိပေးမယ်၊ မူမူက စာပေဘက်မှာ သိပ်ဝါသနာကြီးတယ်နော်၊ အေး... ကိုယ်လည်း အတူတူပဲ၊ ဒါပေမဲ့ စာကိုသာ ချစ်ပါ မူမူရယ်၊ လူကိုတော့..."

"အို... ကျွန်မ ဘယ်စာရေးဆရာကိုမှ မချစ်ရသေးပါလားရှင်"

"ဟုတ်ပါတယ်လေ၊ မတော်တဆ ချစ်မိသွားမှာစိုးလို့ ပြောတာပါ၊ စာရေးဆရာဆိုတာ များသောအားဖြင့် စိတ်ကူးယဉ်နေကြတာ သိလား၊ အဲဒါကို အနုပဋိလောမနည်းနဲ့ သုံးသပ်ကြည့်၊ စိတ်ကူးယဉ်သမားရဲ့ ခရီးစဉ်ဟာ

ဖောက်ပြန်ရေးသမားဘဝမှာ အဆုံးသတ်လေ့ရှိတယ်၊ အဲဒီတော့..."

"ကျွန်မလည်း သိပါတယ် နုရယ်၊ ဒါပေမဲ့လည်း နိုင်ငံကျော် စာရေးဆရာကြီးတစ်ယောက်ဆီက အရေးတယူ ပြန်စာရတယ်ဆိုတော့လည်း ဖြုန်းခနဲ ဝမ်းသာသွားတာပေါ့"

မူမူက သို့ပြောရင်းပင် ရုတ်တရက် တွေသွားပြီးမှ...

"အင်း... နု သတိပေးမှပဲ သေသေချာချာ စဉ်းစားမိတော့တယ်၊ ခု ကြည့်ပါလား၊ ပထမဆုံးစာမှာပဲ ဘာလိုလို ရေးလာပြီ"

ပြောပြောဆိုဆို မူမူသည် လက်ထဲတွင် ကိုင်ထားသည့် စာတပ်ပုံရော၊ စာကိုပါ အစိတ်စိတ်အမြွာမြွာ ဆွဲဆုတ်နေ၏။ မကြာမီ ထိုအခန်းလည်း မှုန်ရီပျောက်ကွယ်သွားတော့၏။

* * *

နေရာမှာ မမြင့်ကြည်တို့၏ ဧည့်ခန်းကလေးဖြစ်၏။

"အဲဒါ မမြင့်ကြည်က ဘယ်လို သဘောရသလဲ"

"အင်း... ကျွန်မတော့ ဝတ္ထုနာမည်ကို ပြောင်းလိုက်စေချင်တာပဲရှင်၊ 'အနာဂတ်၏အရှုံး' ကြီးက တယ်မနိပ်ပါဘူး"

"ဟုတ်ပါတယ်၊ အဲဒါ ဘယ်လိုပြောင်းမလဲလို့ မေးနေတာပါ"

"ကိုစိန်လွင့် ဝတ္ထုမှာ အသားပေးထားတဲ့ အဓိကအချက်က မိန်းမပျို ကလေးတွေ အယူအဆမှားနေလို့ နစ်နာရတဲ့ ပြဿနာကလေးတစ်ခုကို ဖြေရှင်းထားတဲ့ ဝတ္ထုမဟုတ်လား"

"အင်း..."

"အဲဒီတော့ ဒီဝတ္ထုဟာ မိန်းမပျိုကလေးတွေအဖို့ အမြတ်ထွက်နိုင်တယ်၊ ဒါကြောင့် 'အမြတ်' ဆိုတဲ့ နာမည်ပေးရင် မကောင်းဘူးလား"

"ဟာ... အစစ်ပဲဗျို့၊ တိုတိုကလေးနဲ့ မိတဲ့နာမည်ပဲ၊ ကြည့်စမ်း... မမြင့်ကြည်က စာပေဦးနှောက် သိပ်ရှင်တာကိုး"

"ရှင်ပေးတဲ့ နာမည်ကလည်း ကတ်သီးကတ်သတ် အဖြေထုတ်ရင်တော့ ရပါတယ်၊ ဒါပေမဲ့လည်း စာပေယဉ်ကျေးမှုကိုမြတ်နိုးတဲ့ ပရိသတ်က လက်ခံမယ် မထင်ဘူး ကိုစိန်လွင်"

"ကျွန်တော် နားလည်ပါပြီဗျာ၊ ဟိုတစ်ခါ မမြင့်ကြည် ပြောကတည်းက လေးလေးနက်နက် စဉ်းစားကြည့်တယ်။ The old man turn purple with rage ဆိုတာကို စာရေးဆရာတစ်ယောက်က 'အဘိုးကြီး၏မျက်နှာသည် အမျက်ဒေါသနှင့်အတူ ခရမ်းရောင်သို့ ပြောင်းသွားသည်' လို့ ရေးလိုက်သလိုပါပဲ။ နောက်ဆုံးကျတော့ ဝတ်လစ်စလစ်အနီဆိုတဲ့ စာပေသစ်တွေဟာ ဗမာစာစစ်စစ် မဟုတ်ပါဘူး၊ အင်္ဂလိပ်စာကတစ်ဆင့် ပုံသွင်းယူတဲ့ ကပြားစာပေရယ်လို့ ကျွန်တော် သဘောပေါက်ပါပြီ"

"ဒါဖြင့် အမြတ်ဆိုတဲ့ နာမည်ကို ကြိုက်ပြီပေါ့"

"အတည်ပြုလိုက်တော့ မမြင့်ကြည်"

"ဒီမှာ ကိုစိန်လွင်၊ ရှင့်ကို ဆရာလုပ်တယ်လည်း မထင်နဲ့နော်၊ ကလောင်နာမည်လည်း ပြောင်းရကောင်းမလားလို့ ကျွန်မ စဉ်းစားနေမိတယ်"

"ဘာလဲ မမြင့်ကြည်၊ ခေတ္တရာစိန်ဆိုတဲ့ ကလောင်နာမည်ကို သဘောမကျပြန်ဘူးလား"

"ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ နာမည်က သွက်သွက်လက်လက် မရှိလှဘူး၊ ခေါ်ရတာ ထောင့်နေသလိုပဲ၊ တကယ်လို့ ရှင်သာ နိုင်ငံကျော် စာရေးဆရာဖြစ်လာရင် ဘယ်သူကမှ နာမည်ရင်းကို ခေါ်မှာမဟုတ်တော့ဘူး"

"အင်း... ဒါလည်းဟုတ်တာပဲ မမြင့်ကြည်၊ ကိုခေတ္တရာစိန်၊ ဦးခေတ္တရာစိန်လို့သာ ခေါ်ကြမှာပဲ"

ကိုစိန်လွင်လည်း ဟန်နှင့်၊ မျက်နှာထားနှင့် ကိုယ့်အမည်ကိုခေါ်ကြည့်ရင်း ခေါင်းတခါခါ ဖြစ်နေသောကြောင့်—

"ကဲ... ကျွန်မပြောတာ မဟုတ်ဘူးလား၊ တင့်တယ်ဆိုတဲ့ ကလောင်အမည်ဟာ ဘယ်လောက် အဆင်ပြေသလဲ၊ အဓိပ္ပာယ်လည်း ပြည့်ဝတယ်၊ ကိုတင့်တယ်၊ ဦးတင့်တယ်၊ ဘယ်လိုပဲခေါ်ခေါ် ခေါ်လို့ကောာ မကောင်းဘူးလား"

"အေးဗျာ၊ ဒါတွေ ကျွန်တော် လုံးလုံးကို ထည့်ပြီး မစဉ်းစားမိဘူး၊ ခေတ္တရာစိန်ဆိုတာတောင် ကံကောင်းလို့ ဆန်ခါတင် ကျန်ခဲ့တာ၊ ဒီအရင်ပေး

တဲ့ နာမည်က သာဆိုးသေးသပေါ့"

"ဘယ်လိုတဲ့လဲ ကိုစိန်လွင်"

"မရယ်နဲ့နော်၊ စိန်ထံတျာ...တဲ့"

မမြင့်ကြည်ခမျာဝယ် မရယ်ဘဲ မနေနိုင်၊ မျက်ရည်ပေါက်ကလေးများပင် ပိတ်သွားလုမတတ် အားပါးတရ ရယ်ချလိုက်ရင်းက...

"တော်ပါတော့ ဦးစိန်ထံတျာရယ်၊ ကဲ... ကဲ... အခုနပြောတဲ့ အမြတ်ဝတ္ထုကစပြီး ကလောင်နာမည်ပါ ပြောင်းလိုက်ပေတော့ 'ပေါ်လွင်' လို့၊ ကောင်းဘူးလား"

မမြင့်ကြည်က သို့လျှင် ပြောမေးကလေး မေးလိုက်၏။

ကိုစိန်လွင်တွင်မူ ဝမ်းအသာလွန်သွားဘိသည့်အလား မမြင့်ကြည်အား ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိပြီးမှ ဟင်းခနဲ သက်ပြင်းရှည်ကြီး ချတဲ့ကာ...

"အံ့တာပါပဲဗျာ... ဟင်း... မမြင့်ကြည်ရဲ့ဦးနှောက်ကိုသာ ဝယ်လို့ရမယ်ဆိုရင်တော့ ဘယ်လောက်ပဲ ပေးရပေးရ"

"အမယ်... ကျွန်မကိုများ ဘယ်ဝါဒ ညာဝါဒသမား စာရေးဆရာတွေလို ဦးနှောက်ရောင်းစားမယ်များ ထင်နေသလား၊ ငွေနဲ့တော့ မရောင်းဘူး ဆရာ၊ သိလား"

အမိပ္ပာယ် အတော်ကလေး ကျယ်ကျယ်ပါသော စကားမျိုးဖြစ်သည်သာမက မမြင့်ကြည်သည် မျက်နှာကလေးကိုပါ ချစ်စဖွယ်ထား၍ ပြောလိုက်သောကြောင့် ကိုစိန်လွင်တွင် မနေတတ် မထိုင်တတ် ဖြစ်သွားပြီး...

"ဩ... ဩ... ငွေနဲ့တော့မရောင်းဘူး၊ ဒါပေမဲ့"

"လူချင်းခင်ရင်၊ စေတနာထားပြီး အခမဲ့ ကူညီတန် ကူညီမယ်ပေါ့၊ ဟုတ်ဘူးလား"

မမြင့်ကြည်က စကားကို အဖျားရှူးပစ်လိုက်၏။ ထိုအခိုက်တွင် ကလေးမလေးတစ်ဦး အိမ်ပေါ်သို့တက်လာပြီး...

"မမကြည်၊ ကြီးကြီးကော"ဟု မေးလာသောကြောင့်...

"မရှိဘူး ညီမရယ်၊ စောစောကပဲ ခေါင်းရင်းအိမ် ကူးသွားတယ်"ဟု ပြောလိုက်၍ ကလေးမလေး လှည့်ထွက်သွားသည်နှင့်...

"ဒါနဲ့ မမြင့်ကြည်တို့ နက်ဖြန်သွားဖြစ်သလား၊ အင်းလျားကို...ဟင်"

"သွားဖို့ သေချာပြီလေ၊ ဘာဖြစ်လို့လဲ"

ကိုစိန်လွင်လည်း နှုတ်ခမ်းနှစ်ခုကို ခပ်နာနာဖိ၍ စေ့ထားရာမှ...

"ဖြစ်ပါဘူး၊ တကယ်လို့ သွားဖို့ရာ မသေချာရင်တော့ ခုလိုပဲ စာပေ ကိစ္စလေး ဘာလေးတွေ ဆွေးနွေးရအောင် ကျွန်တော် လာရကောင်းမလား လို့ပါ"

မမြင့်ကြည်က ရုတ်တရက် ဘာအဖြေမှမပေးသေးဘဲ လက်သည်း ကလေးများကို ငုံ့ကြည့်နေပြီးမှ...

"နက်ဖြန် ရှင်ကော မအားဘူးလား ကိုစိန်လွင်"

"အားတယ်လေ၊ ဒါကြောင့် ဒီကို လာရ ကောင်းမလားလို့ ပြောတာ ပေါ့"

"ဒါဖြင့် အင်းလျားကို ရှင်ပါ လိုက်ခဲ့ပါလား"

"ကျွန်တော့်အဖို့တော့ ဝန်မလေးပါဘူး၊ ဒါပေမဲ့"

"ဘာလဲ... ကျွန်မအတွက် ပြောစရာ ဖြစ်နေမှာစိုးလို့လား၊ ကိစ္စမရှိ ပါဘူး၊ ယောကျ်ားအဖော်တွေလည်း ပါမှာပါရှင့်"

"ဒီလိုဆိုလည်း လိုက်မယ်လေ၊ ဘယ်အချိန်လောက် လာခဲ့ရမလဲ"

"၇ နာရီလောက် အရောက်လာခဲ့ပေါ့"

မမြင့်ကြည်လည်း သို့ပြောရင်းကပင် စားပွဲတင်နာရီကလေးကို လှည့် ကြည့်လိုက်၏။

စားပွဲတင်နာရီ၏ ပုံသဏ္ဌာန်သည် ရုပ်ရှင်ပိတ်ကားကြီးတစ်ခုလုံး ပြည့်သွားလုနီးပါး ပေါ်လာ၏။

နာရီလက်တံတိုကလေးသည် ၆ ဂဏန်းကို ပြနေရာမှ တဖြည်းဖြည်း လည်တက်သွားပြီး ၇ မှ ၈၊ ၈ မှ ၉ စသဖြင့် နောက်ဆုံး တစ်ပတ်တိတိလည် သွားကာ နံပါတ် ၁၀ သာသာတွင် ရုတ်တရက် ရပ်သွား၏။ နောက်တစ်နေ့ ၁၀ နာရီအချိန်ဟူ၍လည်း ပရိသတ်က သဘောပေါက်သွား၏။

မကြာမီ ထိုနာရီကလေး မှုန်သွားသည်နှင့်အတူ အင်းလျားကန်၏ သာယာသော ရှုမျှော်ခင်းသည် ရေးရေးမှ တဖြည်းဖြည်း ထင်လင်းပေါ်လွင် လာ၏။

ထိုရှုခင်းကလေးမှသည် မသိမသာ ကွေ့လည်နိမ့်ဆင်းရွေ့လျားသွားပြီးနောက် တစ်ခုသော သစ်ပင်ကြီးအောက်တွင် မြိုင်မြိုင်ဆိုင်ဆိုင် ဝိုင်းထိုင်စားသောက်နေကြသော အမျိုးသမီး၊ အမျိုးသားတစ်စုကို တွေ့ရ၏။

တစ်ဖန် ထိုနေရာမှ အခြားရှုခင်းတစ်ခုဆီသို့ တဖြည်းဖြည်း ရွေ့သွားပြန်ပြီးနောက် ရုတ်တရက် ပျောက်သွားကာ စားသောက်ပြီးစီးနေပြီဖြစ်သော ထိုပျော်ပွဲစားထွက်လာသူတစ်စု၏အခန်းသည် ကြည်ကြည်လင်လင် ပေါ်လာပြန်၏။

အမျိုးသမီး ပရိသတ်များအနက် အချို့က ပန်းကန်၊ ချိုင့်၊ ခွက်များ ဆေးနေ၏။ အချို့က ပိုနေသော ပေါင်မုန့်နှင့် ငါးသေတ္တာဘူးများကို လက်ဆွဲခြင်းထဲသို့ ထည့်သွင်းသိမ်းဆည်းနေ၏။

ရုတ်တရက် ထိုအခန်း မှိန်သွားပြန်ပြီး အငွေ့တထောင်းထောင်း ထနေသော ကော်ဖီအပြည့် ဖျော်ထားသည့် လက်ဆွဲချိုင့် အကြီးစားတစ်ခုကိုလည်းကောင်း၊ ထိုချိုင့်အနီးရှိ ပန်းကန်လုံးများ အသီးသီး မှောက်ထည့်ထားသော ကျောက်ကာဖန်းကြီးတစ်ခုကိုလည်းကောင်း ထင်ရှားစွာ တွေ့မြင်ရ၏။

နောက် ထိုရှုကွင်းသည် တဖြည်းဖြည်း ဝေးသွားပြီး ငါးယောက်မျှသော ယောကျ်ားလူရွယ်တစ်စု ပိုကာဆွဲနေသည်ကို တွေ့ရ၏။

"ဒီမှာ ကိုဘထွေး၊ ကိုစိန်လွင်က တစ်မြို့တစ်နယ်သားကလေးပါနော်၊ ဖဲတော့ မလိမ်လိုက်ပါနဲ့၊ သူ့ခများ ပါတာကလေး ပြုတ်သွားပါဦးမယ်"

ပိုကာဝိုင်းသို့ရောက်လာသော မမြင့်ကြည်က ကိုစိန်လွင့်နောက်နားမှ ရုပ်ရင်း မျက်နှာချင်းဆိုင်ရှိ လူရွယ်လူလတ်တစ်ယောက်အား လှမ်း၍ ပြောလိုက်သောကြောင့် ကိုဘထွေးဆိုသူက ဆတ်ခနဲ မော့ကြည့်တဲ့ကာ အားပါးတရ ပြုံးလိုက်ပြီး…

"စိုးရိမ်မနေစမ်းပါနဲ့ဗျာ… ကျုပ်တို့ ဗမာပြည်က နိုင်ငံရေး ထိပ်တန်းခေါင်းဆောင်တွေကြည့်ပါ၊ ရန်ကုန်သားစစ်စစ်ဆိုလို့ ဆွဲထုတ်ပြစရာ မရှိသလောက် ရှားပါတယ်၊ အားလုံးလိုလို တစ်မြို့တစ်နယ်သားတွေချည်းပါပဲ၊ ခင်ဗျား တစ်နယ်သား ကိုစိန်လွင်ကလည်း မခေပါဘူးဗျ၊ လည်လိုက်သမှ လှစ်နေတာပဲ၊ ဖဲကိုင်ပုံကို ကြည့်ပါလား"

ကိုဘထွေးသည် လက်ညှိုးနှင့်မဟုတ်ဘဲ ဖဲကိုင်ထားသောလက်နှင့်

ကိုစိန်လွင်အား ညွှန်ပြလိုက်၏။

၁၀ ချပ်သော ဖဲများကို တကယ့် ပိုကာသမားကြီးများကဲ့သို့ ကျွမ်းကျင်စွာ ကိုင်ထားသူ ကိုစိန်လွင်မှာ ရှိုးတိုးရှန့်တန့်ဖြစ်သွားရာမှ ရှက်ပြုံးကလေးပြုံးရင်း မမြင့်ကြည်အား သမင်လည်ပြန် မော့ကြည့်လိုက်၏။ မမြင့်ကြည်ကလည်း ချစ်စဖွယ် ပြုံးလိုက်ပြီးမှ မသိမသာ ထွက်ခွာသွားတော့၏။

မရှေးမနှောင်းမှာပင် ခပ်လှမ်းလှမ်းမှ လူရွယ်နှစ်ဦးပါသော ဂျစ်ကားတစ်စီး မောင်းဝင်လာသည်ကိုတွေ့ရပြီး အနီးသို့ရောက်လာသည်နှင့်...

"ဟာ... ကိုဘထွေး၊ ခင်ဗျား အတော်ရှော်တဲ့လူပဲ၊ တကယ်ဆို ပြောရောပေါ့ဗျာ"

"အေး... ခင်ဗျားတို့သတင်းထောက်တွေ အဲဒါ ခက်တာပဲ၊ လူတစ်ယောက်ကိုကြည့်တဲ့အခါ တစ်ခါတလေလည်း အပြစ်ရှာတဲ့မျက်လုံးကလေးများနဲ့လည်း ကြည့်စမ်းပါဦး၊ ကျုပ်တို့မှာ သွားမယ်၊ မသွားဘူးနဲ့ ရောက်လာရတာဗျ၊ ကြိုတင် စီစဉ်မှုရှိတာ မဟုတ်ဘူး။ ကဲ... လာလေဗျာ ကိုတင်သိန်း၊ တစ်အိမ်လိုနေတယ်"

"လာတာက နှစ်ယောက်၊ တစ်အိမ်တည်းလိုလို့ ဘယ်ဖြစ်မလဲဗျ။ သူကလည်း ပိုကာဆိုရင် သားပစ်မယားပစ် ကစားချင်တဲ့လူ"ဟု ကိုတင်သိန်းဆိုသူ သတင်းထောက်က ဖဲဝိုင်းအနီး ချဉ်းကပ်လာရာမှ ပြောလိုက်သောကြောင့်...

"ဒါဖြင့်လည်း ဝင်ကြဗျာ၊ လာ... ကျွန်တော် ဖယ်ပေးပါ့မယ်"ဟု ပြောပြောဆိုဆို ကိုစိန်လွင်က ထပေးလိုက်သဖြင့် အဆိုပါ လူနှစ်ယောက်လည်း အသီးသီး ဝင်ထိုင်လိုက်ကြ၏။

အမျိုးသမီး သုံးလေးယောက်မှာ ကမ်းစပ်နှင့်မလှမ်းမကမ်းတွင် ရေချိုးနေကြ၏။ မမြင့်ကြည်တွင်မူ ရေချိုးနေသူများကိုထိုင်ကြည့်ရင်း သဘောကျနေရာမှ ကိုစိန်လွင် ဖဲဝိုင်းမှထွက်လာသည်ကိုမြင်ရသည်နှင့် ရုတ်တရက် ထလာပြီး တစ်စုံတစ်ရာ တီးတိုးပြောဆိုလိုက်ပြီးမှ နှစ်ယောက်သား သစ်ပင်တစ်ပင်အောက်တွင် ထိုင်ချလိုက်ကြ၏။

"ဟိုဝတ္ထုကလေးတော့ မမြင့်ကြည်ပြောတဲ့အတိုင်းပဲ အားလုံး ပြင်ရေးလိုက်ပြီ၊ ဝတ္ထုနာမည်က အမြတ်၊ ရေးသူက ပေါ်လွင်တဲ့၊ ဘယ့်နှယ့်လဲ

သဘောကျပြီမဟုတ်လား မမြင့်ကြည်"

"အင်း... အင်း၊ ကျပါပြီတဲ့ရှင်၊ နောင်တော့သာ ကျေးဇူးမမေ့ပါစေနဲ့"

ဟု မမြင့်ကြည်က ပြုံးပြုံးကလေး ပြောလိုက်ပြီးမှ...

"ကဲ... အဲဒီဝတ္ထုကို ဘယ်တိုက်ပို့မယ် စိတ်ကူးသလဲ ကိုစိန်လွင်"

"ဟာ... ဘာစိတ်ကူးစရာ လိုသလဲ၊ ဦးရင်မောင်ကိုပဲ ပေးလိုက်တာပေါ့၊ ဒီပြင် စာအုပ်တိုက်နဲ့စာရင် ဦးရင်မောင်က ပိုပြီး အခွင့်အရေးပေးနိုင်စရာ လမ်းများတယ် မဟုတ်လား မမြင့်ကြည်ရဲ့"

"အင်း... ရှင်က ရောက်စမို့ အရည်မလည်သေးဘူး၊ ကျွန်မ တစ်ခုပြောထားမယ်၊ ကလောင်သစ်တွေကို အထင်အမြင်သေးတဲ့နေရာမှာ ဦးရင်မောင်လည်း ရှေ့တန်းက ပါတယ်ဆိုတာ ရှင် သေသေချာချာ နားလည်ထားလိုက်ပေတော့"

"ဒီလောက်ပဲလား မမြင့်ကြည်"

"ကျွန်မပြောတာ အချက်ပေါင်းများစွာထဲက တစ်ချက်လောက်ပဲရှိမယ်၊ ဦးရင်မောင်လား ဟင်း..."

မမြင့်ကြည်က မဲ့ကာရွဲ့ကာ ပြောလိုက်စဉ်မှာပင်...

"ဒါပေမဲ့ စာပေကိုတော့ သူ တော်တော် မြတ်နိုးတယ်မဟုတ်လား၊ ဟင်"

"ဒါက မဆန်းပါဘူးရှင်၊ ပုစွန်ခြောက်သည်ကလည်း သူ့ကုန်နဲ့ သူ့လုပ်ငန်းကိုတော့ သူ မြတ်နိုးတာပါပဲ၊ အရေးကြီးတာက စေတနာမဟုတ်လား၊ ရှင့်ဝတ္ထုတွေကို ပြန်ပေးတုန်းက ဘယ်နေရာ ဘာလိုသေးတယ်၊ ဇာတ်လမ်းက ဘာဖြစ်တယ်နဲ့ ဝေဖန်လိုက်သေးတယ် မဟုတ်လား"

"မမြင့်ကြည် ကြားတဲ့အတိုင်းပေါ့"

"အဲဒါ မဂ္ဂဇင်း အယ်ဒီတာတွေရဲ့ ရွှတ်နေကျ ဂါထာပဲ၊ ကလောင်ရှင်ကျေနပ်အောင်သာ ဒီအတိုင်း ဖြီးလွှတ်လေ့ရှိတယ်၊ ရှင့်ဝတ္ထုတောင် သူတို့ဖတ်မှ ဖတ်ရဲ့လားမသိဘူး"

ကိုစိန်လွင်၏ အတော်ကြီး စိတ်အိုက်သွားသလို ငိုင်နေပြီးမှ...

"ဒီအတိုင်းဆိုရင် ကျွန်တော် မျှော်လင့်တာနဲ့ တခြားစီ ဖြစ်နေပြီပေါ့ဗျာ... နော်"

"ရှင်က ဒီလို မဂ္ဂဇင်းတစ်စောင်မှာဝင်လုပ်ရင် ကလောင်သွေးဖို့ အခွင့်အရေးလည်း ရလိမ့်မယ်လို့ ယုံကြည်နေတယ် မဟုတ်လား၊ အင်း... ရှင့်ဝတ္ထုက နာမည်ကြီး ကလောင်ရှင်တွေလောက်နီးနီး ကောင်းနေရင်တောင် ကလောင်သစ်မို့ ရုတ်တရက် သုံးမှာမဟုတ်ဘူး"

မမြင့်ကြည်ကလည်း စကားကို ရုတ်တရက် နားလိုက်ကာ ကိုစိန်လွင်၏အရိပ်အကဲကိုကြည့်နေပြီးမှ...

"ဒါပေမဲ့လည်း စိတ်တော့ မပျက်ပါနဲ့ရှင်၊ တခြားတိုက်တစ်ခုခုကို ပို့လိုက်တာပေါ့"

မမြင့်ကြည် ဤသို့ ပြောလိုက်မှပင် ကိုစိန်လွင်ခမျာလည်း မျက်လွှာကလေးချ၍ ငုံ့ငိုင်နေရာမှ တဖြည်းဖြည်း မော့လာတော့၏။ မမြင့်ကြည်အားလည်း တစ်စုံတစ်ရာ ပြောလိုက်ချင်၏။ စကားသည်မူ တစ်လုံးမျှထွက်မလာ။

သို့သော် မမြင့်ကြည်အပေါ်၌ အားလည်းကိုး၊ ကျေးဇူးလည်းတင်လှသော အသွင်သည်ကား ကိုစိန်လွင့်မျက်နှာတွင် ပြတ်သားစွာပေါ်လွင်လျက်ရှိ၏။

ဤတွင် တစ်ကြိမ်၊ ကိုစိန်လွင်၏မျက်နှာသည် ဝိုးတိုးဝါးတားနှင့်မှိန်၍ပျောက်သွားပြီး ကော်ဖီချိုင့်ကြီး ပေါ်လာပြန်၏။ စောစောက ကော်ဖီအပြည့်နှင့် ချိုင့်ကြီးမှာ ယခုမူ အနည်သာကျန်တော့သည်ကို တွေ့ရ၏။

တစ်ဖန် ကျောက်ကာဗန်းကြီး ပေါ်လာပြန်၏။ စောစောက သပ်သပ်ရပ်ရပ် မှောက်ထားသော ပန်းကန်လုံးများမှာ ကော်ဖီအနည်များ ပေကျံလျက် ပိုးလိုးပက်လက် ဖရိုဖရဲဖြစ်နေသည်ကို တွေ့ရ၏။

ထိုအခန်း ပျောက်သွားသည်နှင့် အင်းလျားရှိ အငှားလှေဆိပ်ကလေးတွင် မမြင့်ကြည်တို့လူစု လှုပ်လှုပ်ရွရွ ဖြစ်နေသည့် ရှုခင်းကလေးပေါ်လာ၏။

"လာပါဗျ ကိုစိန်လွင်၊ မလိုက်ဘူးလား"ဟု ဖွတ်အစမ္ဘွ ခေါ်နေသူကိုဘထွေးအား...

"သွားကြပါဗျာ... ကျွန်တော် မစီးပါရစေနဲ့၊ ပစ္စည်းတွေပဲ စောင့်နေရစ်ပါ့မယ်"

ကိုစိန်လွင်က သို့ပြောရင်း ခေါင်းတခါခါနှင့် ငြင်းနေသည်ကို...

"အို... မဟုတ်တာ ကိုစိန်လွင်ကလည်း ပစ္စည်းတွေက အရေးမကြီးပါဘူး၊ လေ့ရှင်ကို အပ်ထားခဲ့လို့ရပါတယ်"

မမြင့်ကြည်ကလည်း မရမက ခေါ်ပြန်၏။

"ကျွန်တော် ရေကြောက်တယ် မမြင့်ကြည်၊ ပြီးတော့ ရေလည်း ကူးတတ်တာ မဟုတ်ဘူး"

ဤသို့ ကိုစိန်လွင်က ငြင်းလိုက်မှပင် အခေါ်ရပ်သွားကြတော့၏။

"လာလေဗျာ... ကိုတင်သိန်းကကော"

"မလုပ်နဲ့ ကိုဘတွေးရေ၊ ကျွန်တော်လည်း ဒီမိတ်ဆွေလို ရေတော့ကြောက်သဗျ"

သို့နှင့် လှေကလေးများလည်း ကမ်းစပ်မှ တဖြည်းဖြည်း ရွေ့သွား၏။ ကိုစိန်လွင်နှင့် ကိုတင်သိန်းတို့လည်း အရိပ်ကောင်းလှသော ကမူကလေးတွင် ထိုင်ရင်း ထိုထိုဤဤ စကားလက်ဆုံကျလျက်ရှိ၏။

* * *

ထိုအခန်း ရုတ်တရက် ပျောက်သွားပြီး ခမ်းနားထည်ဝါလှသော တိုက်ခန်းတစ်ခုသည် ရုတ်တရက် ပေါ်လာ၏။ သပ်ရပ်စွာ မွမ်းမံထားသော ဆိုဖာကြီးများတွင် အသီးသီးထိုင်၍ မျက်နှာချင်းဆိုင် စကားလက်ဆုံကျနေသူ အမျိုးသမီးကြီး နှစ်ဦးအနက် တစ်ယောက်သောသူသည် တဖိတ်ဖိတ်တောက်ပနေသော အိမ်ထောင် ပရိဘောဂများကို မျက်စိကျနေရာမှ...

"အင်း... ရှင်ဘုရင့်ပုဆိုး ပိုးချည်းဆိုတာလို အဆောင်အယောင်တွေကဖြင့် ပထမတန်းချည်းပဲနော်"

"မြင်တဲ့အတိုင်းပါပဲ မဖွားခင်၊ ကိုကိုက ဘာမဆို အကောင်းမှကြိုက်တဲ့ လူစားရှင့်၊ ပန်းအိုးတောင် သူ ကြိုက်မိပြီဆိုရင် လေးငါးရာစ်ဆယ်ပေး ဝယ်လိုက်တာပဲ"

နှစ်ဦးစလုံးပင် အသက်အားဖြင့် ၅၀ ထက် ငယ်ပုံမရတော့သည်ကို တွေ့ရ၏။

"အင်း... ကိုယ့်အစ်ကို တစ်ယောက်လုံးက ဒီလောက် ချမ်းသာနေရဲ့ သားနဲ့ မညွန့်တို့က ဘာဖြစ်လို့ မိတ္ထီလာမှာလာပြီး ဒုက္ခခံနေတယ်ဆိုတာ

ကျွန်မဖြင့် စဉ်းတောင် မစဉ်းစားတတ်ဘူး"

"ဩော်… ကျွန်မကလည်း အိမ်ထောင်နဲ့မဟုတ်လား၊ ကိုယ့်လင်ယောကျ်ား အလုပ်ပြောင်းရာကို လိုက်နေရတာပေါ့၊ ကိုကိုက ဒါကိုပဲ ဒေါပွလို့မဆုံးနိုင်ဘူး၊ ကိုကို့ဆန္ဒက ကိုမြတ်မင်းကို အလုပ်ကထွက်ပြီး သူနဲ့ စီးပွားရေး လုပ်စေချင်တယ်၊ ကိုမြတ်မင်းကလည်း ဒါတွေ ဝါသနာမပါ၊ သူ့အစိုးရအလုပ်ကိုပဲ အေးအေးလုပ်ချင်နေတော့ အဆေးမကပ်ဘူးပေါ့ရှင်"

ဒေါ်ညွန့်ဆိုသူက သို့ပြောနေစဉ် ကော်ဖီဇွန်းနှင့်အတူ သူငယ်မကလေးတစ်ယောက် ထွက်လာသောကြောင့် စကားပြတ်သွားပြီးမှ ဆက်ပြောတော့မည်ပြုစဉ်…

ခေတ်အဆန်ဆုံးနှင့် အဖိုးအတန်ဆုံးသော အဝတ်အစားများကိုဝတ်ဆင်လျက် သွက်သွက်ကလေး ဆင်းလာသော မိန်းမပျိုကလေးတစ်ဦး၏ခြေသံကြောင့် နှစ်ယောက်စလုံး ခေါင်းလှည့်သွားကြ၏။

ထိုမိန်းမပျိုကလေး အနီးသို့ရောက်လာသည်နှင့် ဒေါ်ညွန့်က…

"ဒီမှာ မူမူ ဟောဒါ ဒေါ်ဒေါ် မိတ်ဆွေလေ၊ မိတ္ထီလာမှာတုန်းက ဒေါ်ဒေါ်တို့နဲ့ဆို သိပ်ခင်ကြတာပေါ့"

"ဒေါ်ဒေါ် ခဏခဏ ပြောနေတဲ့ ငွေတိုက်ဝန်ထောက်ကတော်ဆိုတာ ထင်ပါရဲ့"

မူမူဆိုသူလည်း ခပ်ယို့ယို့ ဝင်ထိုင်ရင်းက မေးလိုက်သောကြောင့်…

"အေးပေါ့၊ ကြည့်စမ်း… ငါ့တူမက သေသေချာချာ မှတ်မိနေလိုက်တာ"

"ဟုတ်တယ် မဖွားခင်၊ စကားစပ်မိတိုင်း ကျွန်မက ပြောပြောပြနေမိသကိုး"ဟု ဒေါ်ညွန့်က တစ်ဆက်တည်း ပြောလိုက်သဖြင့်…

"အင်း…အင်း မညွန့်တူမကလည်း တစ်သွေးတစ်မွေးပဲနော်၊ ကုသိုလ်ထူးရှာတယ်၊ အဆင်းရော၊ အချင်းရော၊ ဥစ္စာပစ္စည်းရော ဘာမှ လိုလေသေးမရှိဘူး"

အဘယ်ကြောင့်ဟူ၍မသိ၊ ဒေါ်ဖွားခင်၏ စကားအဆုံးတွင် ဒေါ်ညွန့်ခမျာ မျက်နှာထားညိုသွားရာမှ…

"ဒါပေမဲ့လည်း မဖွားခင်ရယ်၊ အမိရော၊ အဖရော မရှိရှာတော့တဲ့

တစ်ကောင်ကြွက်ကလေးမို့ ကျွန်မဖြင့် တွေးမိတိုင်း စိတ်မချမ်းသာဘူး"

မူမူ့တွင်လည်း မျက်နှာကလေး ငယ်သွားရာ၏။

"ဒါကတော့ မညွန့်ရယ်၊ အကြောင်းက ဖန်လာပြီကိုး၊ အဒေါ်အရင်း ခေါက်ခေါက်အဖြစ်နဲ့ မညွန့်တစ်ယောက်လုံး ရှိသေးတာပဲရှင်"

"အင်း... ဒါကြောင့်လည်း ဒီတူမကို ဖိဖိစီးစီးကလေး စောင့်ရှောက်နိုင်အောင် ကိုမြတ်မင်းကို ဇွတ်အတင်း အလုပ်ထွက်ခိုင်းပြီး လာနေရတာပေါ့ မဖွားခင်"

ဒေါ်ညွန့်လည်း ဒေါ်ဖွားခင်အား ပြောနေရာမှ မူမူဘက် လှည့်လိုက်ပြီး...

"ကဲ... မူမူ၊ အချိန်နီးနေပြီထင်တယ်၊ သွားတော့လေ"

"ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒါနဲ့ ဒီက ဒေါ်ဒေါ်ကော ကျွန်မတို့ဆီပဲ တည်းပေါ့၊ အားနာစရာမရှိပါဘူး"ဟု မူမူက ဒေါ်ဖွားခင်ကိုပါ တစ်ဆက်တည်းပြောလိုက်သည်၌...

"ကိစ္စမရှိပါဘူး တူမရယ်၊ ဒေါ်ဒေါ်က မနက်ရထားနဲ့ ပြန်တော့မှာပါ"

"ဒါဖြင့် ကျွန်မကို ခွင့်ပြုပါဦးနော်၊ ကျောင်းက သူငယ်ချင်းတွေနဲ့ ရုပ်ရှင်ကြည့်ဖို့"

"အေးပေါ့ကွယ်၊ သွား... သွား၊ အချိန်နောက်ကျနေပါ့မယ်"

အဒေါ်ကြီးနှစ်ယောက်လည်း မူမူ လှမ်းထွက်သွားရာသို့ ငေးကြည့်ရင်း ခေါင်းတညိတ်ညိတ်နှင့်ရှိနေစဉ်မှာပင် ထိုအခန်းသည် ရုတ်တရက် ပျောက်သွားပြီး...

ကိုစိန်လွင်နှင့် ကိုတင်သိန်းတို့နှစ်ယောက် ရယ်ကာမောကာနှင့် လေပေးဖြောင့်နေသည့်အခန်း ပေါ်လာ၏။ သို့ စကားဖောင်နေကြရာမှ ကိုစိန်လွင်သည်လည်းကောင်း၊ ကိုတင်သိန်းသည်လည်းကောင်း အပျော်ကြီးပျော်၍ လှော်ခတ်လူးလာနေသော ခပ်လှမ်းလှမ်းရှိ မမြင့်ကြည်တို့ လှေကလေးများဆီသို့ မကြာမကြာ မျှော်ကြည့်မိကြ၏။

အတော်ကလေး အလှမ်းဝေးနေသည်နှင့်အမျှ မည်သူမည်ဝါဟူ၍ ခွဲခြားမသိရဘဲ လှေနှင့်လူ၊ လူနှင့်လှေတည်းဟူသော သဏ္ဌာန်လောက်သာ မြင်ရ၏။

"ပြန်လှည့်လာကြပြီ ကိုစိန်လွင်၊ အင်း... မိန်းမတွေဟာ တော်တော်ခက်တယ်ဗျာ၊ ဘယ်နေရာမဆို သူတို့ပါချင်တာပဲ၊ လှေကလည်း ထုထည်ကောင်းကောင်းနဲ့ စိတ်ချရတာမဟုတ်ဘူးဗျ၊ သူတို့မို့ စီးချင်ကြတယ်၊ မတော်တဆ ရေလယ်မှာ တစ်ခုခုဖြစ်စမ်း၊ ဘယ်သူ ဘာတတ်နိုင်မလဲဗျာ...ဟင်"

သတင်းထောက် ကိုတင်သိန်းက အထောက်အထား ခိုင်ခိုင်နှင့် ခပ်ပိုင်ပိုင် ဝေဖန်လိုက်၏။

"အေးဗျာ... ကျွန်တော်လည်း စောစောက တားဦးမလို့ပဲ၊ ခုမှသိရတဲ့လူတွေက အများစုဖြစ်နေတော့ ကြိုက်မှန်းမသိ မကြိုက်မှန်းမသိဆိုပြီး ငြိမ်နေလိုက်ရတယ်"

ဤတွင် စကားပြတ်သွားပြီး နှစ်ယောက်စလုံးပင် တရွေ့ရွေ့ လာနေကြသော လှေများဆီသို့ ငေးကြည့်နေကြ၏။

"တွေ့လားဗျ၊ လှေတစ်စင်းနဲ့တစ်စင်း သူရောက်၊ ငါရောက် ပြိုင်ပြီး လှော်လာကြတယ်"

ကိုတင်သိန်းသည် လက်ညှိုးတညွှန်ညွှန်နှင့် ပြောနေရာမှ ဘာရည်ရွယ်ချက်နှင့်မသိ၊ အသင့်လွယ်ထားသော ဓာတ်ပုံကင်မရာကလေးဖြုတ်၍ ထိုလှေကလေးဆီသို့ ချိန်ရွယ်နေသည်ကို တွေ့ရ၏။

ကိုဘထွေးတို့လူစုလည်း နှစ်ယောက်တစ်တွဲစီ စီး၍ ကမ်းစပ်သို့ အပြိုင်အဆိုင်လှော်ခတ်လာကြရာမှ ကမ်းစပ်သို့ရောက်ရန် ပေ ၇၀ လောက်အလိုတွင် မမြင့်ကြည်နှင့် မိန်းမပျိုတစ်ဦးတို့လှော်လာသော လှေကလေးသည် ရုတ်တရက် တိမ်းစောင်း၍ မှောက်သွားသောကြောင့် ကိုတင်သိန်းတွင် 'ဟာ' ခနဲ ဖြစ်သွား၏။

ကိုစိန်လွင်မှာလည်း ပါးစပ်အဟောင်းသားနှင့် မျက်လုံးပိုင်းသွားရာမှ ချက်ချင်းပင် ရေထဲသို့ ခုန်ဆင်းသွားသည်ကို တွေ့လိုက်ရ၏။

နောက် ကိုတင်သိန်း၏ စိုးရိမ်မကင်းလှသော မျက်နှာထားသည် ချွေးတစို့စို့နှင့် ပေါ်လာ၏။ ကိုဘထွေးတို့လူသိုက်ထဲမှ စူးစူးဝါးဝါး အကူအညီခေါ်လိုက်သော အသံများကြောင့်လည်း တဲတစ်လုံးအတွင်းမှ လှေရှင်နှင့်တကွသော ယောကျ်ားမိန်းမပျိုအချို့ ပြေးထွက်လာကြ၏။

တစ်ဖန် လှေမှောက်ရာဆီသို့ မျှော်ကြည့်နေသော ကိုတင်သိန်း၏

မျက်နှာသည် ပေါ်လာပြန်၏။ ဘယ်ယိမ်း ညာယိုင်ဖြင့် စိတ်မသက်မသာဖြစ်နေသော ကိုတင်သိန်း၏မျက်နှာမှာ မကြာမီ သက်ပြင်းချခြင်းနှင့်အတူ မသိမသာ ကြည်လင်သွားပြီး...

လွယ်ထားသောကင်မရာနှင့်ပင် အသင့်ချိန်၍ သုံးလေးပုံမျှ တချောက်ချောက် ရိုက်နေသည်ကို တွေ့ရ၏။

မရှေးမနှောင်းမှာပင် ထိုအခန်းပျောက်သွားပြီး ကိုစိန်လွင်က မမြင့်ကြည်ကိုလည်းကောင်း၊ လေ့ရှင်လူကြီးက မိန်းမရွယ်တစ်ဦးကိုလည်းကောင်း ပခုံးပေါ်တွင် အသီးသီးထမ်းလျက် ရေဒူးလောက်ဆီမှ ဖြည်းဖြည်းချင်း တက်လာသည်ကို တွေ့ရ၏။

မကြာမီ ကိုဘတွေးတို့ လူစုအလယ်တွင် သတိလစ်နေကြသေးသော ရေနစ်သူနှစ်ဦးကိုတွေ့ရပြီး အနီးတွင် ဒူးတစ်ဖက်ထောက်၍ ထိုင်နေသူ လေ့ရှင်လူကြီးက...

"စိုးရိမ်စရာ မရှိပါဘူးကွယ်၊ တော်ကြာ သတိရလာမှာပါ"ဟု ပြောပြောဆိုဆို သူ ဆယ်တင်လာသော မိန်းမရွယ်အား အသာအယာဆွဲ၍ မှောက်လိုက်၏။ လက်တစ်ဖက်ကိုအထက်သို့ကွေး၍ မိန်းမရွယ်၏ နဖူးထင်အောက်တွင် ခုပေးလိုက်၏။ နောက် ဘေးတွင်ပင် ဒူးထောက်ထိုင်၍ မိန်းမရွယ်၏ ခါးနှစ်ဖက်ကိုကိုင်လျက် အနည်းငယ် မ,ပေးလိုက်၊ ရှေ့သို့ တွန်းလိုက်ဖြင့် ရေနစ်သူများကို ပြုစုသည့်အတိုင်း အစဉ်လိုက် ကုသပေးနေ၏။

တစ်ချိန်တည်းမှာပင် ကိုစိန်လွင်လည်း မမြင့်ကြည်အား ထိုနည်းအတိုင်းပြုစုနေသည်ကို တွေ့ရသောကြောင့် အားလုံးပင် အံ့အားသင့်နေကြ၏။

မကြာမီ မမြင့်ကြည်က ဦးစွာ သတိရလာ၏။ နောက် မသိမသာ စောင်းလှန်လိုက်ပြီး မျက်လွှာကလေး အသာဖွင့်ကြည့်နေပြီးမှ ကိုစိန်လွင်၏ ခါးကို လှမ်းဖက်လိုက်၏။

ဤတွင် အံ့အားသင့်နေသူတစ်စုလည်း သိသိသာသာကလေး ပြုံးသွားကြ၏။ မရှေးမနှောင်းမှာပင် အခြားမိန်းမရွယ်လည်း သတိရလာ၏။

"ကိုင်း... သူတို့နှစ်ယောက်ကို ဘကြီးတို့တဲထဲ ခေါ်ခဲ့ပါလား၊ အဝတ်အစားတွေ ဘာတွေ နေလှန်းပြီးမှ... ဩော်... ခုနေ ကော်ဖီပူပူကလေး

တိုက်လိုက်ရရင် ကောင်းမယ်၊ အဲဒါလည်း စီစဉ်ကြဦးကွဲ့"

လေ့ရှင်လူကြီး၏ စကားအဆုံးတွင် အခြား မိန်းမရွယ်နှစ်ဦးက မမြင့်ကြည်တို့အား တွဲခေါ်သွား၍ တဲ၀အရောက်တွင် ထိုအခန်းလည်း ပျောက်သွားတော့၏။

***

ဂျစ်ကားကလေးတစ်စီးသည် ဗဟန်း ၃ လမ်းရှိ မမြင့်ကြည်တို့အိမ်ရှေ့ ရုတ်တရက်ဆိုက်လာ၏။ ကားပေါ်မှ မမြင့်ကြည်နှင့် ကိုစိန်လွင်တို့ဆင်းလာပြီး နှစ်ယောက်စလုံး အိမ်ပေါ်သို့ တက်သွား၏။

"ဒီသတင်းကတော့ အတော်ပိုင်တဲ့သတင်းဗျ၊ ဓာတ်ပုံပါ ကောင်းကောင်းရထားတယ်ဆိုတော့ သတင်းစာထဲ ထည့်လိုက်ရရင် ကျွန်တော်ရေ့သတင်းစာတိုက်ပါ အတော် နာမည်ကြီးသွားမှာပဲ"

ဂျစ်ကားပေါ်တွင် ကျန်ရစ်ခဲ့သော ကိုတင်သိန်းက သူ့အဖော်အားပြောလိုက်သည်ကို...

"မလုပ်ပါနဲ့ဗျာ၊ စိတ်ဝင်စားစရာ ကောင်းတာကလေးတစ်ခုကလွဲလို့တိုင်းပြည်အတွက်တော့ သိပ်အကျိုးရှိစရာ မမြင်ပါဘူး၊ နောက်ပြီး ကာယကံရှင်တွေလည်း ငဲ့ညှာဖို့ကောင်းပါတယ်"ဟု အဖော်ဖြစ်သူက ဝေဖန်လိုက်၏။

"ဒါကို ကျွန်တော်လည်း ထည့်ပြီး စဉ်းစားပါတယ်ဗျ"

သို့ပြောနေခိုက် ကိုစိန်လွင် ရောက်လာပြီး ကားပေါ်တက်ထိုင်လိုက်ရင်း...

"မမြင့်ကြည်လည်း တော်တော် စိတ်ထိခိုက်သွားပုံရတယ်၊ နက်ဖြန်ကစပြီး ခွင့်သုံးရက် တောင်းပေးပါတဲ့၊ ခွင့်တိုင်စာလည်း ပေးလိုက်တယ်"

ထိုစကားမဆုံးမီ ကိုတင်သိန်းက စက်နှိုးလိုက်၏။

"နောက်ပြီး ဒီလိုဖြစ်တာကို သတင်းစာထဲ မထည့်လိုက်ပါနဲ့လို့ ကိုတင်သိန်းကို တောင်းပန်လိုက်တယ်လို့လည်း ပြောပြပါတဲ့"

"ခုပဲ ဒီမှာ ပြောနေကြပါသေးတယ် ကိုစိန်လွင်၊ ဓာတ်ပုံနဲ့တကွပြည့်ပြည့်စုံစုံ ရထားတဲ့သတင်းမို့ ကျွန်တော်တို့အဖို့ အကျိုးများစရာရှိပေမဲ့ ခင်ဗျားတို့ကိုတော့ အနည်းနဲ့အများ ထိခိုက်မှာပဲ၊ ဒါကြောင့် မထည့်တော့

ပါဘူးဗျာ၊ စိတ်ချပါ"

ထိုစကားနှင့်အတူ ကိုတင်သိန်းသည် မော်တော်ကားထွက်တော့မည် ကဲ့သို့ ဂီယာသွင်းလိုက်ပြီးမှ...

"ဟဲ... ဟဲ၊ ဒါပေမဲ့ မမြင့်ကြည်ကိုထမ်းပြီး တက်လာတဲ့ခတ်ပုံက ခင်ဗျားအဖို့တော့ အကျိုးရှိမှာပါဗျာ" ဟု ပြောရင်း မော်တော်ကားအရှိန်နှင့် မောင်းထွက်လိုက်သောကြောင့် ကိုစိန်လွင်မှာ ရှက်ပြုံးကြီးနှင့် ပါသွားရှာတော့၏။

* * *

ထိုအခန်း ပျောက်သွားပြီးနောက် ပျော်တော်ဆက် မဂ္ဂဇင်းတိုက်ခန်း ပေါ်လာ၏။

ကိုစိန်လွင်လည်း စားပွဲတွင်ထိုင်၍ စာပြင်နေရာမှ ခပ်လှမ်းလှမ်းရှိ စားပွဲကို စောင်းကြည့်လိုက်၏။ ထိုစားပွဲမှာ မမြင့်ကြည်၏စားပွဲဖြစ်လျက် မမြင့်ကြည်မှာမူ ထိုနေရာတွင်မရှိ၊ သို့နှင့် ကိုစိန်လွင် တွေအသွားတွင် ဦးရင်မောင် ဝင်လာသောကြောင့် စာတစ်စောင် ထပေးလိုက်၏။

ဦးရင်မောင်လည်း စာကိုဖောက်၍ ဖတ်ကြည့်ပြီးမှ မမြင့်ကြည်၏စားပွဲကို တစ်ချက်ငဲ့၍ မျက်လုံးကစားလိုက်ပြီး...

"တယ်ခက်တာပဲ၊ ခုလို မဂ္ဂဇင်းထွက်ခါနီးအချိန်မှာ ဘယ်လောက် အလုပ်များတယ်ဆိုတာ သူလည်း အသိသားနဲ့"ဟု ညည်းညည်းညူညူ ရေရွတ်လိုက်၏။

"ကိုစိန်လွင် သူ့ဆီ ရောက်ခဲ့သလား"

"ဟုတ်ကဲ့၊ မနေ့က တနင်္ဂနွေနေ့မို့ သွားလည်ရင်း ဒီစာပေးလိုက်တာပဲ"

"ဘာဖြစ်တာတဲ့လဲ၊ ဖျားနေသလား"

"နေလို့ထိုင်လို့ သိပ်မကောင်းဘူးလို့တော့ ပြောပါတယ်"

ဦးရင်မောင်လည်း စိတ်ပျက်သွားသလို ခေါင်းခါနေရင်းမှာပင် ထို အခန်း ပျောက်သွား၏။

* * *

မမြင့်ကြည်တို့ အိမ်ဧည့်ခန်းတွင်...

ရောဂါအနေဖြင့် ဘာမျှရှိဟန်မတူသော်လည်း မနေ့က ကြုံခဲ့ရသော ကိစ္စကြောင့် ထိတ်လန့်နေသေးပုံပေါ်နေသော မမြင့်ကြည်သည် ပက်လက် ကုလားထိုင်တွင် ကျောမှီ၍ ထိုင်နေ၏။

ကိုစိန်လွင်ကမူ မမြင့်ကြည်၏ဘေးတွင် ကုလားထိုင်တစ်လုံးနှင့်ထိုင် နေရာမှ...

"မမြင့်ကြည် နေလို့တော့ကောင်းတယ်နော်"

"ကောင်းပါတယ် ကိုစိန်လွင်၊ ရင်နည်းနည်းတုန်နေတာ တစ်ခုပါပဲ၊ ဒါနဲ့ ဦးရင်မောင် ဘာပြောသေးလဲဟင်"

"မပြောပါဘူး၊ စာကိုဖတ်ကြည့်ပြီး သိမ်းထားလိုက်တယ်"

ကိုစိန်လွင်က မမြင့်ကြည် စိတ်ညစ်သွားမည်စိုး၍လောမသိ၊ ဖုံးဖုံးဖိဖိ ကွယ်ပြောလိုက်၏။

"အင်း... မမြင့်ကြည်တို့ လေ့စီးကြမယ်လုပ်တုန်းက ကျွန်တော် တား ဦးမလို့ပဲ၊ ပိုင်စိုးပိုင်နင်းပြောရာ ကျနေမလားဆိုပြီး"

"ပြောပဲ ပြောလိုက်ပါတော့ရှင်၊ ကျွန်မဖြင့် သိပ်ကြောက်သွားတယ်"

မမြင့်ကြည်လည်း မှီထားရာမှ ကိုယ်ကိုထူလိုက်ပြီး...

"ဘာလဲ၊ ရှင်က ကျွန်မကိုမပိုင်လို့ မဆိုင်တဲ့အနေမျိုး သဘောထား သပေါ့၊ ဟုတ်လား"

မမြင့်ကြည်က မကျေနပ်သလို မျက်နှာထားကလေးဖြင့် မေးလိုက် သည်ကို...

"ဒီလို မဟုတ်ရပါဘူးဗျာ၊ သူစိမ်းတွေကလည်း ပါနေသေးတယ် မဟုတ်လား မမြင့်ကြည်ရဲ့"

ယခုမှပင် ကြည်ကြည်လင်လင်ကလေး ပြုံးဖော်ရလာပြီး...

"ဒါပဲနော်၊ နောက်နောင်ကိုတော့ မဆိုင်သလိုသဘောမျိုး ဥပေက္ခာ မထားပါနဲ့၊ ကျွန်မက လူတစ်ယောက်ကိုခင်မိရင် ဖိဖိစီးစီး ကူညီတတ်တယ်၊ ပိုင်စိုးပိုင်နင်း ပြောချင်ပြောချလိုက်တာပဲ၊ ကျွန်မကိုလည်း ဒီအတိုင်းဆက်ဆံမှ ကြိုက်တယ်"

"ကောင်းပါပြီဗျာ... ကောင်းပါပြီ"

"ကြည့်ပါလား၊ သူက လှောင်သလိုလိုနဲ့"ဟု နွဲ့နွဲ့ကလေး ပြောလိုက်ပြီးမှ...

"ဪ... ဒါနဲ့ ရှင် သိပ်ညာတဲ့လူပဲ၊ ဟင်... လေ့စီးရအောင်ခေါ်တုန်းကတော့ ရေမကူးတတ်ဘူး၊ ကြောက်သလေး... ဘာလေးနဲ့"

"ဒါကတော့ တမင်ကိုပဲ မစီးချင်လို့ ပြောလိုက်တာပါ"

"မညာပါနဲ့ရှင် ကျွန်မ သိပါတယ်၊ တကယ်လို့ ကိုစိန်လွင်လိုက်မယ်ဆိုရင် ဟို... မကျင်မြရဲ့လှေပေါ် တက်ရမှာမို့ မဟုတ်လား"ဟု မမြင့်ကြည်က ခနဲ့သလို အမူအရာကလေးဖြင့် ပြောလိုက်သောကြောင့် ကိုစိန်လွင်တွင် မသိမသာ ပြုံးသွား၏။ မမြင့်ကြည်အားလည်း ရိုးသားမှု လျော့ပါးသွားသော အကြည့်မျိုးဖြင့် ငေးစိုက်နေပြီးမှ...

"အင်း... ဒါလည်း ဖြစ်နိုင်တဲ့ ယူဆချက်ပေါ့၊ မကျင်မြ ဆိုတာကလည်း ဒီနေ့မှစပြီး သိရတာဆိုတော့..."

"ဒါဖြင့် ကျွန်မလှေမှာ လူတစ်ယောက်လိုနေမယ်ဆိုရင်တော့ ကိုစိန်လွင် လိုက်မယ်ဆိုလိုတယ်လား"

ကိုစိန်လွင်လည်း ရွှင်လှသောမျက်နှာပေးဖြင့် ခေါင်းကလေး ညိတ်ပြလိုက်ရာမှ...

"မမြင့်ကြည်နဲ့ကတော့ ရင်းနှီးပြီးသားမဟုတ်လား၊ ပြီးတော့ ခုလိုလှေအပျော်စီးတယ်ဆိုတာက ငုတ်တုတ်ကြီးထိုင်လိုက်နေကြလို့ ဘယ်မှာ ဖိမ်ရှိတော့မလဲ မမြင့်ကြည်"

ရုတ်တရက် မမြင့်ကြည် မျက်လုံးကလေး ကျယ်သွားရာမှ...

"အလိုလေး... လေး၊ ငုတ်တုတ်ထိုင်မလိုက်လို့"

"အို... အထိတ်တလန့် နိုင်လိုက်တာဗျာ၊ ကျွန်တော် ပြောတာက ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီးနဲ့ ပျော်စရာ၊ ရွှင်စရာ စကားကလေးတွေပြောရင်း စီးကြမှ အရသာရှိတော့မပေါ့လို့၊ ဒါကို ဆိုလိုရင်းပါခင်ဗျာ၊ တကတဲမှပဲ"

"အင်း... တော်ပါသေးရဲ့"

မမြင့်ကြည်က မျက်စောင်းကလေးချိကာ ကနွဲ့ကလျကလေး ပြောလိုက်ရာမှ ဆက်လက်၍...

"ဒါနဲ့ ကိုစိန်လွင်က ရေကူးတော်တော် ကျင်လည်တယ်နော်"

"ဆိုပါတော့ မမြင့်ကြည်၊ ဒါပေမဲ့ ရေရှင်ဖြစ်တဲ့ မြစ်တို့ ချောင်းတို့မှာ ပိုပြီး ကျွမ်းကျင်တယ်၊ အင်းလျားလိုကန်မျိုးက ရေသေမဟုတ်လား၊ ကူးရတာ ပင်ပန်းရုံတင်မဟုတ်ဘူး၊ ကြောက်လည်း ကြောက်ဖို့ကောင်းတယ်"

"ရေမှာတောင် အရှင်ရယ်၊ အသေရယ်လို့ ရှိသေးသကိုး နော်"

"ဒီလိုလေဗျ၊ ချောင်းတို့ မြစ်တို့ဆိုတာက ရေအမြဲ စီးနေတယ်မဟုတ်လား၊ လူတစ်ယောက်နစ်သွားလို့ ဆင်းဆယ်ရဦးတော့၊ ရေစီးနဲ့မျှောလိုက်သွားရင်း ကမ်းဘက်ကို မသိမသာကလေး ကူးယူလို့ရတယ်၊ သိပ်မပင်ပန်းဘူး၊ ရေသေက ဘယ်ကိုမှမစီးတော့ လူတွေဘာတွေနစ်လို့ ကယ်ရတာ သိပ်မလွယ်ဘူး၊ တစ်ယောက်တည်း ကူးရတာတောင် အင်မတန် ပင်ပန်းတယ် မမြင့်ကြည်ရဲ့"

"အင်း... ဟုတ်မှာပဲ၊ ရေနစ်သူလည်း ပြန်နစ်မသွားအောင် ထိန်းရ၊ ကူးလည်း ကူးရဆိုတော့"

"ဒါတင် ဘယ်ကမလဲဗျာ၊ ယောကျ်ားချင်းနစ်လို့ ဆယ်ရတာက တော်သေးသပေါ့၊ မိန်းမပျိုတစ်ယောက်ယောက်နစ်လို့ ဆယ်ရတဲ့အခါများ တော်တော်ခက်တယ် မမြင့်ကြည်၊ ချိုင်းအောက်လက်လျှိုပြီး"

"အို..."

ထိုအသံနှင့်အတူ မမြင့်ကြည်လည်း လက်ကလေးနှစ်ဖက်ကို ကြက်ခြေခတ်ယှက်ရင်း ငုံ့သွား၏။ ကိုစိန်လွင်ခမျာ၌လည်း ဤတွင်မှ သတိရတော့သလို အားတုံ့အားနာ ဖြစ်သွားသော အမူအရာဖြင့်...

"ဟာ... မမြင့်ကြည်၊ ကျွန်... ကျွန်တော် စကားမှားသွားတယ်ဗျာ၊ စိတ်မရှိနဲ့နော်၊ မနေ့က မမြင့်ကြည် ရေနစ်လို့ ဆယ်ခဲ့ရတာတွေ လုံးလုံးမေ့ပြီး"

"ဟုတ်ကဲ့၊ စိတ်တော့ မဆိုးပါဘူး၊ ရှက်တရက်ဆိုတော့"

"အင်းပေါ့ဗျာ... ရှက်သွားပေမှာပေါ့၊ ကျွန်တော်ကိုကလည်း အပြောလောကြီးသွားတယ်"

မမြင့်ကြည်လည်း ဣန္ဒြေရရ နားစွင့်နေပြီး ကိုစိန်လွင် စကားဆုံးသည်နှင့် မျက်နှာထားပြင်ကာ ကြည်ကြည်လင်လင်ကလေး ပြုံးလိုက်ပြီး...

"လူ့စိတ်ဟာ သိပ်ဆန်းတယ်နော်၊ သွေးပူနေတဲ့အချိန် အသက်ဘေး

က သီသီကလေးလွတ်ရတဲ့ အချိန်မျိုးမှာ ရှက်တာတို့၊ ဘာတို့ဆိုတာ လုံးလုံး သတိမရကြဘူး"

"ဒါ ဓမ္မတာပေါ့ဗျာ"

"အင်းလေ... မနေ့က ဖြစ်ပုံကြည့်ပါလား၊ ရှင် ကျွန်မကို ရေထဲက ဆယ်လာတာတော့ မသိဘူး၊ ဒါပေမဲ့ သတိရလာတော့ ကိုစိန်လွင်ကိုယ်တိုင် ကျွန်မခါးကိုကိုင်ပြီး ပြုစုနေတာကို ကျွန်မ သတိထားမိတယ်။ အဲဒီအချိန်မှာ ကျွန်မ မတုန်လှုပ်ခဲ့ဘူး၊ ခုလို သွေးအေးနေတုန်းကျမှ ခုန ကိုစိန်လွင် ပြောတာကို ဘာကြောင့် ရှက်သွားသလဲ မသိဘူး"

စောစောက မှားမိသောစကားကြောင့် အားတုံ့အားနာဖြစ်နေသော ကိုစိန်လွင့် မျက်နှာသည် ယခုသော် ထူးခြားသောအသွင်သို့ ပြောင်းလာ၏။

"နောက်ပြီး အဲသလို မမြင့်ကြည် သတိရလာတော့ ကျွန်တော့်ကို ဘာလုပ်တယ်ဆိုတာကော မှတ်မိသလား"

"ကြည့်လေ... သူ... ဟင်း... မျက်နှာသာပေးလို့ ကဲကဲလာတယ်၊ သူ စိတ်ညစ်သွားမှာစိုးလို့ ဒီက စကားပြေပြောနေတာကို"

စိတ်ဆိုးသော လက္ခဏာမျိုးမပါ။ နှုတ်ခမ်းကလေး တစူစူနှင့်သာ သို့လျှင် ပြောလိုက်ပြီးမှ...

"သတိရတယ်၊ မှတ်မိတယ်၊ ကျွန်မ ရှင့်ကို ယောင်ယမ်းပြီး ထွေးဖက်မိတယ်၊ အဲဒါ ဘာဖြစ်သလဲ၊ ချစ်လို့များ ထင်နေသလား၊ ဟင်း"

ဤတွင်လည်း ဒေါသသံမပါ၊ ရေအလာ မြောင်းချဲ့သလို အနွဲ့အမဲ့ ကလေးများဖြင့် ပြောလိုက်၏။

ကိုစိန်လွင့်မျက်နှာတွင်လည်း မူထားမမှန်၊ နဝိုဟန် မဟုတ်တော့ဘဲ တုန်တုန်လှုပ်လှုပ်နှင့်ပင် ရတ်တရက်ဆိုသလို မမြင့်ကြည်၏လက်ကလေး တစ်ဖက်ကို သွက်သွက်ကလေး ဆုပ်ကိုင်လိုက်၏။

"စိတ်ဆိုးချင်လည်း ဆိုးတော့ မမြင့်ကြည်၊ ကျွန်တော်တော့ မမြင့်ကြည်ကို ချစ်နေပြီ၊ ညကဆို တစ်ညလုံး အိပ်မပျော်ဘူး"

မမြင့်ကြည်မှာ ရှက်ရွံ့သော အမူအရာကလေးဖြင့် ပျာပျာသလဲ ခေါင်းငုံ့လိုက်၏။ အယိတ်တလန့်ကြီးကားမဟုတ်။ လက်ကလေးတစ်ဖက် ကလည်း ကိုစိန်လွင်၏ လက်ကောက်ဝတ်ကိုကိုင်၍ တွန်းဖယ်ရင်း ရုန်း

လျက်ရှိ၏။ သို့သော် အားစိုက်ခွန်စိုက်ကားမဟုတ်။

"တကယ်ပါ မမြင့်ကြည်၊ မနေ့က ကြုံလိုက်ရတဲ့အဖြစ်ဟာ အိုလေ... ဒါက ခုလို စိတ်မထိန်းနိုင်အောင် ဖန်တီးပေးလိုက်တဲ့ လှုံ့ဆော်မှုကလေးပါ၊ အမှန်ကတော့ မမြင့်ကြည်ကို ကျွန်တော် ချစ်နေတာ ကြာပါပြီ၊ ချစ်လည်းချစ်၊ အားလည်းကိုးဆိုသလို မမြင့်ကြည်ရဲ့အသိအမြင်ကလေးတွေနဲ့ ကျွန်တော့် ဝါသနာနဲ့ပေါင်းပြီး ကလောင်သွေးလိုက်ရရင်..."

စကားမဆုံးသေးမီ နှစ်ယောက်စလုံး ဣန္ဒြေရရ ဖြစ်သွားကြပြီး ဟန်မပျက်သော အမူအရာဖြင့် ဖွင့်ထားသော တံခါးတစ်ချပ်ဆီသို့ အသီးသီး လှမ်းကြည့်လိုက်၏။ မကြာမီ...

"ဟဲ့... ကြည်ကြည်၊ ဒီတံခါးတစ်ဖက်ကလည်း ဖွင့်ထားလိုက်ပါတော့တဲ့လား၊ နေလည်း ကျသွားပါပြီကွဲ့"

သို့ပြောရင်း မမြင့်ကြည်၏ဒေါ်ဒေါ်သည် ကိုစိန်လွင်တို့ထိုင်နေရာ လက်ရှိ ပိတ်ထားသော တံခါးတစ်ရွက်ကို အသာဆွဲ၍ဖွင့်လိုက်ပြီးမှ နောက်ဖေးခန်းသို့ လှမ်းဝင်သွား၏။

ယခုဖြစ်ပေါ်နေသော ကိုစိန်လွင်၏အမူအရာမှာ အသနားခံသလို အသွင်မှအပ အခြား ဘာပြောရမည်ဟူ၍ စကားရှာမတွေ့သလို ငေးကြည့်နေ၏။

မမြင့်ကြည်တွင်လည်း ခေါင်းကလေးငုံ့ တွေနေရာမှ မျက်တောင်ကလေး တဖျပ်ဖျပ်ခတ်ရင်း မော့လာကာ ကိုစိန်လွင်အား မကျေနပ်သည့် အရိပ်လက္ခဏာဖြင့် မျက်စောင်းကလေး ခွဲကြည့်လိုက်၊ ပြန်ငုံ့သွားလိုက်နှင့်ပင် ထိုအခန်းသည် မှုန်ဝေကွယ်ပျောက်သွားတော့၏။

* * *

တိရစ္ဆာန်ရုံသေး လူသွားစင်္ကြံတစ်လျှောက် ဗဟန်းဘက်သို့ ခပ်မှန်မှန် လျှောက်လာကြသော ကိုစိန်လွင်နှင့် မမြင့်ကြည်တို့သည် မျက်နှာချင်းဆိုင်မှ လာနေသော လူနှစ်ယောက် ၎င်းတို့ကိုလွန်သွားမှ—

"ဟိုတစ်နေ့ကနဲ့ မနေ့က မမြင့်ကြည်အိမ်ကို ကျွန်တော် မလာတာကို ဘယ်လိုမှ မအောက်မေ့နဲ့နော် ပေးချင်တဲ့သစ္စာပေးပါ၊ ကျွန်တော် လာချင်သမှ..."

"တော်ပါရှင်..."

မမြင့်ကြည်က မျက်စောင်းကလေးနှင့် ငေါက်ဆတ်ဆတ် ပြောလိုက်သောကြောင့်...

"ကျိန်ပြောရမလား မမြင့်ကြည်၊ အဲဒီနှစ်ရက်အတွင်းမှာ တော်တော်ပဲ စိတ်ဒုက္ခခံလိုက်ရတယ် သိလား၊ လာချင်ပေမဲ့ မမြင့်ကြည်များ စိတ်ဆိုးနေမလား၊ မတော်တဆ အော်ငေါက်လွှတ်လိုက်မှဖြင့်ဆိုပြီး"

ထိုအခိုက်တွင် ရုတ်တရက်ပေါ်လာသော မော်တော်ကားဟွန်းသံကြောင့် စကားစ ပြတ်သွား၏။

နောက်ပိုင်း ခပ်လှမ်းလှမ်းမှ မှန်မှန်ကလေး မောင်းလာသော ထိုကိုယ်ပိုင်ကားလေးသည် မမြင့်ကြည်တို့နှင့် ရင်ပေါင်တန်းလောက်နီးနီးရောက်မှ ရုတ်တရက် ထိုးရပ်သွားပြီး မရှေးမနှောင်းမှာပင် ဒရိုင်ဘာဖြစ်သူ ဆင်းလာလျက် စက်ဖုံးကိုဖွင့်ကာ တစ်စုံတစ်ရာ ချို့ယွင်းချက်ရှာသလို ငုံ့ကြည့်နေ၏။

မမြင့်ကြည်တို့လည်း လျှောက်မြဲတိုင်း လျှောက်လာကြရာမှ...

"ပြောရင် ယုံမှာမဟုတ်ဘူး၊ မမြင့်ကြည် ခွင့်ယူထားတဲ့ရက်အတွင်းမှာ လူကသာ အလုပ်လုပ်နေရတယ်၊ စိတ်ကတော့ အချိန်ရှိသလောက်..."

"အင်း... ကျွန်မဆီ ရောက်နေတယ်ဆိုပါတော့"

မမြင့်ကြည်က ဆတ်ခနဲ မော့ကြည့်ရင်း ခနဲ့ပြုံးကလေးနှင့် ပြောလိုက်ပြီးမှ ဆက်လက်၍...

"ဒီမှာ ကိုစိန်လွင်၊ ဝတ္ထုထဲမှာ ရည်းစားစကားပြောသလို လေပေါက်မျိုးနဲ့ လျှောက်ရွှတ်မနေပါနဲ့ရှင်၊ ခုကိစ္စက တကယ့်အဖြစ်အပျက် သိရဲ့လား"

"ဘယ်သူကကော အိပ်မက် မက်နေတာလို့ ပြောနေသလဲ မမြင့်ကြည်"

ဤတွင် ထိုအခန်း ရုတ်တရက် ပျောက်သွားပြီး စက်ချို့ယွင်း၍ ရပ်သွားဟန်တူသော စေစေက ကားကလေးပေါ်လာ၏။ ကားနောက်ပိုင်းတွင် ပါလာသူ မူမူလည်း မမြင့်ကြည်တို့နှစ်ယောက် လျှောက်သွားသည်ကို ငေးကြည့်ရင်း မသိမသာ အားကျသယောင်ယောင် ပြုံးနေ၏။

နောက် မမြင့်ကြည်၏မျက်နှာကလေး ပေါ်လာပြန်လျက်...

"ဟင်း... သူကဖြင့် ဘာမှမသိဘူး၊ ဟိုနေ့က အိမ်မှာ ဘာဖြစ်ကျန်ခဲ့

သလဲ ရှင် သိလား"

"ဟာ... ဘာတွေဖြစ်လို့လဲ မမြင့်ကြည်၊ ပြောပဲပြောစမ်းပါဦးတော့"

မမြင့်ကြည်က ရုတ်တရက် မပြောသေးဘဲ ကိုစိန်လွင်အား မျက်စောင်းတစ်ချက် ခဲလိုက်ပြီးမှ...

"ဟိုနေ့က ရှင် ကျွန်မကို ဆွဲလားငင်လားလုပ်တာ ဒေါ်ဒေါ်မြင်သွားတယ်၊ ကဲ... ရှင်းပြီလား"

"ဟင်..."

"မဟင်နဲ့၊ ခြေသံပေးပြီး ဒေါ်ဒေါ် တက်လာတာဟာ ဒုတိယအခေါက်ရှင့်၊ ပထမအခေါက်က မှန်မှန်တက်လာရာမှာ ရှင်က မတော်တရော် လက်ဆွဲလား ဘာလားလုပ်နေတာကိုမြင်တာနဲ့ အသာပြန်ဆင်းသွားပြီးမှ..."

"ဒါဖြင့် ဒေါ်ဒေါ်က မမြင့်ကြည်ကို ဆူတယ်ပေါ့၊ နို့... မေးကော မမေးဘူးလားဟင်"

"ဆူတော့ မဆူပါဘူး၊ ညည်းတို့ဟာက ဘယ်လိုလဲတဲ့ မေးတယ်" ဟု ပြောရင်း ကိုစိန်လွင်အား မော့ကြည့်လိုက်၏။

"မမြင့်ကြည်က မှန်တဲ့အတိုင်း မပြောလိုက်ဘူးလား"

"မှန်တဲ့အတိုင်းဆိုရင် ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် မေတ္တာရှိကြသေးတာ မဟုတ်ပါဘူး၊ ရှင်က စပြီး သောင်းကျန်းတာပါလို့ပဲ ပြောရမှာပေါ့"

"ဒါ အမှန်အတိုင်းပဲဥစ္စာ၊ မပြောလိုက်ဘူးလား မမြင့်ကြည်က"

"ဒီလိုပြောတော့ ဒေါ်ဒေါ်က ယုံမတဲ့လား၊ ညည်း ဘာလို့ မအော်သလဲလို့ မေးမှာပေါ့"

ကိုစိန်လွင်၌ ရုတ်တရက် စိတ်ကလေး တွေသွား၏။ အတန်ကြာတွေနေပြီးမှ မမြင့်ကြည်အား ငုံ့ကြည့်တဲ့ကာ...

"ဒါဖြင့် ကျွန်မတို့ချင်း မေတ္တာရှိနေကြပြီလို့ ပြောလိုက်တာပေါ့၊ ဟုတ်လား မမြင့်ကြည်"

မမြင့်ကြည်သည် ခြေလှမ်းမှန်မှန်နှင့် ခေါင်းကလေးငုံ့၍ လျှောက်လာရာမှ ဆတ်ခနဲ ဖျတ်ခနဲ မော့ကြည့်တဲ့ကာ...

"ဟင်း... ဝတ္ထုနာမည်ရွေးရာမှာသာ အတွေးခေါင်တယ်၊ ဒါမျိုးကျ

တော့ တယ်ပြီး လိမ္မာပါးနပ်လှပါကလား ဦးစိန်ထံတျာ"

"ဒါကတော့ ဘဝပေးအသိကိုး နမတော်ရဲ့"

ပြောပြောဆိုဆို လမ်းလျှောက်လာရင်းကပင် မမြင့်ကြည်နှင့် ကိုယ်လုံးတိုက်ကပ်သွားပြီး လက်ကလေးကိုင်၍ ညှစ်လိုက်သောကြောင့်...

"ဟင်း... ဘာလဲ ဒါက၊ လမ်းမလယ်ကောင်ကြီးမှာ"

ဤတွင် တစ်ဖန် မူမူ၏ကိုယ်အပေါ်ပိုင်းကလေး ပေါ်လာပြန်ကာ ပါးစပ်ကို လက်ကိုင်ပဝါကလေးဖြင့်အုပ်၍ ပြုံးရင်း ဖြန်းခနဲ ကြက်သီးထသလို သူ့ကိုယ်ကလေး တုန်သွားရှာ၏။ ထိုအခိုက်တွင်ပင် ဒရိုင်ဘာလည်း ကားပေါ်တက်၍ သွက်သွက်ကလေး မောင်းထွက်သွား၏။

မမြင့်ကြည်တို့အနီးသို့ ရောက်သည်နှင့် မူမူသည် မသိမသာ လှည့်ကြည့်သေး၏။ သို့သော် ကိုစိန်လွင်က မမြင့်ကြည်ဘက် ခေါင်းငဲ့၍ တစ်စုံတစ်ရာ ပြောနေသောကြောင့်လည်းကောင်း၊ ကိုစိန်လွင်၏ကိုယ်လုံးက မမြင့်ကြည်အား ကွယ်နေသောကြောင့်လည်းကောင်း မူမူသည် သူတို့နှစ်ဦးစလုံး၏မျက်နှာကို မြင်ခွင့်ရမသွားဘဲ မော်တော်ကားသည်သာ တဖြည်းဖြည်းဝေးသွား၏။ ထိုအခန်းသည်လည်း တဖြည်းဖြည်း မှုန်၍ မည်းသွား၏။

* * *

ထိုအခန်းပျောက်သွားပြီးနောက် ထင်းခနဲ ပေါ်လာသည်မှာ သတင်းစာတစ်စောင်မှ ကြော်ငြာတစ်ခု ဖြစ်၏။ ထိုကြော်ငြာတွင်...

"ဇန်နဝါရီလ လွတ်လပ်ရေးအထူးထုတ် 'ပျော်တော်ဆက် ရုပ်စုံမဂ္ဂဇင်း' ထိပ်သီးကလောင်ရှင်တို့၏ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ ဝေဝေဆာဆာနှင့် ထွက်ပါပြီ"

ထိုကြော်ငြာ တဖြည်းဖြည်း မှေးပျောက်သွားလုလုတွင် အခြားသောသတင်းစာတစ်စောင်နှင့် ကြော်ငြာတစ်ခုသည် ရောနှောပေါ်လာပြန်၏။

"နိုင်ငံကျော် ကလောင်ရှင်ကြီးများ၏ အထူးလက်ရာ တင်းကျမ်းပြည့်ပါသော 'ပျော်တော်ဆက် ရုပ်စုံမဂ္ဂဇင်းကြီး' တော်လှန်ရေးအထူးထုတ် နက်ဖြန် ဆက်ဆက်ထွက်မည်"

ယင်း ကြော်ငြာမှိန်အသွားတွင် အခြား ကြော်ငြာတစ်ခုပါသော

သတင်းစာတစ်စောင်သည် ထိန်လင်းပေါ်လာပြန်၏။

"ပါနေကျ စာရေးဆရာများအပြင် တက်သစ်စ ကလောင်ရှင်ကလေး များကိုပါ မြေတောင်မြှောက်ပေးလိုက်သော 'ပျော်တော်ဆက် ရုပ်စုံမဂ္ဂဇင်း' နှစ်သစ်ကူး အထူးထုတ် နယ်သို့ပို့လိုက်ပြီ၊ ရန်ကုန်တွင် တစ်ရက်နေ့ ထွက် ပါမည်"

၎င်းကြော်ငြာ၏ တစ်နေရာတွင်ပါသော 'အထူးထုတ်'ထိုစာပိုဒ်ကို ရုပ်ရှင်ကြည့် ပရိသတ်အားလုံးလိုလို အထူးထုတ်ဟုပင် ဖတ်မိကောင်း ဖတ် မိကြပေလိမ့်မည်။

အမှန်အားဖြင့်ဆိုသော် 'ထူး' မဟုတ်ဘဲ စာစီမှားပြီး 'အထူထုတ်' ဖြစ်နေသည်ကို တွေ့ရ၏။

ထိုကြော်ငြာ ကွယ်အသွားတွင် ထည်ဝါသားနားလှသော ကားသစ် ကြီးတစ်စီးသည် အင်းလျားကန်စောင်းရှိ တိုက်ကလေးတစ်လုံးရှေ့တွင် ဆိုက် ရပ်ထားသည်ကို တွေ့ရပြီး မကြာမီ တိုက်ထဲမှ မိန်းမပျိုတစ်ယောက်နှင့်အတူ မူမူပါ ထွက်လာ၏။

နှစ်ဦးသား အေးချင်းယှဉ်၍ လျှောက်လာရာမှ တံခါးအသင့်ဖွင့်ထား သော အဆိုပါ ကားသစ်ကြီးအနီးသို့ရောက်သည်နှင့်...

"မူမူတို့ကတော့ကွဲ့... အဝတ်အစားတင် မဟုတ်ဘူး၊ မော်တော် ကားပါ ထည်လဲနဲ့ စီးနေတာပဲနော်"

မိန်းမပျိုက ကားကြီးကိုကြည့်ရင်း ပြောလိုက်သောကြောင့်...

"အကြောင်းမဲ့ မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ ဟိုအရင်ကားက ခဏခဏ ပျက်လွန်းလို့ ရောင်းပစ်ပြီး ဒီကားဝယ်တာပါ၊ မော်တော်ကားစီး သွားတုန်း လမ်းမှာပျက်တာ မူမူတော့ သိပ်ရှက်တာပဲ"

သို့ပြောနေရင်းကပင် မူမူသည် တစ်စုံတစ်ရာကို မြင်လိုက်ရသကဲ့သို့ ရုတ်တရက် စူးစိုက်နေမိပြီးမှ မိန်းမပျိုအား လက်တို့ရင်း မေးကလေး ထိုးပြ လိုက်၏။

မိန်းမပျိုကလည်း ချာခနဲ လှည့်ကြည့်လိုက်၏။

ကမ်းစပ်နှင့် ပေ သုံးဆယ်ခန့်ခွာ၍ ညင်ညင်သာသာ လှော်ခတ်နေ သော လှေကလေးတစ်စီးကို တွေ့ရ၏။ မူမူတို့ရပ်နေသော နေရာနှင့်ဆို

လျှင် ပေ ၂၀၀ နီးပါးလောက် လှမ်းနေသည်ဖြစ်သောကြောင့် မည်သူမည်ဝါဟု သဲကွဲစွာမမြင်ရသော်လည်း လှော်ခတ်နေသူမှာ ယောကျ်ားလူရွယ်တစ်ယောက်ဟူ၍လည်းကောင်း၊ မျက်နှာချင်းဆိုင်မှ ပုသိမ်ထီးကလေးနှင့် ထိုင်နေသူမှာ မိန်းမပျိုတစ်ဦးဟူ၍လည်းကောင်း ပုံသဏ္ဌာန်ကိုမူ အကဲခတ်နိုင်၏။

"ဘာလဲ မူမူ၊ အားကျသွားသလား၊ တစ်နေ့ကျ ရမှာပေါ့ကွာ၊ မူမူလို ဥစ္စာပေါ ရုပ်ချောတစ်ယောက်အဖို့တော့ ဒီမှာ မူမူ လက်ရွေးစင် ဒင်ဆိုတာ ရနိုင်ပါတယ်"

"ကဲ... သွားတော့မယ် နုရယ်"

မူမူသည် နု၏စကားနှင့်ပတ်သက်၍ ဘာတစ်ခွန်းမျှ ပြေကြားခြင်းမပြုတော့ဘဲ သို့ပြောရင်း ကားပေါ်တက်ထိုင်လိုက်သဖြင့် မော်တော်ကားထွက်အသွားတွင် ထိုအခန်းပျောက်ပြီး စောစောက လှေကလေးသည် ပြတ်သားစွာ ပေါ်လာ၏။

ပုသိမ်ထီးကလေး တဝင့်ဝင့်နှင့် ကျက်သရေထည်နေသော မမြင့်ကြည်သည် ဤသာယာလှသည့် အင်းလျားကန် ရှုမျှော်ခင်းများကို ခေါင်းကလေး တလည်လည်နှင့်ကြည့်ရင်း ပီတိတွေဖြာနေ၏။ တစ်ဖန် ထိုရှုမျှော်ခင်း၏ သာယာမှုထက် အခြားသော ကြည်နူးမှုတစ်ခုလည်း တမြိန့်မြိန့် အရသာခံနေသည့်အသွင်သည် မမြင့်ကြည် မျက်နှာကလေးတွင် ထင်ထင်ရှားရှား ပေါ်နေသည် တွေ့ရ၏။

ကိုစိန်လွင်တွင်လည်း ထိုနည်းနှင်နှင် အတော်ကလေး ရွှင်နေ၏။ လက်များက ခတ်တက်ကိုကိုင်၍ တယိုင်ယိုင် လှော်နေသော်လည်း မျက်လုံးများမှာမူ မမြင့်ကြည်၏ ချစ်စဖွယ် မျက်နှာကလေးတွင်သာ တစိုက်ငေးငေးရှိနေသည်ကို တွေ့ရ၏။

"သီချင်းကလေးတစ်ပုဒ်လောက်ဆိုရရင် ကောင်းမှာပဲနော် ကိုလွင်" ဟု မမြင့်ကြည်က လှမ်းပြောလိုက်သည်ကို...

"အေး... ဟုတ်သားပဲ၊ မြင့်က ဆိုလေ၊ ကိုလွင်က လေချွန်မယ်"

သို့ ပြောလိုက်၍မှ စကားမဆုံးမီ...

"မျက်စိကျွတ်မယ် ကိုဂေါ်ငနဲရဲ့"

ထိုမျှလောက်သာ မမြင့်ကြည်က အသံနေအသံထားနှင့်ဆိုရင်း ဟား တိုက်ပစ်လိုက်သောကြောင့်...

"ကြည့်စမ်း... ကိုလွင်က တကယ် အောက်မေ့လို့ သိပ်နောက်တဲ့ မြင့်ပဲ"

ပြောပြောဆိုဆို ကိုစိန်လွင်သည် မမြင့်ကြည်ဆီသို့ အသာထသွား ကာ ဘေးချင်းယှဉ်ထိုင်ရင်း မမြင့်ကြည်၏ကိုယ်ကလေးကို သိမ်းကျုံးမွေ့ ညှစ်၊ မွှေးမွှေးနှင့်အတူ ချစ်ပစ်လိုက်သောကြောင့်...

"ကြည့်ပါလား... သူ ဘယ်တော့မဆို ကမူးရှူးထိုးချည်းပဲ၊ လွှတ်ပါ သူသူငါငါ မြင်သွားမှဖြင့်"

"အမယ်လေး... စိုးရိမ်နေတတ်လိုက်တာ၊ ဒီလောက် ချောင်ကျပြီး ဒီလောက် ခေါင်နေတဲ့နေရာမှာ ဘယ်သူက မြင်ဦးမှာလဲ"

ကိုစိန်လွင်လည်း ပြောရင်းဆိုရင်းကပင် ထပ်ဆင့်ကဲ၍ သဲသဲမဲမဲ မွှေးပစ်လိုက်ပြန်၏။

ကိုစိန်လွင် ပြောသည့်အတိုင်းပင် သူတို့ရောက်နေသော နေရာမှာ သုံးဖက်သုံးတန် သစ်ပင်အုပ်ကြီးများဖြင့် ရံလျက်ရှိ၏။ အခြားတစ်ဖက်မှာ လည်း ကျယ်ပြောလှသော ရေပြင်ကြီးမျှသာ ရှိသောကြောင့် လူသူကင်း၍ ထိုနေရာသည် အတော်ကလေး ရှင်းနေ၏။

ကိုစိန်လွင်လည်း မမြင့်ကြည် လက်ကလေးကို ဆုပ်နယ်နေရာမှ...

"ချစ်တယ်နော် မြင့်"

"ချစ်ဘူး"

နွဲ့နွဲ့ကလေး မူရင်း ပြောလိုက်သောကြောင့် ကိုစိန်လွင်လည်း မမြင့် ကြည်၏ လက်မောင်းအိုးကလေးနှစ်ဖက်ကို သွက်သွက်ကလေး လှုပ်ခါ လိုက်ပြီးမှ ထိုင်ရာမှ ထသွားကာ ဆယ်ပေလောက်သာ ကွာဝေးသည်ဖြစ် သော ကမ်းစပ်သို့ လှေကလေးကို လှော်ခတ်သွား၏။ နောက် မမြင့်ကြည် ၏လက်တစ်ဖက်ကို အသာဆွဲထူလိုက်သောကြောင့်...

"ဒါက ဘယ်လဲ"ဟု မမြင့်ကြည်က မျက်စောင်းကလေးနှင့်မေးလိုက် ၏။

ကိုစိန်လွင်ကမူ ပြုံးသည်ဆိုရုံ အစိပ္ပာယ်ပါလှသော အပြုံးမျိုးဖြင့်

တွေကြည့်နေပြီးမှ"

"လာပါ အချစ်ရယ်"

ပြောပြောဆိုဆို မမြင့်ကြည်ကလေးအား လှေပေါ်မှ ဆွဲခေါ်လျက် ကမ်းပေါ်သို့တက်သွားကြကာ မကြာမီ သစ်ပင်အုပ်ကြားတွင် ပျောက်ကွယ်သွားကြ၏။

ထိုအခန်း ရုတ်တရက် ပျောက်သွားပြီးနောက် တစ်ခုသော တိုက်ခံအိမ်ကြီး၏ ဆင်ဝင်အောက်သို့ ကားကြီးတစ်စီး ဝင်ရောက်ဆိုက်ကပ်လာပြီး မိန်းမပျိုတစ်ဦး ဆင်းလာသည်ကို တွေ့ရ၏။

ထိုမိန်းမပျိုသည် ညှော်ခန်းကိုဖြတ်၍ အိမ်ပေါ်သို့ တက်မည်အပြုတွင်...

"မူမူ"ဟူသော အသံကြောင့် ရုတ်တရက် တန့်သွားကာ ညင်ညင်သာသာကလေး လှည့်ကြည့်လိုက်၏။ သူ့အမူအရာတွင် စိုးရိမ်သည့်အသွင်ကလေးလည်း ပေါ်နေ၏။

နောက် အသက်အရွယ် ခြောက်ဆယ်အတွင်းလောက်ရှိ လူကြီးတစ်ယောက်၏ မျက်နှာကိုမြင်ရပြီး...

"ဒါ ဘယ်က ပြန်လာတာလဲ မူမူ"

"နုတို့အိမ်ကပါ"

"အေး... အသွားအလာ ဆင်ခြင်ကွယ်၊ ကာလကြီးက သိပ်မကောင်းဘူး၊ ပြီးတော့ အပျိုအရွယ်လေးဆိုတာ ခုလို တစ်ယောက်တည်း သွားချင်ရာသွား..."

ရုတ်တရက် ထိုအခန်းပျောက်သွားပြီး အခန်းတစ်ခုအတွင်း၌ ဖရိုဖရဲဖြစ်နေသော စာအုပ်ဗီရိုကို ရှင်းလင်းနေသည့် ဒေါ်ညွန့်အား ရုတ်တရက် နားစွင့်လိုက်သော အမူအရာဖြင့် ပေါ်လာသည်ကိုတွေ့ရပြီး ချက်ချင်းပင်...

လှေကားတိုင်ထိပ်မှ ပွတ်လုံးကို လက်သည်းကလေးဖြင့်ကုတ်ရင်း မျက်နှာကလေးညှိုးနေသော မူမူ့အား တွေ့ရပြီး...

"ဦးလေးတို့မှာက ဝတ္တရား တော်တော်ကြီးတယ်ကွဲ့၊ ငါ့တူမကြီးအတွက် ပြောနေတာမို့"

"ဟုတ်ကဲ့၊ မူမူ သိပါတယ် ဦးလေး"

"အေး... အေး၊ ဒါပါပဲကွယ်"

ထိုစကားအဆုံးတွင် မူမူလည်း သုတ်သုတ်ကလေး ပြေးတက်သွား၏။

ခဏအတွင်းမှာပင် အခန်းထဲမှ ဒေါ်ညွန့် ထွက်လာသည်ကိုတွေ့ရပြီး...

"တော်တော်ခက်ပါလား ကိုမြတ်မင်းရယ်၊ ရှင် ကောင်မလေးကိုဘာတွေ ပြောလိုက်ပြန်တာလဲဟင်"

"နို့... မင်း မကြားလို့ ထပ်မေးနေတာလား မညွန့်ရဲ့"

"ကြားတယ်လေ၊ ရှင်ပြောတာတွေ အခန်းထဲက အတိုင်းသား ကြားရသပေါ့"

"အေး... အဲဒီအတိုင်းပဲ ငါ ပြောလိုက်တယ်"

"အဲဒါ ခက်တာပေါ့၊ ကျွန်မ ရှင့်ကို ပြောထားတယ် မဟုတ်လား၊ ကောင်မလေးကို စိတ်ညစ်အောင် မလုပ်ပါနဲ့လို့"

"နို့... ငါက သူ စိတ်ညစ်အောင် လုပ်နေသလား၊ မတော်တာမြင်လို့ ဆုံးမတာပဲ ဥစ္စာ"

"တယ်ကျပ်ပါလားရှင်၊ ကျွန်မ ပြောတာက ကောင်မလေးမှာ မိဘမဲ့ ဘ၀ ရောက်ရတာ သိပ်ကြာသေးတာမဟုတ်လို့ အားငယ်နေရှာတယ်ရှင့်၊ ဒီအထဲ ရှင်က..."

"တော်တော့ကွာ၊ ငါ နားလည်ပြီ၊ မင်း မကြိုက်ရင် နောက် ဘယ်တော့မှ မပြောဘူး"

"အင်း... ရှင်တော့လား၊ ဒီလို ခွတိုက်ပြောတဲ့အကျင့်ဟာ ဘယ်တော့မှ ပျောက်မှာမဟုတ်ဘူး"

"အေး... ပြီးရော"

"ပြီးပြီ၊ ကောင်မလေးနဲ့ပတ်သက်ရင် ရှင်မပြောနဲ့၊ ကျွန်မတို့ မိန်းမချင်း ဆုံးမမယ်"

ပြောပြောဆိုဆို ဒေါ်ညွန့်သည် သူ ထွက်လာခဲ့သော အခန်းထဲသို့ပြန်ဝင်သွား၏။

* * *

ထိုအခန်း ပျောက်သွားသည်နှင့် တစ်ပြိုင်နက် ကိုစိန်လွင်တို့ လှေကလေး ပေါ်လာ၏။ သို့သော် အပေါ်တွင် မည်သူမျှမရှိ၊ လှေကလေးချည်း သက်သက်သာလျှင် လေတိုး၍ ရေယက်သောကြောင့် လွန့်လွန့်လူးလူးနှင့်လှုပ်နေ၏။

မကြာမီ သစ်ပင်အုပ်ကွယ်မှ မမြင့်ကြည် ထွက်လာ၏။ သူ့မျက်နှာထား အမူအရာမှာ တစ်စုံတစ်ခု မကျေနပ်သလို ငြိုငြိုငြင်ငြင် ဖြစ်နေ၏။

နောက်နားဆီမှ ခပ်သုတ်သုတ် ထွက်လိုက်လာသော ကိုစိန်လွင်လည်း မမြင့်ကြည်ကိုမီသည်နှင့် လက်ကလေးကို ဖမ်းကိုင်လိုက်သည်ကို မမြင့်ကြည်က ဆောင့်ရုန်းကလေး ရုန်းဖယ်ပြီး လှေပေါ်တက်၍ ကိုယ်လုံးပစ်ထိုင်ချလိုက်၏။

ဤတွင် ကိုစိန်လွင်ကပါ ရောနှောဝင်ထိုင်ရင်း မမြင့်ကြည်အား အတန်ကြာ တွေစိုက်ကြည့်နေပြီးမှ…

"မြင့်"

"ဘာလဲ"

"ထူးပုံကြီးကလည်း မြင့်ရယ်၊ ကိုလွင့်ကို မချစ်သလိုပဲ"

"အင်း၊ မချစ်လို့ပေါ့။ ဟင်း ငါ ပြောလိုက်ရ မကောင်းဘဲနေရှောမယ်"

ဒေါသသံကလေးနှင့် မခံချင်သလို ပြောလိုက်ပြီးမှ…

"ကဲ… လှေဆိပ်ကိုလှော်၊ အိမ်ပြန်မယ်"ဟု မမြင့်ကြည်က မျက်စောင်းကလေးနှင့် ပြောလိုက်၏။

ကိုစိန်လွင်သည် မမြင့်ကြည်အား ပြုံးပြုံးကြီး စိုက်ကြည့်နေရာမှ လှေကို လှော်စပြုလိုက်၏။

မမြင့်ကြည်ကလည်း ကိုစိန်လွင့်အား မျက်တောင်မခတ် ငေးစိုက်ကြည့်ရင်း ပါးစပ်ကပါ တစ်စုံတစ်ရာကို ခပ်တိုးတိုး ရေရွတ်နေသည့်အခိုက်မှာပင် ထိုအခန်း ပျောက်သွားတော့၏။

* * *

ပျော်တော်ဆက် မဂ္ဂဇင်းတိုက်ခန်းအတွင်းရှိ ထိုင်နေကျ စားပွဲတွင် ကိုစိန်လွင်သည် သတင်းစာတစ်စောင်ကိုင်လျက် တစ်စုံတစ်ရာသောသတင်း

ကို စိတ်ဝင်စားစွာ ရှာနေသည်ကို တွေ့ရ၏။

မမြင့်ကြည်သည်လည်း သူ့နေရာတွင်သူ အလုပ်လုပ်လျက်ရှိ၏။ ဦးရင်မောင်မှာမူ လက်နှစ်ဖက်နောက်ပစ်၍ ဟိုလျှောက်သည်လျှောက်နှင့် လမ်းသလားနေသည်ကို တွေ့ရ၏။

နောက် ကိုစိန်လွင်လည်း သတင်းစာတစ်နေရာတွင် ဘာကိုတွေ့လိုက်ရသည်မသိ တစ်မျက်နှာလုံး ပြုံးသွားကာ အံ့အားသင့်သလို တွေကြည့်နေပြီးမှ ဦးရင်မောင်ဘက်သို့လှည့်၍ အကဲခတ်လိုက်ကာ ဖျာဖျာသလဲ ထ၍ သတင်းစာကို မမြင့်ကြည်အား လှမ်းပေးရင်း တစ်စုံတစ်ရာကို လက်ညှိုးဖြင့် ထောက်ပြခဲ့ပြီးနောက် ချက်ချင်းပင် သူ့နေရာသို့ ပြန်လာခဲ့၏။

မမြင့်ကြည်လည်း ကိုစိန်လွင် ထောက်ပြခဲ့သောနေရာကို ဖတ်ကြည့်လိုက်သည်၌...

"အမျိုးသမီးကလေးများအတွက် ကွက်ကွက်ကွင်းကွင်း သင်ခန်းစာပေးထားသော ကလောင်သစ်ကလေး 'ပေါ်လွင်'၏ 'အမြတ်'ဟူသောဝတ္ထုအပြင် ကဗျာများစွာလည်း ပါသေးသည်"

အစရှိသော မဂ္ဂဇင်းတစ်စောင်၏ကြော်ငြာကို တွေ့ရသောကြောင့် မမြင့်ကြည်တွင်လည်း ဝမ်းသာအားရ ပြုံးမိလျက် ကိုစိန်လွင်ဘက်သို့ လှမ်းကြည့်လိုက်၏။ အကြည့်ချင်းဆုံကာ ကြည်နူးသွားသော နှစ်ဦးစလုံး၏မျက်နှာတို့မှာ ရှပ်ရှင်ကြည့် ပရိသတ်ကိုပင် ရောနှောသာယာသွားစေတော့၏။

မကြာမီ အယ်ဒီတာနှစ်ယောက် ပေါက်လာသည်နှင့် ဦးရင်မောင်သည် အယ်ဒီတာတစ်ဦး၏စားပွဲသို့ လျှောက်လာပြီး...

"ဘယ့်နှယ်လဲ ကိုဘမြိုင်၊ တက္ကသိုလ်ဝတ္ထုဆီက ဒီလ ဝတ္ထုရှည်ကြီး ပေးမယ်ဆိုတာ မရသေးဘူးလား"

"ဟုတ်ကဲ့၊ ခုပဲ ကျွန်တော် ဝင်ခဲ့ပါတယ်၊ အကုန်တော့ မရသေးဘူး၊ ပြီးသလောက်စာမူ ခြောက်ရွက်ပဲ ယူခဲ့ပါတယ်"

"အင်း... ခုလို ခြောက်ရွက်လောက် ရထားရင်တော့ သေချာသွားပြီ၊ သူ ဆက်မရေးဘဲနေလို့ မရတော့ဘူး၊ ကိုင်း... စီခိုင်းထားလိုက်ဗျာ၊ ဒါမှ နားပူလို့ကောင်းမယ်"

ထိုအခိုက်တွင် ကျောင်းသားအရွယ် လူငယ်ကလေးတစ်ယောက်

ပေါက်လာပြီး စာအိတ်ရှည်ကြီးတစ်ခုပေးရင်း ကိုဘမြိုင်အား တစ်စုံတစ်ရာ တီးတိုးပြောသွား၏။

"ဘာလဲ ကိုဘမြိုင်"ဟု ဦးရင်မောင်က သူ့စားပွဲဆီသို့ လှည့်သွားရင်းက ခေါင်းငုံ၍ မေးလိုက်သောကြောင့်…

"ပြော်… ကလောင်သစ်ကလေးပါ ဝတ္ထုတစ်ပုဒ် လာပေးသွားတယ်"

"အင်း… ဒါကလည်း အလုပ်တစ်ခုဖြစ်နေပြီ၊ သိပ်ရှုပ်တာပဲ၊ ဖတ်မနေနဲ့တော့ ကိုဘမြိုင်၊ လာမေးရင် ထုံးစံအတိုင်းသာပြောပြီး ပြန်ပေးလိုက်ပေတော့"

အလွန် ခန့်ညားသော မျက်နှာမျိုးလုပ်၍ ပြောနေသည့်အခိုက်မှာပင် ယခင်တစ်ကြိမ်က ပေါက်လာဖူးသော စာရေးဆရာရောက်လာသည်နှင့် ဦးရင်မောင်တွင် အချိုဆုံးသော မျက်နှာထားသို့ပြောင်းလိုက်ရာမှ…

"ဟာ… တက္ကသိုလ်ဝဏ္ဏ လာဗျို့၊ ထိုင် ခင်ဗျားတော့ အသက်ရှည်ဦးမယ်၊ ခုပဲ ခင်ဗျားကော်ပီ ရရဲ့လားလို့ သိင်္ဂါမြိုင်ကို မေးမိသေးတယ်"

တက္ကသိုလ်ဝဏ္ဏလည်း ဦးရင်မောင်နှင့် မျက်နှာချင်းဆိုင်ထိုင်မိပြီးမှ…

"ပေးလိုက်တယ်လေ ခြောက်ရွက်"

"ပြောပါတယ်၊ ဒါပေမဲ့ ဆက်ရေးပါဦးနော်၊ နက်ဖြန်ကျရင် သိင်္ဂါမြိုင် ဝင်ယူပါလိမ့်မယ်"

ဦးရင်မောင်သည် အလွန်အားထားသော မျက်နှာမျိုးဖြင့် ချွဲချွဲပျစ်ပျစ် ပြောနေ၏။

တက္ကသိုလ်ဝဏ္ဏကိုလည်းကောင်း၊ ဦးရင်မောင်ကိုလည်းကောင်း ငေးကြည့်နေရာမှ ကိုစိန်လွင်သည် မမြင့်ကြည်ဘက်သို့ မျက်လုံးလည်သွား၏။ ဤတွင် မမြင့်ကြည်က မသိမသာမဲ့ရင်း မျက်စပစ်ပြလိုက်၏။

"ကိုင်း… ကိုဝဏ္ဏ၊ ဘာသောက်မလဲ"ဟု ဦးရင်မောင်က စီးကရက်ဘူး ထိုးပေးရင်း မေးလိုက်သည်ကို…

"ခင်ဗျားတို့က တိုက်ရင် လက်ဖက်ရည်နဲ့ လင်မနစ်ပဲ ရှိမှာပေါ့၊ ကျွန်တော်က ဟဲ… ဟဲ၊ ဘီယာသောက်ချင်တာ"

ထိုစကားကို သဘောမကျသည့်အလား ကိုစိန်လွင်တွင် ရှုံ့ရှုံ့မဲ့မဲ့နှင့် ငုံ့ချလိုက်၏။

"ဘီယာသောက်ချင် ငွေယူသွားလေ"

ဦးရင်မောင်က လွယ်လွယ်ပင် ပြောလိုက်၏။

"ပေးဗျာ... ငွေတစ်ရာ၊ စာရင်းထဲ မှတ်ထားပေါ့၊ ဟုတ်လား"

ကိုဝဏ္ဏ စကားအဆုံးတွင် ဦးရင်မောင်က အံဆွဲကိုဖွင့်၍ တစ်ရာတန် တစ်ရွက် ထုတ်ပေးလိုက်သဖြင့် ကိုဝဏ္ဏလည်း ငွေကို အိတ်ထဲထည့်လျက် ခပ်သွက်သွက် လှမ်းထွက်သွားတော့၏။

ကိုစိန်လွင်မှာလည်း ကိုဝဏ္ဏ အခန်းထဲမှ ထွက်သွားသည်ကိုသာ အားကျလှသော မျက်နှာနှင့် ငေးကြည့်နေရာမှ "တစ်နေ့ ငါလည်း ဒီလိုဖြစ်ရမယ်"ဟူသော အဓိပ္ပာယ်မျိုးဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။ ဤတွင် ထိုအခန်းလည်း ပျောက်သွား၏။

* * *

သိမ်ဖြူဘောလုံးကွင်းဘေး သစ်ပင်အုပ်ကြီးအောက်မှ အရိပ်ကိုလှ၍ လျှောက်လာကြသော ကိုစိန်လွင်နှင့် မမြင့်ကြည်တို့လည်း ကန်တော်ကြီးထိပ်သို့ ရောက်သည်တွင် လက်ဝဲလက်ယာ မချိုးမကွေ့တော့ဘဲ ရှေ့တည့်တည့်ရှိ ကန်တော်ကြီး ကျွန်းဆွယ်ကလေးတွင် ဘေးချင်းယှဉ်၍ ထိုင်လိုက်ကြ၏။

"ကိုင်း... ဘယ့်နှယ်ရှိစ၊ မြင့် ပြောတယ် မဟုတ်လား၊ ခု မြင့်ကြောင့် ချစ်နိဗ္ဗာန် မဂ္ဂဇင်းထွက်ရင် ကိုလွင့်ဝတ္ထု ပါလာတော့မယ်"

မမြင့်ကြည်လည်း ပြောပြောဆိုဆို သတင်းစာတစ်စောင်ကို လွယ်အိတ်ထဲမှထုတ်၍ ကြော်ငြာကို ရှာနေပြန်၏။

"ဟုတ်ပါတယ်ဗျာ၊ ဟောဒီ ချစ်ဇနီးလောင်းကလေးကြောင့်ပဲ ဒီဝတ္ထု အရွေးခံရတာပါ၊ ပြစမ်း... ကြော်ငြာထဲမှာတောင် တော်တော်ကလေး အသား ပေးပြီး ရေးလိုက်တယ်နော်"ဟု ပြောရင်း ကိုစိန်လွင်က သတင်းစာကို ယူကြည့်ပြန်၏။

"ဟင်း... ဦးရင်မောင်ကိုသာပေးရင် ဒီ'အမြတ်'ဝတ္ထုဟာ အရှုံးဖြစ်ပြီး စုံးစုံးကိုမြုပ်သွားမှာ၊ သိလား"

"သိပါပြီလေ၊ မနက်က အပြုအမူတွေ မြင်ရကြားရကတည်းက ကိုလွင်ဖြင့် အတော့်ကို စိတ်ပျက်သွားတယ်၊ တက္ကသိုလ်ဝဏ္ဏကျတော့ အရေး

ပေးလိုက်တာ လွန်ရော"

"ဒါက မဆန်းပါဘူး ကိုလွင်၊ ကိုဝဏ္ဏက နိုင်ငံကျော် စာရေးဆရာကြီး မဟုတ်လား၊ နောက်ပြီး ဦးရင်မောင်က စာပေနဲ့ စီးပွားရှာနေတဲ့လူ၊ ဒီတော့ ကလောင်သစ်တို့၊ နာမည်မရှိတရှိ စာရေးဆရာတို့ဆိုရင် ဈေးမေးလာတဲ့ ဝယ်သူလိုသဘောထားပြီး တဏှာသိုလ်ဝဏ္ဏလိုလူကျတော့ အမြတ်များများ ပေးဝယ်မယ့် ဖောက်သည်ကြီးလို ပျာပျာသလဲ အရေးပေးတာပေါ့ရှင်"

"ကိုင်း... ဒါတွေပြောလို့ မောရုံရှိမှာပါ မြင့်ရယ်၊ ခု ကိုလွင်ရေးတဲ့ အမြတ်ဝတ္ထုဟာ ပွဲဦးထွက် စွံသွားပြီနော်၊ အဲဒါ မြင့်ကြောင့်၊ ဒီတော့ မြင့်ကို ကျေးဇူးဆပ်ရလိမ့်မယ်"

"အမယ်... အဲဒီဝတ္ထုအတွက် စာမူခများ ရမယ်ထင်နေလို့လား၊ ခု ခေတ် စာပေလောကက ကလောင်သစ်ဆိုရင် ပိုက်ဆံမပေးဘူး ဆရာရေ့"

"ကိုလွင် သိသားပဲဟာ မြင့်ရယ်"

"ဒါဖြင့် ဘယ်လို ကျေးဇူးဆပ်မှာလဲ၊ ဘယ်က ပိုက်ဆံရလို့ ဘာတွေများ ဝယ်ပေးဦးမှာပါလိမ့်"

ကိုစိန်လွင်သည် ချစ်ရည်လည်နေသော မျက်လုံးများဖြင့် စူးစိုက်ကြည့်နေရာမှ မမြင့်ကြည်၏လက်ကလေးကို ဆုပ်ကိုင်လိုက်ရင်း...

"သန်ဘက်ခါ တနင်္ဂနွေနေ့ မဟုတ်လား၊ အင်းလျားကိုလိုက်ပို့မယ်၊ လှေစီးမယ်၊ ပြီးတော့ ကျေးဇူး..."

"တော်... မြင့် နားလည်ပြီ၊ ဟင်း... ဒီကျေးဇူးမျိုးတော့ သူက တယ်ဆပ်တတ်တယ်"ဟု မမြင့်ကြည်က သို့ပြောရင်း ကိုစိန်လွင့်နဖူးကိုပါ လက်ဖနောင့်ကလေးနှင့် ထုလိုက်ပြီးမှ...

"ဒါနဲ့ ကိုလွင်၊ မြင့်တို့ကိစ္စ ဘယ်လို စီမံကြမလဲ ဟင်၊ ခုအတိုင်း အီးရောအီးရောနဲ့ နေသွားလို့ မဖြစ်တော့ဘူးထင်တယ်"

အတော်ကလေး ရှင်နေရာမှ မကြည်မလင် ညှိုးသွားသော မျက်နှာဖြင့် မမြင့်ကြည်က ပြောလိုက်သောကြောင့်...

"မြင့်ကလည်းကွာ၊ ပူတတ်လိုက်တာ လွန်နေတာပဲ၊ ဟိုတစ်နေ့က ကိုလွင် ပြောပြီးပြီမဟုတ်လား၊ ခုလကုန်ရင် ရဲနီစာအုပ်တိုက်မှာ ညဘက် စာပြင်ဆရာ အလုပ်ရမယ်၊ အဲဒီက ရမယ့်လခကို တစ်ပြားမှ မသုံးဘူး၊

ဦးရင်မောင်ဆီက ရမယ့်လခထဲကလည်း ဖဲ့စုမယ်။ အဲသလို ခြောက်လ လောက် ချွေချွေတာတာ စုလိုက်ရင် ကိုယ်တို့ မင်္ဂလာဆောင်ဟာ မြိုင်မြိုင် ကလေး ဖြစ်သွားမယ် မဟုတ်လား"

မမြင့်ကြည်သည် အတန်ကြာ တွေနေသေး၏။

"အင်း… ဒါလည်း ဟုတ်တာပဲ၊ ကိုင်း… ဒီလိုဆို မြင့်ပါ စုမယ်၊ ဟုတ်လား၊ ခြောက်လ ကြာမယ့်ဟာ လေးလလောက်နဲ့ ကိစ္စပြီးသွားတာပေါ့၊ နော် ကိုလွင်"

ကိုစိန်လွင် တွေသွားပြန်၏။

"ဒီလို ဘယ်ဟုတ်မလဲ မြင့်ရယ်၊ ဒါ ကိုလွင့်တာဝန်ပဲ ဥစ္စာ၊ ကိုလွင် ရှာရမှာပေါ့"

"ဟော… ကြည့်၊ ခုကတည်းက သူ ခွဲခြမ်းခွဲခြမ်း လုပ်လာပြီ၊ စနီး လောင်းရဲ့ပိုက်ဆံလည်း ခင်ပွန်းလောင်းက ပိုင်သင့်ဆိုင်သင့်ပါတယ်ရှင်"

မမြင့်ကြည်လည်း ခေါင်းကလေးနွဲ့ကာ ယမ်းကာနှင့် ပြောလိုက် သောကြောင့်…

"ဒါတွေကြောင့် မြင့်ကို"

ကိုစိန်လွင်က ဤစကားစ ရပ်ပြီး ဆတ်ခနဲ ဖက်လိုက်သည်တွင် ထို အခန်းလည်း မှုန်ရီကွယ်ပျောက်သွားတော့၏။

* * *

ရန်ကုန်တက္ကသိုလ် အင်းလျားဆောင်ရှိ မှုမှု့ သူငယ်ချင်း နု၏ အခန်း တွင် မိန်းမပျိုတစ်သိုက်သည် ခေါင်းချင်းတိုက်မတတ် မဂ္ဂဇင်းတစ်အုပ်ကို အလုအယက် ဖတ်နေကြ၏။

"ဒီကလောင်သစ်ကပေမဲ့ အလာကြီးပါလား အမြိုင် နော်"

"ဟုတ်တယ် နု၊ သူ့ပွဲဦးထွက်စာကိုကပဲ အတော်ကောင်းနေတယ်၊ ရှေ့လျှောက် တက်ဦးမယ့် ကလောင်ရှင်တစ်ယောက်ပဲ"

"မှုမှုကကော ဘယ်လို သဘောရသလဲ၊ ဒီ 'အမြဲတ်' ဝတ္ထုကို… ဟင်"ဟု နုဆိုသူက မေးလိုက်သည်တွင် အမြိုင်က ကြားဝင်၍…

"မှုမှုလား၊ ဟင်း… ခုလောက်ဆို ကလောင်ရှင် 'ပေါ်လွင့်'ဆီတောင်

မိတ်ဆက်စာ ရေးပြီးနေရောမယ်"ဟု မချိုမချဉ် မျက်နှာကလေးဖြင့်ပြောလိုက်သောကြောင့်...

"ကြည့်ပါလား၊ အမြိုင်တို့က မှုမှုကို ဘာများ အောက်မေ့နေတယ်မသိဘူး"

မှုမှုက နှုတ်ခမ်းကလေး တစူစူနှင့် ညည်းလိုက်သည်ကို...

"အမြိုင်ကလည်းကွယ်၊ အလကား နောက်နေတယ်၊ ကဲပါ မှုမှု'အမြတ်'ကို တော်တော် သဘောကျသလား" ဟု နုက တစ်ဆက်တည်းမေးလိုက်၏။

"မလျှောင်ကြနဲ့ဦးနော်"

မှုမှုက လက်ညှိုးကလေး တထောင်ထောင်နှင့် ပြုံးယောင်ယောင်စကားပလ္လင်ခံလိုက်ပြီးမှ...

"ကျွန်မက အဲဒီဝတ္ထုကို သိပ်သဘောကျနေတာဆရာ၊ ဒီ မေါ်လွင်ဆိုတဲ့လူက ကလောင်သစ်ပေမဲ့ အတွေးအခေါ်က အတော်ထိတာ၊ ဟို... စာပိုဒ်ကလေးကိုပဲ ဩော်... ဘယ်မလဲ စာအုပ် ခဏ"

မှုမှုသည် နုထံမှ မဂ္ဂဇင်းစာအုပ်ကို လှမ်းဆွဲလှန်လှောနေပြီးမှ...

"နားထောင်နော်၊ သေသေချာချာ ကျွန်မ ဖတ်ပြမယ်"ဟု ပြောပြောဆိုဆိုပင်...

"ယောကျ်ားဟူဘိ၊ ထိုပုရိကား၊ မရှိမဖြစ်၊ ရှိမဖြစ်တည့်၊ မချစ်လည်းခက်၊ ချစ်လည်းခက်၏"

"ကဲ... အဲဒါ ကျွန်မတို့ မိန်းမတွေဘက် လိုက်ရေးတာရှင့်၊ ဝတ္ထုကလေးကလည်း ကောင်းပါဘိသနဲ့၊ ပြီးတော့လည်း..."

"ဟေး... ဟေး... မရွှေမှု၊ အမြိုင်တို့လည်း ဖတ်ပြီးပါပြီ၊ တကတဲဝတ္ထုအကြောင်းများ ပြောရမယ်ဆိုရင် ကဲ... သွားရည်လေး ဘာလေးလည်းသုတ်ပါဦး"ဟု အမြိုင်ဆိုသူက ခနဲ့လိုက်ပြန်သောကြောင့် မှုမှုတွင် ပြုံးမဲ့ကလေး မဲ့သွားပြီး...

"ဒါဖြင့်လည်း မပြောတော့ဘူး"

ကလေးဆိုးကလေးအသွင် မကြည်မလင်ပြောရင်း ထိုင်ရာမှထလိုက်သည်နှင့်...

"အဲသလို မျက်နှာထားမျိုးကို ကြည့်ချင်လို့ တမင် ကျီစားတာပါ မူမူရယ်၊ ချိတ်အချိုးပါနဲ့"

အမြိုင်ကပင် ပြောပြောဆိုဆို မူမူအား ဆတ်ဆတ်ကလေး ဆွဲလိုက်သောကြောင့် ခုတင်ပေါ် ဖင်ထိုင်လျက်သား ဆောင့်ကျအသွားတွင် ထိုအခန်း ပျောက်၍ အောက်ပါစာတန်း ပေါ်လာ၏။

'အားလပ်ချိန်'

* * *

ရုပ်ရှင်ပြစပြုမှဝင်လာကြသော စောစောက ဇနီးမောင်နှံ၏ အမူအရာမှာ ယခုတိုင် အစေးကပ်ပုံ မပေါ်သေးဘဲ ဘာသိဘာသာပင် ရှိနေကြ၏။

အထူးသဖြင့် မိန်းမရွယ်၏ အမူအရာမှာ စောစောကထက် ပို၍ တင်းမာနေပုံရ၏။ သို့သော် မာန်မာနနှင့် ဒေါသကြောင့် တင်းမာနေပုံမျိုးကား မဟုတ်၊ စိတ်ကို ချုပ်၍တင်းထားရသော မာပုံမျိုးဖြစ်နေ၏။

"ဘာစားမလဲ၊ ကိုယ် အပြင်ထွက်မလို့"

"မစားဘူး"

လူရွယ်က လေမှန်မှန်နှင့် မေးသည်ကိုပင် မိန်းမငယ်သည် တိုတိုပြတ်ပြတ် ဘောက်ဆတ်ဆတ် ဖြေလိုက်၏။ အပြင်ထွက်ဦးမည်ပြောသော လူရွယ်လည်း ထိုင်ရာမှ မထတော့ဘဲ စိတ်အိုက်သလို တွေသွားတော့၏။

သို့နှင့် ကြော်ငြာစလိုက်များအဆုံးတွင် ရုပ်ရှင်လည်း ဆက်ပြတော့၏ ။

* * *

ချစ်နိဗ္ဗာန် စင်တော်က ကောက်လိုက်သဖြင့်၊ ထင်ပေါ်ကျော်ကြား၊ 'အမြတ်'ဝတ္ထုတစ်ပုဒ်တည်းနှင့် လူကြိုက်များလာသော တက်သစ်စ ကလောင်ရှင်ကလေး 'ပေါ်လွင်'၏ 'မမင်းကတော်' ဝတ္ထု...။

ရှေ့လ ချစ်နိဗ္ဗာန် မဂ္ဂဇင်းတွင် မျှော်...။

ထိုကြော်ငြာ ဖြတ်ခနဲ ပျောက်သွားပြီး ရုတ်တရက် ဦးရင်မောင်

ပေါ်လာ၏။ ကိုင်ထားသော သတင်းစာကို အသာချလိုက်ပြီးမှ…

"ဒီမှာ ကိုဘမြိုင်၊ ချစ်နိဗ္ဗာန်က ပေါ်လွင်ဆိုတဲ့ ကလောင်သစ်ကို တယ် အသားပေးနေပါလားဗျ… ဟင်"

"ဟုတ်တယ် ဦးရင်မောင်၊ ဒါပေမဲ့ အကြောင်းမဲ့တော့ မဟုတ်ပါဘူး၊ ဒီကလောင်သစ်ကလေးကပေမဲ့ အတော် လက်သံပြောင်တယ်၊ အမြဲတ်ဆိုတဲ့ ဝတ္ထုဟာ တော်တော်ကလေးကို အဆင့်အတန်းမီမီ ကောင်းတဲ့ဝတ္ထုပဲ၊ ဦးရင်မောင် အားရင် တစ်နေ့လောက် ဖတ်ကြည့်စမ်းပါ"

ထိုအတွင်း မမြင့်ကြည်နှင့် ကိုစိန်လွင်တို့လည်း တစ်ယောက်နှင့်တစ်ယောက် လှမ်းကြည့်ကာ မသိမသာ ပြုံးလိုက်ကြ၏။

"အဲဒီ ပေါ်လွင်ဆိုတာ ဘယ်သူလဲ၊ ကိုဘမြိုင် သိသလား"

"မသိဘူး ဦးရင်မောင်"ဟု သိင်္ဂါမြိုင် အမည်ခံ ကိုဘမြိုင်က ပြန်ဖြေလိုက်သည်နှင့်…

"အင်း… ချစ်နိဗ္ဗာန်မှာ သူ့ဝတ္ထုသုံးလေးပုဒ်လောက်ပါပြီးလို့ နာမည်ရလာရင် ကျွန်တော်တို့ဆီလည်း သုံးနိုင်အောင် စောစောစီးစီး စုံစမ်းပြီး ဝတ္ထုလေး ဘာလေး တောင်းထားဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော် စုံစမ်းလိုက်ပါ့မယ်"

ဤတွင်မူ ဦးရင်မောင်၏ ပြောဆိုပုံနှင့် စိတ်နေစိတ်ထားကို ရွံရှာသွားသကဲ့သို့ မမြင့်ကြည်ရော ကိုစိန်လွင်ပါ ရွံ့ရွံ့မဲ့မဲ့နှင့် မျက်စောင်းခဲလိုက်ကြသည်ကို တွေ့ရ၏။

ထိုအခန်းသည် ဖျတ်ခနဲ ပျောက်သွားပြီး တလှပ်လှပ် လှုပ်နေသော လှေကလေး ပေါ်လာ၏။ နေရာမှာ ယခင်က ကိုစိန်လွင်တို့ ဆိုက်ကပ်နေကျ ကမ်းစပ်ကလေးတွင် ဖြစ်၏။ ယခု တစ်ကြိမ်မှာမူ ကမ်းစပ်ကို ဦးတိုက်လျက်မဟုတ်၊ အလျားလိုက် ဆိုက်ထားသည်ကို တွေ့ရ၏။

မကြာမီ ကိုစိန်လွင်က မမြင့်ကြည်၏ ပခုံးကလေးပေါ် လက်တင်၍ မမြင့်ကြည်က ကိုစိန်လွင့်ခါးကိုဖက်လျက် သစ်ပင်အုပ်အကွယ်မှ ထွက်လာကြပြီး လှေပေါ်သို့ မတက်သေးဘဲ ကမ်းစပ်တွင်ပင် ယှဉ်လျက်ထိုင်လိုက်ကြ၏။

"ဒီမှာ မြင့်၊ မနေ့က ကိုဘမြိုင်တို့ပြောတာ ကြားရဲ့မဟုတ်လား၊

အင်း… မြင့် ပြောတဲ့အတိုင်းပါပဲ၊ ကိုလွင့်ဝတ္ထုကို သူတို့ဆီပေးစဉ်က လုံးလုံး မဖတ်ဘူးဆိုတာ သေချာတယ်၊ ဒါကြောင့် 'အမြုတ်'ဝတ္ထု ဘယ်သူရေးတယ် ဆိုတာ သူတို့ မရိပ်မိကြဘူးနော်"

"အို… ဒါတွေ မပြောနဲ့တော့ ကိုလွင်၊ အလကား… ငရဲများတယ်၊ ဒါနဲ့ ချစ်နီဗွာန်မှာ လိပ်စာ ဘယ်လို ပေးထားသလဲဟင်"

"လိပ်စာပေးဖို့ ဘယ်လိုတော့မလဲ မြင့်ရဲ့၊ ကိုလွင်ကိုယ်တိုင် သွားနေ တာပဲ ဥစ္စာ"

"အဲ… ကိုဘမြိုင်တို့ သွားစုံစမ်းရင်တော့ ကိုလွင်မှန်း သိသွားတော့မှာ ပဲ"

"အောင်မာ… မြင့်ရာ၊ ဒီကောင် ဒါလောက် မအ,သေးပါဘူး၊ ဟိုက လူတွေကို နှုတ်ပိတ်ထားပြီးပါပြီ၊ ဒါနဲ့ မြင့်ရေ… ချစ်နီဗွာန် မဂ္ဂဇင်းတိုက်ရှင် က ပြောတယ်၊ 'မမ–မင်းကတော်' ပြီးရင် ဝတ္ထုရှည်တစ်ပုဒ်လောက် ဆက် ရေးပါတဲ့၊ ဉာဏ်ပူဇော်ခ တစ်ရာငါးဆယ် ပေးပါ့မယ်တဲ့၊ ပြီးတော့ မမ– မင်းကတော် ဝတ္ထုအတွက်လည်း ငါးဆယ်ပေးဦးမယ်တဲ့၊ နောက်ပြီး ရေးနိုင် ရင် လုံးချင်းနှစ်ကျပ်တန် ဝတ္ထုတစ်ပုဒ်လည်း ရေးပါဦးတဲ့၊ အဲဒါအတွက် လည်း ငွေငါးရာ ရဦးမယ် ဆရာ"

"ဟုတ်လား ကိုလွင်"

မမြင့်ကြည်က ဝမ်းသာအားရမေးရင်း ကိုစိန်လွင့်အား ငေးကြည့်နေ ပြီးမှ…

"အင်း… ဒီလိုဆိုရင်တော့ မြင့်တို့ မင်္ဂလာဆောင်ဟာ မြိုင်မြိုင်ဆိုင် ဆိုင်ကလေး အထမြောက်သွားမှာပဲနော်"

"ဒါပေါ့ မြင့်ရဲ့၊ ကိုလွင်တော့ ခု အလုပ်ကတောင်ထွက်ပြီး အဲဒီဝတ္ထု တွေသာ ခပ်သုတ်သုတ် ရေးလိုက်ချင်တာပဲ"

မမြင့်ကြည်က အတန်ကြာ တွေနေသေး၏။

"ချစ်နီဗွာန်က ယူမယ်ဆိုတာ သေချာရင်တော့ ဒီအလုပ်က ထွက် လိုက်တာ အကောင်းဆုံးပဲ၊ ရတဲ့လခက ဘာမှ လွမ်းလောက်တာမဟုတ်ဘူး၊ ဟုတ်တယ် ကိုလွင်၊ ချစ်နီဗွာန်ကို နက်ဖြန် သေသေချာချာ သွားမေး၊ အတိ အကျ ကတိရရင် နက်ဖြန်ပဲ ထွက်လိုက်ပေါ့"

ကိုစိန်လွင်လည်း နွတ်ခမ်းကိုကိုက်၍ ခပ်ငိုက်ငိုက် တွေနေရာမှ...

"ဒါက အရေးမကြီးဘူး၊ ခု ကိုလွင်နဲ့ မြင့်နဲ့ဆိုရင် မင်္ဂလာမဆောင်ရ သေးတာကလွဲလို့ တစ်ယောက်နဲ့တစ်ယောက်ဟာ..."

"အင်း... ဘာအသားယူပြောဦးမလို့လဲ"

"ဟုတ်ပါဘူး၊ ကိုလွင် မြင့်တို့အိမ်ကို တစ်ခါတည်း ပြောင်းလာရင် ကောင်းမလားလို့ပါ"

"ဖြစ်မတဲ့လား ကိုလွင်၊ တစ်ယောက်နဲ့တစ်ယောက် လူသိရှင်ကြား မင်္ဂလာမှ မဆောင်ရသေးတာ၊ ဒီအတိုင်း အတူလာနေလို့ အရပ်က ဘာပြော မလဲ"

"မကြာခင် ယူကြတော့မှာပဲ မဟုတ်လား မြင့်ရာ၊ အေးလေ... မြင့် ပြောတာလည်း မြင့်ဘက်ကနေကြည့်တော့ မှန်နေတာပဲ၊ ကဲ... ဒီတော့ မြန်မြန် မင်္ဂလာဆောင်နိုင်အောင် ကြိုးစားဖို့ရှိတာပေါ့နော် မြင့်"

"မှန်လှပါကြောင်းပါ ဖရဲ"

မမြင့်ကြည်က ပြောင်စီစီ မျက်နှာကလေးဖြင့် လက်အုပ်ချီရင်း ကန့် ကလျ ပြောလိုက်သောကြောင့် ကိုစိန်လွင်က ဆတ်ခနဲ သိမ်းဖက်ပြီး ရက်ရက် ရောရော မွှေးပစ်လိုက်တော့မည်အပြုတွင် ထိုအခန်းသည် တဖြည်းဖြည်း မှိန်ပျောက်သွားတော့၏။

* * *

"ထွက်ပါပြီ... ထွက်ပါပြီ။

နှုတ်ခမ်းနီကလေးများ၏အသည်းကျော် ကလောင်ရှင် 'ပေါ်လွင်'၏ 'ပျော်စံရိပ်ငြိမ်' ဝတ္ထုရှည်ကြီး တခမ်းတနား ထုတ်ဝေလိုက်ပါပြီ။

ချစ်နိဗ္ဗာန်မဂ္ဂဇင်းကြီး နီးရာဆိုင်တွင် ပြေး၍ ဝယ်တော်မူ"

သတင်းစာတစ်စောင်မှ အထက်ပါ ကြော်ငြာသည် သီးသန့် ထင် လင်းစွာ ပေါ်လာပြီး မကြာမီ ပျောက်ကွယ်သွားသည်နှင့်...

မမြင့်ကြည်တို့၏ အိမ်ဧည့်ခန်းတွင် နှစ်ယောက်သား မျက်နှာချင်းဆိုင် ၍ မဂ္ဂဇင်းစာအုပ်တစ်အုပ်ကိုကြည့်ရင်း ပီတိတွေဖြာနေကြ၏။

"ဒီနေရာက ဇာတ်ကွက် အလှည့်ကလေးကို ပြန်ဖတ်ကြည့်စမ်း၊

ဘယ်လောက် အဆင်ပြေသွားသလဲ၊ ကဲ..."

မမြင့်ကြည်က လက်ညှိုးကလေး ထောက်ပြရင်း ပြောလိုက်သော ကြောင့်...

"ဟုတ်ပါတယ်ဗျာ... ဟောဒီ မယားကလေးရဲ့ အကြံဉာဏ်ကြောင့်"

"ကြည့်လေ... သူ အကြောကြီးနဲ့... ဟင်း"

မမြင့်ကြည်က မျက်စောင်းကလေးချီ၍ ပြောလိုက်သည်နှင့် ကိုစိန် လွင်လည်း သဘောကျသွားသလို ငေးကြည့်နေပြီးမှ မမြင့်ကြည်၏ ပါး ကလေး ဆတ်ခနဲ ဆွဲလိမ်တဲ့ကာ...

"ကဲ... ဘယ်မှာလဲ ကိုလွင့် လုံးချင်းဝတ္ထု။ ပြင်ပြီးပြီလား"

"နေဦး"ဟူသော စကားသံနှင့်အတူ မမြင့်ကြည် ရုတ်တရက်ထပြီး အခန်းထဲသို့ ဝင်သွား၏။ မကြာမီ ပြန်ထွက်လာရာ၌ လက်ထဲတွင် လျှောက် လွှာ စာရွက်များ အထပ်လိုက်ပါလာကာ...

"မြင့် သေသေချာချာ ဖတ်ကြည့်ပြီးပြီ၊ ဝတ္ထုကတော့ ဘာမှ ပြောစရာ မရှိဘူး၊ အတော်ကောင်းတယ် ကိုလွင်"

"ဟာ... ဟန်ကျပြီ၊ ဒီလိုဆို ကြော်ငြာထဲ ထည့်ရေးလိုက်မှပဲ"

"ဘယ်လိုလဲ ကိုလွင်ရဲ့"

"ပေါ်လွင်–သိပ်ကောင်းတာပဲ ဟု ပေါ်လွင်၏ချစ်ဇနီးကလေးကိုယ် တိုင်က လက်ဖျားတခါခါ ချီးကျူးရသော ဝတ္ထုကြီးလို့"

"ကြည့်ပါလား၊ မုန်းစရာကိုကောင်းတယ်၊ ဟင်း... ဒီက အဟုတ် အောက်မေ့နေလို့ နားထောင်နေတာ၊ ကဲ... ဝတ္ထုနာမည်တော့ ပြန်စဉ်းစား ကြဦးမှပဲ ကိုလွင်၊ ကိုလွင် ပေးထားတဲ့ နာမည်က..."

"မယ့်ကို သေစေညွှန်းရှောသလားလို့ နာမည်ပေးထားတာ မြင့် မကြိုက်ဘူးပေါ့"

"ကြိုက်ပါတယ်၊ ဒါပေမဲ့ ဝတ္ထုထဲမှာ ကောင်မလေး သေသွားတယ် မဟုတ်လား ကိုလွင်ရဲ့၊ ဒီတော့ မယ့်ကိုသေစေညွှန်းရှောသလားဆိုကတည်း က ပရိသတ်က ကောင်မလေးတော့ ဒုက္ခရောက်မှာနဲ့၊ သေမှာ တစ်ခုခုပဲလို့ တွေးပြီး ကြိုသိနေမယ် မဟုတ်လား"

"ဟာ... အစစ်ပဲ မြင့်ရေ၊ ကြည့်စမ်း... မြင့် ပြောပေလို့သာပေါ့"ဟု

ပြောပြောဆိုဆို ကိုစိန်လွင်လည်း သူ့နားထင်ကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွ ထုလိုက်ပြီးမှ...

"တောက်... ဒီခေါင်းထဲက ဉာဏ်ဟာ ငါ့မယားလေး ဦးနှောက်လောက်မှ အသုံးမကျတာ သိပ်ရှက်ဖို့ ကောင်းတာပဲ"

"လာပြန်ပြီ ဒီစကားက"

"ကဲပါဗျာ... မပြောတော့ပါဘူး၊ ဒီဝတ္ထုကို ဘယ်လို နာမည်ပြောင်းမလဲ၊ ဆိုပါဦး"

"ကိုလွင့် ဝတ္ထုထဲမှာ ကောင်မလေးသေသွားလို့ ကောင်လေးက လွမ်းပြီး ကျန်ရစ်ခဲ့တယ်၊ အဲဒီတော့ ဝတ္ထုနာမည်ကို"

"ပေးလေ မြင့် ဘယ်လို ကြိုက်သလဲ"

"ဂြိုဟ်မင်းတဲ့ မောင့်ကိုမွေ ဆိုရင်ကော မကောင်းဘူးလား ကိုလွင်၊ ဝတ္ထုဇာတ်ကြောင်းထဲမှာလည်း တော်လှန်ရေး ဂြိုဟ်မွေလို့ ချစ်သူနှစ်ဦးစလုံး ဒုက္ခရောက်ရတယ် မဟုတ်လား"

မမြင့်ကြည်က စကားအဆုံးသတ်လိုက်သည့်တိုင်အောင် ကိုစိန်လွင်သည် ဘာတစ်ခွန်းမျှ မပြောသေးဘဲ မမြင့်ကြည်ကိုသာ စွေစိုက်ကြည့်နေသောကြောင့်...

"အို... ဒီလိုမကြည့်နဲ့ ကိုလွင်၊ မြင့် ကြောက်တယ်"ဟု မမြင့်ကြည်က ပြောပြောဆိုဆို ကိုစိန်လွင်၏မျက်နှာကို လက်ဝါးကလေးဖြင့် အုပ်တွန်းကလေး တွန်းပစ်လိုက်ပြီးမှ...

"ကဲ... ဘယ်လိုလဲ၊ မကြိုက်ဘူးလား"

"အကြိုက်လွန်သွားလို့ ဒီကောင် စကားမပြောနိုင်တာ ကြည့်ပါလား၊ ကိုင်း... ခုပဲ ပြင်လိုက်တော့မယ်"

ကိုစိန်လွင်သည် သို့ပြောရင်းကပင် စာမူ အထပ်ကြီးကိုဆွဲယူ၍ ဝတ္ထုနာမည်ကို ရေးခြစ်ပြင်လိုက်ရာမှ...

"ကိုင်း...ဒီညနေပဲ ချစ်နိုင်ငံ့တိုက်ကို သွားပို့လိုက်တော့မယ်၊ ဩော်... ဒါနဲ့ ဦးရင်မောင် ဘာပြောသေးလဲ မြင့်၊ ဟင်"

"ကိုလွင်နဲ့မြင့်တို့ အလွန်းသင့်တာကို သူ သိတယ်မဟုတ်လား၊ ဒါကြောင့် မြင့် ရှေ့မှာတော့ ဘာမှမပြောဘူး၊ ဒါပေမဲ့ ကိုလွင် ထွက်သွားပြီး

တစ်လလောက်ကြာမှ ပေါလွှင်ဆိုတာ ကိုလွှင်ပဲရယ်လို့ သူတို့ သိရတယ်နော်၊ အဲဒါ ကိုလွှင့်ကို ဒီလို ဖွံ့လိမ့်မယ်မထင်ဘဲ အလုပ်ထွက်ခွင့်ပြုမိတာ သူ့ဟာသူ မှားမှန်းသိနေပုံရတယ်"

"အဲဒါ ကိုလွှင် ကံကောင်းတာ မြင့်ရဲ့၊ သူ့ဆီမှာ လုပ်နေတုန်းသိသွားရင် အလုပ်လည်း ထွက်ခွင့်ပေးမှာမဟုတ်ဘူး၊ ပြီးတော့ ဝတ္ထုရေးခကိုလည်း သူ ပေးသလောက်နဲ့ အားနာပါးနာ ကျေနပ်နေရမှာနော်"

"ဟင်း... ဒါတင် ဘယ်ကမလဲ၊ ပျော်တော်ဆက်ကလွဲရင် ဘယ်မဂ္ဂဇင်းမှ မရေးရဘူးဆိုပြီး ချုပ်ချယ်ထားဦးမှာ၊ သိလား"

"ဩော်... မြင့်ကိုတောင် မပြောရသေးဘူး၊ မနက်ကလေ ကိုဘမြိုင် ရောက်လာတယ်"

"ဟင်... ဟုတ်လား၊ ဒါပါဆို လေးခေါက်ရှိပြီပေါ့၊ ဘာတဲ့လဲ၊ ဝတ္ထုလာတောင်းတာပဲ မဟုတ်လား"

"အေးပေါ့ မြင့်ရဲ့၊ ဒီနှစ်ကျပ်တန် ဝတ္ထုပြီးပြီးချင်း ရေးပေးပါ့မယ်ဆိုတဲ့ ကတိအတိုင်း ရေးမယ်လို့ ပြောလိုက်ရတာပေါ့"

ဤတွင် ပီတိတွေဖြာနေသော အကြည့်မျိုးဖြင့် မမြင့်ကြည်က ငေးစိုက်နေသောကြောင့်...

"အို... ဒီလို မကြည့်နဲ့ မြင့်ရယ်၊ ကိုလွှင် ကြောက်တယ်"

သို့လျှင် ကိုလွှင်က သောလုံးကလေးထုတ်ရင်း ရှုံ့သွားသလိုလုပ်ပြလိုက်သောကြောင့် နှစ်ယောက်စလုံးပင် သိမ့်သိမ့်ခါမျှ ရယ်မောပွဲကျသွားတော့၏။

"ကဲ... ကိုလွှင် ပြန်မယ်နော် မြင့်၊ ချစ်နီဗွာနက်လည်း ဝင်ရဦးမယ်"ဟု ပြောရင်း ထိုင်ရာမှ ထကာ...

"ဩော်... ဒါနဲ့ ကိုယ်တို့လည်း အင်းလျားမရောက်တာ သုံးပတ်ရှိသွားပြီနော်၊ လာမယ့် တနင်္ဂနွေနေ့ ဘယ့်နှယ်လဲ မြင့်၊ ဟင်"

"သွားချင်သေးဘူး ကိုလွှင်ရယ်၊ ခုတလော မြင့် နေရ၊ ထိုင်ရတာ တယ်မကောင်းဘူး၊ ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့"

ဤအခိုက် ကိုစိန်လွှင်သည် မမြင့်ကြည်အား စိုက်ကြည့်ရင်း နားစွင့်နေရာမှ တစ်ဖက်သို့လှည့်လိုက်ပြီး...

"ဘယ်က ပြန်လာတာလဲ ဒေါ်ဒေါ်၊ အဝတ်သစ် အစားသစ်နဲ့"ဟု မေးလိုက်စဉ်မှာပင် မြင့်ကြည်၏ဒေါ်ဒေါ်သည် အနီးသို့ရောက်လာပြီး...

"အေးကွယ်... ဟော... မင်းနမကာ ခုတလော မူးသလို၊ မော်သလိုဖြစ်တတ်လာလို့၊ သွေးဆေးလေးစ၊ နှင်းရည်လေးစ သွားဝယ်ရတယ်"

"ကဲ... ဒေါ်ဒေါ် ကျွန်တော်လည်း ရောက်နေတာ ကြာပြီ၊ ပြန်လိုက်ဦးမယ်၊ မြင့် သွားမယ်နော်၊ နက်ဖြန်ညနေမှ လာခဲ့ဦးမယ်၊ ဟုတ်လား"

ကိုစိန်လွင်လည်း ပြောပြောလှည့်လှည့် လှည့်ထွက်သွား၏။ မြင့်ကြည်ကလည်း ညင်သာစွာ ခေါင်းကလေး ညိတ်ပြလိုက်၏။ သို့သော် ရွှင်ရွှင်လန်းလန်း မရှိလှ။ မြင့်ကြည်၏ အမူအရာမှာ စောစောက သူပြောသည့်အတိုင်း နေထိုင်မကောင်းသည့် လက္ခဏာဖြင့် မအီမသာ ရှိနေရှာ၏။

မြင့်ကြည်၏ ဒေါ်ဒေါ်သည် လက်ထဲမှ နှင်းရည်နှင့် သွေးဆေးပုလင်းကို စားပွဲတွင် အသာချရင်း ထိုင်လိုက်ပြီးမှ...

"ဘယ်လိုတုံး ကြည်ကြည်၊ ညည်း ဟိုကိစ္စ သူ့ကို ပြောမပြသေးဘူးလား ဟင်"

"မပြောသေးဘူး ဒေါ်ဒေါ်၊ အဲဒီကိစ္စက သေချာသလား၊ မသေချာဘူးလားဆိုတာ အတပ်မသိရသေးဘူး မဟုတ်လား၊ ကျွန်မတို့ကသာ ထင်နေကြတာပဲ"

"အေး... ညည်းတို့ အဲဒါ ခက်တယ်၊ ငါက လင်ယူ သားမွေးဖူးလို့ပဲ မှဆိုးမဘဝ ရောက်နေပြီ၊ ဒါတွေ အကုန် သိသပေါ့ဟဲ့၊ ညည်း ခုလို မအီမလည်ဖြစ်ပြီး တဝေ့ဝေ့ အန်နေကတည်းက"

"ဟုတ်နေပြီပဲ ထားပါဦး ဒေါ်ဒေါ်ရယ်၊ ဒီအတွက် စိုးရိမ်စရာမရှိပါဘူး၊ သူကတောင် ပြောပါသေးတယ်၊ တစ်ခါတည်း ပြောင်းလာချင်ပြီတဲ့၊ အရပ်က မေးငေါ့မှာစိုးလို့ မင်္ဂလာဆောင်ပြီးမှပဲ အတူနေခွင့်ပြုနိုင်မယ်လို့ပြောထားရတယ်၊ ဒီကိစ္စလည်း ရှေ့လလောက်ဆို"

"ဒီလိုဖြင့်လည်း ပြီးတာပါပဲအေ၊ ငါကတော့ စိတ်ပူလို့သာ တဖျစ်တောက်တောက် ပြောနေရတာ"

အဒေါ်ကြီးလည်း စကားအဆုံးတွင် ဖြုန်းခနဲ ထဝင်သွား၏။ မြင့်ကြည်တွင်မူ တစ်စုံတစ်ရာ အတွေးမပြတ်သေးသလို ငေးငေးကလေး ကျန်ရစ်

ခဲ့၏။

ထိုအခန်းပျောက်သွားပြီးနောက် ကိုစိန်လွင် နေထိုင်ရာ အိမ်ခန်းကလေး ပေါ်လာ၏။

ယခင်ကကဲ့သို့ ရှုပ်ရှုပ်ပွေပွေ မဟုတ်တော့ဘဲ စာအုပ်ဗီရို၊ စာရေးစားပွဲနှင့် အတော်ကလေး သပ်သပ်ရပ်ရပ် ရှိနေသည်ကို တွေ့ရ၏။

ခါတိုင်းလို ဆေးပေါ့လိပ်မဟုတ်တော့ဘဲ စီးကရက် လက်ကြားညှပ်၍ သတင်းစာထိုင်ဖတ်နေသော ကိုစိန်လွင်သည် သတင်းစာတစ်နေရာမှ...

"ပေါ်လွင်–ဆိုလျှင် သူ့လက်ရာကို ပရိသတ်သိပြီးဖြစ်၍ အထူးကြော်ငြာရန်မလို။

ထို့ကြောင့် ပေါ်လွင်၏ ပွဲဦးထွက်ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို ချစ်နိဗ္ဗာန်က ပရိသတ်လက်သို့ (ရှေ့လ ၁ ရက်နေ့)တင်ဆက်တော့မည်ဟူ၍သာ သတင်းကောင်းပါးလိုက်ပါရစေ...။

ပေါ်လွင်–ရေး 'ဂြိုဟ်မင်းတဲ့ ခေါင့်ကိုမွေ'ဝတ္ထုကိုသာ အလုအယက်ဝယ်ပြီး သူ့ထက်ငါဦးအောင် ဖတ်ကြဖို့ပြင်"

ထိုကြော်ငြာကို ပြုံးပြုံးကြီးကြည့်ရင်း ဖတ်နေစိုက် အပြင်မှ ခေါ်သံလိုလို ကြားလိုက်ရသကဲ့သို့ ကိုစိန်လွင်သည် ရုတ်တရက် ခေါင်းငုံနားစွင့်လိုက်ပြီး ထိုင်ရာမှ ထထွက်သွား၏။

မကြာမီ ပြန်ဝင်လာသောအခါတွင်ကား သူ့လက်ထဲတွင် စာလေးငါးစောင် ပါလာသည်ကိုတွေ့ရ၏။ ကိုစိန်လွင်လည်း စားပွဲတွင်ထိုင်မိသည်နှင့် စာတစ်စောင်ကို ဖျာဖျာသလဲဖောက်ပြီး အသံခပ်ကျယ်ကျယ်ကလေးရွတ်၍ ဖတ်လိုက်ရသည်မှာ...

"ဦးလေးပေါ်လွင် ခင်ဗျား၊ ကျွန်တော်ဟာ ပြည်ထောင်စု မြန်မာနိုင်ငံတော် အထက်တန်းကျောင်း နဝမတန်းတွင် ပညာသင်ကြားနေသော လူငယ်တစ်ယောက်သာ ဖြစ်ပါတယ်။ သို့ပါသောကြောင့် ဦးလေးပေါ်လွင်အား ဦးလေးအရွယ်ပင် ဖြစ်လိမ့်မယ်လို့ ရည်မှန်းပြီး ဦးလေးဟု ခေါ်လိုက်ရခြင်း ဖြစ်ပါတယ်"

ဤတွင် ကိုစိန်လွင်လည်း စာအဖတ်ကိုရပ်လျက် ပြုံးပြုံးကြီး ကျေနပ်နေပြီးမှ ဆက်လက်၍...

"ခုလို စာရေးလိုက်ရတဲ့ ရည်ရွယ်ချက်ကတော့ ဦးလေးနဲ့ စာပေမိတ်ဆွေအဖြစ် ဆက်သွယ်ချင်လို့ပါပဲခင်ဗျာ၊ ဦးလေး ရေးလိုက်တဲ့ 'အမြတ်'၊ 'မမ–မင်းကတော်'ဆိုတဲ့ဝတ္ထုတွေကို ဖတ်ရပြီးကတည်းက ဦးလေးရဲ့အရေးအသားတွေကို သဘောအကျကြီးကျပြီး မဂ္ဂဇင်းထွက်လာတာနဲ့တစ်ပြိုင်နက် ဦးလေးရဲ့ဝတ္ထုကိုပဲ ပထမဆုံး ဖတ်ခဲ့ပါတယ်။ နောက်ဆုံး ရေးချင်တာကတော့ ကျွန်တော့်ကို တူကလေးတစ်ယောက်ကဲ့သို့ အသိအမှတ်ပြုနိုင်မယ်ဆိုရင် ကျေးဇူးပြုပြီး အောက်ပါလိပ်စာအတိုင်း စာတစ်စောင်လောက် ပြန်ပါဆိုတဲ့ အကြောင်းပါပဲ၊ ဦးလေးရဲ့တူကလေး မောင်ချစ်မောင်၊ နဝမတန်း (က) နိုင်ငံတော် အထက်တန်းကျောင်း၊ ရွှေဘို"

ကိုစိန်လွင်သည် ထိုစာကိုဖတ်၍ဆုံးသည်နှင့် အခြားစာအိတ်တစ်အိတ်ကို ဖောက်လိုက်ပြန်၏။

"ဦးပေါ်လွင်ရှင့်..."

ပထမစာကို ဖတ်သကဲ့သို့ပင် အသံကို ခပ်ကျယ်ကျယ် ရေရွတ်လိုက်ပြီးမှ ကိုစိန်လွင်သည် ထိုစာနှင့်ပတ်သက်၍ ရုတ်တရက် စိတ်ဝင်စားသွားသလို မျက်လုံးတွေလည်း ကျယ်လာ၏။ စာကိုလည်း မျက်နှာနှင့်နီးသည်ထက် နီးအောင် ကပ်ကြည့်နေရင်းပင်...

"ဦးပေါ်လွင်ရှင့် ဒီစာဖတ်ရတော့ ရုတ်တရက် အံ့အားသင့်ချင်သင့်သွားမှာပဲ၊ တကယ်ဆိုတော့ ကျွန်မဟာ စာပေဝါသနာအိုးတစ်ယောက်ဖြစ်တဲ့အတိုင်း အရေးအသားနဲ့ပတ်သက်လို့ သဘောကျလာရင် အဲဒီကလောင်ရှင်ဆီ အမြဲ ချီးကျူးစာရေးလေ့ရှိပါတယ်၊ ဒါကြောင့်လည်း ရှင်ရေးလိုက်တဲ့ဝတ္ထုတွေနဲ့ပတ်သက်လို့ အထူး နှစ်သက်မိတဲ့အကြောင်း၊ ရှင့်ကို ချီးကျူးချင်လို့သာပဲ ဒီစာကို ရေးလိုက်ရခြင်းပါ ဦးပေါ်လွင်၊ ဒါပါပဲ၊ အကြောင်းထူးမရှိပါ၊ နွဲ့... အင်းစိန်"

ဤစာဖတ်၍ အဆုံးတွင်လည်း ကိုစိန်လွင်သည် ခေါင်းတညိတ်ညိတ်နှင့် အမြိန့်သား ကျေနပ်နေ၏။ တစ်ဖန် နောက်တစ်စောင် ဖတ်ပြန်၏။ ဤတစ်ကြိမ်တွင်မူ အသံထွက်အောင် မရွတ်တော့ဘဲ စိတ်ထဲမှပင် ဖတ်နေ၏။

ထိုအခိုက်တွင် ရုပ်ရှင်ပရိသတ်များပင် မေ့နေပြီဖြစ်သော ကိုဘိုးထင်

ကြီး၏အသံသည် ရုတ်တရက် ပေါ်လာပြန်၏။

"အင်း... ကိုစိန်လွင်... ကိုစိန်လွင်၊ မိန်းမရိုး၊ မိန်းမ လိမ္မာကလေး မမြင့်ကြည်ရဲ့အကူအညီ၊ အကြံဉာဏ်တွေကြောင့် သူရည်မှန်းခဲ့တဲ့ နိုင်ငံကျော်စာရေးဆရာအဖြစ် မရောက်သေးတောင်မှ နိုင်ငံကျော်လုနီးပါး ထင်ရှားလာတယ်ဆိုရင်ပဲ ဟိုက မိတ်ဆက်စာ ရေး၊ ဒီက အသိဖွဲ့နဲ့မို့ ကိုစိန်လွင်တစ်ယောက်ဟာဖြင့် အပျော်ကြီးကို ပျော်ခဲ့တာပေါ့ ခင်ဗျာ"

ထိုအချိန်၌ ကိုစိန်လွင့်မျက်နှာထားမှာ စာဖတ်ရင်းက ပြုံးသွားလိုက်၊ တည်နေလိုက်နှင့် အသွင်အမျိုးမျိုး ပြောင်းနေ၏။ နောက် ထိုစာအပြီးတွင် အခြားစာတစ်စောင်ကို ဖောက်၍ကြည့်လိုက်၏။

ယခုစာကိုဖတ်လိုက်သော ကိုစိန်လွင်၏အမူအရာမှာ စောစောကစာများ ဖတ်စဉ်ကကဲ့သို့မဟုတ်ဘဲ ထူးထူးခြားခြား လှုပ်ရှားသွားသည်ကို တွေ့ရ၏။ စာကိုလည်း ပထမနည်းတူ အသံထွက်အောင် ရွတ်ဖတ်လိုက်သည်မှာ...

"ကိုလေးပေါ်လွင်ရှင့်..."

ကိုစိန်လွင်သည် ချက်ချင်း ဆက်မဖတ်သေးဘဲ ကြည်နူးသွားသလို တွေနေပြီးမှ...

"ကိုလေးပေါ်လွင်ရှင့်... ကိုလေးလို့ ခေါ်ဝေါ် သုံးနှုန်းလိုက်တာကို မကျေနပ်ရင်တော့ဖြင့် ခွင့်လွှတ်ပါရှင်၊ ဒီလို ခေါ်လိုက်ရတဲ့အကြောင်းကတော့ ချစ်နိမ္ဗာန် မဂ္ဂဇင်းကြော်ငြာရာမှာ ကလောင်သစ်ကလေး ပေါ်လွင်လို့ အမြဲရေးလေ့ရှိတာကိုတွေ့ရလို့ အင်း... သူဟာ ငါ့အစ်ကိုအရွယ်လောက်ရှိမှာပဲ ဆိုပြီး အဲသလိုယူဆတာနဲ့ ကိုလေးပေါ်လွင်လို့ ခေါ်လိုက်ရတာပါရှင်၊ ခုလို သိလည်းမသိဘဲနဲ့ စာရေးဆက်သွယ်လိုက်တာကိုလည်း သည်းခံပါလို့... နော်"

ဤတွင်တစ်ဖန် ကိုစိန်လွင် စာအဖတ် ရပ်လိုက်ပြန်၏။ တွေတွေကလေးငေးရင်း ပြုံးနေပြန်၏။

"သည်းခံပါလို့ နော်...တဲ့"

ကိုစိန်လွင်လည်း သို့လျှင် ထိုအပိုဒ်ကလေးကိုရွတ်ရင်း အနှုးအညွတ်ကျေနပ်နေပြန်၏။

"ကျွန်မကတော့ ဝတ္ထုသာဖတ်ရမယ်ဆိုရင် ထမင်းလည်း မေ့၊ ဟင်းလည်းမေ့ဆိုသလို အင်မတန် အစွဲအလမ်းကြီးသူတစ်ယောက် ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဖတ်တဲ့လူအဖို့ အကျိုးရှိမယ့်စာမျိုးကိုသာ ရွေးပြီး ဖတ်လေ့ရှိပါတယ်၊ ခုတလောမှာတော့ ကိုလေးပေါ်လွင်ရေးတဲ့ ဝတ္ထုတွေကို အနှစ်သက်ဆုံးပါပဲ၊ မြှောက်ပြောတာလို့တော့ မထင်လိုက်ပါနဲ့ရှင်၊ ကျွန်မရဲ့သဘောအရဆိုရင်တော့ဖြင့် 'အမြတ်'ကို ပိုကြိုက်ပါတယ်"

ကိုစိန်လွင်လည်း ခေါင်းတညိတ်ညိတ်နှင့် သဘောကျနေပြီးမှ တစ်ဖန်ဆက်လက်၍ ဖတ်ပြန်သည်မှာ...

"ဪ... ဒါနဲ့ 'ဂြိုဟ်မင်းတဲ့ မောင့်ကိုမွေ'ဆိုတဲ့ ဝတ္ထုကြော်ငြာကိုတွေ့ရတာ သုံးလေးကြိမ် ရှိနေပါပြီ၊ ရှေ့လ ၁ ရက်နေ့ ထွက်မယ်ဆိုတာအမှန်ပဲလားရှင်၊ ပြီးတော့ ရိုင်းတယ်လို့မထင်ရင်ဖြင့် တစ်ခုမေးပါရစေ၊ အဲဒီဂြိုဟ်မင်းတဲ့ မောင့်ကိုမွေ ဆိုတဲ့ဝတ္ထုဟာ အလွမ်းဝတ္ထုကြီးထင်ပါရဲ့၊ ဟုတ်လား ကိုလေးပေါ်လွင်၊ စပ်စုတယ်လည်း မထင်ပါနဲ့နော်၊ တကယ်လို့များအချိန်အားမယ်ဆိုရင်တော့ဖြင့် ကျွန်မ သိချင်တာကလေး တစ်ဆိတ်လောက်စာပြန်ပါလို့၊ မူမူ–စာတိုက်မျုးမှတစ်ဆင့် ရန်ကုန်တက္ကသိုလ်"

ထိုစာကို လက်စသတ်ပြီးသော်လည်း ကိုစိန်လွင် မရပ်၊ နောက်တစ်ကြိမ် ထပ်၍ ဖတ်ပြန်၏။ သို့သော် သူအသံမထွက်ဘဲ စိတ်ထဲမှပင် ဖတ်လျက်ရှိ၏။

ယင်းအခိုက်တွင် တစ်ဖန် ကိုဘိုးထင်ကြီး၏အသံသည် လေးလေးနှင့် မှန်မှန် ထပ်၍ ပေါ်လာပြန်၏။

"အဲဒီနေ့ဟာဖြင့် သူ့ဝတ္ထုတွေ ချစ်နိဗ္ဗာန်ထဲ ပါပြီးတဲ့နောက် ပထမဆုံးချီးကျူးစာ၊ မိတ်ဆက်စာရတဲ့နေ့ပါပဲ၊ သူ့မှာဖြင့် ပျော်လွန်းလို့ ထမင်းတောင်မစားနိုင်ရှာဘူး၊ စာတွေကိုလည်း သုံးလေးခါ ပြန်ဖတ်၊ နောက်ပြီး ပြန်စာတွေရေး"

ဤအချိန်၌ ကိုစိန်လွင် ဖတ်နေသောစာကို ရှေ့တွင်ချလျက် စာရေးစက္ကူကတ်ကိုဆွဲယူကာ စာကိုကြည့်လိုက်ရေးလိုက်ဖြင့် အလုပ်ရှုပ်နေသည်ကို တွေ့ရ၏။

"ပြန်စာတွေ ရေးပြီးပြန်တော့လည်း အဲဒီစာတွေကို တစ်ဖတ်တည်း

ဖတ်နေလိုက်တာဟာ ညအိပ်ခါနီးမှပဲ လက်စသတ်ပါတော့တယ်"

ထိုစကားသံနှင့်လျော်ညီစွာ စာရေးနေသော ကိုစိန်လွင်၏ အခန်းသည် မှန်ဝါးပျောက်ကွယ်သွားပြီး တစ်ယောက်အိပ် ခေါက်ခုတင်ကလေးတွင် ပက်လက်လှန်အိပ်ရင်း ကိုစိန်လွင်သည် ခုတင်ဘေးရှိ မှန်အိမ်အလင်းရောင်ဖြင့် နံနက်က စာများကိုပင် ဖတ်နေသည့် ရှုခင်းသည် တဖြည်းဖြည်းချင်း ထင်ရှားစွာ ပေါ်လာ၏။

မကြာမီပင် အားခနဲ တစ်ချက်သမ်းပြီး ပင့်တင်ထားသော ခြင်ထောင်ကို ဆွဲချလိုက်ပြီးနောက် ကိုစိန်လွင်လည်း မီးအိမ်ကို မှုတ်လိုက်၏။ တစ်ခန်းလုံး မှောင်မည်းသွားသည်နှင့်အတူ ထိုရှုခင်းသည်လည်း အဆုံးသတ်သွားတော့၏။

* * *

နောက်တစ်နေ့၏ မြင်ကွင်းဖြစ်သော ကိုစိန်လွင်၏အခန်းကလေးထဲတွင် ကိုစိန်လွင်နှင့် ဦးရင်မောင်တို့သည် မျက်နှာချင်းဆိုင်ထိုင်လျက်ရှိကြ၏။

"အမှန်ကတော့ ဆရာကိုယ်တိုင် လိုက်လာဖို့တောင် မလိုပါဘူး၊ ကျွန်တော် ဒီညနေပဲ ဝတ္ထုကို အဆုံးသတ်ပြီး လာပို့မယ်လို့ စီစဉ်ပြီး"

ကိုစိန်လွင်က ရှိရှိသေသေပင် ပြောလိုက်၏။

"ကိစ္စမရှိပါဘူး၊ ခင်ဗျားနဲ့လည်းတွေ့ချင်လို့ တမင် လာခဲ့တာပါ၊ ဒါနဲ့ ကိုပေါ်လွင် ကျုပ်တို့ ပျော်တော်ဆက်မဂ္ဂဇင်းကို တိုးချဲ့ဖို့အတွက် အယ်ဒီတာတစ်ယောက် လောလောဆယ် လိုနေတယ်၊ ခင်ဗျား ဝင်လုပ်မယ်ဆိုရင်တော့ ကျုပ် သိပ်ဝမ်းသာမှာပဲ၊ လခကိုလည်း သုံးရာကစပြီး ယူပေါ့ဗျာ၊ ဝတ္ထုရေးခလည်း သပ်သပ်ပေးပါဦးမယ်၊ ဘယ့်နှယ့်လဲ"

ကိုပေါ်လွင်လည်း ခပ်တွေတွေ ငေးနေပြီးမှ...

"ဟုတ်ကဲ့၊ သင့်မြတ်တဲ့ လိုက်လျောမှုဆိုတာကိုတော့ ကျွန်တော် ဝန်ခံပါတယ်၊ ဒါပေမဲ့ နည်းနည်း စဉ်းစားပါရစေဦး ဆရာ၊ နော်"

ဦးရင်မောင်က လေးလေးတွဲ့တွဲ့ကြီး ခေါင်းညိတ်နေ၏။ ထိုအခိုက် ကိုဘိုးထင်ကြီး၏အသံသည် ပြတ်ပြတ်သားသား ပေါ်လာပြန်၏။

"ကိုစိန်လွင်... ခုဆိုရင်ဖြင့် တစ်မုဟုတ်ချင်း နာမည်ကျော်လာတဲ့

ကလောင်ရှင် ပေါ်လွင်ဟာ ကလောင်သစ်ဘဝမှာတုန်းက မျက်နှာငယ်ခဲ့၊ အောက်ကျခဲ့သလောက် ခုတော့ဖြင့် မဂ္ဂဇင်းတိုက်ရှင်တွေကိုယ်တိုင် အိမ်အရောက်လာပြီး စာမူတောင်းရတဲ့အထိ ကျော်ကြားလာလေလေ သူ့စိတ်ထားဟာ တစ်မျိုးတစ်မည် ပြောင်းလာလေလေ ဖြစ်ခဲ့ပါတယ်"

ထိုအချိန်တွင် ဦးရင်မောင်နှင့် ကိုပေါ်လွင်တို့မှာ စကားပြောမြဲပင်ပြောလျက် ရှိကြ၏။ သို့သော် သူတို့အသံကိုကား မကြားရ။ နောက်မကြာမီ ထိုအခန်းသည် မှုန်၍ ပျောက်သွားလုလုတွင် မမြင့်ကြည်တို့အိမ်၌ ကိုပေါ်လွင်နှင့် မမြင့်ကြည်တို့ မျက်နှာချင်းဆိုင်၍ စကားတွေ လှိုင်နေသောအခန်းသည် မှုန်ရီမှုန်ဝါးမှ တဖြည်းဖြည်း ထင်ရှင်းလာ၏။

"ဒီမှာကြည့်စမ်း မြင့်၊ ကိုလွင့်ကို ချီးကျူးလိုက်တဲ့စာတွေ၊ မိတ်ဖွဲ့လိုက်တဲ့စာတွေ ဖတ်ကြည့်ပါဦး၊ ဒီနေ့ တစ်နေ့တည်းတင် ချစ်နိုဗွာနက်ကတစ်ဆင့် ရောက်လာတာချည်း စာခြောက်စောင်"

ကိုပေါ်လွင်သည် ဆယ့်လေးငါးစောင်မျှသော စာများကို လွယ်အိတ်အတွင်းမှ မမြင့်ကြည်အား ထုတ်ပေးရင်း အားရဝမ်းသာ ပြောနေသည့်တိုင်အောင် မမြင့်ကြည်တွင်မူ မရွှင်နိုင်၊ မပြုံးနိုင်နှင့် စာများကိုငေးကြည့်ရင်း ငိုင်နေရှာ၏။

"အို့ဟို... မြင့် ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

မမြင့်ကြည်လည်း ထိုအဖြေမျှနှင့်ပင် ခေတ္တ နားနေပြီးမှ...

"ဒီမှာ ကိုလွင်၊ ခုဆို ကိုလွင်ဟာ နိုင်ငံကျော် စာရေးဆရာကြီးတစ်ယောက်ဖြစ်လာပြီနော်၊ ဟိုက မိတ်ဆက်၊ ဒီက ချီးကျူးနဲ့၊ နောက်ပြီး နှုတ်ခမ်းနီ၊ ပါးနီကလေးတွေဆီကလည်း..."

"ဟော... ဟော... ကြည့်၊ မြင့်က ကိုလွင့်ကို မယုံချင်သလို ဖြစ်လာပြီလား၊ ကဲ... ဒါဖြင့် ဒီညနေပဲ ပြောင်းလာတော့မယ်လေ"

အာမခံရဲရဲနှင့် ကိုပေါ်လွင်က အံကလေးခဲ၍ ပြောလိုက်သည်တွင်မှ မမြင့်ကြည်ခမျာ ရယ်ဖော်ပြုံးဖော် ရလာ၏။

"အောင်မာ... ဒီလိုတော့ ဘာရမလဲ၊ မင်္ဂလာမှ မဆောင်ရသေးတာ"

"ကဲ... မြင့် စကားချည်းပဲ၊ အရင်လတုန်းကတည်းက နည်းနည်းနဲ့

ကျဲကျဲ ဝိုင်းပြီး လက်ထပ်လိုက်ကြပါစို့ဆိုတော့ အီလေး၊ အားလေးနဲ့လုပ်နေတယ်"

"ဟင်း... ပြောတော့ လွယ်လိုက်တာ၊ ရှိတဲ့ငွေကဖြင့် သုံးလေးရာနဲ့ အားကြီးလောက်လိမ့်မယ်"

"ဘာလို့မလောက်ရမှာလဲ၊ အိပ်ရာခမ်းနားတော့ အတော်အသင့် ရနိုင်တာပဲ မဟုတ်လား"

"ဘာလဲ၊ ဖိတ်စာနဲ့ အကျွေးအမွေးနဲ့မဟုတ်တဲ့ ရုံးမှာတင် လက်ထပ်မယ်ပေါ့၊ ဒီလိုလား"

"ဒါပေါ့ မြင့်ရဲ့၊ နို့... ကိုယ်တို့က သိပ်အကုန်ခံနိုင်တဲ့ အင်အားမှ မရှိတာ"

"ဟင်... မြင့်က လူတွေ၊ ဘာတွေဖိတ်ပြီး သိပ်ခမ်းခမ်းနားနားကြီး မဟုတ်တောင်..."

"ကိုလွင်လည်း မြိုင်မြိုင်ဆိုင်ဆိုင်ကလေးတော့ လုပ်ချင်တာပေါ့၊ ဒီလိုဆို လုံးချင်းဝတ္ထု နှစ်ကျပ်တန် နောက်တစ်ပုဒ်ပြီးမှပဲ လက်ထပ်ကြစို့နော်၊ အဲဒီအချိန်လောက်ဆိုရင် ငွေထောင့်လေးငါးရာတော့ စုမိမှာပဲ"

ကိုပေါ်လွင့်စကားကို နားအရသာခံနေရာမှ မမြင့်ကြည်လည်း ပြုံးပြုံးကလေး ခေါင်းညိတ်လိုက်၏။ ဆက်လက်၍ စကားပြောနေကြသည်သာဖြစ်သော်လည်း အသံများကိုမူ မကြားရတော့တဲ့ ကိုဘိုးထင်ကြီး၏အသံသာ လျှင် ရုတ်တရက် ပေါ်လာ၏။

"အဲဒီနေ့အထိတော့ဖြင့် ကိုပေါ်လွင်ဟာ မမြင့်ကြည်ကို စွဲစွဲလမ်းလမ်းနဲ့ သစ္စာရှိရှိ ချစ်နေတုန်းပါပဲ၊ ဒါပေမဲ့ သူ့ဆီကိုရောက်လာတဲ့ ချီးကျူးစာ၊ မိတ်ဖွဲ့စာတွေအနက်က တက္ကသိုလ် ကျောင်းသူကလေး မူမူရဲ့စာကိုတော့ဖြင့် မမြင့်ကြည်ကို သူ မပြခဲ့ဘူး၊ ဘာကြောင့် မပြသလဲလို့ ကျွန်တော်က မေးတဲ့အခါမှာ ကိုပေါ်လွင်က ဘယ်လို ပြန်ဖြေသလဲဆိုတော့ မူမူ ရေးလိုက်တဲ့ စာကိုပြရင် မမြင့်ကြည် အထင်လွဲသွားမှာစိုးလို့ပါတဲ့"

ဤတွင် ကိုဘိုးထင်ကြီး အသံရော၊ မမြင့်ကြည်တို့အခန်းပါ ပျောက်သွားပြီး...

မူမူတို့နေထိုင်ရာ တိုက်အပေါ်ထပ် အခန်းတစ်ခုအတွင်းဝယ် မူမူ

သည် ခုတင်ပေါ်တွင် ကိုယ်တစ်စောင်းကလေးအိပ်ရင်း စာတစ်စောင်ကို မက်မက်မောမော ဖတ်လျက်ရှိသည်ကို တွေ့ရ၏။

"မမူမူခင်ဗျား..."

မူမူသည် ထိုအတိုင်း အသံထွက်အောင် ရေရွတ်လိုက်ပြီးမှ သဘောမကျသလို အိုသွားသော မျက်နှာကလေးဖြင့်...

"ဟင်... မမူမူခင်ဗျား...တဲ့၊ ကိုလေးပေါ်လွင်ကလည်း ဘယ်လိုမှန်းလည်း မသိဘူး၊ တကယ်ဆို ညီမလေးမူမူလို့ ရေးလိုက်ပါတော့တဲ့လား၊ ဒါမှမဟုတ် မူမူရေဆိုလည်း တော်သေးရဲ့၊ ခုတော့ ဟင်း... မမူမူခင်ဗျား တဲ့"

မူမူသည် မဲ့မဲ့ရွဲ့ရွဲ့ကလေး ရေရွတ်လိုက်ရင်း တစ်ယောက်တည်း သဘောကျနေပြန်၏။

"အေးလေ၊ စာပြန်ဖော်ရတာပဲ တော်လှပြီ၊ အင်း... နောက်ပြီးတော့" ဟု ရေရွတ်နေပြီးမှ စာကို ဆက်ဖတ်နေပြန်၏။

"မမူမူ ပေးစာအရ ကျွန်တော့်ဝတ္ထုများကို နှစ်မြိုက်ကြောင်းသိရသည့်အတွက် အလွန်တရာ ဝမ်းသာမိပါသည် တဲ့။ ကြည့်ပါဦး သူ ရေးလိုက်ပုံကလည်း စာသံပေသံတွေနဲ့ ရင်းရင်းနှီးနှီး မရှိလိုက်တာ"

မူမူသည် သို့လျှင် ဖတ်ရင်းက ညည်းညူလိုက်လေသေး၏။

"ကျွန်တော် ရေးလိုက်သော ကြိုဟင်မင်းတဲ့ မောင့်ကိုမွေ့ ဝတ္ထုမှာ မမူမူ ယူဆသည့်အတိုင်း အလွမ်းဝတ္ထုပင်ဖြစ်သော်လည်း မှတ်သားနာယူဖွယ် အချက်ကလေးများပါသောကြောင့် မမူမူ နှစ်သက်ပါလိမ့်မည်တဲ့။ ရှေ့လ ၁ ရက်နေ့ ထွက်မည်မှာ အမှန်ပင်ဖြစ်ပါသည်ခင်ဗျားတဲ့။ ကျန်းမာပါစေ၊ ကျန်းမာပါ၏။ ပေါ်လွင်...တဲ့"

သို့လျှင် အသံထွက်အောင် ကျယ်ကျယ်ကလေးအော်ဖတ်လျက်ရှိရာမှ စာအဆုံးတွင် နောက်ထပ်တစ်ဖန် ဖတ်နေပြန်သေး၏။ သို့သော် နှုတ်ခမ်းကလေးများသာ တရွရွ လှုပ်နေသည်၊ အသံကား ထွက်မလာတော့ပေ။

ထိုစာဆုံးသလောက်ရှိသည်နှင့် ဖြုန်းခနဲ ခုတင်ပေါ်မှ ထသွားပြီး မလှမ်းမကမ်းရှိ မှန်တင်ခုံကလေးသို့ လျှောက်သွားကာ အံဆွဲကိုဖွင့်၊ စာရေးစက္ကူကတ်ကိုထုတ်လျက် တကုပ်ကုပ် ရေးနေသည်ကို တွေ့ရ၏။

တစ်ဖန် ထိုအခန်းသည်လည်း မှုန်၍ ပျောက်သွားလုလုတွင် စားပွဲပေါ်ထိုင်လျက် စာတစ်ရွက် ကိုင်ဖတ်နေသော ကိုပေါ်လွင်အား ရေးရေးမှသည် တဖြည်းဖြည်း ထင်ရှားစွာ ပေါ်လာပြန်၏။

ပထမသော် ကိုပေါ်လွင်သည် စာကို စိတ်ထဲမှပင် ဖတ်နေ၏။ ထိုအခိုက် ကိုဘိုးထင်ကြီး၏အသံသည် ပီပီသသကြီး ပေါ်လာပြန်၏။

"ကိုပေါ်လွင်ဟာ မူမူဆိုတဲ့ တက္ကသိုလ်ကျောင်းသူကလေးတစ်ဦးနဲ့ ရိုးရိုးစာပေ မိတ်ဆွေအနေနဲ့ အပြန်အလှန် ဆက်သွယ်ခဲ့ကြပါတယ်။ နို့ပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ရေးပုံသားပုံတွေဟာ မထိတထိနဲ့ တစ်ယောက်ကို တစ်ယောက် ကလိသလို ဖြစ်လာကြပုံကတော့"

ဤတွင် စိတ်ထဲမှဖတ်နေသော ကိုပေါ်လွင်သည် ရုတ်တရက် အပြုံးကြီးပြုံးသွားရာမှ တစ်ဖန် အသံကျယ်ကျယ်နှင့် တစ်ကြိမ် ထပ်၍ ဖတ်ပြန်၏။

"ကိုလေးပေါ်လွင်ရှင့်၊ ကိုလေးရဲ့ပြန်စာကို မျှော်လင့်တစ်ဝက် မမျှော်လင့်တစ်ဝက်နဲ့ ပြန်မှပြန်ပါ့မလားလို့ပေါ့လေ၊ တမ်းတနေတုန်း ဗြုန်းဆို စာရောက်လာတော့ မူမူဖြင့် ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်းမသိဘူး ကိုလေးရယ်"

ဤနေရာအရောက်တွင် ကိုပေါ်လွင်၏ မျက်လုံးများ ပို၍ တောက်ပြောင်လာ၏။ မျက်တောင်တခတ်ခတ်နှင့် အကျေနပ်ကြီး ကျေနပ်နေရာမှ ထိုအပေါ် စာပိုဒ်ကလေးကိုပင် စိတ်ထဲမှဖတ်သလို သူ့မျက်လုံးများသည် လက်ဝဲလက်ယာ လှုပ်ရှားလျက်ရှိ၏။ ပြီးမှတစ်ဖန် အသံထွက်နှင့် ဆက်လက်၍ ဖတ်နေပြန်သည်မှာ...

"ဩော်... ကိုလေးရေးတဲ့ လုံးချင်းဝတ္ထုဟာ ရှေ့လ ဆက်ဆက်ထွက်မယ်နော်၊ ဒီလိုဆို မူမူတို့ဖတ်ရမှာ သေချာပြီပေါ့၊ ဟုတ်လား ကိုလေး၊ အင်း... ပြီးတော့ ကိုလေးက ရေးလိုက်တယ်၊ ဒီဝတ္ထုဟာ အလွမ်းပေမဲ့ မူမူ နှစ်ခြိုက်ပါလိမ့်မယ်တဲ့၊ ဟုတ်ပါတယ်၊ မူမူကတော့ ကိုလေးရေးတဲ့ ဝတ္ထုဆို မကြိုက်တာရယ်လို့ မရှိပါဘူး၊ နောင်လည်း ကိုလေး ဝတ္ထုဆိုရင် ဘာပဲရေးရေး မူမူတစ်ယောက်ကတော့ဖြင့် ခြွင်းချက်မရှိ မြတ်နိုးမှာပါရှင်"

ကိုပေါ်လွင်သည် စာပိုဒ်အဆုံးတွင် တစ်မျက်နှာလုံး ပီတိသောမနဿတွေ ဖုံးသွားရာမှ 'ဩော်... မူမူ... မူမူ' ဟူ၍ပင် ရေရွတ်နေသေးတော့၏။

"ဒါနဲ့ ကိုလေးရယ်၊ မူမူဖြင့် ကိုလေးရဲ့လိပ်စာအမှန်ကို မသိရလို့ ချစ်နိဗ္ဗာန်ကတစ်ဆင့် ပို့ပို့နေရတယ်၊ ဒီတော့ ကိုလေးရဲ့လိပ်စာကို မူမူ့ဆီ ပို့ပေးပါလားဟင်၊ ကဲ... တော်ပြီ ကိုလေးရေ၊ နောက်မှပဲ စာရှည်ရှည်ရေး တော့မယ်၊ အို... မေ့နေလိုက်တာ၊ နောက်ကို စာရေးရင် မမူမူ ခင်ဗျားတွေ ဘာတွေ လုပ်မနေပါနဲ့တော့ ကိုလေးရယ်၊ ကိုယ့်ညီမလေးအရွယ်ပဲဟာ၊ မူမူက ခုမှ ဆယ့်ရှစ်နှစ်သာသာပဲ ရှိသေးတော့ ညီမလေး မူမူဆို ပြီးတာပဲ၊ ဟုတ်လား... နော်၊ ကိုလေးနဲ့တကွ ချစ်ခနီး၊ သားသမီးများပါ ကျန်းမာပါစေ ရှင်၊ မူမူ"

ခပ်ညညုကလေး ရေးလိုက်သောစာကို ကိုပေါ်လွင်သည် အသံပြု၍ ဖတ်လိုက်ပြီးနောက် ချက်ချင်းပင် ပြန်စာကို ကောက်ရေးနေ၏။

ဤတစ်ကြိမ်တွင် ပြတ်သားကြည်လင်သော ကိုဘိုးထင်ကြီး၏အသံ သည် ပေါ်လာပြန်၏။

"အဲသလို တစ်ယောက်က မထိတထိရေးတော့ တစ်ယောက်က လည်း ရိုတိုတိုနဲ့ စာပြန်၊ ဒီလိုနဲ့ စာအပြန်အလှန်တွေဟာ ဆယ့်လေးငါးစောင် လောက်အထိ ရေးမိကြတော့ ကိုပေါ်လွင်နဲ့ မူမူတို့ဟာ အတော်ကြီးကို ရင်းနှီးလာကြပါတယ်"

သို့ ကိုဘိုးထင်အသံ ကြားနေရသည့် အချိန်အတွင်း၌ ကိုပေါ်လွင် စာရေးနေသည့်အခန်းသည်လည်းကောင်း၊ မူမူ စာဖတ်နေသည့်အခန်းသည် လည်းကောင်း၊ တစ်ဖန် မူမူက စာရေး၍ ကိုပေါ်လွင်က စာဖတ်၊ နောက် ပြန်စာရေး စသည့် အခန်းကလေးများသည် နေရာဌာန၊ အမူအရာ၊ အဝတ် အစားကအစ တစ်ခန်းနှင့်တစ်ခန်း မတူဘဲ အမျိုးမျိုး ပြောင်းလဲ၍ မှန်ချည် လင်းချည်ဖြင့် အရောရော အနှောနှော ပေါ်လျက်ရှိ၏။

နောက် ထိုအခန်းများနှင့်အတူ ကိုဘိုးထင်ကြီး၏အသံပါ ပျောက် သွားပြီး...

အပြင်ထွက်ရာမှ အိမ်ပြန်လာဟန်တူသော ကိုပေါ်လွင်သည် သူ့ အခန်းထဲသို့ရောက်သည်နှင့် စားပွဲပေါ်တွင်ရောက်ရှိနေသော စာအိတ်လေး ငါးခုကို ပျာပျာသလဲ ကောက်ယူလိုက်၏။ ပထမစာနှစ်စောင်ကိုဖောက်၍ ပင် မဖတ်တော့ဘဲ တစ်ခုပြီးတစ်ခု ပစ်ချလိုက်ပြီး တတိယစာကိုကား အနီး

သို့ကပ်၍ သေသေချာချာ ကြည့်လိုက်၏။

အင်္ဂလိပ်စာအတိုကောက် **M.M** ဟူသော စာလုံးကလေးနှစ်လုံးကို စာအိတ်ထောင့်တစ်နေရာတွင် တွေ့ရသည်နှင့် လက်တစ်ဖက်ဖြင့်ကိုင်ထားသော အခြားစာများကိုပါ ပစ်ချလိုက်ပြီး သူ့အဖို့ အရေးကြီးနေသည်ထင်ရသော အဆိုပါ စာကိုသာ ခပ်သုတ်သုတ် ဖောက်လိုက်၏။

စာကိုမဖတ်သေးဘဲ စာရွက်ကြားတွင် ညပ်၍ပါလာသော ပို့စကတ်အရွယ် ကတ်ထူပြားကလေးကို အလွန် ရှင်လန်းသောမျက်နှာဖြင့် စူးစိုက်ကြည့်နေ၏။ ထိုပို့စကတ်ကလေးမှာ ကိုယ်ဟန်ကြော့ကြော့နှင့် မော့မော့ကလေး ရိုက်ကူးထားသော မူမူ၏ ဓာတ်ပုံကလေးဖြစ်နေသည်ကို တွေ့ရ၏။

ကိုပေါ်လွင်လည်း ဓာတ်ပုံကိုကြည့်၍ အားရသလောက်ရှိမှ နှာခေါင်းနှင့် အသာတေ့လိုက်၏။ ထို့နောက် စာကိုကောက်၍ ဖတ်လိုက်သည်မှာ...

"ကိုလေးလွင်၊ အရင် သောကြာနေ့က မူမူ ပို့လိုက်တဲ့ ဓာတ်ပုံကသေးလည်းသေး၊ ပုံကလည်း သိပ်မကောင်းလို့ ခု ပို့စကတ်ဆိုက်အရွယ် ရိုက်ပို့လိုက်တယ်၊ သဘောကျရဲ့မဟုတ်လား၊ တိတ်တိတ်ခိုးပြီး မွှေးမွှေးပေးမနေနဲ့ဦးနော် ဆရာကြီး"

ထိုစာပိုဒ် အရောက်တွင် ကိုပေါ်လွင်သည် ဓာတ်ပုံကို ဆတ်ခနဲကောက်တဲ့ကာ နှာခေါင်းနှင့်မွှေးရုံသာမဟုတ် ပါးစပ်နှင့်ပါ တပြွတ်ပြွတ်စုပ်ရင်း...

"မွှေးတယ်... မွှေးတယ် ဘာဖြစ်သလဲ၊ မူမူ့ကိုချစ်လို့ကိုပဲ မွှေးတယ်၊ ခု တိတ်တိတ်ခိုးပြီး ဓာတ်ပုံကိုမွှေးတယ်၊ နောက်ဆိုရင် လူကိုတောင် မွှေးရဦးမှာ သိလား"

ကိုပေါ်လွင်သည် သို့လျှင် ရေရွတ်လိုက်၊ ဓာတ်ပုံကို ကြည့်၍ပြောလိုက်၊ နမ်းလိုက်ဖြင့် အငမ်းမရဖြစ်နေသည်ကို တွေ့ရ၏။

ရုတ်တရက် ထိုအခန်းပျောက်သွားပြီး မဖြင့်ကြည်တို့ အိမ်ခန်းကလေး ပေါ်လာ၏။

ပက်လက်ကုလားထိုင်ကလေးတစ်လုံးတွင် မရွှင်သောမျက်နှာဖြင့်

တစ်ခုံတစ်ရာကိုတွေးလျက်ရှိစဉ် အနီးတွင်ထိုင်နေသူ သူ့ဒေါ်ဒေါ်က...

"ငါကတော့ လူကြီးမို့ မဖြစ်တန်တာ မဖြစ်ရအောင်ဆိုပြီး အစောကြီး အစောညီးက သတိပေးတယ်၊ ညည်း နားမထောင်ဘူး"

"မဟုတ်ပါဘူး ဒေါ်ဒေါ်ရယ်၊ ခု ဘာများဖြစ်သေးလို့တုံး"

"ဖြစ်တော့မဖြစ်သေးပါဘူး၊ တစ်နေ့နေ့မှာ စိတ်မချမ်းသာစရာ ဖြစ်လာမှာစိုးလို့ပါ၊ ခုပဲကြည့်လေ၊ မောင်စိန်လွင် ပေါ်မလာတာ ဘယ်နှရက်ရှိပြီလဲ၊ ကဲ..."

"ဒါတော့ ဒေါ်ဒေါ်ရယ်၊ ကျွန်မတို့ကိစ္စအတွက်ပဲ သူ့မှာ လုံးပန်းနေရတယ် မဟုတ်လား၊ ဝတ္ထုတွေရေးနေရတာနဲ့ မအားလို့ဖြစ်မှာပေါ့၊ ကျွန်မကိုလည်း ပြောထားပါတယ်"

သို့ပြောလိုက်သော မမြင့်ကြည်၏အမူအရာမှာ စကားနှင့်အဆင်ပြေအောင် အမိပ္ပာယ်ဆောင်နေခြင်းမရှိလှဘဲ သူ့ဒေါ်ဒေါ်၏ စွပ်စွဲချက်ကိုပင် မသိမသာ ထောက်ခံနေသလိုအသွင်မျိုး ပေါ်လာ၏။

"အေး... အစာဝလို့ ဋ္ဌာနပြန်တာမျိုးမဖြစ်ရင် ပြီးတာပါပဲအေ၊ နောက်ပြီး ညည်း ဟိုဥစ္စာကလည်း သုံးလထဲရောက်နေပြီ မဟုတ်လား"

ထိုအခိုက် မမြင့်ကြည်သည် မျက်လုံးကလေး အဝိုင်းသားနှင့် သူ့ဗိုက်ကလေးကိုကြည့်ရင်း မသိမသာ စမ်းနေမိရှာ၏။

"လူမြင်လို့မကောင်းတော့ဘူး ကြည်ကြည်၊ ညည်း ခွင့်ယူပြီး အိမ်မှာပဲနေဖို့ အချိန်တော်နေပြီ၊ လူသိရင်ကြား လင်နဲ့သားနဲ့ဆိုရင်တော့ အရေးမကြီးဘူးပေါ့"

မမြင့်ကြည် ငိုင်သွား၏။

"တစ်နေ့ကတောင် ခြေရင်းအိမ်က မစောသန်းတို့က လှောင်သလိုလိုနဲ့ပြောပြီ၊ ဒေါ်ဒေါ့်တူမလည်း တစ်နေ့တခြား ဝလာလိုက်တာနော်တဲ့"

မမြင့်ကြည်တွင် ငိုင်နေရာမှ ယိုင်ကျမသွားအောင် ကုလားထိုင်လက်တန်းကို ကိုင်ထားလိုက်ရရှာ၏။ မျက်ရည်လည်း ဝဲနေ၏။ ကြက်သေလည်း သေနေ၏။ မကြာမီ ထိုအခန်းသည်လည်း ဝေဒနာမှုန်ပျောက်သွားတော့၏။

* * *

ချက်ချင်းပင် မူမူ၏စာကို ဖတ်လက်စပင်ရှိနေသေးသော ကိုပေါ်လွင်၏ရုကွင်းသည် ရှင်းရှင်းလင်းလင်း ပေါ်လာ၏။

"ဒါနဲ့လေ… ကိုလေး ပို့လိုက်တဲ့ဓာတ်ပုံက ဆေးသားသိပ်ညှိတာပဲနော်၊ ဘယ်ဆိုင်မှာ ရိုက်တာလဲဟင်၊ သြော်… သိပြီ… သိပြီ၊ ကိုလေးတို့ စာရေးဆရာတွေဟာ အင်မတန် ဘိုင်ကျတယ်လို့ သိရတယ်၊ ဒါကြောင့်များ ဈေးပေါပေါနဲ့ရတဲ့ဆိုင်မှာ ရိုက်တယ်ထင်ပါရဲ့"

ကိုပေါ်လွင်လည်း မဲ့ပြုံးကလေး ပြုံးလိုက်၏။

"အဲဒီအတိုင်းမှန်ရင်တော့ မူမူ စိတ်မကောင်းဘူးပဲ ဆရာ၊ တကယ်လို့ ငွေရေးကြေးရေး အကျပ်အတည်းရှိရင် စာသာရေးလိုက်ပေါ့၊ မူမူ ကူညီနိုင်ပါတယ်၊ အားနာစရာ မလိုပါဘူး၊ ကိုယ်ချစ်တဲ့သူပဲဟာ… နော် ကိုလေး"

မျက်နှာကို အချိုးဆုံးထားလျက် အသံထွက်ဖတ်နေရာမှ ကိုပေါ်လွင်လည်း ထိုအပိုဒ်အရောက်တွင် ခေါင်းတဆတ်ဆတ် ညိတ်နေ၏။

"ဒီမှာ ကိုလေးရေ၊ လာမယ့် တနင်္ဂနွေနေ့မှာ မအားဘူးလားဟင်၊ ကိုလေးရဲ့ဓာတ်ပုံကိုကြည့်ရတာ မူမူ အားမရဘူး၊ လူကိုလည်းကြည့်ချင်တယ်၊ ပြီးတော့ စကားလည်း ပြောချင်တယ်၊ တကယ်လို့ လာနိုင်မယ်ဆိုရင်တော့ ယူနီဗာစီတီ အဲဗင်းနယူး၊ ကုက္ကိုင်းလမ်းနဲ့တစ်ဖာလုံလောက်နားက စိမ်းလဲ့ကန်သာခြံကို လာခဲ့ပါလားဟင်၊ အဲဒါ မူမူ့သူငယ်ချင်းခြံမို့ လွတ်လွတ်လပ်လပ် စကားပြောနိုင်ပါတယ်၊ နေ့ခင်း ၁၁ နာရီကကျော်ရင် မူမူ အဲဒီခြံမှာရှိမယ်၊ အားရင်လည်း လာပေါ့၊ မအားလို့ မလာနိုင်လည်း ကိစ္စမရှိပါဘူး၊ လာမယ်ဆိုရင်ဖြင့် မူမူ ဝမ်းသာရမယ်ပေါ့ ကိုလေးရယ်၊ ကိုလေးရဲ့အချစ် မူမူ"

စာဖတ်၍အဆုံးတွင် ကိုပေါ်လွင်သည် ရွှင်နေမြူးနေသော မျက်နှာထားဖြင့် လက်နှစ်ဖက်ကိုကား၍ ခါးဆန့်အပျင်းဆန့်လိုက်ပြီးနောက် လက်နှစ်ဖက်ထောက်၍ မေးတင်ကာ တစ်စုံတစ်ရာကို စဉ်းစားခန်းဝင်နေပြန်၏။ ထိုအခိုက်တွင် ကိုဘိုးထင်၏ ပြတ်သားလှသောအသံသည် ခပ်စူးစူးကလေး ပေါ်လာပြန်၏။

"အမှန်အတိုင်းဆိုရင်တော့ မူမူနဲ့ပတ်သက်လို့ ကျွန်တော်ဟာ အဲသလောက်အထိပဲ သိခွင့်ရခဲ့ပါတယ်၊ ဒီလို အပြုအမူတွေ ကျွန်တော် မနှစ်

ဖြိုက်မှန်းသိတာနဲ့ ကိုပေါ်လွင်က နောက်ပိုင်းကိစ္စတွေကို ဘာမှမပြောတော့ဘဲ ထိမ်ဝှက်ထားခဲ့ပါတယ်၊ ဒါပေမဲ့လည်း...

ထိုအချိန်၌ ကိုပေါ်လွင်သည် မေးထောက်စဥ်းစားနေရာမှ မှတ်တမ်းစာအုပ်ကလေးတစ်ခုကို ဆွဲထုတ်လျက် တစ်စုံတစ်ရာ ရေးခြစ်နေ၏။

"အဲသလို မှုမှုနဲ့စပ်လျဉ်းတဲ့ နောက်ပိုင်းကိစ္စတွေကို သူ ဖုံးဖိထားခဲ့ပေမဲ့ သူ နေ့စဉ် ရေးမှတ်ထားတဲ့ နေ့စဉ်မှတ်တမ်း ဒိုင်ယာရီစာအုပ်နဲ့တကွ နောက်ဆုံး သူ့ပြောကြား ဝန်ခံချက်အရ ကျွန်တော် အစအဆုံး သိခွင့်ရခဲ့ပါတယ်"

တစ်ခဏအတွင်းမှာပင် ထိုစကားသံနှင့်တကွ ကိုပေါ်လွင်၏ ရှုကွင်းပါ ပျောက်သွားတော့၏။

* * *

ထို့နောက် ပေါ်လာသော မြင်ကွင်းမှာ မမြင့်ကြည်၏အိမ်ခန်းကလေးဖြစ်၏။

ကိုပေါ်လွင်ရောက်လာ၍ ထိုင်နေသည်မှာပင် အတန်ကလေး ကြာပြီဖြစ်သော်လည်း မမြင့်ကြည်တွင် ဘာတစ်ခွန်းမျှမပြောနိုင်၊ မျက်ရည်ကလေးအအိုင်သားနှင့် ငေးကြည့်နေသောကြောင့်...

"ဘာဖြစ်တာလဲ မြင့်ရယ်၊ သက်သက် ကိုလွင် စိတ်မကောင်းအောင်"

"ဟင်... ဘာစိတ်မကောင်းအောင်လဲ၊ ကိုလွင်ကတော့ မြင့် စိတ်ချမ်းသာအောင် မလာတဲ့နေတာပေါ့၊ ဟုတ်လား"

မမြင့်ကြည်က မျက်ရည်ကလေးတဝဲဝဲနှင့်ပင် အံကလေးခဲ၍ ရန်တွေ့လိုက်သည်ကို...

"အားမှမအားတာပဲ မြင့်ရယ်၊ ကိုလွင် ပြောထားတယ်မဟုတ်လား၊ လုံးချင်းဝတ္ထုကလေးတစ်ပုဒ် မြန်မြန်ပြီးအောင် ရေးလိုက်ပါရစေဦးလို့"

မမြင့်ကြည်က ဘာတစ်ခွန်းမျှ ပြန်မပြောသေးဘဲ မျက်ရည်စကလေးများကို လက်ကိုင်ပဝါဖြင့်သုတ်လိုက်ပြီးမှ...

"အင်းပါ၊ ဝတ္ထုရေးတာလည်း ရေးပေါ့၊ ဒါပေမဲ့ ကိုလွင်ဟာ ခုတလော တစ်မျိုးကိုဖြစ်နေတယ်၊ ခါတိုင်းများ ဘယ်လောက် မအား အားအား တစ်နေ့

တစ်ခေါက်မဟုတ်တောင် တစ်ရက်ခြား တစ်ခေါက်တော့ လာနိုင်တာပဲ မဟုတ်လားလို့...ဟင်"

သို့ မမြင့်ကြည် ပြောနေစဉ်၌ ကိုပေါလွင်၏ တည်နေသောမျက်နှာထားသည် မသိမသာ ရွှင်လာရာမှ မမြင့်ကြည်စကားဆုံးတွင် ပခုံးကလေးနှစ်ဖက်ကို အသာအယာ ဆုပ်ကိုင်တဲ့ပြီး...

"ကဲပါ အချစ်ရယ်၊ နေ့တိုင်းလာဆိုလည်း လာပါ့မယ်၊ ဒီမျက်နှာထားကြီး ပြင်လိုက်တော့၊ ကြည့်လို့မကောင်းဘူး"

ကိုပေါလွင်က ပြောပြောဆိုဆို မမြင့်ကြည်၏မေးစေ့ကိုကိုင်၍လှုပ်ရင်းက...

"ကဲ... ပြုံးစမ်း၊ ပြုံး... ပြုံးလေ"

ရုပ်ရှင်ကြည့် ပရိသတ်ကိုပင် စိတ်အိုက်သွားစေသော စောစောကရှုကွက်မှာ သိသိသာသာ သွက်လာ၏။ ပရိသတ်အားလည်း စိတ်ရွှင်ဆေးကျွေးလိုက်သည့်ပမာ...

မမြင့်ကြည်၏မျက်နှာကလေးသည် ကြည်လင်သော အပြုံးကလေးနှင့် ဖုံးသွားပြီး...

"ဖယ်ပါ၊ ဒီလက်က... ဟင်း၊ သူ့ဖြင့် စာရေးဆရာပီပီ သိပ်တတ်နိုင်တာပဲ၊ ဒီမှာဖြင့် တစ်နေ့တစ်နေ့ သူ့မျှော်ရတာနဲ့ပဲ အသည်းကျွမ်းတော့မယ်၊ သိလား"

"ပြောပကော မြင့်ရဲ့၊ နောက်ကို မမျှော်ရစေ့ပါဘူး၊ စိတ်ချပါ၊ မြင့်ရဲ့ချစ်လင် ညနေတိုင်း လာမပေါ့"

"ဟင်း... ဒါပဲနော်၊ နက်ဖြန်ကစပြီး နေ့တိုင်းလာရမယ် သိလား၊ တစ်နေ့တခြား နှာမည်ကြီးလာလို့ မျက်နှာများမယ်တော့ မကြံလေနဲ့"

"အယ်... ပြောတော့မယ် မြင့်ကလည်း၊ ဒီလို နာမည်ကြီးတာကကော မြင့်ကြောင့် မဟုတ်ဘူးလားလို့၊ ကိုယ့်မယားကျေးဇူး ကိုယ် သိပါတယ်ကွာ"

"တော်တော့၊ သူ့ဖြင့် ဒါပဲတတ်တယ်၊ မင်္ဂလာဆောင်ကိစ္စ မြန်မြန်ပြီးဖို့အရေးကိုလည်း ခေါင်းထဲထားဦးရှင့်"

"ခု ဒီအတွက်ပဲ ကိုလွင် လုံးပန်းနေတာမဟုတ်လား မြင့်ရဲ့၊ အဆန်းလုပ်ပြီး"

"အဆန်းလုပ်ပြောနေတာ မဟုတ်ဘူး ကိုယ်တော်၊ ဒီမှာ"

မမြင့်ကြည်သည် စကားကို အပြတ်မပြောဘဲ ကိုပေါ်လွင်၏ နားအနီးသို့ကပ်၍ တစ်စုံတစ်ရာ ရေရွတ်လိုက်ပြီးမှ လက်ကလေးသုံးချောင်း ထောင်ပြလိုက်သည်နှင့်...

"ဟာ... ပွတာပဲ၊ ဒါဖြင့် ကိုလွင် ကလေးချီရဖို့နီးပြီပေါ့နော်"

"အို... ကိုလွင်ကလည်း မပြောနဲ့၊ မြင့် ရှက်တယ်"

ဤတွင် နှစ်ယောက်စလုံး အကြည်ဆိုက်၍ အကြိုက်တွေ့သွားကြတော့၏။

"ကဲ... မြင့်ရေ၊ ကိုလွင် သွားစရာလေးရှိသေးလို့ ခွင့်ပြုဦး အချစ်ရယ်နော်"

"ဘယ်က အဆက်နဲ့ ချိန်းထားလို့လဲ"

မမြင့်ကြည်က ရိုးရိုးပင် ပြုံးစနဲ့နဲ့နှင့် ခနဲ့လိုက်သည်၌ ကိုပေါ်လွင်တွင် မျက်နှာပျက်သွားတော့မယောင် မူပြောင်းသွားပြီးမှ ချက်ချင်း ဣန္ဒြေဆောင်တဲ့ကာ...

"ဒီနေ့ တနင်္ဂနွေနေ့မို့ အလုပ်တိုက်ပိတ်တုန်း အေးအေးဆေးဆေး တိုင်ပင်စရာရှိတယ်ဆိုတာနဲ့ ချစ်နီဗွာန်တိုက်ကို..."

"ဒါဖြင့်လည်း သွားလေ၊ နို့... နက်ဖြန်ကော လာမယ်မဟုတ်လား ကိုလွင်"

"လာမှာပေါ့ မြင့်ရဲ့"

ပြောပြောဆိုဆို ထိုင်ရာမှထရင်း မမြင့်ကြည်၏ ပါးလုလုကို ဖွဖွကလေး လိမ်ဆွဲပြီးမှ လှည့်ထွက်သွားသည်ကို မမြင့်ကြည်က အမူပိုပိုနှင့် ငေးကြည့်နေခိုက်မှာပင် မှုန်ရောင်သန်းလာပြီး ထိုအခန်း ပျောက်သွားတော့၏။

* * *

နဂါးတံဆိပ်ဘတ်စ်ကားတစ်စီးသည် ကုက္ကိုင်းလမ်းဘက်မှ တက္ကသိုလ်ရိပ်သာလမ်းထောင့်သို့ ချိုးကွေ့ဆိုက်ရပ်လိုက်၏။ မရှေးမနှောင်းမှာပင် ကားပေါ်မှ ကိုပေါ်လွင် ဆင်းလိုက်သည်ကိုတွေ့ရပြီး ကားပေါ်ရှိ တစ်ဦးတစ်

ယောက်အား တစ်စုံတစ်ရာ မေးနေသေး၏။

မြင်ကွင်းမှာ အလှမ်းဝေးသောကြောင့် ဘာသံမျှ မကြားရဘဲ ချက်ချင်း ဆိုသလိုပင် ကိုပေါ်လွင်သည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီးမှ ခပ်မှန်မှန် လျှောက်လာ၏။ နောက် ခြံတံခါးပေါက်တစ်ခုသို့အရောက်တွင်...

'စိမ်းလဲ့ကန်သာ'ဟူသော ဆိုင်းဘုတ်ကလေးကို တွေ့လိုက်ရသည် နှင့် ခြံဝဆီသို့ သုတ်သုတ်ကလေး ချဉ်းကပ်လာပြီး တပ်ထားသော မျက်မှန် နက်ကိုဖြုတ်၍ ခြံတွင်းဆီသို့ မျှော်ကြည့်လိုက်၏။

အဆင်သင့်ပင် ခြံတွင်းရှိ တိုက်ရှေ့ခုံတန်းကလေးတွင် စကားထိုင် ပြောနေကြသော မိန်းမပျိုနှစ်ဦးအနက်မှ တစ်ယောက်သည် ပျာပျာသလဲ ထ၍ လက်ယပ်ခေါ်လိုက်သည်ကို တွေ့ရသည်နှင့် ကိုပေါ်လွင်လည်း ခြေ လှမ်းကျဲနှင့် ခြံထဲသို့ လျှောက်ဝင်သွားတော့၏။

"မူမူကဖြင့် စရောက်ကတည်းက ခုအထိပဲ တဖျစ်တောက်တောက်နဲ့ ပြောနေလိုက်တာ ကိုပေါ်လွင် လာမှလာပါ့မလားနဲ့"

မိန်းမပျိုတစ်ဦးက သို့ပြောရင်း ကုလားထိုင်တစ်လုံး ထိုးပေးလိုက် စဉ်...

"လုပ်ပြီ နုကတော့"ဟု မျက်စောင်းကလေးနှင့်ကြည့်၍ ရေရွတ်လိုက် ပြီးမှ မူမူသည် ကိုပေါ်လွင့်ဘက်သို့လှည့်ကာ...

"အဲဒါလေ.... မူမူ ပြောတဲ့ နုဆိုတာ၊ မူမူ့အချစ်ဆုံးပေါ့"

မူမူသည် ကိုပေါ်လွင်ရော နုကိုပါ တစ်လှည့်စီကြည့်ရင်း ပြောလိုက် သည်နှင့်...

"ဟော့... ဟော့၊ မူမူ့အချစ်ဆုံးက နု မဟုတ်ပါဘူးကွယ်၊ မပလီချင်စမ်း ပါနဲ့"ဟု နုက ဝင်၍ ဖောက်လိုက်ရင်း မူမူအားလည်းကောင်း၊ ကိုပေါ်လွင် အားလည်းကောင်း တစ်လှည့်စီ ကြည့်နေသောကြောင့်...

"နုက မကောင်းဘူးကွယ်၊ သိပ်နောက်တာပဲ၊ နုဟာ မူမူ့အချစ်ဆုံး သူငယ်ချင်းမဟုတ်ဘူးလား၊ ကဲ..."

"အေး... သူငယ်ချင်းအနေနဲ့တော့ အချစ်ဆုံးပေါ့ မူမူရဲ့၊ ဒါပေမဲ့ အို... ပြောတော့ပါဘူး၊ ကဲ... ထိုင်ကြဦးနော်"

နုသည် သို့လျှင် အရွှန်းကလေးနှော၍ ပြောလိုက်ရာမှ ချာခနဲလှည့်

ပြီး တိုက်ထဲဝင်သွားသောကြောင့် ကိုပေါ်လွင်နှင့် မူမူတို့လည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံးလိုက်ကြ၏။

"မူမူ ပို့လိုက်တဲ့ဓာတ်ပုံ ရရဲ့မဟုတ်လား ကိုလေး... ဟင်"

မူမူသည် တက္ကသိုလ်ကျောင်းသူပီပီ ရဲရဲဝံ့ဝံ့ပင် ကိုပေါ်လွင်အား စိုက်ကြည့်နေရာမှ မေးလိုက်၏။

"နို့... အဲဒီဓာတ်ပုံကိစ္စရော ကိုလေး ဒီခြံကိုလာခဲ့မယ်ဆိုတဲ့အကြောင်းပါ ရေးလိုက်တဲ့စာကို မူမူ မရသေးဘူးပေါ့"

"ဟင့်အင်း... မရသေးဘူး၊ ဩော်... ဘယ်ရဦးမလဲ၊ မနေ့က စနေ၊ ဒီနေ့ တနင်္ဂနွေဆိုတော့ နက်ဖြန်မှ ရမှာပေါ့၊ အဲဒါ မူမူ မှားတာ ကိုလေးရဲ့နေ့ရက်ကိုမတွက်ဘဲ ကိုလေးကို ချိန်းမိတယ်"

ဤတွင် စကားစ ပြတ်သွားကြ၏။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ရသည်မှာ ဤတစ်ကြိမ် ပထမဖြစ်၍လောမသိ၊ အနည်းငယ် ဆိုသလို ခပ်အမ်းအမ်း ရှိနေကြ၏။

"ဒါနဲ့ ခု ကိုလေး ဘာဝတ္ထုရေးနေလဲဟင်"

"ချစ်ပါရစေ ကြူကြူဆိုတဲ့ ဝတ္ထုလေ၊ နှစ်ကျပ်တန် လုံးချင်း"

သို့ ပြောလိုက်ပြီးမှ ကိုပေါ်လွင်သည် ပျာယီးပျာယာ လက်ဝါးတစ်ဖက်ပါ ဖြန့်၍ကာတဲ့ပြီး...

"အို... အဲဒါက စိတ်ကူးထားရုံရှိသေးတယ် မူမူ၊ မှားသွားလို့၊ ခု ရေးနေတာက"

"တော်ပါ ကိုလေးရယ်၊ မူမူ သိပါတယ်၊ ဒါ မူမူ့ကို စောင်းပြောတာ"

မူမူက သို့လျှင် မျက်စောင်းကလေးချီကာ တီတီတာတာ ပြောလိုက်ပြီး ကိုပေါ်လွင် စကား မဆက်နိုင်သေးမီ...

"ဩော်... ကိုလေး၊ လာ... ဟို... ကမ်းစပ်ဘက် လျှောက်ရအောင်လား"ဟု မူမူကပင် ပြောပြောထထ ထလိုက်သောကြောင့် ကိုပေါ်လွင်တွင် မနေသာတော့ဘဲ ရောယောင်ထလိုက်ရပြီး မူမူ လှမ်းသွားရာသို့ မသိမသာ လိုက်ပါသွားရတော့၏။

"သိပ် သာယာတာပဲနော် ကိုလေး"

ကမ်းစပ်နှင့် ဆယ့်လေးငါးပေအကွာလောက်သို့ ရောက်သည်နှင့်

မုမုက အင်းလျားကန်ကြီး၏ ရှုမျှော်ခင်းတစ်နေရာကိုကြည့်ရင်း ပြောလိုက်၏။

"ဒါ မမှတာပေါ့ မုမု၊ ရေကန်နဲ့ပန်းမန် သစ်ပင်ဆိုတာ အမြဲ အဆင်ပြေတဲ့ တွဲဖက်ပဲမဟုတ်လား"

"လူတွေလည်း အဲသလို အမြဲ အဆင်ပြေရင် ကောင်းမှာနော်"

မုမုသည် တစ်ခုသော သစ်ပင်ရင်းတွင် နွဲ့နွဲ့ကလေးရပ်၍ မှီလိုက်ပြီး ကြည်လင်သော အပြုံးကလေးနှင့် ပြောလိုက်သဖြင့် ကိုပေါ်လွင် ရုတ်တရက် အဘယ်ပုံဖြေရမည်မသိသလို တွေကြည့်နေခိုက်...

"ဟိုးတလောတုန်းကလေ ကျောင်းပိတ်တဲ့ နေ့တစ်နေ့မှာ မုမု ဒီကို လာလည်တော့ ဒီကန်ကြီးထဲမှာပေါ့ ကိုလေးရဲ့၊ သိလား"

မုမုသည် စကားကို ရှေ့မဆက်သေးဘဲ နစ်လွှာသော နှုတ်ခမ်းပါးလေးများကို လျှာဖျားကလေးဖြင့် သပ်လိုက်ပြီးမှ...

"အဲဟို... အစွယ်ကွေ့ကလေးနားဆီမှာပေါ့၊ သမီးရည်းစားလား၊ ချစ်ဇနီးမောင်နှံလားတော့ မသိဘူး၊ အဲဒါလေ... အဲဒီစုံတွဲဟာ လှေကလေး လှော်ရင်းနဲ့ အတော်ပဲ ပျော်နေကြတာတွေ့ရတော့ မုမုရင်ထဲမှာလေ၊ အလိုလို ကြည်နူးပြီး အဆင်ပြေလိုက်တာကွယ်၊ ဟိုမှာကြည့်စမ်း လို့တောင် မုမုက နုကို လက်တို့ပြီး ပြမိသေးတယ်"

လက်ကလေးနှစ်ဖက်ကို ခါးပုံစနားတွင်ယှက်၍ အပြုံးမပျက်ရပ်ရင်း နားစွင့်နေသော ကိုပေါ်လွင်မှာ ထိုစကားကြားလိုက်ရသည်နှင့် မသိမသာ မျက်နှာပျက်သွား၏။ သို့သော် မုမုက သူ့အားမကြည့်ဘဲ ရေပြင်ဆီသို့ငေး၍ ပြောနေသည်ဖြစ်သောကြောင့် ကိုပေါ်လွင် သက်သာရာရသွား၏။

"အဲဒီတုန်းကလေ နုကတောင် မုမု့ကို ပြောသေးတယ်၊ ဘာလဲ... မုမုက အားကျသလားတဲ့၊ အင်း... အားကျမယ်ဆိုလည်း ကျစရာပါ ကိုလေးရယ်၊ ကြည့်ရတာ အဆင်ကိုပြေနေတာပဲ၊ လှေကလေးက ဖြူဖြူ၊ ရေက စိမ်းလဲ့လဲ့၊ ပြီးတော့ အမျိုးသမီးကလေး ဆောင်းထားတဲ့ ပုသိမ်ထီးကလေးက ဝါဖန့်ဖန့်ကလေးဆိုတော့"

"လူ... လူတွေကိုကော မုမု သေသေချာချာ မမြင်လိုက်ရဘူးလား ဟင်"

ကိုပေါ်လွင်သည် အာလုတ်သံကြီးဖြင့် အထစ်ထစ်အငေါ့ငေါ့ ယောင်ယမ်းမေးလိုက်၏။ ဤတွင်မှ မူမူလည်း ကိုပေါ်လွင့်ဘက်သို့ လှည့်တဲ့က–

"ဘယ်ဖြင့်ရမလဲ ကိုလေးရဲ့၊ လေ့တို့ ပုသိမ်ထီးတို့က အကြီးကြီးမို့ အရောင်အဆင်း ခွဲခြားနိုင်တာ၊ လူတွေတော့ ဗိုးတိုးဝါးတားပေါ့၊ ဘာဖြစ်လို့လဲ"

"ဖြစ်ပါဘူး၊ မူမူ ပြောနေပုံက သေချာလွန်းအားကြီးလို့ပါ"

ကိုပေါ်လွင်လည်း စကားကို လမ်းလွှဲပစ်လိုက်သည်နှင့်ထပ်တူ မျက်နှာထား အမူအရာလည်း စိုးရိမ်ခြင်း ကင်းသွားသလို အသွင်ပြောင်းလာ၏။

"ကိုလေး... လေ့လှော်တတ်တယ်၊ ဟုတ်လား ဟင်"

ကိုပေါ်လွင် ထိတ်သွားရပြန်၏။ သို့သော် အချိန်မီ မျက်နှာထားပြင်လိုက်ရင်းက...

"ဟင့်အင်း၊ ကိုလေး လှော်တတ်ဘူး၊ ပြီးတော့ ရေလည်းကြောက်တယ်"

"အို... ဒီတစ်ချက်တော့ ကိုလေး ရှော်တာပဲ"

"ဘာလို့လဲ မူမူရဲ့"

"မူမူက လှေစီးချင်တာ၊ ခုအတိုင်းဆိုတော့ အဲဟိုနေ့ကစုံတွဲလို အဆင်ပြေခွင့်မရတော့ဘူး ဖြစ်သွားတာပေါ့ ကိုလေးရ"

ရေလာမြောင်းပေး မူမူက သူ့အတွေးနှင့်သူ ပြောနေသည်မှန်သော်လည်း ထိုစကားများမှာ ကိုပေါ်လွင့်အဖို့တွင်မူကား ရှုံးမတတ် ချောက်ချားသွားစေလောက်သော အဓိပ္ပာယ်သည် အမည်မည် ဆောင်နေသည့်ပမာ မျက်တောင်များ ပျာယာခတ်လျက်ရှိနေ၏။

"ကဲပါ ကိုလေးရယ်၊ လှေမစီးရမယ့်အတူတူ အေးအေးဆေးဆေးပဲ ထိုင်ပြီး စကားပြောကြပါစို့"

သို့နှင့် နှစ်ယောက်သား ဘေးချင်းယှဉ်၍ ထိုင်မိကြသည်၌ မူမူကပင် စတင်၍...

"ဟင်... ကိုလေး ကြည့်ရတာ ငိုင်တွေတွေနဲ့၊ ဘာလဲ၊ မူမူနဲ့စကားပြောရတာ ငြီးငွေ့တယ်ထင်ပါရဲ့"

ကိုပေါ်လွင်လည်း ပြုံးတုံ့ပျာတာနှင့် မျက်နှာထားကို ပြင်လိုက်ပြီး

မှ…

"ဟာ… ဒီလို မဟုတ်ရပါလား မူမူ၊ ညက စာရေးတာ ညဉ့်နက်သွားလို့ ခေါင်းထဲ အုံတုံတုံ ဖြစ်နေလို့ပါ"

"ဒါဖြင့် မူမူနဲ့စကားပြောရတာ ပျော်တယ်ဆိုပါတော့"

"ဘယ်လိုမေးလိုက်ပါလိမ့် မူမူရယ်၊ ပျော်တာပေါ့"

ကိုပေါ်လွင်သည် ခပ်ပြုံးပြုံး စိုက်ကြည့်ရင်း ပြောလိုက်၏။ သို့သော် သူ့အပြုံးမှာ ချောင်ချောင်ချိချိ မရှိလှ၊ တစ်စုံတစ်ရာသော နောက်ဆံတင်းမှုကြားမှ အလုအယက် ပြုံးလိုက်ရသည်နှင့် တူနေ၏။

"ဟိုတစ်ခါ မူမူ ရေးလိုက်တဲ့စာထဲမှာ ကိုလေးနဲ့တကွ ချစ်ဇနီး၊ သားသမီးများပါ ကျန်းမာပါစေလို့ ရေးလိုက်တာကိုလေ နကတောင် မူမူ့ကို ဆူသေးတယ်၊ ဘာလို့ ဒီလို ရေးရသလဲတဲ့"

ဤတွင် တစ်ဖန် ကိုပေါ်လွင် ပြုံးလိုက်ပြန်၏။

"ဒီတော့ မူမူက ဘယ်လို ပြန်ပြောလိုက်သလဲ"

"ကိုလေး လူပျိုလားလို့ တိုက်ရိုက်ကြီးမေးလို့ ကောင်းပါ့မလား၊ ဒါကြောင့် သွယ်ဝိုက်တဲ့နည်းနဲ့ ရေးလိုက်ရတာ ရှင်ရေ့လို့ ပြောလိုက်ရတယ်"

မူမူက မျက်နှာထားကလေး အသွင်အမျိုးမျိုး ပြောင်းရင်းက သို့လျှင် နွဲ့နွဲ့ကလေး ပြောလိုက်သောကြောင့် ကိုပေါ်လွင်လည်း အလွန်လျှင် သဘောကျသွားသည့်အလား အားပါးတရ ရယ်နေ၏။

"ဒါကြောင့်လည်း ကိုလေးက ဇနီးလည်း မရှိသေးပါဘူး၊ သားသမီးဆိုတာတော့ ဝေးပါသေးရဲ့လို့ စာပြန်တာ မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဖြင့် ကိုလေးဟာ လူပျို အမှန်ပဲပေါ့နော်"

"အင်း… ခု မူမူနဲ့ စကားပြောနေတဲ့အချိန်အထိတော့ လူပျိုပါပဲ"

သို့ပြောလိုက်သော ကိုပေါ်လွင်၏မျက်နှာထားတွင် စောစောက နောက်ဆံတင်းနေမှုများ ကင်းစင်သွားပြီကဲ့သို့ ကြည်ကြည်နူးနူး ပြုံးလာသည်ကို တွေ့ရ၏။ မူမူ့တွင်လည်း ကိုပေါ်လွင်၏စကားကို နားမရှင်းသကဲ့သို့ တွေနေရာမှ…

"ဟင်… ကိုလေး စကားကလည်း မူမူ့ဆီက ပြန်သွားရင် လူပျို

မဟုတ်တော့သလိုပဲ"

"အလကား ရယ်စရာပြောတာပါ မူမူရယ်၊ တစ်နေ့နေ့ မူမူနဲ့..."

ကိုပေါ်လွင်သည် စကားရှေ့မဆက်သေးဘဲ မူမူအား အကဲခတ်သလို တွေကြည့်ရင်း ပြုံးနေသောကြောင့်...

"ဘာဖြစ်သလဲ မူမူနဲ့၊ ပြောလေ... ပြောပါ ကိုလေးရဲ့၊ မူမူ ကြားချင်လှပြီ"

မည်သည့်ပင်ဖြစ်စေ၊ လိုက်လျောမည့် အမူအရာမျိုး အပြည့်ပါနေသော မူမူ့မျက်နှာလေးကလေးကြောင့် ကိုပေါ်လွင်တွင် စိတ်ကိုပင် မထိန်းတော့သော အသွင်သို့ ပြောင်းလာ၏။ တစ်ဖန် လူပျိုရိုင်းတစ်ယောက်မဟုတ်သော ပွဲတိုးဖူးသူဖြစ်သည့်အတိုင်း ဖော်ရွဲရွဲဖြင့် မူမူ့လက်ကလေးကို အသာဆွဲ၍ လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်တဲ့ပြီး...

"မူမူနဲ့ အိမ်ထောင်မကျသေးသမျှ ကိုလေးဟာ လူပျိုပေါ့ မူမူရဲ့"ဟု ပြောရင်း ကိုင်ထားသော မူမူ့လက်ကလေးကို ဆုပ်နယ်နေ၏။

မူမူကလည်း မရုန်းမဖယ် လက်ကလေးကို လွှန့်သည်ဆိုရုံသာ လွှန့်နေရာမှ...

"ဟင်... ကိုလေးကလည်း နတို့မြင်သွားရင်"

"မြင်ပါဘူး မူမူရဲ့၊ သစ်ပင်ကြီးရော၊ ပန်းချုံတွေပါ ကွယ်နေတာပဲဥစ္စာ၊ ဒီမှာ မူမူ"

ကိုပေါ်လွင်က သို့လျှင်ပြောရင်း ချစ်ရည်လည်နေသော မျက်လုံးကြီးများဖြင့် စိုက်ကြည့်နေရာမှ ခေါ်လိုက်သောကြောင့်...

"ရှင်... ဘာလဲ ကိုလေး"

မူမူသည် ခေါင်းကလေးငုံ့ကာ မလှုပ်မရှား ငိုင်နေရာမှ တွေတွေကလေး မော့ကြည့်ရင်းက ထူးလိုက်သည်နှင့် ကိုပေါ်လွင်သည် မူမူနှင့် ကိုယ်လုံးချင်းထိမတတ် တိုးရွှေ့သွားပြီး...

"ကိုလေးကို တကယ် ချစ်တာနော်"

ကိုပေါ်လွင်က မျက်နှာကို အငယ်ဆုံးထားပြီး မေးလိုက်၏။ မူမူက သော် ရုတ်တရက် မဖြေ၊ ကိုပေါ်လွင်အား အတန်ကြာ တွေ၍ကြည့်နေပြီးမှ...

"ဒါ မူမူက မေးရမှာပါ ကိုလေးရယ်"

"မလိုဘူး မူမူ၊ မေးဖို့ကို မလိုဘူး၊ ကိုလေး မူမူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ မူမူသိရင် မေးရက်မှာတောင် မဟုတ်ဘူး'

"အမယ်... ကိုလေးက ပိုလိုက်တာ၊ စာရေးဆရာပီပီ သိပ်စကားကြွယ်တာပဲ၊ ဟင်း"

ယခုသော် မူမူသည် ပြောရဲဆိုရဲရှိလာပြီဖြစ်၏။ ကိုပေါ်လွင်အား ချီချီကလေးပြုံး၍ ကြည့်နေသော မူမူ့မျက်နှာတွင်လည်း ရှက်ရိပ်ရှက်ယောင်သည် အနည်းငယ်မျှ မရှိတော့ပေ။

ဤတွင် ပွဲတိုးဖူးနေပြီဖြစ်သော ကိုပေါ်လွင်လည်း လက်ရဲဇက်ရဲ တဖြည်းဖြည်း ကဲလာ၏။ မူမူ၏ လက်ဖဝါးကလေးကို ဆုပ်နယ်နေရာမှ အထက်ပိုင်းသို့ မသိမသာ တက်သွားပြီး လက်မောင်းအိုးကလေးနှစ်ခုကို ကျစ်ကျစ်ပါအောင်စုံ၍ ဆုပ်ကိုင်မိသည်နှင့် မူမူ့ကိုယ်ကလေးကို ဆတ်ခနဲ ဆွဲလှည့်တဲ့ကာ ဘာဘာညာညာ မပြောတော့ဘဲ အလောသုံးဆယ် မွှေးပစ်လိုက်၏။

သို့သော် ထိုအခန်းသည် မှုန်ရီရီနှင့် အမှောင်သန်းသွားသောကြောင့် ပြတ်ပြတ်သားသား မမြင်လိုက်ရ။

* * *

အချိန်မှာ ညဉ့် ၁၂ နာရီခန့်ရှိပြီဖြစ်ကြောင်း ကိုပေါ်လွင့် စားပွဲပေါ်မှ နာရီနှင့် မှန်အိမ်ကလေးက သရုပ်ဆောင်လျက်ရှိ၏။

မကြာမီ ခေါက်ခုတင်ကလေးပေါ်၌ ကွေးထားသည့် လက်ဝဲလက်ခုံပေါ် ပါးတင်၍မှောက်ရင်း အမှုင်မပြတ် စဉ်းစားနေဟန်တူသော ကိုပေါ်လွင်၏ ကိုယ်အထက်ပိုင်းသည် ထင်ရှားစွာ ပေါ်လာ၏။ တွဲလောင်းချထားသော လက်ယာလက်တွင်လည်း မူမူ၏ဓာတ်ပုံကလေး ကိုင်ထားသည်ကို တွေ့ရ၏။

ထိုအခိုက်တွင် ရုတ်တရက်ဆိုသလို ကိုဘိုးထင်၏အသံသည် ကြည်လင်ပြတ်သားစွာ ပေါ်လာပြန်၏။

"အဲဒီနေ့ကဆိုရင် ကိုပေါ်လွင်ဟာ လေ့နှံ့နှစ်ဖက်နင်းမိသလို မချိမဆံ့ စိတ်အိုက်နေတာကို တွေ့ရပါတယ်၊ မမြင့်ကြည်ကိုလည်း သူ ချစ်တယ်၊

မူမူ့ကိုလည်း လက်လွှတ်လိုက်ရမှာ နှမြောနေပြီး သူ ဘယ်လို ကြံရမှန်းမသိအောင် ဖြစ်နေတယ်၊ တကယ်လို့သာ ကျွန်တော့်ကို ကြိုကြိုတင်တင် သိခွင့်ပေးရင် ဒီအဖြစ်မျိုး ရောက်ရဖို့မရှိဘူး။ ခုတော့ အားလုံး လက်လွန်ပြီးမှ သိရတဲ့အတွက် ကျွန်တော်လည်း ဘာမှမတတ်နိုင်၊ လက်မှိုင်သာချခဲ့ရပါတော့တယ်"

ကိုဘိုးထင်၏အသံများကြားနေရသည့်အချိန်အတွင်း၌ ကိုပေါ်လွင်သည် မူမူ့ ဓာတ်ပုံကိုကြည့်လိုက်၊ ထထိုင်လိုက်၊ စားပွဲအံဆွဲထဲမှ မမြင့်ကြည် ဓာတ်ပုံကလေး ထုတ်ကြည့်လိုက်၊ ငိုနေလိုက်ဖြင့် အသွင်အမျိုးမျိုးပြောင်းနေပြီး ကိုဘိုးထင်၏အသံ တိမ်အသွားတွင် ထိုအခန်းသည်လည်း မှိန်သွားတော့၏။

* * *

ထို့နောက် ပေါ်လာသောရှုကွင်းမှာ ပျော်တော်ဆက် မဂ္ဂဇင်းတိုက်ခန်းကလေး ဖြစ်၏။

ဦးရင်မောင်သည် စားပွဲတွင်ထိုင်၍ မဂ္ဂဇင်းတွင်သုံးရန်ဟုထင်ရသော မျက်နှာဖုံးပန်းချီကားတစ်ခုကို ကြည့်နေရာမှ တစ်စုံတစ်ယောက် ဝင်လာသည်ကို မြင်လိုက်ရသကဲ့သို့ ရုတ်တရက် ထရပ်တဲ့ပြီး...

"လာဗျို့... ကိုပေါ်လွင်၊ ဒီနေ့ အလုပ်တိုက်ဖွင့်တာ ခင်ဗျား ဘယ့်နှယ်သိလာသလဲ"

ဦးရင်မောင် စကားဆုံးသလောက်အရှိတွင် ကိုပေါ်လွင်သည် စားပွဲနားသို့ရောက်လာပြီး ကုလားထိုင်တစ်လုံးဆွဲ၍ ထိုင်လိုက်ရာမှ သိဂ်ါမြင့်တို့ဘက်သို့လှည့်၍ အမူအရာဖြင့် နှုတ်ဆက်လိုက်၏။ နောက် ဦးရင်မောင်ဘက်သို့ မျက်နှာမူတဲ့ကာ...

"ဒီနေ့ တနင်္ဂနွေနေ့မို့ တိုက်ပိတ်ထားမှာပဲဆိုပြီး ဆရာတို့အိမ်သွားတာ ဟိုရောက်မှ ဆရာကတော် ပြောလိုက်လို့"

"ဟုတ်တယ် ကိုပေါ်လွင်၊ ခင်ဗျားသိတဲ့အတိုင်းပဲ၊ ဒီလထဲမှာ ပွဲတော်ရက်၊ ရုံးပိတ်ရက်တွေကများလို့ မဂ္ဂဇင်းနောက်ကျမှာစိုးတာနဲ့ တနင်္ဂနွေနေ့ပါ မရှောင်နိုင်တော့ဘူးလေ၊ ဪ... ဒါနဲ့ ဘယ်မလဲဗျ၊ ပေးမယ်ဆို ဝတ္ထုရှည်"

"ဟုတ်ကဲ့၊ ပေးပါ့မယ်၊ ခုတောင် ဆယ်မျက်နှာလောက် ပြီးနေပါပြီ၊ အားလုံးမှ တစ်ခါတည်း..."

"ဟာ... ကိစ္စမရှိပါဘူး၊ ပြီးသလောက်ပဲ ပေးပေါ့ဗျာ၊ စီထားနှင့်မယ် ဟုတ်လား၊ နက်ဖြန် ယူခိုင်းလိုက်မယ်နော်"

ဦးရင်မောင်၏အချိုးကို ပါးနပ်စွာ ခေါက်မိနေပြီဖြစ်သော ကိုပေါ်လွင်လည်း အမိပွာယ်ပါပါ ပြုံးလိုက်၏။ ထိုအခိုက် ဦးရင်မောင်မှာ အံဆွဲကို ငုံ့၍ နှိုက်နေသောကြောင့် ကိုပေါ်လွင် ပြုံးသည်ကိုသေိလိုက်ဘဲ—

"ကဲ... ကျွန်တော့်ဆီ လွယ်တုန်း ယူထားနှင့်ဗျာနော်"ဟု ပြောရင်း ဦးရင်မောင်က ဆယ်တန်စက္ကူ အထပ်လိုက် လှမ်းပေးနေသောကြောင့် ကိုပေါ်လွင်လည်း မယူဘဲနေလိုက်က ရိုင်းပျရာကျသွားမည်စိုးသော အမူအရာမျိုးဖြင့် မယူချင့်ယူချင် လှမ်းယူလိုက်၏။

"အဲဒါ ငွေနှစ်ရာ ကိုပေါ်လွင်၊ လဆန်းလို့၊ စာအုပ်ထွက်ရင်လည်း ထပ်ပေးပါဦးမယ်၊ ဆက်သာရေးပါတော့နော်"

ကိုပေါ်လွင်က ဣန္ဒြေရရပင် ခေါင်းညိတ်ပြလိုက်၏။

"ကဲ... ကိုပေါ်လွင် လာတဲ့ကိစ္စက..."

"ဪ... အဲဒီဝတ္ထုရှည်အတွက် စာမျက်နှာ ဘယ်လောက်ရေးရမယ် ဆိုတာ သိချင်တာနဲ့"

"အို... ဒီအတွက်တော့ ကလောင်ကို မချုပ်ချယ်ချင်ဘူးဗျာ၊ လက်တွေ့သလိုသာ ရေးပေါ့၊ နို့... ဒီကပြီးရင် ဘယ်သွားမလဲ၊ ကျွန်တော်လည်း ခု အပြင်သွားတော့မလို့ဟာ ခင်ဗျား ရောက်လာတာနဲ့ ကဲ... လိုက်ခဲ့လေ၊ ခင်ဗျား သွားချင်ရာ ပို့ပေးမယ်၊ ကျွန်တော့်ကားနဲ့"

"ကိစ္စမရှိပါဘူး၊ ကိုဘမြိုင်တို့နဲ့ ကျွန်တော် စကားပြောဦးမယ်"

မရှေးမနှောင်းမှာပင် ဦးရင်မောင် တိုက်ထဲမှ လှမ်းထွက်သွားတော့၏။ ကိုပေါ်လွင်လည်း ဦးရင်မောင် ထွက်သွားသည်နှင့် သိင်္ဂါမြိုင် အစရှိသော တိုက်သားများအပြင် အခြား မျက်နှာစိမ်း လူငယ်နှစ်ယောက်ပါ စုရုံးထိုင်နေကြသော စားပွဲဆီသို့ ရောက်လာပြီး...

"ဘယ့်နှယ် ကိုဘမြိုင်၊ ဘာစာရင်း ရှုပ်နေတာလဲ"ဟု မေးရင်း ပခုံးပုတ်လိုက်မှ ကိုဘမြိုင် မျက်နှာမော့လာပြီး ဦးရင်မောင့်စားပွဲဆီသို့ လှမ်းကြည့်

လိုက်၏။

"အာစရိကော သွားပြီလား"

"ကိုယ့်ဆရာ ဘာဖြစ်နေတာလဲ၊ ခင်ဗျားရှေ့ကပဲ ဦးရင်မောင် ဖြတ်သွားတာပဲဟာ"

"သတိမထားမိဘူးဗျို့၊ ဟောဒီမှာ ဝတ္ထုတစ်ပုဒ်အဆုံးသတ်ဖို့ရာ စိတ်ဝင်စားနေတာနဲ့၊ ကိုင်း... ထိုင်ဦးဗျာ အတော်ပဲ"ဟု ပြောလိုက်ရာမှ လက်လှမ်းမီရာ ကုလားထိုင်တစ်လုံးဆွဲပေးပြီး...

"ဒီမှာ မောင်လှမင်း သူ့ကို သိသလား၊ သေသေချာချာ မှတ်ထား၊ စာရေးဆရာ ပေါ်လွင်ဆိုတာ သူပဲ"

ကိုဘမြိုင်က မျက်နှာစိမ်း လူငယ်တစ်ဦးအား သို့ပြောလိုက်သောကြောင့် မောင်လှမင်းဆိုသူ လူငယ်လည်း ကိုပေါ်လွင်အား ကြည်ညိုအားထားသော အမူအရာဖြင့် ကြည့်၍ ပြုံးပြလိုက်၏။

"ဟုတ်ကဲ့၊ ဆရာဝင်လာလာချင်း တိုက်အုပ်က နာမည်ခေါ်ပြီး နှုတ်ဆက်လိုက်လို့ ဆရာပေါ်လွင်ဆိုတာတော့ သိပြီးပါပြီ၊ ဒါပေမဲ့ ခုလို သိရကျွမ်းရတာတော့ ဂုဏ်ယူဝမ်းသာမိပါတယ် ဆရာ"

ထိုသူငယ်က ရိုသေသောအားဖြင့် ရတ်တရက် ထရပ်ရင်း ပြောလိုက်သောကြောင့် ကိုပေါ်လွင်တွင် အတော်ကလေး အနေရကျုပ်သွားရှာ၏။

"ကဲ... ကိုပေါ်လွင်၊ ဟောဒါ မောင်လှမင်းရေးလာတဲ့ ဝတ္ထုပဲ၊ သူက ကလောင်သစ်ပေမဲ့ အရေးအသားရော၊ ဇာတ်ကွက်ဆင်ပုံပါ အတော်ကလေးပိရိတယ်၊ ဒါပေမဲ့ ဇာတ်သိမ်းက နည်းနည်းကလေးပေါ့နေလို့ အဲဒါ တစ်ဆိတ် ဖတ်ကြည့်စမ်းပါ"

ကိုဘမြိုင်လည်း ပြောနေလျက်ကပင် စာမူထပ်ကလေးတစ်ခုကို ထိုးပေးလိုက်သောကြောင့် ကိုပေါ်လွင်တွင် မနေသာတော့ဘဲ စာမူကိုဆွဲယူဖတ်ရှုနေရတော့၏။

ရတ်တရက်ဆိုသလို ထိုအခန်းသည် ဖြုတ်ခနဲ ကွယ်ပျောက်သွားပြီး စိမ်းလဲ့ကန်သာ ခြံအတွင်းဝယ် ဟိုလှမ်းသည်လျှောက်ဖြင့် ယောက်ယက်ခတ်နေသော မူမူ၏ရုပ်ကလေး ပေါ်လာ၏။ လည်ကလေးတဆန့်ဆန့်ဖြင့် ခြံဝဆီမျှော်ကြည့်လိုက်၊ စိတ်ရှုပ်သွားသည့်နှယ် နားသယ်စပ်ကလေးကို ကုတ်

လိုက်ဖြင့် မချင့်မရဲ ရှိနေရှာ၏။ သူ့ချစ်သူ လာစေချင်ပြီဖြစ်သော ဇောကြောင့်လည်း ခမျာဝယ် မောနေရှာ၏။

ထိုအခန်းသည်လည်း ကြာကြာမခံ ဖျတ်ခနဲ ပျောက်သွားပြန်ပြီး ပျော်တော်ဆက် မဂ္ဂဇင်းတိုက်ခန်းမှ စာစောက ရှုကွက်သည် ရုတ်တရက် ပေါ်လာပြန်၏။

"အဲဒါပဲ ကိုပေါလွင်၊ ကောင်လေးတစ်ယောက်တည်းက ကောင်မလေးနှစ်ယောက်ကို တစ်ပြိုင်တည်း ချစ်မိနေပြီး တကယ်တမ်းကျတော့ ဘယ်သူ့ ယူရမှန်းမသိဖြစ်နေတယ်၊ ခင်ဗျားကတော့ ဘယ်လိုသဘောရသလဲ ကိုပေါလွင်"

ရုတ်တရက် အဖြေမပေးနိုင်၊ ကိုပေါလွင်မှာ သူ့ဖြစ်အင်နှင့် တိုက်ဆိုင်နေသော ဝတ္ထုဇာတ်ကြောင်းဖြစ်သောကြောင့် အတန်ကြာ ငိုင်နေပြီးမှ...

"မောင်လှမင်း အဆုံးသတ်ထားပုံလည်း ကောင်းသားပဲဗျ၊ မဆိုးပါဘူး"

"ဟာ... ကောင်လေးက ဘယ်သူ့မှမယူဘဲ နှစ်ယောက်စလုံးကိုကျောနိုင်းပြီး ထွက်သွားတယ်ဆိုတော့ ဒါ မနိပ်ပါဘူးဗျာ"ဟု ခေါင်းတယမ်းယမ်းနှင့် ညည်းညူနေပြီးမှ ကိုဘမြိုင်ကပင် ဆက်လက်၍...

"ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့ တစ်ခါက ပြောဖူးတယ်၊ ဝတ္ထုရေးရာမှာ ကိုယ်မနိုင်တဲ့ ပြဿနာကို တင်မပြတာဟာ တာဝန်အကင်းဆုံးပဲတဲ့၊ ပြဿနာတစ်ခုကို တင်ပြထားရင်လည်း ဝတ္ထုဆုံးတာနဲ့ ဒီပြဿနာဟာ ဖြေရှင်းပြီးသား ဖြစ်နေသင့်တယ်တဲ့"

ကိုပေါလွင်မှာမူကား ကိုဘမြိုင်၏စကားကို ကြားမှ ကြားပါလေ၏လောမသိ၊ တွေးမိတွေးရာ တွေးနေသောအသွင်မျိုးဖြင့်သာ ငေးနေ၏။

"အဲဒီတော့ ခု ဒီဝတ္ထုထဲမှာက ပြဿနာတစ်ခု ပါနေတယ် မဟုတ်လား၊ ကောင်လေး ဘယ်သူ့ကို ယူရမယ်ဆိုတာလေ"

"အင်း... ကိုဘမြိုင် သဘောကကော"

ကိုပေါလွင်က စိတ်မပါတပါနှင့် မေးလိုက်၏။

"ဘယ်သူ့မှမယူဘဲ ထွက်သွားတယ်ဆိုတာကတော့ နည်းနည်းမှ အဓိပ္ပာယ်မရှိဘူး၊ ကောင်လေးက ကောင်မလေးတစ်ယောက်ယောက်ကို

ယူဖြစ်သွားတဲ့အနေရောက်အောင် ဖန်တီးပေးရမယ်၊ ကလောင်တစ်ချောင်း ပိုင်နေတဲ့ စာရေးဆရာဟာ ဝတ္ထုထဲက ဇာတ်ကောင်တွေကို ကြိုက်သလို ဖန်တီးနိုင်တယ် မဟုတ်လား"

"အဲဒီတော့"

ကိုပေါ်လွင်က စိတ်ဝင်စားလာသလို လှမ်းမေးလိုက်သည်နှင့်...

"အဲဒီတော့ ဘာခက်သလဲဗျ၊ ကောင်မလေးနှစ်ယောက်အနက်က တစ်ယောက်ယောက်ကို သတ်ပစ်လိုက်ပေါ့"

"ဒေါင်..."

စူးရှကျယ်လောင်စွာ ပေါ်လာသော အသံနှင့်အတူ ကိုပေါ်လွင်ခမျာ လည်း 'ဟာ...'ခနဲ ရေရွတ်ရင်း ခေါင်းငိုက်စိုက်ကျသွားတော့၏။

ထို 'ဒေါင်' ဟူသော အသံသည် ရုပ်ရှင်ပြကွင်းအနေဖြင့် ဘာမျှ မသက်ဆိုင်သော်လည်း ကိုပေါ်လွင်၌ အဘယ်ပုံ စိတ်ထိခိုက်ပြီး အဘယ်မျှ လောက် ပြင်းထန်စွာ နလုံးခုန်သွားသည်ကို အသံထွက်ရုပ်ရှင်အနေဖြင့် ထိရောက်စွာ အသံသရုပ်ဆောင်လိုက်ခြင်း ဖြစ်၏။

တိုက်ရိုက်အားဖြင့်လည်း ထိုအသံသည် ရုပ်ရှင်ကြည့်ပရိသတ်အား 'ထိတ်'ခနဲ တုန်လှုပ်သွားစေ၏။

"ဟေး... ကိုပေါ်လွင်၊ ဘာဖြစ်သွားတာလဲဗျ၊ ခင်ဗျားလည်း မောင်လှ မင်းရဲ့ဝတ္ထုထဲက ကောင်မလေးနှစ်ယောက်စလုံးကို သနားနေပြီထင်တယ်၊ ဟုတ်လား၊ ကျွန်တော်လည်း မသတ်ရက်ပါဘူးဗျာ၊ အလကား ရယ်စရာ ပြောတာပါ၊ သတ်ပစ်လို့လည်း ပြေမယ့်ပြဿနာမှမဟုတ်ပဲ။ ကျွန်တော် သိတာပေါ့"

သို့သော် ကိုပေါ်လွင်ကမူ ဘာတစ်ခွန်းမျှ ပြန်မပြောတော့ဘဲ သူ့ အတွေးနှင့်သူ ငိုင်နေပြီးမှ....

"ကျွန်တော်တော့ မစဉ်းစားတတ်ဘူးဗျာ၊ ကြည့်သာလုပ်ကြပေတော့၊ ကဲ... သွားမယ် ကိုဘမြိုင်၊ မောင်လှမင်းရော အားလုံးပဲဗျာ"

ပြောပြောဆိုဆို ထရပ်ရင်း လက်တမြှောက်မြှောက်နှင့် နှုတ်ဆက် ထွက်ခွာသွားသည်တွင် ထိုအခန်းလည်း ပျောက်သွားတော့၏။

* * *

ခြံဝရှိ တံခါးတိုင်ကိုကိုင်လျက် အပြုံးနှင့်ငေးကြည့်နေသော မူမူ၏ မျက်နှာပေးကလေးမှာ ခါတိုင်းထက်ပင် ပို၍ ချစ်စရာကောင်းနေသည်ထင်ရ၏။

မူမူသည် သို့လျှင် ပြုံးနေရာမှ တစ်မုဟုတ်ချင်းပင် မျက်နှာထားကို ပြင်၍ ယဉ်ယဉ်ကလေး နှုတ်ခမ်းစူလိုက်ပြီးမှ...

"ခုတောင် ဒီလောက် မျှော်နေရတယ်ဆိုတော့"

မူမူသည် စကားကိုသော်မှ အဆုံးမသတ်တော့ဘဲ ဆတ်ခနဲ ကိုယ်ကို လှည့်ပစ်လိုက်သည်နှင့် ကိုပေါ်လွင်လည်း မူမူအနီးသို့ ရောက်လာ၏။

"ဟုတ်ပါဘူး မူမူရယ်၊ ကိုလေး အချိန်နဲ့ကိုက်ပြီးလာတာ၊ ဟို... ဘတ်စ်ကား စောင့်ရတာကတစ်မျိုး၊ အရေးထဲ ဘတ်စ်ကားက ပျက်နေလို့"

မူမူသည် ချာခနဲ ပြန်လှည့်၍ ကိုပေါ်လွင်နှင့် မျက်နှာချင်းဆိုင်လိုက်၏။ နောက် တည်ထားသော မျက်နှာထားကို ဖြုန်းစားကြီးချိူ၍ ပြုံးလိုက်ပြီးမှ...

"အစမ်း မူကြည့်တာပါ ကိုလေးရဲ့၊ စိတ်မဆိုးနဲ့နော်"

ပြဿနာအထွေထွေဖြင့် ပွေလိမ်ထွေးရှုပ်၊ အပူရပ်နှင့်ရောက်လာသူ ကိုပေါ်လွင်ပင် မခံနိုင်။ မူမူ၏ ချစ်ချင်စရာ မျက်နှာပေးနှင့် ချိုအေးသော တီတာမှုကလေးကြောင့် ကိုပေါ်လွင်တွင် ရွှင်ရွှင်ကြီး ပြုံးသွားတော့၏။

ချက်ချင်းပင် နှစ်ယောက်သား ဘေးချင်းယှဉ်လက်တွဲ၍ ခြံထဲသို့ လှမ်းဝင်သွားပြီး တိုက်ရှေ့အရောက်တွင် မူမူက အတွင်းဘက်သို့ ခေါင်းငဲ့ ကြည့်လိုက်ပြီးမှ...

"လာ... ကိုလေး၊ ဟိုကမ်းစပ်နား သွားရအောင်" ဟု ပြောရင်း ကိုပေါ်လွင်၏ လက်တစ်ဖက်ကို ဆုပ်တွဲဆွဲခေါ်သွား၏။ သူတို့နှစ်ယောက် ယခင် ထိုင်နေကျ နေရာရောက်သည်နှင့်...

"မျှော်လိုက်ရတာ ကိုလေးရယ်၊ မူမူဖြင့် စိတ်ရောကိုယ်ရော မောသွားတာပဲ၊ ကိုလေးကိုတော့ အပြစ်မဆိုပါဘူး၊ ဒီဘတ်စ်ကားတွေက တစ်ခါ တစ်ခါ သိပ်အနှောင့်အယှက် ဖြစ်တာပဲ၊ တစ်ခါတလေ အိမ်က ကား မကောင်းလို့ ဘတ်စ်ကားနဲ့ ကျောင်းတက်ရတဲ့အခါမျိုးလေ တစ်နာရီနီးပါး လောက် ကြာချင်ကြာတာ ကိုလေးရဲ့"

မူမူသည် အာကာလေး သွက်သွက်ဖြင့် ဆက်တိုက်ပင်ပြောလျက်ရှိ၏။ ကိုပေါ်လွင်တွင်သော်ကား နားနှင့်မျက်လုံးကသာ မူမူဆီတွင် အာရုံစိုက်နေသော်လည်း စိတ်ကမူ သူ့အတွေးနှင့်သူ ဦးနှောက်ခြောက်ပြီး ရောက်ချင်ရာ ရောက်နေသည်ထင်ရ၏။

"ဟုတ်တယ် ကိုလေး၊ နောက်ဆိုရင် ဘတ်စ်ကားနဲ့တော့ လာလို့မဖြစ်ဘူး၊ မူမူ စိတ်မောတယ်"

မူမူနှင့် စကားပြောနေရသည့်အဖြစ်ကို ယခုမှ သတိရတော့သလို ကိုပေါ်လွင် လှုပ်ရှားလာ၏။

"ဘတ်စ်ကားနဲ့မလာလို့ ဘာနဲ့လာရမလဲ မူမူ၊ ကိုလေးက မူမူတို့လို ကိုယ်ပိုင်ကား စီးနိုင်တာမှ မဟုတ်တာ"

ဤတွင် မူမူက မျက်စောင်းကလေးနှင့် ခေါင်းငဲ့ကြည့်နေပြီးမှ...

"မငေါ့ပါနဲ့ ကိုလေးရယ်၊ ဒီက စေတနာနဲ့ပြောမလို့ဟာ၊ ကဲ... ပြောတော့ဘူး"ဟု ဆိုဆိုပြောပြောပင် မူမူက တစ်ဖက်သို့ လှည့်သွားသောကြောင့် ကိုပေါ်လွင်သည် မူမူ့ပခုံးကလေးကို အသာဆွဲ၍ မျက်နှာချင်းဆိုင်မိသည်အထိ လှည့်လိုက်ပြီးမှ...

"ခုတောင် ဒီလောက် ချော့နေရတယ်ဆိုတော့"ဟု ပြောရင်း ပြုံးပြလိုက်သည်နှင့်...

"ခုန မူမူ ပြောတာနဲ့ကျေရော"

ထိုစကားနှင့်အတူ မူမူရော ကိုပေါ်လွင်ပါ အသံများပင်ထွက်အောင် ရယ်မောနေမိကြရာမှ ကိုပေါ်လွင်သည် မူမူ၏ပခုံးနှစ်ဖက်ကို ကိုင်ထားရင်းကပင် ရုတ်တရက် ဆွဲယူတဲ့ပြီး ဆတ်ခနဲ မွှေးလိုက်တာကြောင့်...

"ကြည့်ပါလားဟယ်... ကိုလေးကလည်း"

စိတ်ဆိုးသလို၊ ခရေသလိုနှင့် ပြောပြောဆိုဆို မူမူသည် ကိုပေါ်လွင်၏ ရင်ခွင်ထဲသို့ ခေါင်းကလေး လျှိုသွင်းလိုက်၏။

ကိုပေါ်လွင်ကလည်း အလိုက်သင့်ဆိုသလို ခြေတစ်ဖက်ဆင်းပေးရင်း မူမူ့ကိုယ်ကလေးကို အသာလှည့်တဲ့ကာ ထောင်ထားသော ပေါင်တစ်ဖက်ပေါ်တွင် ခေါင်းအုံးစေလိုက်ပြီး...

"မူမူ... မူမူ ဘာလို့ ဒီလောက် လှရတာလဲဟင်"

"ကိုလေး ချစ်ဖို့ပေါ့"

မူမူသည် ကိုပေါလွင့်ပေါင်ပေါ် ခေါင်းအုံး၍ ပက်လက်ကလေးလှန်နေရာမှ အသာမော့လျက် သွက်သွက်ကလေး ဖြေလိုက်ပြီးမှ...

"သူ့ အချစ်နာလန်ထတာနဲ့ ခုနစကားတောင် ပြတ်သွားပြီ"

မူမူသည် စကားကို ရုတ်တရက်ရပ်၍ ဖျတ်လတ်စွာ ထထိုင်လိုက်၏။

"မူမူ ဒီလို စိတ်ကူးထားတယ်၊ ကိုလေးကို ဂျစ်ကားတစ်စီး ဝယ်ပေးမယ်လို့"

"ဘာပြောတယ် မူမူ"

"ကိုလေး စီးဖို့လေ၊ ဂျစ်ကားတစ်စီး ဝယ်ပေးမယ်လို့၊ ဒါမှ ကိုလေး သွားချင်ရာကို လွယ်လွယ်ကူကူသွားနိုင်မယ်၊ အို... အရေးကြီးတာက မူမူနဲ့ ချိန်းထားတဲ့အခါ အချိန်အတိအကျ ရောက်နိုင်ဖို့ပါပဲလေ၊ နော်"

ကိုပေါလွင်မှာ ဘာတစ်ခွန်းမျှ အဖြေမပေးနိုင်သေးဘဲ အငေးသို့ငေးနေမိ၏။

"ဘာလို့ မျက်နှာကြီး အိုသွားရတာလဲ ကိုလေးရယ်၊ ဂျစ်ဟာ ခုခေတ် မော်တော်ကားတွေထဲမှာ အပေါစားရယ်လို့တော့ မူမူလည်း သိပါတယ်၊ နို့ပေမဲ့..."

"ဒါကြောင့်မဟုတ်ဘူး မူမူ၊ ဒါကို ကိုလေးဖြင့် စဉ်းတောင်မစဉ်းစားမိဘူး၊ အမှန်ကတော့ မူမူဟာ ကိုလေးကို ဘယ်လောက်ချစ်တယ်၊ ဘယ်အထိ ယုံကြည်စိတ်ချပြီး ဘယ်လို စေတနာထားတယ်ဆိုတာသိရတော့ ကိုလေးက ဘယ်ပုံဘယ်နည်း တုံ့ပြန်ရမယ်ဆိုတာ စဉ်းစားမရအောင် ဖြစ်သွားလို့ပါ"

"အမယ်လေး.... ကိုလေးရယ်၊ ဘာခက်တာမှတ်လို့၊ သားငယ်၊ မယားငယ်မယူဘဲနဲ့ မူမူဆိုတဲ့ ချစ်ဇနီးကလေးကို ရိုးမြေပြကျ ချစ်ခင်ယုယသွားတဲ့နည်းနဲ့ ပြန်ဆပ်ပေါ့ ကိုလေးရဲ့"

သို့ပြောနေခိုက်တွင် နှနှင့်အတူ လိမ္မော်ရည်သုံးခွက် ယူလာသော ကလေးမလေးတစ်ဦး မူမူတို့ဆီ ရောက်လာသဖြင့် စကားစ ပြတ်သွား၏။

နှသည် ကိုပေါလွင်တို့နှင့် ဖိုခံလောက်ဆိုင် ဝင်ထိုင်ရင်း ကလေးမလေး

ထဲမှ လိမ္မော်ရည်ဖန်းကလေးကို လှမ်းယူ၍ မြက်ခင်းတစ်နေရာတွင် ချလိုက်သည်နှင့် ထိုအခန်းသည် တဖြည်းဖြည်း မှုန်ပျောက်သွားတော့၏။

* * *

ရုတ်တရက် ပေါ်လာသည်မှာ ဗဟန်း ၃ လမ်းမှ အိမ်ခန်းကလေးဖြစ်၏။

မမြင့်ကြည်သည် လူမသိစေလိုသော သူ့အဖြစ်ကို ဖုံးကွယ်ထားသည့် အလား အညာစောင် အကျႌကလေးကိုခြုံလျက် အခန်းထဲတွင်ပင် ဟို လျှောက်သည်လှမ်းဖြင့် လမ်းသလားနေ၏။

တစ်ခါတစ်ခါ နာရီကိုလှမ်းကြည့်၍ တစ်ခါတစ်ခါတွင်မူ လမ်းမ ဘက်ဆီသို့ မရဲတရဲ ခေါင်းပြူလျက် တစ်စုံတစ်ယောက်ကို မျှော်နေရှာ၏။ ထို့နောက်တစ်ဖန် ပက်လက်ကုလားထိုင်တွင် လေးလေးပင်ပင် လက်စုံ ထောက်၍ ထိုင်လိုက်ရင်းက 'ဟင်း'ဟူသော သက်ပြင်းချသံနှင့်အတူ...

"တစ်နေ့ကလည်း မလာဘူး၊ မနေ့ကလည်း မလာဘူး၊ ဘာပဲဖြစ်ဖြစ် ဒီနေ့တော့ သူ လာဖို့ကောင်းတယ်၊ မဟုတ်မှလွဲရော အကြောင်းတော့ရှိနေပြီ ထင်ပါရဲ့၊ အမျိုးသမီးကလောင်အသင်းတိုက်ကိုလည်း သူ မကြာမကြာသွား တယ်လို့ သတင်းရတယ်၊ ဘာကိစ္စ သွားရတာတဲ့လဲ"

စင်စစ် ထိုအသံများမှာ မမြင့်ကြည်က ပြောနေခြင်းမဟုတ်၊ မမြင့် ကြည်မှာ ပက်လက်ကုလားထိုင်တွင်မှိုရင်း ငိုင်နေသည်သာ ဖြစ်၏။ သို့သော် ထိုစကားများမှာ မမြင့်ကြည်အသံနှင့် မမြင့်ကြည်ကိုယ်တိုင်က ပြောနေသကဲ့ သို့ပင် ကြားနေရ၏။

ဤသည်မှာ အသံထွက်ရုပ်ရှင်အနေဖြင့် ဇာတ်ဆောင်သူတစ်ဦးက စိတ်ထဲမှ ပြောနေခြင်းကို ဤနယ် သရုပ်ဖော်ထားခြင်း ဖြစ်သည်ဟူ၍မူ ပရိသတ်က သဘောပေါက်ပြီးဖြစ်၏။

မကြာမီ ထိုအခန်းပျောက်၍ လိမ္မော်ရည်ဖန်ခွက်ကို လက်စသတ် မော့ချလိုက်သော နု၏ကိုယ်တစ်ပိုင်းသည် ထင်းခနဲ ပေါ်လာ၏။

"ကဲ... မူမူ၊ ကိုယ် လာထိုင်နေတာ မူမူတို့ကို နှောင့်ယှက်သလိုဖြစ်နေ ပြီ"ဟု ပြောလိုက်သော နု၏စကားမဆုံးမီ...

"အမယ်..."

မူမူက ကျေနပ်မှုနှင့် သဘောမကျမှု ထိန်းစံခု ဆတူပါသော မျက်နှာထားကလေးဖြင့် ရေရွတ်လိုက်သည်တွင်...

"ကိုင်း... စကားပြောကြဦးနော်၊ ဒါတွေ သွားထားလိုက်ချေဦးမယ်"

ပြောပြောကိုင်ကိုင် လိမ္မော်ရည်ဖန်ခွက်ဇွန်းကလေးကို ကိုင်ယူထသွားသည်တွင်မှ...

"နုက ဒီလိုပဲ ကိုလေးရဲ့၊ အားကြီးပျော်တတ်တယ်၊ ကျောင်းမှာလေ၊ နု ဘယ်ရောက်နေတယ်ဆိုတာ ရှာနေဖို့တောင် မလိုဘူး၊ တဝါးဝါးပွဲကျနေတဲ့ အခန်းသာဝင်လိုက်၊ နုကို တွေ့ရတာပဲ"

ထွက်ခွာသွားပြီဖြစ်သော နုဘက်ဆီသို့ တစ်ချက် လှမ်းကြည့်ပြီးမှ မူမူက သို့ပြောလိုက်သောကြောင့်...

"ဒါက ထားပါတော့ မူမူ၊ ခုလို မူမူနဲ့ကိုလေးတို့ ဒီခြံမှာလာလာပြီး ချစ်တင်းဆိုကြတာကို နုတို့မိဘတွေက မငြိုငြင်ပေဘူးလား"

"ဒီအတွက် မပူပါနဲ့ ကိုလေးရဲ့၊ သိသင့်တဲ့အချိန်တန်ရင် ကိုလေး သိရမှာပေါ့၊ ဒါနဲ့ ခုနစကား ဆက်ကြဦးစို့နော်"

စကားကို ရုတ်တရက်ဖြတ်၍ မူမူသည် ထိုင်ရပုံ အံမကျသေးသလို ကိုယ်ကလေးအသာနွဲ့၍ အိနွဲ့နွဲ့ကလေး ပြင်ထိုင်လိုက်ပြီးမှ...

"ဟိုတစ်ခါ ကိုလေးကို ပြောပြီးပြီမဟုတ်လား၊ ဖေဖေနဲ့ မေမေ ရှာထားခဲ့တဲ့ ပစ္စည်းတွေဟာလေ၊ မူမူ့တစ်သက်တင်မဟုတ်ဘူး၊ ကိုလေးနဲ့မူမူတို့ အိမ်ထောင်ကျပြီးတဲ့နောက်"

မူမူသည် ထိုစကားမှ ရှေ့ဆက်ရမည်ကို ရှက်သလိုပြုံးရင်း ခေါင်းကလေး ငုံ့သွားရှာ၏။

"ကဲ... ဆိုပါတော့ မူမူရယ်၊ ကိုလေးနဲ့မူမူ အိမ်ထောင်ကျပြီးတဲ့နောက် ပေါက်ဖွားလာမယ့် သားသမီးတွေပါ ဆက်ပြီး စားနိုင်သေးတယ်ပေါ့၊ ဒီလို မဟုတ်လား"

"အင်း..."ဟူသောအဖြေနှင့် ခေတ္တ တွေကြည့်နေသေး၏။ နောက်မှ ဆက်လက်၍...

"ကိုလေးက သိပ် အတွေးကောင်းတာပဲနော်၊ ဒါကြောင့်လည်း နိုင်ငံ

ကျော် စာရေးဆရာကြီး ဖြစ်နေတာထင်ပါရဲ့"

"ဒါကတော့ မူမူရယ်"

"ဟင့်အင်း၊ ကိုလေး မပြောနဲ့ဦး၊ မူမူ့စကား ကျန်သေးတယ်၊ ဒီမှာကိုလေးရဲ့၊ ခုဆိုရင် ဒီပစ္စည်းတွေကို မူမူတစ်ယောက်တည်းပိုင်တယ်၊ မူမူ့သဘော ဘာမဆို လုပ်နိုင်တယ်၊ ဒီတော့ ကိုလေးကို နှစ်သောင်းတန် ဆလွန်းကား ဝယ်ပေးရမှာလည်း ဝန်မလေးဘူး၊ ဒါပေမဲ့"

"ဒီမှာ မူမူ"

"မူမူ့ စကားဆုံးမှပြောပါ ကိုလေးရဲ့၊ ခုနပြောသလို မူမူ တတ်နိုင်ပေမဲ့ မူမူ စဉ်းစားကြည့်တယ်၊ ကိုလေးနဲ့မူမူတို့ဟာ လေးငါးခြောက်လအတွင်း စာမေးပွဲပြီးတာနဲ့ လက်ထပ်ကြမှာမဟုတ်လား၊ ဒီတော့ မူမူ့ဆီမှာကားအသစ်ရှိပြီးသားနော်၊ တစ်ခါ ကိုလေးကို ခုဝယ်ပေးပြန်ရင် ဟိုအခါကျတော့ အပိုဖြစ်မနေပေဘူးလား ဟင်"

"ဟုတ်တာပေါ့ မူမူ"

သို့ပင် အဆင်တပြေ ဖြေလိုက်ရသော်လည်း ဤအချိန်၌ ကိုပေါ်လွင်၏အမူအရာမှာ ပြဿနာတစ်ခုခုကို အလုအယက် စဉ်းစားနေရသည့်အသွင်ဆောင်နေ၏။

"ဒါလည်းတစ်ကြောင်း၊ ပြီးတော့ ကိုလေးအနေနဲ့လည်း ဖြုန်းခနဲအခြေပြောင်းသွားရင် ပတ်ဝန်းကျင်က ဘာဘာညာညာ ထင်စရာဖြစ်လာမယ် မဟုတ်လား၊ ဒါကြောင့် ဂျစ်ကားလောက်ပဲဝယ်ပေးဖို့ မူမူ စိတ်ကူးတာပါ"

"ကိုလေး နားလည်ပါတယ် မူမူ၊ နို့ပေမဲ့..."

"ငြင်းမလို့လား ကိုလေး၊ မူမူ့ကို တကယ်ချစ်ရင်တော့ လက်ခံရမှာပဲ၊ ဒါနဲ့ ကိုလေးရော ကားမောင်းတတ်တယ် မဟုတ်လား"

"ဟင့်အင်း မူမူ၊ မမောင်းတတ်ဘူး"

"ဘာဖြစ်လဲ၊ ဂျစ်ကားက အမောင်းသင်လိုက်ရင် ခဏပါ၊ မခဲယဉ်းပါဘူး၊ ဒါပဲနော် ကိုလေး လက်ခံရမယ်"

ကိုပေါ်လွင်၌ အတော်ကလေးအကျပ်ရိုက်နေ၏။ ရုတ်တရက်အဖြေလည်း မပေးနိုင်၊ တွေပြီးသာ ငိုင်နေသည်နှင့်...

"ဒီမှာ ကိုလေး၊ မူမူ့ကို ချစ်တယ်ဆို"

"ချစ်ပါတယ် မူမူရဲ့၊ ကဲ... ကိုလေး လက်ခံမယ်၊ ကျေနပ်ပြီလား"

"ဒါနဲ့ ဘာလို့ မျက်နှာတော်ကြီးက ညိုထားရတာတဲ့လဲ"

"မူမူ့မှာ အုပ်ထိန်းသူတွေ ရှိသေးတယ် မဟုတ်လား၊ ကိုယ့်ဝစ္စည်း ကိုယ်သုံးတယ်ပဲ ထားဦးတော့၊ လူကြီးတွေက ဘာ၊ ဘယ်နေရာမှာ သုံးတယ် ရယ်လို့ သိချင်ကြမပေါ့"

"အဲဒါ မူမူလည်း စဉ်းစားမိပါတယ်၊ မခက်ပါဘူး၊ စောစောက မူမူ ပြောတယ် မဟုတ်လား၊ နတို့ကိစ္စကို အချိန်တန်ရင် သိရမယ်ဆိုတာလေ၊ အဲဒါ ဒီလို ကိုလေးရဲ့"

မူမူသည် စကားကို ရှေ့မဆက်သေးဘဲ တိုက်ဆီသို့လည်းကောင်း၊ ပတ်ဝန်းကျင်ဝဲယာကိုလည်းကောင်း အကဲခတ်သလို ကြည့်လိုက်ပြီးမှ...

"နတို့မိဘတွေက ဝင်ကုန်ထွက်ကုန် လုပ်ငန်းကို မှန်မှန်လုပ်နေရာက လောဘတကြီးနဲ့ တိုက်တွေ၊ ခြံတွေပေါင်ပြီး အကြီးအကျယ်လုပ်လိုက်တဲ့ အကြိမ်မှာမှ အို–ကျို–အယ် ဖြစ်သွားလို့ ရှုံးလိုက်တာ သွက်သွက်ကိုလည်းသွား တာပဲ၊ အတိုချုပ်ကတော့ တိုက်တွေ၊ ခြံတွေပြန်ရွေးဖို့နဲ့ နောက်ထပ် အလုပ် ဆက်လုပ်နိုင်ဖို့ရာ မူမူက ငွေငါးသောင်း ထုတ်ချေးထားရတယ်လေ၊ ဒါ ကြောင့် မူမူ့ကို သိပ်အရေးပေးနေကြတာပေါ့"

ကိုပေါ်လွင်လည်း ခေါင်းတညိတ်ညိတ်နှင့် စိတ်ဝင်စားစွာ နားစွင့် လျက်ရှိ၏။

"ဒီတော့ အိမ်ကလူကြီးတွေ အကြောင်းပြကောင်းအောင် နတို့ကပဲ ထပ်ချေးတဲ့အနေမျိုး ငွေလေးထောင်လောက်ယူပြီး..."

"ကိုလေးကို ဂျစ်ကားဝယ်ပေးမယ်ဆိုပါတော့"

"ပွမ်..."

မော်တော်ကား ဟွန်းသံတစ်ချက် စူးစူးရှရှကလေး ထွက်ပေါ်လာ သောကြောင့်...

"ဒါ မူမူတို့ ကားဟွန်းသံပဲ ကိုလေး၊ ဘာလို့များ ရောက်လာတယ် မသိဘူး၊ ညနေမှ လာကြိုဖို့မှာလိုက်ရဲ့သားနဲ့၊ လာ... ကိုလေး"

ပြောရင်းက ထရပ်ပြီး မူမူက ကိုပေါ်လွင်ကိုပါ ဆွဲခေါ်နေသော

ကြောင့်...

"ဟာ... ကိုလေး လိုက်လို့ ဖြစ်ပါ့မလား"

"လာပါ... ကိစ္စမရှိပါဘူး ကိုလေးရ၊ ကုလား ဒရိုင်ဘာက ဒါမျိုးတော့ စိတ်ချရပါတယ်၊ လက်ဖက်ရည်ဖိုးလေးသာ မှန်မှန်ပေးနေရင် ပါးစပ်ကိုလုံနေတာပဲ"

ရယ်ရယ်မောမောနှင့် ပြောဆိုထွက်လာခဲ့ကြပြီး မူမူက ဒရိုင်ဘာအနီးသို့ ကပ်သွား၏။ ကိုပေါ်လွင်ကမူ ခပ်လှမ်းလှမ်းမှ ရပ်စောင့်ရင်း မူမူနှင့် ဒရိုင်ဘာတို့ တီးတိုးပြောဆိုနေကြသည်ကို ငေးစိုက်လျက်ရှိ၏။

မရှေးမနှောင်းမှာပင် တိုက်ထဲမှ အပြေးကလေး ထွက်လာသော နုနုနှင့်အတူ မူမူပါ ကိုပေါ်လွင့်အနီးသို့ လျှောက်လာကြပြီး...

"အိမ်မှာ ဧည့်သည်ရောက်နေလို့ ဒေါ်ဒေါ်က အခေါ်လွှတ်တာတဲ့"

ကိုပေါ်လွင်နှင့် မျက်နှာချင်းဆိုင်မိသည်တွင် မူမူက သို့ပြောလိုက်ရင်း...

"ကဲ... ကိုလေးပါ တစ်ခါတည်း လိုက်ခဲ့ပေါ့နော်"

"နေပါစေ မူမူ၊ ကိုလေးဟာကိုလေး ဘတ်စ်ကားနဲ့ပဲ..."

"ဘာထူးလို့လဲ ကိုလေးရယ်၊ လာပါ၊ ကိုလေး ဆင်းချင်တဲ့နေရာကျတော့ ဆင်းလိုက်တာပေါ့"

ပြောရင်းဆိုရင်းကပင် မူမူသည် ကိုပေါ်လွင်၏ လက်တစ်ဖက်ကိုကိုင်ဆွဲကလေး ဆွဲလျက် ကားပေါ်လှမ်းတက်လိုက်သောကြောင့် ကိုပေါ်လွင်တွင် မငြင်းသာတော့ဘဲ နောက်ပိုင်းတွင် စုတ္တဲ့ထိုင်ရင်း ပါသွားလေတော့၏။

* * *

"နိုင်ငံကျော် ကလောင်ရှင်ကလေး ပေါ်လွင်၏ 'စံပယ်တဲ့လေးရဲ့' ဝတ္ထုကြီး ရှေ့လ ၁ ရက်နေ့ ဆက်ဆက်ထွက်မည်"

* * *

ပထမအကြိမ် ရိုက်နှိပ်ခြင်း၊ ၁၀ ရက်အတွင်း ကုန်သွားပါသောကြောင့်...

'ပေါလွင်၏ စံပယ်တဲ့လေးရဲ့' ဝတ္ထုကြီးကို ဒုတိယအကြိမ် ရိုက်နေပါပြီ။

* * *

လာပြန်ပါလေပြီ... အချစ်ဝတ္ထုကြီးတစ်ပုဒ် ပြည်တော်ချစ် စာရေးဆရာကလေး ပေါလွင်ရေး 'ချစ်ပယောဂ'။ အမှာစာများ... ပျော်တော်ဆက်တိုက်သို့ ပို့တော်မူ။

* * *

မဂ္ဂဇင်း ကြော်ငြာပိုင်းတွင်လည်းကောင်း၊ သတင်းစာတွင်လည်း ကောင်း အသီးသီးပါသော ကြော်ငြာများသည် တစ်ခုပြီးတစ်ခု ပေါ်လာ၏။

နောက်ဆုံး ကြော်ငြာပျောက်သွားသည်နှင့် မမြင့်ကြည်တို့ အခန်း ကလေးတွင်...

"ဘာတဲ့လဲ ဒေါ်ဒေါ်၊ တွေ့ခဲ့လား"

ပက်လက်ကုလားထိုင်တွင် ညှိုးညှိုးငယ်ငယ် ထိုင်နေရာမှ မမြင့်ကြည် သည် အငမ်းမရ မေးလိုက်၏။

"အင်း... နိုင်းလို့သာသွားရတယ်၊ ငါဖြင့် မသွားတတ် မလာတတ်နဲ့ ရှာလိုက်ရတာ လူ့ကို မူးနေတာပဲ"

"ရှည်လိုက်တာ ဒေါ်ဒေါ်ရယ်၊ တွေ့မတွေ့သာ ပြောစမ်းပါ"

"မတွေ့ဘူးဟေ့... မတွေ့ဘူး၊ ငါ့ကိုများ ရှည်လိုက်တာတွေ ဘာတွေ နဲ့၊ ညည်းက ဟင်း..."

အဒေါ်တစ်ယောက်အား မမြင့်ကြည်သည် ဤလို 'ရှည်လိုက်တာ' ဟူသော စကားမျိုး မသုံးသင့်သည်ကို နားမလည်လောက်အောင် အသိဉာဏ် ခေါင်းပါးသူကလေးမဟုတ်။ သို့သော် ဤနေရာတွင် ဤနယ် သုံးလိုက် သဖြင့် မမြင့်ကြည်၏ဝမ်းထဲ၌ အဘယ်မျှလောက် ဇောသန်၍ သောကတွေ လျှံနေသည်ကို ကွက်ခနဲ သရုပ်ပေါ်သွားစေ၏။

တစ်ဖန် အဒေါ်ဖြစ်သူက အလွန့်အလွန် စိတ်ထိခိုက်သွားသလို မျက်နှာထားမာမာနှင့် သို့ကလို ငေါက်ဆတ်ဆတ် အပြစ်ဆိုလိုက်ခြင်းက

လည်း ပို၍ လေးနက်သွား၏။ မမြင့်ကြည်သည် ဤလို ရင့်ရင့်သီးသီးပြန် မပြောဖူးပါဘဲလျက် ယနေ့မှ စကားပြော ရိုင်းပျမိခြင်းသည် သူ့အဖို့၌ အဘယ်မျှလောက် အပူမီး တောက်လောင်နေသည်ဟူသော သဘောကို လည်း ပေါ်သည်ထက် ပေါ်သွားစေ၏။

"အေး... ညည်း အကောင်နဲ့ရွယ်တူ သူငယ်တစ်ယောက်တော့ တွေ့ခဲ့တယ်၊ လာရင် ပြောလိုက်မယ်တဲ့၊ ဒါပဲ"

သူ့ဒေါ်ဒေါ်သည် စကားပြော ရိုင်းလိုက်မိသော တူမအပေါ်၌ အခဲ မကျေနိုင်သေးသလို တိုတိုပြတ်ပြတ်ပြောရင်းက ထ,ရပ် လှည့်ဝင်သွားသည် တွင်မှ သူ့အမှားကိုသူ နောင်ရတသွားသည့်အလား လက်ဝါးနှစ်ဖက်ပေါ် မျက်နှာအပ်၍ တရှုပ်ရှုပ်ဖြစ်နေရှာတော့၏။

ထိုအခိုက် ကိုဘိုးထင်၏အသံသည် လေးလေးနှင့်မှန်မှန် ပေါ်လာပြန် ၏။

"မှန်ပါတယ်၊ အဲဒီနေ့ဟာ စနေနေ့ ညနေ ၂ နာရီလောက်အချိန် ဖြစ်ပါတယ်၊ အဒေါ်ကြီးတစ်ယောက် လာမေးတဲ့အချိန်မှာ ကိုပေါ်လွင် အပြင် သွားနေတာမို့ သူမရှိတဲ့အကြောင်းလောက်သာ ပြောလိုက်ရပါတယ်၊ ည ဘက်မှာ ကိုပေါ်လွင် ပြန်လာလာချင်းပဲ ဒီလို လာမေးတဲ့အကြောင်း ပြောပြ လိုက်ပါသေးတယ်၊ သူ သွားမသွားတော့ ကျွန်တော် မသိခဲ့ရဘူးပေါ့ခင်ဗျာ"

ထိုစကားအဆုံးတွင် လှိုက်လှိုက်လှဲ့လှဲ့ ရှိုက်နေရှာသော မမြင့်ကြည် ၏ ရှုကွင်းကလေးရော အသံပါ ပျောက်သွားပြီး ပျော်တော်ဆက်စာအုပ်တိုက် အခန်းကလေး ပေါ်လာ၏။

စားပွဲတစ်ခုအနီးတွင် ထိုင်နေရာမှ ကိုပေါ်လွင်သည် လက်မှ နာရီကို ငုံ့ကြည့်လိုက်ပြီး...

"ဘယ့်နှယ် ကိုဘမြိုင်၊ ဦးရင်မောင် ဘယ်အချိန်လောက် လာမတဲ့လဲ" ဟု လှမ်းမေးလိုက်သည်တွင် ဘလောက်တစ်လုံးကို ဘယ်ပြန်ညာပြန်ကြည့် နေသော ကိုဘမြိုင်က...

"အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး ကိုပေါ်လွင်၊ ဆရာဦး ငွေကိုင်ဆီဆိုပြီး ထွက်သွားတာပဲ"

ကိုပေါ်လွင်လည်း နောက်ထပ် ဘာမျှမမေးတော့ဘဲ စောင့်လက်စနှင့်

စောင့်တော့မည်ကဲ့သို့သော အမူအရာဖြင့် အနည်းငယ် ပြင်ထိုင်လိုက်ရင်း အိတ်ထဲမှ စာအိတ်တစ်ခုကိုထုတ်၍ ဖောက်လိုက်၏။

"အင်း... ကိုပေါ်လွင်တို့ကဖြင့် နာမည်ကြီးသလောက် အဆက်တွေကဖြင့် ပေါပါ့ဗျာ၊ ဘယ်မဒီဆီကလည်းဗျ၊ မသိရဘူးလား"

ကိုဘမြိုင်သည် ကိုင်ထားသော ပေတံဖြင့် ဘလောက်ကို တိုင်းထွာနေရာမှ လှမ်းမေးလိုက်၏။

"ပြောတတ်သေးပါဘူးဗျာ၊ ချစ်နိုဗ္ဗာန်တိုက်ကတစ်ဆင့် ရောက်လာတဲ့စာပဲ"

သို့သော် ကိုပေါ်လွင်၏မျက်နှာထားမှာ မည်သူ့စာဖြစ်ကြောင်း သိပြီးဖြစ်နေသည့်အသွင်ဆောင်လျက်ရှိ၏။ နောက် စာကိုဆွဲထုတ်၍ ဖတ်လိုက်သည်၌...

**ကိုလွင်...**

အလွန် အရေးကြီးပါသည်၊ စာရရချင်း အမြန်လာပါ။

**မြင့်**

မကြည်မသာဖြစ်နေသော ကိုပေါ်လွင့်မျက်နှာမှာ တစ်ခါတည်း ညှိုးကျသွားတော့၏။

"ကဲ... ကိုဘမြိုင် ကျွန်တော် ပြန်မယ်ဗျာ... နော်၊ ဦးရင်မောင်လာရင် သာ ပြောလိုက်ပါတော့၊ ဟို... ချစ်ပဟေဠိ-ဝတ္ထုအတွက် ငွေလိုချင်ပြီလို့"

ကိုပေါ်လွင်လည်း ကိုဘမြိုင်၏အဖြေကိုပင် မစောင့်တော့ဘဲ ချာခနဲလှည့်ထွက်အသွားတွင် ထိုအခန်းပျောက်၍ အင်းလျားကန်စောင်းရှိ စိမ်းလဲ့ကန်သာ ခြံအတွင်းသို့ ဂျစ်ကားကလေးတစ်စီး မောင်းဝင်သွားသည့် မြင်ကွင်းကလေး ပေါ်လာ၏။

ကိုယ်တိုင် မောင်းလာသော ကိုပေါ်လွင်၏ဂျစ်ကားကလေး တိုက်ရှေ့တွင် ရပ်တန့်သွားသည်နှင့် တိုက်အတွင်းမှ ခြေသွက်ကလေးဖြင့် လှမ်းထွက်လာသော မူမူက...

"စက်မရပ်နဲ့ ကိုလေး"ဟု အော်ပြောကလေးပြောရင်း ကိုပေါ်လွင့် အနီးသို့ ချဉ်းကပ်လာကာ...

"အင်းလျားတစ်ပတ်လောက် မောင်းပါလား ကိုလေး... နော်၊ မူမူ

လည်းလိုက်မယ်"ဟု ပြောပြောဆိုဆိုပင် မူမူလည်း ကားစက်ခေါင်းဘက်မှ ကွေ့၍ ကိုပေါ်လွင့်အားတွင် တက်ထိုင်လိုက်သောကြောင့် ကိုပေါ်လွင်တွင် ဘာမှမပြောသာတော့ဘဲ မှန်မှန်ပင် မောင်းထွက်ခဲ့ရတော့၏။

သို့သော် ကိုပေါ်လွင့်အမူအရာတွင် စိတ်ပါလက်ပါရှိပုံမပေါ်၊အတော်ကလေး ခေါင်းရှုပ်နေသည်ထင်ရ၏။ ဂျစ်ကားကလေးမှာလည်း ဘယ်ချိုးညာကွေ့ဖြင့် တရွေ့ရွေ့သွားနေရာမှ မကြာမီ ကုက္ကိုင်းလမ်းဘက်သို့ရောက်လာပြီး တိုက်တာ အဆောက်အအုံကင်းသော ကန်စောင်းတစ်နေရာရှိ သစ်ပင်ရင်းတွင် ရုတ်တရက် ဆိုက်ရပ်သွား၏။

ကားကလေး တုံ့ခနဲရပ်သွားသည်နှင့် မူမူသည် ကိုပေါ်လွင့်အား မိုရင်း ပခုံးပေါ် ခေါင်းကလေးတင်ထားရာမှ ဆတ်ခနဲ ကိုယ်ကိုထူတဲ့ပြီး...

"ဘာလို့ရပ်တာလဲ ကိုလေးရဲ့"

"အို... မူမူပဲ ရပ်ခိုင်းပြီးတော့"

"ဟင့်အင်း ကိုလေးရဲ့၊ ရပ်ခိုင်းတာမဟုတ်ဘူး၊ ဟိုလမ်းထဲကွေ့ဝင်ဖို့ ပြောတာ၊ မူမူ လေ့စီးချင်လို့"

မရှင်းမလင်းဖြစ်နေသော ကိုပေါ်လွင့် အင်္ဂါရုပ်မှာ ထိုစကားကြောင့် ပို၍ရှုပ်သွားသည် ထင်လိုက်ရ၏။

"ဟိုတစ်ခါ ပြောပြီးပါရောလား မူမူရယ်၊ ကိုလေး လေ့မလော့်တတ်ဘူး၊ ရေလည်း ကြောက်တယ်လို့"

"အင်း ... မူမူ လော့်မှာပေါ့ ကိုလေးရဲ့၊ မူမူ လော့်တတ်ပါတယ်"

ကိုပေါ်လွင်မှာ ဘာပြော၍ ဘာဖြေရမည်ပင် စဉ်းစားမရသလို ငိုင်ကျသွားတော့၏။

"ကိုလေး ဒီနေ့ ဘာဖြစ်လာသလဲ ဟင်၊ စရောက်ကတည်းက ကိုလေး မျက်နှာ မသာဘူး၊ ကိုလေး စိတ်ညစ်မှာစိုးလို့ မူမူ မမေးတာ သိလား"

ကိုပေါ်လွင်သည် အပြုံးမပါသော သာမန်အမူအရာများဖြင့် လှည့်ကြည့်လိုက်၏။

"ပြောစမ်း... ကိုလေးမှာ စိတ်ညစ်စရာရယ်လို့ ဘာရှိသလဲ၊ ပြောကိုလေး၊ ပိုက်ဆံသာ ပေးဝယ်လို့ရမယ်ဆိုရင် ဘယ်လောက်ပေးရ ပေးရ၊ အဲဒီ စိတ်ညစ်စရာတွေကို မူမူ ဝယ်ပြီး လွှင့်ပစ်ပေးမယ်"

သဒ္ဒါကို အခြေခံလျက် မူမူက စေတနာသန့်သန့် ပြောလိုက်သည်နှင့် ကိုပေါ်လွင်လည်း မချင့်မရဲ ပြုံးမိရင်းက မူမူ့ကိုယ်ကလေးကို ကျုံးဖက်လိုက်သေး၏။ နောက်မှ...

"စိတ်ညစ်လို့ မဟုတ်ပါဘူး အချစ်ရယ်၊ စိတ်အိုက်ရုံလောက်ပါ"

"ဘာဖြစ်လို့"

"ဪ... အရေးတကြီး ပေးစရာရှိတဲ့ ဝတ္ထုတစ်ပုဒ်အတွက် ဇာတ်လမ်းရှာမရတာနဲ့"

ကိုပေါ်လွင်က အမှန်ကိုဖုံးကွယ်၍ ပြီးစလွယ်ပြောလိုက်၏။

"ဒါနဲ့များ ကိုလေးရယ်၊ မူမူနဲ့ကိုလေးတို့အဖြစ်ကို မှတ်တည်ရေးလိုက်လည်း ပြီးတာပဲဟာ"

ကိုပေါ်လွင်လည်း ပျက်သွားသော သူ့မျက်နှာကို မသိမသာ လွှဲပစ်လိုက်ရတော့၏။ နောက်မှ မျက်နှာထားကိုပြင်၍ မှင်သေသေ ပြန်လှည့်ကြည့်ရင်း...

"ပြီးတော့ ဒီနေ့ ကိုလေး သိပ်နေမကောင်းဘူး၊ ကိုယ်တွေလက်တွေ တောင့်ပြီး..."

"အို ကိုလေးကလည်း ဒီလိုဆို စောစောက ပြောပါတော့တဲ့လား၊ ကဲ... မူမူ့ကိုပြန်ပို့၊ ကိုလေးလည်း အိမ်ပြန်တော့၊ ဟုတ်လား၊ နောက်ပြီး အနှိပ်ကလေးဘာလေး ခံလိုက်နော်၊ ဪ... ဆေးဝင်ထိုးသွားပါလား ကိုလေးရဲ့"

"ဒီလောက်လည်း မဟုတ်ပါဘူး အသက်ရယ်၊ မူမူက ပူတတ်လိုက်တာ"

သို့ပြောရင်း ကိုပေါ်လွင်က မူမူ့မေးစေ့ကလေးကိုဆွဲ၍ ခါလိုက်သောကြောင့်...

"ပူရတယ် ရှင်ရေ့... ပူရတယ်၊ မတော် ဖျားနာနေလို့ နောက်အပတ်မလာနိုင်ရင် ဘယ့်နှယ်လုပ်မလဲ၊ ကိုလေး မျက်နှာကိုမြင်ရဖို့အရေး ခုနစ်ရက် ခုနစ်လီ စောင့်ရတာပဲ၊ မူမူ့စိတ်ထဲမှာ..."

"ခုနစ်နှာရီလောက် စောင့်ရသလို ထင်နေသလား မူမူ"

"မဟုတ်ဘူး၊ ခုနစ်စက္ကန့်"

ဤတွင် စကားကိုတန့်၍ ကိုပေါ်လွင်၏ရင်ဘတ်ကို လက်သီးဆုပ်ကလေးဖြင့် ထုလိုက်ပြီးမှ...

"အင်း... ဘာပြောချင်သေးလဲ"ဟု မူမူက သာယာမှုအပြည့်ပါသည့် မဲ့ပြုံးကလေးနှင့် မေးလိုက်သည်၏အဆုံး၌ နှစ်ယောက်စလုံး ရွှင်လာပြီး ကြည်ကြည်လင်လင် မြူးသွားကြကာ ဂျစ်ကားလေး ဖြည်းဖြည်းချင်း လိမ့်ထွက်သွားသည်နှင့် ထိုအခန်းလည်း ပျောက်သွားတော့၏။

* * *

အဆိုပါ ဂျစ်ကားကလေးသည်ပင် ဗဟန်း ၃ လမ်းထဲရှိ မမြင့်ကြည်တို့ အိမ်ကလေးရှေ့တွင် ထိုးဆိုက်လာပြီး ချက်ချင်းပင် ကိုပေါ်လွင် ဆင်းလာလျက် အိမ်ပေါ်သို့ လှမ်းတက်သွား၏။

ပက်လက်ကုလားထိုင်တွင် ခွေခွေကလေး မှိန်းနေရာမှ တက်လာသော ခြေသံကြောင့် မမြင့်ကြည်သည် မျက်လွှာကလေးပင့်၍ ကြည့်လိုက်၏။

တံခါးဝသို့ရောက်နေပြီဖြစ်သော ကိုပေါ်လွင်ကို တွေ့လိုက်ရသည်နှင့် မမြင့်ကြည်သည် မှီထားသော ကိုယ်ကို ဆတ်ခနဲထူ၍ အတန်ကြာတွေကြည့်နေပြီးမှ...

"ကိုလွင် လာသေးသကိုးနော်"ဟူသော မေးသံနှင့်အတူ မျက်ရည်သည်လည်း အန်ကျလာတော့၏။

ကိုပေါ်လွင်မှာလည်း ရင်ထဲတွင် နင့်ခနဲ ဆို့သွားသည့်အသွင်ဖြင့် ခပ်လောလော ပြေးတက်သွားပြီး ကုလားထိုင်တစ်လုံးဆွဲ၍ မမြင့်ကြည်အနီးတွင် ထိုင်ချလိုက်၏။

ရုတ်တရက်သော် ဘာပြောရမည်မသိသလို ကပိုကရိုကြီး ငိုင်နေပြီးမှ မမြင့်ကြည်၏ ပခုံးကလေးကို ယုယုယယ လှုပ်တဲ့ပြီး...

"ဘာလို့ ငိုရတာလဲ မြင့်ရယ်၊ ကိုလွင့်မှာ ခုတလော အလုပ်တွေများပြီး..."

"ဘာအလုပ်လဲ ကိုလွင်၊ ဟို... အမျိုးသမီးကလောင်အဖွဲ့ကိုသွားသွားနေရတဲ့ အလုပ်လား"

သို့လျှင် မမြင့်ကြည်က ပြောရင်း တံတောင်ကွေးကလေးဖြင့် မျက်

ရည်သုတ်နေသည့်အခိုက်...

"ဘုရားပေးပေး၊ ကျွမ်းပေးပေးပါ မြင့်ရယ်၊ အမျိုးသမီးကလောင်အဖွဲ့သွားတာလည်း စုစုပေါင်းမှ နှစ်ခေါက်တည်းပါ၊ ဒါလည်း..."

"အင်း... ပြောလေ၊ ကြိုက်သလို လှည့်ပြီးပြောပေါ့"

"အေး... မြင့် မယုံတာတော့လည်း မတတ်နိုင်ဘူးပေါ့၊ အမှန်ကတော့ ကိုလေး... ခုလို"

ကိုပေါ်လွင်တွင် မှားသွားသော သူ့စကားအတွက် ပါးစပ်အဟောင်းသားနှင့် ရုတ်တရက် တွေသွားသည့်အခိုက်...

"ကဲ... ဘာပြောဦးမလဲ ဟင်၊ ကိုလေးဆိုတဲ့ အသုံးအနှုန်းမျိုးနဲ့စကားပြောဖို့ ချစ်သူအသစ်ကလေး တွေ့နေပြီမဟုတ်လား"

အံကလေး တကြိတ်ကြိတ်ဖြင့် စိတ်ထိန်း၍ပြောလိုက်သည်မှန်သော်လည်း မျက်ရည်က မနေ၊ တဖြည်းဖြည်း ဝေကျလာ၏။

"မ... မဟုတ်ပါဘူး မြင့်ရယ်၊ ဟို... ကလောင်သစ်ကျောင်းသားလေးတစ်ယောက်က ကိုလွင့်ကို ကိုလေးလို့ခေါ်ပြီး ဆက်ဆံတယ်၊ ဒါကြောင့် ကိုလွင်ကလည်း ကိုလေး... ကိုလေးနဲ့ ပြန်ပြောလေ့ရှိခဲ့လို့ နှုတ်ကျိုးပြီး..."

"မလိုချင်ဘူး၊ ဘာပဲဖြစ်ဖြစ် ကိုလွင် ဒီအိမ်ကို ပြောင်းလာတော့၊ ကိုလွင့်ကို မြင့် စိတ်မချနိုင်တော့ဘူး၊ ဟုတ်တယ်၊ နက်ဖြန်ပဲ ပြောင်းလာတော့"

ကိုပေါ်လွင်လည်း ရုတ်တရက် စဉ်းစားသလို တွေသွားပြီးမှ...

"ကိုလွင့်ဘက်ကတော့ အဆင်သင့်ပါ မြင့်ရယ်၊ ကြာလှပြီမဟုတ်လား၊ ပြောင်းလာပါရစေလို့ ကိုလွင် ပြောပြောနေတာ၊ မြင့်ကသာ ပတ်ဝန်းကျင်က ကဲ့ရဲ့မယ်လေး ဘာလေးနဲ့ ငြင်းငြင်းနေလို့သာ ဟုတ်ဘူးလား၊ကဲ"

မမြင့်ကြည်တွင် စိတ်ထဲက မရှင်းသကဲ့သို့ မျက်လုံးအစင်းသားနှင့် ငိုင်နေရှာ၏။

"မြင့်က ခု ညတွင်းချင်းပဲ ပြောင်းခဲ့ရမယ်ဆိုတောင် ကိုလွင် ဝန်မလေးဘူး သိလား၊ မြင့်ကသာ ကိုလွင့်ကို တစ်မျိုးထင်နေတာ၊ ကိုလွင်ကတော့"

"သိပ်ချစ်တာလို့ ပြောဦးမယ် မဟုတ်လား ကိုလွင်"

သို့ မေးလိုက်သော မမြင့်ကြည်၏ အမူအရာမှာ စောစောကလောက်

ပြုံးပြုံးပြင်ပြင် မဟုတ်တော့ဘဲ အနည်းငယ် စိုပြည်လာသည်ထင်ရ၏။
"နို… ချစ်လည်းချစ်သားပဲ မဟုတ်လား၊ မြင့်က တမင်မသိချင်ယောင် ဆောင်နေတာကို"
"ဒါဖြင့် ဟိုစနေနေ့က ဒေါ်ဒေါ်ကို အခေါ်လွှတ်တာ ဘာလို့မလာလဲ ကဲ…"
"ဟင်… အခေါ်လွှတ်တယ်၊ သိလည်း မသိရပါလား မြင့်ရယ်၊ သြော် … ဘိုးထင်ကြီး မေ့နေတယ်ထင်တယ်၊ ကိုလွင့်ကို မပြောဘူး၊ ဒါနဲ့မြင့်ရေ ဒီနေ့ ဦးရင်မောင်ဆီမှာ ငွေကိစ္စ ဝင်ပြောခဲ့တယ်၊ စုစုပေါင်း ၄၀၀ ကျပ်လောက် ရစရာ ရှိတယ်ဆိုတော့ ကိုလွင် စုထားတာပါနဲ့ဆို အားလုံး ၉၀၀ ကျပ် ပဲ၊ နောက်တစ်လလောက် ဖိရေးလိုက်ရင် ကိုယ်တို့ မှန်းတဲ့ငွေလောက်တော့ ဖြစ်လာမှာပဲ"
ကိုပေါ်လွင်သည် သို့လျှင် စကားကို မသိမသာ လွှဲပစ်လိုက်၏။ မမြင့်ကြည်တွင်လည်း သူတို့၏ထိမ်းမြားရေးကို ရေးရှူသောစကားမျိုး ကြားလိုက်ရသောကြောင့် သိသိသာသာကလေး ကြည်လင်လာ၏။ ကိုပေါ်လွင့် အပေါ် မတော်တရော် ထင်ခဲ့သည်များလည်း လျော့ပါးသွားသလို မျက်နှာထားကလေးပါ ချိုလာကာ…
"နေဦး၊ မြင့် မေးဦးမယ်၊ ခု လေးငါးဆယ်ရက်အတွင်း မလာတာက ကော ဘာတွေ…"
"ခုနပြောပါရောလား မြင့်ရယ်၊ ဟော… နောက်ထပ် လုံးချင်းဝတ္ထုက တစ်ပုဒ်၊ မဂ္ဂဇင်းဝတ္ထုရှည်ကြီးက နှစ်ပုဒ်၊ အဲဒါတွေ မပြီးမချင်း ဘယ်မှ မသွားဘူးဆိုတဲ့ အဓိဋ္ဌာန်နဲ့ ကုန်းရေးနေလို့ပါ၊ ပြီးတော့"
"ကဲ… ထားပါတော့၊ မြင့်မှ မြင်ရတာမဟုတ်တာ၊ ဘာပြောပြော ယုံရတော့မှာပေါ့၊ ဒါက အရေးမကြီးဘူး၊ မြင့်တို့ကိစ္စ ဘယ်လိုလဲ"
"ခုန ကိုလွင် ပြောတဲ့အတိုင်းပေါ့၊ ခုညပဲ ပြောင်းဆို ပြောင်းလာမယ်"
မမြင့်ကြည်သည် အောက်နှုတ်ခမ်းကို အပေါ်သွားကလေးဖြင့် ဖေး ကိုက်တွေဝေနေပြီးမှ…
"ဒါနဲ့ မြင့်တို့လက်ထပ်ဖို့ဟာ ရှေ့လထဲမှာ တကယ်ပဲ သေချာပြီပေါ့ နော် ကိုလွင်"

"သေချာပါတယ်၊ စံပယ်တဲ့လေးရဲ့ ဒုတိယနှိပ်ခြင်းကလည်း စာမူစ ထပ်ရဦးမယ်၊ ချစ်ပဟေဠိကလည်း ရဦးမှာပဲဥစ္စာ၊ နောက်ပြီး ဒီဂျစ်ကား တောင် ရောင်းလိုက်မလားလို့ ကိုလွင် စဉ်းစားနေတယ်"

ကိုပေါ်လွင်သည် မမြင့်ကြည်အား မသိမသာ အကဲခတ်သလိုကြည့် နေရင်း ပြောလိုက်သည်ကို...

"အို... ကိုလွင်တို့ဦးလေးက ကိုလွင်စီးဖို့ ဝယ်ပို့လိုက်တာဆို၊ ရောင်းလို့ ဘယ်ကောင်းပါ့မလဲ"

"အင်း... ကိုလွင် အဲဒါကိုလည်း တွေးမိတယ်လေ၊ ကဲ... ဘယ်လိုလဲ၊ ကိုလွင် ခုညပဲ ပြောင်းလာရတော့မလား"

"ဟင့်အင်း... ပတ်ဝန်းကျင်က"

"လာပြန်ပြီ ဒီပတ်ဝန်းကျင်၊ တော်ကြာ ဘာဘာညာညာနဲ့ မပြောနဲ့ ဦး၊ သိလား၊ ဒါနဲ့ ဟို..."

ကိုပေါ်လွင်သည် မမြင့်ကြည်၏ နားနားသို့ကပ်၍ တစ်စုံတစ်ရာ တီး တိုးမေးလိုက်သည်တွင် မမြင့်ကြည်လည်း ရှက်စနိုး အမူအရာကလေးဖြင့် လက်ကလေး သုံးချောင်း ထောင်ပြသောကြောင့်...

"ဟင်... မြင့်ဟာက ဟိုတစ်ခါပြောတော့လည်း လက်သုံးချောင်းပဲ၊ ခုလည်း ဒီသုံးချောင်းပဲလား"ဟု ကိုပေါ်လွင်က လက်ဟန်တပြပြနှင့်ပြော လိုက်သည်တွင်...

"အို... မြင့်က ဒါမျိုး ကြုံဖူးတာမှမဟုတ်တာ၊ မြန်းခနဲ ဘယ်အတတ် သိမှာလဲ၊ ခုတော့ စမ်းသပ်ကြည့်ပြီးပြီ"

သို့လျှင် စကားအဆုံးသတ်ရင်း မမြင့်ကြည်က မဲ့ပြုံးနှင့် လက်သုံး ချောင်း ထောင်ပြလိုက်ပြီးမှ...

"ဒါပဲနော်၊ အရေးကြီးလာပြီ၊ မြင့်ကိုတော့ စိတ်ဒုက္ခမပေးနဲ့ ကိုလွင် သိလား၊ ပြီးတော့ တစ်နေ့တစ်ခေါက်လည်း မှန်မှန်လာရမယ် ဆရာ"

ကိုပေါ်လွင်သည် မမြင့်ကြည်အား ပြုံးပြုံးကြီး စိုက်ကြည့်နေရာမှပင် ခေါင်းတညိတ်ညိတ်နှင့် ကတိခံလိုက်ရ၏။ နောက် ထိုအခန်းလည်း မှန်ဝါး ပျောက်ကွယ်သွားတော့၏။

* * *

တစ်ခုသော မှတ်တမ်းစာအုပ်တွင် တလှုပ်လှုပ် ရေးခြစ်နေသော ကိုပေါ်လွင်၏ရှုကွက်သည် ရုတ်တရက် ပေါ်လာ၏။

ထိုအခိုက်တွင် ပီသပြတ်သားသော ကိုဘိုးထင်၏ အသံကိုလည်း ကြည်ကြည်လင်လင် ကြားနေရ၏။

"အဲသလို မမြင့်ကြည်ဆီ နောက်ဆုံး ရောက်ခဲ့တဲ့နေ့ကစပြီး ကိုပေါ်လွင်ရဲ့စိတ်ထားဟာ သိသိသာသာပဲ ပြောင်းလဲသွားပါတယ်၊ မမြင့်ကြည်ကို သူ တကယ်လည်း ချစ်ပါတယ်၊ ဒါပေမဲ့ မူမူနဲ့တွေ့လိုက်တော့ သူ့စိတ်ဟာ လှုပ်ရှားလာတယ်၊ ဘာကြောင့်လဲဆိုတာတော့ ပရိသတ်များသိတဲ့အတိုင်း မူမူဟာ ရုပ်ရည်အားဖြင့်လည်း မမြင့်ကြည်ထက်သာတယ်၊ အသက်လည်း ငယ်၊ ဥစ္စာလည်းကြွယ်ဝတယ်ဆိုတော့ ကိုပေါ်လွင်ဟာ မူမူ့ဘက်ကို တကယ်ပဲ စိတ်ယိုင်သွားခဲ့ပါတယ်။ ဒါဟာလည်း စင်စစ်တော့ ပုထုဇ္ဇဉ်လူငယ်တစ်ယောက် အနေနဲ့ မဖြစ်သင့်သော်လည်း ဖြစ်တတ်တဲ့သဘာဝအလျောက် သာယာမှု ဘက်ကို ယိမ်းယိုင်ခဲ့ပေမဲ့လို့ လက်မလွန်မီ သူ သတိတရား ရခဲ့ရှာပါတယ်"

ကိုဘိုးထင်၏အသံများ ကြားနေရချိန်အတွင်း၌ ကိုပေါ်လွင်သည် စာရေးလိုက်၊ တွေသွားလိုက်၊ ဆေးလိပ်ညှိသောက်လိုက်ဖြင့် အသွင်အမျိုးမျိုး ပြောင်းနေပြီးမှ ရုတ်တရက် ထိုင်ရာမှထတဲ့ကာ မှတ်တမ်းစာအုပ်ကလေးကို အံဆွဲထဲထည့်၍ သော့ခတ်လိုက်၏။

နောက် အဝတ်အစားလဲလျက် အခန်းထဲမှထွက်ခွာအသွားတွင် ထိုအခန်းသည် မှုန်သွား၏။ နောက် အရောရော အနှောနှောဆိုသလို မမြင့်ကြည်တို့ အိမ်ခန်းကလေးကို ခပ်ရေးရေး မြင်နေရပြီးနောက် မကြာမီ လင်းထိန် ကြည်လင်လာသည်ကို တွေ့ရ၏။

ကိုပေါ်လွင်က မမြင့်ကြည်အား ရယ်ရယ်မောမောနှင့် စကားပြောနေသည်နှင့်အမျှ မမြင့်ကြည်တွင်လည်း ရွှင်ရွှင်လန်းလန်း ကြည်နူးနေသည်ကို တွေ့ရ၏။

သို့သော် သူတို့နှစ်ယောက် ပြောနေကြသော စကားသံများမှာမူ လုံးဝ ထွက်မလာဘဲ ကိုဘိုးထင်၏အသံကိုသာ လေးလေးမှန်မှန် ကြားနေရ၏။

"ကိုပေါ်လွင်ဟာ မူမူနဲ့ အတော်ကလေး ရင်းနှီးချစ်ခင်ခဲ့ပြီးကာမှ သူ့အမှားကို သူ သိလာတယ်၊ မမြင့်ကြည်ကလေးရဲ့ သနားစရာအဖြစ်ကို

လည်း သူ စဉ်းစားလာတယ်၊ နောက်ဆုံးမှာ သူ သဘောပေါက်သွားတဲ့ အချက်ကတော့ မူမူနဲ့မမြင့်ကြည်ကို တန်းတူပဲချစ်တယ်ထားဦးတော့၊ ယှဉ်ချင်း ယှဉ်ရင် အလွန်အကျွံ ချစ်ခဲ့ပြီဖြစ်တဲ့ မမြင့်ကြည်ကိုယူမှသာလျှင် ယောကျ်ား ကောင်းတစ်ယောက် ပီသမယ်လို့ ကိုပေါ်လွင် သေသေချာချာ သိလာတယ်"

သို့ ကိုဘိုးထင်၏အသံများ ကြားနေရချိန်၌ မမြင့်ကြည်နှင့် ကိုပေါ် လွင်တို့၏ ချစ်တင်းဆိုမှု ရုပ်ကွင်းကလေးများသည် တစ်ခန်းနှင့်တစ်ခန်းမတူ၊ အမူအရာမှအစ အနေအထိုင်၊ အဝတ်အစားပါ တစ်မျိုးစီ သီးခြားလျက် တစ်နေ့ပြီးတစ်နေ့ဟူသော သဘောမျိုး အရောရော အနှောနှော တွေ့နေရ၏။ တစ်ခါတစ်ရံ မမြင့်ကြည်နှင့် ကိုပေါ်လွင်သာမဟုတ်ဘဲ မမြင့်ကြည်၏ ဒေါ်ဒေါ်ပါ ခေါင်းချင်းဆိုင်လျက် ရယ်ရယ်မောမော စကားတွေလှိုင်နေကြ သည့် မြင်ကွင်းကလေးပါ သာသာယာယာ ပါလာ၏။

"အဲသလို မူမူနဲ့ကတော့ ရိုးရိုးသမီးရည်းစားမျှလောက်သာ ချစ်ခဲ့ကြ သေးတာမို့ ကိုပေါ်လွင်က နောက်ဆုတ်လိုက်သည့်တိုင်အောင် မူမူ့မှာ ထိခိုက် စရာ မရှိဘူးဆိုတာကို ကိုပေါ်လွင် နားလည်လာတဲ့နေ့ကစပြီး မမြင့်ကြည်နဲ့ သာ ပျော်တပြုံးပြုံး အချိန်ကုန်ခဲ့ပါတယ်"

ဤတွင် ကိုပေါ်လွင်တို့မြင်ကွင်းကလေးများ ရုတ်တရက် ပျောက် သွားပြီး ဝမ်းနည်းညှိုးငယ်နေသော အပူရုပ်ကလေးဖြင့် တလှုပ်လှုပ် စာရေး နေသော မူမူ၏ သနားစရာ ရုပ်ကွက်ကလေးသည်လည်းကောင်း၊ မရှင်သော နှလုံးကြောင့် ပြုံးသော်မှ မပြုံးနိုင်သလို ငိုင်တွေတွေ စာဖတ်နေသော ကိုပေါ် လွင်၏ မချိစရာ ရုပ်ကွက်ကလေးသည်လည်းကောင်း...

**ကိုလေး...**

တနင်္ဂနွေနေ့က ဘာလို့ မလာတာလဲ...ဟင်၊ နေမကောင်း လို့လား၊ ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်းတော့ စာပြန်ဖို့ကောင်း ပါတယ်၊ မူမူ့မှာဖြင့် ပူရ မျှော်ရလွန်းလို့၊ အို... မူမူ့ ဝမ်းထဲ ဘယ်လိုဖြစ်နေတယ်ဆိုတာ စာနဲ့တောင် မရေးတတ်တော့ပါ ဘူး ကိုလေးရယ်၊ ဗုဒ္ဓဟူးနေ့ညနေ လာနိုင်ရင် လာခဲ့ပါ၊ စိမ်းလဲ့ ကန်သာက စောင့်နေမယ်နော် ကိုလေး"

အထက်ပါ မှုမှု၏ ပြုံးစုလိုက်သော စကားလေးသည်လည်းကောင်း တစ်ချပြီးတစ်ခု အစဉ်လိုက် ပေါ်လာ၏။

ထို သုံးကွက်သော ရှခင်းကလေးများ အစဉ်လိုက်ပေါ်နေစဉ်အတွင်း ကိုဘိုးထင်၏အသံကိုလည်း ကြားနေရပြန်၏။

"တကယ်လို့ ကိုပေါ်လွင်သာ ကြိုကြိုတင်တင် ချင့်ချိန်ဆုံးဖြတ်နိုင်ခဲ့ရင် ခုလို စိတ်ဒုက္ခမျိုးနဲ့ ကြုံရဖို့မရှိဘူး၊ ခုတော့ဖြင့် သူ့မှာ ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်နဲ့ စိတ်အနှောင့်အယှက် ဖြစ်နေရရှာတော့တယ်။ ကိုယ်ရှိတဲ့မီး ကိုယ့်ပြန်လောင်တဲ့ကိန်းမျိုး ဆိုက်နေခဲ့ရာက ဆယ့်လေးရက်လောက်ကြာတဲ့နေ့တစ်နေ့မှာ..."

ထိုထိုရှုကွင်းရော၊ စကားသံများပါ ပျောက်သွားပြီး ဆလွန်းကားသစ်ကြီးတစ်စီးသည် ရန်ကုန် ဆင်ခြေဖုံးကွက်သစ်တစ်ခုအတွင်းသို့ တငြိမ့်ငြိမ့်လိမ့်မောင်းဝင်လာပြီး တစ်ခုသော ဝါးထရံကာ အိမ်ကလေးရှေ့တွင် ထိုးဆိုက်လိုက်သည်ကိုတွေ့ရပြီး ချက်ချင်းပင် ကားပေါ်မှ မှုမှု ဆင်းလာကာ အိမ်ကလေးပေါ်သို့ ပျာပျာသလဲ လှမ်းတက်သွား၏။

မော်တော်ကားဟွန်းသံကြောင့် ထလာဟန်တူသော ကိုပေါ်လွင်နှင့် အတွင်းခန်းတံခါးဝတွင် ဆုံလိုက်မိသည်တွင် မှုမှုသည် ဘာတစ်ခွန်းမျှမပြောနိုင်ဘဲ ကသောကမျောကလေး ပြေးဖက်လိုက်၏။ အတန်ကြာမှ ကိုပေါ်လွင်အား အသာမော့ကြည့်တဲ့ပြီး...

"ကိုလေး မှုမှုကို သိပ်ရက်စက်တာပဲနော်"

သို့လျှင် မျက်ရည်လည်ရွှဲနှင့် ဝမ်းပန်းတနည်း ပြောလိုက်သည်ကို...

"ရှူး..."ဟူသော အသံနှင့်အတူ ကိုပေါ်လွင်သည် သူ့နှုတ်ခမ်းတွင် လက်ညှိုးကလေး ကန့်လန့်ဖြတ် ပိတ်ထားရာမှ တစ်ဖက်ခန်းသို့ လက်မဖြင့် ညွှန်ပြရင်း...

"ကဲ... ကိုလေး လိုက်ခဲ့မယ် မှုမှု၊ တစ်နေရာရာမှာ လွတ်လွတ်လပ်လပ် ပြောကြရအောင်နော်"

ပြောပြောဆိုဆို ကိုပေါ်လွင်သည် ဖက်ထားသော မှုမှုလက်ကလေးများကို အသာဖယ်လျက် အဝတ်အစား ခပ်သွက်သွက် လဲလိုက်၏။ နောက်နှစ်ယောက်စလုံး အပြင်ထွက်လာ၍ ကိုပေါ်လွင်က တံခါးကို သော့ခတ်နေ

စဉ့်မှာပင် ထိုအခန်းသည် မှုန်၍ပျောက်သွားပြီး သခင်မြပန်းခြံ အဝင်ဝတွင် ထိုကားကြီး ရပ်ထားသည့် ရှုကွင်းသည် ရှင်းရှင်းကြီး ပေါ်လာ၏။

ချက်ချင်းပင် ထိုရှုကွင်းပျောက်သွားပြီး တစ်ခုသော ပန်းရုံကြီးဘေးတွင် တစ်စုံတစ်ရာ ဆွေးနွေးနေကြသော ကိုပေါ်လွင်နှင့် မူမူတို့ကိုတွေ့ရ၏။

"ကဲ... ပြောပါ ကိုလေးရဲ့၊ မူမူ့ဆီ ဘာလို့ မလာတာလဲဟင်"

မူမူက ကိုပေါ်လွင်၏ လက်မောင်းတစ်ဖက်ကို ဆတ်ဆတ်ပါအောင် ဆွဲလှုပ်ရင်းက မေးနေ၏။

"အရေးတကြီး ဝတ္ထုတွေပေးစရာရှိလို့ပါ မူမူ"

"ဒါဖြင့် စာမရေးတာကကော"

ထိုမေးခွန်းကြောင့် ကိုပေါ်လွင်၌ အတော်ကြီး စိတ်အိုက်သွားရာမှ...

"ကိုလေးက လူတစ်မျိုး မူမူ၊ ဝတ္ထုတစ်ပုဒ်ရေးနေပြီဆိုရင် အဲဒါ မပြီးမချင်း ဘာစာမှ မရေးချင်ဘူး၊ ရေးရင်လည်း စိတ်ကူးပျက်ပျက်သွားတယ်၊ ဒါကြောင့်ပါ"

မူမူလည်း စဉ်းစားသလို တွေသွား၏။

"အင်း... ဒီအဖြေကို မူမူ မကျေနပ်ပေမဲ့ ဒီအတိုင်းပဲ မှန်ပါစေလို့တော့ မူမူ ဆုတောင်းပါတယ် ကိုလေးရယ်၊ ကိုလေးက ရုပ်ကလေးလည်းဖြောင့်၊ နိုင်ငံကျော် စာရေးဆရာလည်း ဖြစ်ဆိုတော့ ချစ်ချင်သူတွေ ဖောခြင်းသောခြင်း ရှိနေမှာမို့..."

"ဒါတွေ မပြောပါနဲ့ မူမူရယ်၊ ကိုလွင် ဒီလို..."

"အမယ်... ကိုလွင် တဲ့၊ ဒါက ဘယ်အဆက်နဲ့ပြောတဲ့အခါ သုံးတဲ့ စကားလဲ ကိုလေး...ဟင်"

စိုးရိမ်တကြီး မဟုတ်စေကာမူ အနည်းနှင့်အများ ပူပန်သွားသလို မျက်နှာထားကလေးဖြင့် မူမူက မေးလိုက်၏။

"ဘယ်က အဆက်ရှိရမှာလဲ မူမူရယ်၊ စာရေးဆရာ ခပ်ငယ်ငယ်တွေက ကိုလေးကို ကိုလွင်လို့ခေါ်တယ်၊ ကိုလေးကလည်း ကိုလွင်... ကိုလွင်နဲ့ ပြန်ပြောတာ အကျင့်ပါသွားလို့ပါ"

"အင်း... ရှိပါစေတော့လေ၊ ဒါဖြင့်လည်း"ဟု မူမူက မကျေနပ်ချင်ဘဲ နှင့် ခွင့်လွှတ်လိုက်ရသလို ပြောနေပြီးမှ ဆားတွင်ချထားသော လက်ဆွဲအိတ်

ကြီးကို ပေါင်ပေါ်သို့ချွဲယူ တင်ဖွင့်ကာ စာအုပ်တစ်ခု ထုတ်ယူလိုက်ပြီး…

"ဒီမှာကြည့်စမ်း ကိုလေး"ဟူသော စကားနှင့်အတူ မူမူက ထိုစာအုပ်ကိုဖွင့်ပြလိုက်၏။ စာအုပ်မှာ ပုံနှိပ်စက် အမျိုးမျိုးပုံစံပါသော ကက်တလောက်စာအုပ်ဖြစ်နေသည်ကို တွေ့ရသောကြောင့် ကိုပေါ်လွင်လည်း စာအုပ်တွင်စူးစိုက်နေရာမှ မူမူ့အား ဆတ်ခနဲ မော့ကြည့်လိုက်၏။

"စာပုံနှိပ်စက် ပုံစံတွေပါလား မူမူ၊ ဒါတွေက ဘာအတွက်လဲ"

"ကိုလေးဖို့လေ"

"ဘာ… မူမူ ဘာတွေ ပြောနေတာလဲ"

ကိုပေါ်လွင်လည်း အံ့အားတသင့်သင့်နှင့် မေးနေ၏။

"ဒီမှာ ကိုလေးရဲ့၊ မူမူ မေးစမ်းပါရစေဦး၊ ကိုလေး ရည်မှန်းထားတဲ့နောက်ဆုံးပန်းတိုင်ဟာ ဒီစာရေးဆရာဘဝမှာပဲ ရပ်နေတော့မယ်လား ဟင်"

ကိုပေါ်လွင် မဖြေနိုင်၊ အငိုင်သား ငေးကြည့်နေ၏။

"မူမူ ကြားဖူးတယ်၊ စာရေးဆရာတွေဟာ များသောအားဖြင့် မရေးနိုင်တဲ့တစ်နေ့မှာ ငတ်တာပဲတဲ့၊ ဒါပေမဲ့လည်း ကိုလေးကတော့ ဒီတစ်သက်မငတ်တဲ့အပြင် စာမရေးဘဲနဲ့တောင် ထိုင်စားနိုင်ပါတယ်၊ ကိုယ့်ချစ်ဇနီးလောင်းက သူဌေးပဲဟာ…နောက္ကယ်"

ကိုပေါ်လွင်မှာ စောစောကကဲ့သို့ ပြုံးတစ်ဝက်၊ ညိုတစ်ဝက် မဟုတ်တော့ဘဲ ရွှင်ရွှင်လန်းလန်းပင် နားစွင့်နေရာမှ…

"အဲဒီတော့ ဘာဖြစ်သလဲ မူမူ"

"ဘာဖြစ်ရမှာလဲ၊ ဒါ ကိုလေးအတွက် မူမူက ကြိုတင်ပြင်ဆင်နေတာလေ၊ ကိုလေးက စာရေးဆရာမဟုတ်လား၊ အဲဒီက တစ်ဆင့်တက်ရင် အယ်ဒီတာ၊ နောက်တစ်ဆင့်က မဂ္ဂဇင်းတိုက်ပိုင်ရှင်၊ နောက်တစ်ခါ တက်ချင်သေးသပဆိုရင် သတင်းစာထုတ်၊ ဒီလို မဟုတ်လား ကိုလေးရဲ့"

ကိုပေါ်လွင်လည်း အတော် စိတ်ဝင်စားလာသလို မူမူ့ပေါင်ပေါ်မှပုံနှိပ်စက်ပုံစံများကိုကြည့်လိုက်၊ မူမူ့အား မော့ကြည့်လိုက်ဖြင့် ထူးထူးခြားခြားရွှင်နေ၏။ မူမူ၏အမေးကိုလည်း ခေါင်းတညိတ်ညိတ်ဖြင့် ဖြေလျက်ရှိ၏။

"အဲဒီတော့ ကိုလေးဘာသာ ကိုယ်ပိုင် မဂ္ဂဇင်းတစ်စောင်ထုတ်ရင်မကောင်းပေဘူးလားဟင်"

ရှင်းရှင်းလင်းလင်းကြီး ကြည်လင်လာသော မျက်နှာထားဖြင့် ကိုပေါ်လွှင်က...

"ဘယ်ပြောစရာရှိတော့မလဲ မှုမှု၊ ကိုယ်လေးမှာ ဒီလို ကိုယ်ပိုင်မဂ္ဂဇင်းတစ်စောင်ထုတ်ချင်တဲ့ ရည်မှန်းချက်တော့ ရှိခဲ့တယ်လေ၊ ဒါပေမဲ့ ငွေရင်းက မနည်းဘူး လိုမယ်မဟုတ်လား၊ ဒါကြောင့် ရုတ်တရက် တွေးတောင် မတွေးဝံ့ခဲ့ဘူး"

"ကဲ... ကိုလေး၊ ဟောဒါတွေ ကြည့်စမ်း၊ ဒီစက်တွေဟာ အားလုံး အော်တိုမစ်တစ်တွေချည်းပဲ၊ ဗမာလိုတော့ ယန္တရားစက် ခေါ်မှာပေါ့နော်၊ သူ့အဆိုကတော့ စက္ကူတင်ထားပေးရုံပဲတဲ့၊ လူက ထိုးမပေးရဘူး၊ သူ့ဟာသူ သွားတာတဲ့၊ ပြီးတော့ တစ်နာရီကို ရွက်ရေ ခြောက်ထောင်ဆွဲရိုက်အထိ ကျဆိုပဲ ကိုလေးရဲ့"

ကိုပေါ်လွှင်မှာ စက်ပုံစံများကိုကြည့်ရင်း ချဉ်သီးဆားကို တွေ့နေရသကဲ့သို့ မက်မက်မောမော ရှိနေရာမှ...

"ဒီစက်မျိုးတွေနဲ့သာရိုက်လိုက်ရရင် မဂ္ဂဇင်းစောင်ရေ တစ်သောင်းလောက်ဟာ ဆယ့်ငါးရက်နဲ့ ပြီးသွားမှာပဲ"

အားရဝမ်းသာ ပြောနေသော ကိုပေါ်လွှင်အား မှုမှုသည် ချစ်စဖွယ် ပြုံး၍ ကြည့်နေရာမှ...

"ကိုလေး သဘောကျတယ် မဟုတ်လား၊ ကြိုက်တဲ့ပုံစံကို မှတ်ထားလေ၊ ဩော်... ဒါနဲ့ ဒီစက်မျိုး ငါးလုံးဆို လုံလောက်ပါ့မလား ဟင်... ကိုလေး"

သို့ မေးလိုက်သည်နှင့် ကိုပေါ်လွှင်လည်း မှုမှုအား ပါးစပ်အဟောင်းသားနှင့် စိုက်ကြည့်နေမိပြီး...

"များလှချည်လား မှုမှု၊ ဒီစက်မျိုး နှစ်လုံးဆိုရင်တောင် လိုတာထက်ပိုနေသေးတယ်၊ ပြီးတော့ နှစ်လုံးဆိုတောင် ပိုက်ဆံက နည်းမှာမဟုတ်ဘူး"

"တစ်လုံးကို နှစ်သောင်းနီးပါး ကျလိမ့်မတဲ့၊ ပိုက်ဆံက အရေးမကြီးပါဘူး ကိုလေးရယ်၊ ပိုပိုမိုမို သုံးလုံးလောက်ဆိုရင်ကော"

ကိုပေါ်လွှင်သည် ရုတ်တရက် အဖြေမပေးသေးဘဲ ချစ်ရည်လည်နေသော မျက်လုံးကြီးများဖြင့် တွေစိုက်ကြည့်နေရာမှ မှုမှုကိုယ်ကလေးကို ဆွတ်

ခနဲ သိမ်းဖက်၍ ရက်ရက်ရောရော မွှေးပစ်လိုက်သည့်နှယ် သူ့ကိုယ်ကြီးနှင့် ကွယ်၍ ချစ်ချင်တိုင်း ချစ်လိုက်သောကြောင့် မူမူသည် နှုတ်ခမ်းကလေး တစူစူနှင့် ရုန်းဖယ်လိုက်ရင်းက...

"သွား... ကိုလေးက သိပ်ဆိုးတာပဲ"

"ဆိုးမှာပေါ့၊ မူမူကတော့ ဘာလို့ ကိုလေးကို ဒီလောက်ချစ်ရတာလဲ၊ ကဲ... ပြောစမ်းပါဦး၊ ညားမယ်ဖြင့် မကြံသေးဘူး၊ မော်တော်ကားဝယ်ပေးရတာနဲ့၊ သက္ကလတ်အကျီတွေ ချုပ်ပေးရတာနဲ့၊ ခုလည်း ပုံနှိပ်စက်တွေ လေးငါးခြောက်သောင်းဖိုး ဝယ်ပေးဦးမယ်ဆိုတော့"

"အောင်မယ်... ဒါ ဘာဟုတ်သေးလဲ၊ စက္ကူဖြတ်စက်တို့၊ စာအုပ်ချုပ်စက်တို့၊ ခဲစာလုံးတို့၊ နောက်ပြီးတော့ မဂ္ဂဇင်းတိုက်ဖွင့်ဖို့အခန်း၊ အို... အများကြီး ကျန်သေးတယ်၊ မူမူ ဝယ်ပေးရမှာတွေ၊ ဒါနဲ့ ငွေနှစ်သိန်းလောက်ဆိုရင် ပြည့်စုံကောင်းပါရဲ့နော် ကိုလေး"

ကိုပေါ်လွင်မှာ ဘာပြော၍ အဘယ်ပုံဖြေရမည်မသိ၊ မူမူ့ကိုသာကြည့်ရင်း ပီတိတွေဖြာနေတော့၏။

"ဒီလို မကြည့်နဲ့ကွယ်"

မူမူလည်း ပြောပြောဆိုဆို သူ့လက်ဝါးနုကလေးဖြင့် ကိုပေါ်လွင့်မျက်နှာကို ဖေးတွန်းကလေး တွန်းလိုက်ပြီးမှ...

"ကဲ... ဘယ်စက် ကြိုက်သလဲ၊ သဘောကျတာ သုံးလုံးရွေးလေ ကိုလေး"

"အင်း... မူမူကဖြင့် မဂ္ဂဇင်းလုပ်ငန်းတစ်ခုမှာ ဘာတွေလိုတယ်ရယ်လို့ အားလုံး သိနေတော့တာပဲနော်"

"အို... အစက မသိပေမဲ့ ခုတော့ ကိုယ်ယူမယ့် ချစ်သူ ဒီပစ္စည်းတွေနဲ့ ဆက်စပ်နေတယ် မဟုတ်လား၊ ဒီတော့ စုံစမ်းထားရတယ် တော်ရေ့၊ စုံစမ်းထားရတယ်"

ဤတွင်တစ်ဖန် စောစောကဟန်အတိုင်း ကိုပေါ်လွင်က လက်မောင်းကလေးကို ဆွဲဖက်၍ အလုအယက် မွှေးလိုက်ပြန်၏။

"ကြည့်ပါလား သူ၊ ကဲ... ပြောပါ၊ ဘာက်စက်မှာမလဲ"

"ခုပဲ မှာတော့မလို့လား မူမူ"

"ဘာလဲ ခု ပိုက်ဆံပေးရင် ခုရတယ်များ ထင်နေသလား ဆရာကြီးရဲ့၊ ဒါ ဂျာမနီကို မှာရမှာ၊ အနည်းဆုံး သုံးလနီးပါး ကြာမယ်"

အကြားနှင့်အတွေ့တွင် အမွေ့သားမြူးခဲ့သမျှ ကိုပေါလွင်မှာ ယခု ငိုင်စပြုလာပြီဖြစ်၏။ မသိမသာ မျက်နှာညိုးပြီး တစ်မျိုးအမူအရာသို့ ပြောင်းသွားရာမှ...

"အေးအေးဆေးဆေးလုပ်ပါ မှုမှုရယ်၊ ကိုလေးလည်း စက်အကြောင်း သိပ်သိတာ မဟုတ်ဘူး၊ ဒီတော့ နားလည်တဲ့လူကို စုံစမ်းမေးမြန်းပြီးမှ မှာကြရအောင်လားကွယ် နော်"

"ဒါတော့ မောင့်သဘောပါရှင်၊ ကိုလေးအပေါ် မှုမှုထားတဲ့ စေတနာတွေ ရင်ထဲထားရတာ ကျပ်နေလို့ ထုတ်ပြောနေတာပါ"

"မှုမှု"

မချင့်မရဲနှင့် နှလုံးသားထဲမှထွက်လာသော အသံမျိုးဖြင့် ကိုပေါလွင်က ခေါ်လိုက်၏။

"ရှင် ကိုလေး... ပြောလေ"

"မှုမှု ကိုလေးကို ဘာလို့ ဒါလောက် ချစ်ရတာလဲကွယ်...ဟင်"

"ကိုလေးက ချစ်တာကိုး၊ နို့... ကိုလေးကကော မှုမှု ချစ်သလို မချစ်ဘူးလား၊ ကဲ... ပြောစမ်း ကိုလေး"

"ချစ်တယ်လေ... ချစ်တာပေါ့"

အသံမှာ ရာခိုင်နှုန်းပြည့် ချစ်မြတ်နိုးသော အသံမျိုးဖြင့် ပြောလိုက်သည်မှန်သော်လည်း ကိုပေါလွင်၏ ဟန်အမူအရာမှာမူ ခိုးကြောင်ခိုးဝှက်နိုင်လှတော့၏။

"ဒီတော့ ဘာလိုသေးလဲ ကိုလေးရဲ့၊ အချစ်ချင်းတူနေပြီပဲဟာ နော်"

ကိုပေါလွင်ခမျာ အပူရုပ်ကို အပြုံးနှင့်ဖုံး၍ လိုက်လိုက်လျောလျော ခေါင်းညိတ်လိုက်ရာမှ...

"ကဲ... ပြန်မှထင်တယ် မှုမှု"

"ဟင်... ကိုလေးကလည်း ဆယ့်လေးငါးရက် မှုမှုကို နိုပ်စက်ထားပြီးတော့... မရဘူး၊ ဒီနေ့တော့ ကိုလေး ညနေစောင်းမှ ပြန်ရမယ်၊ ဒါပဲ"

ကိုပေါလွင်မှာလည်း နောက် ထပ်၍ မပြောရက်တော့သလို မှုမှုအား

တွေကြည့်နေစဉ်...

"ဘာလဲ၊ ဒီမှာ ပျင်းလို့လား၊ လာ... ဒါဖြင့် တိရစ္ဆာန်ရုံသွားရအောင်၊ ဟိုမှာ စကားပြောတတ်တဲ့ ကျီးတစ်ကောင်လည်း ရောက်နေသတဲ့၊ သွားမယ် ဟုတ်လား၊ ကိုလေး နော်"

ကိုပေါလွင်လည်း အကြံအိုက်သွားသလို မျက်နှာလွှဲလိုက်ပြီးမှ မူမူ့ဘက်သို့ ဟန်ဆောင်ပြုံးနှင့်လှည့်တဲ့ကာ...

"ဒီမှာ မူမူ၊ ဘာမှ မတော်ရသေးတဲ့ လူတစ်ယောက်နဲ့ ခုလိုသွားလာနေတာ မူမူ့အဖို့"

"ဘာဖြစ်သလဲ၊ မူမူက အလေလိုက်နေသမို့လား ကိုလေးရဲ့၊ မကြာခင် ယူကြတော့မယ့် ချစ်သူနှစ်ယောက်ပဲဥစ္စာ၊ လာပါ ကိုလေးရယ်...နော်၊ တိရစ္ဆာန်ရုံ သွားကြရအောင်"

မူမူသည် သူ ထရပ်ရင်းကပင် ကိုပေါလွင်အား ဆွဲထူလိုက်၏။ မကြာမီ ထိုအခန်းပျောက်သွားပြီး မူမူတို့နှစ်ယောက် ကားနားသို့လျှောက်လာသည့် ရှုကွင်းကလေးပေါ်လာကာ နှစ်ဦးစလုံး ကားပေါ်တက်ထိုင်လိုက်သည်နှင့် တစ်ချိန်တည်းမှာပင် ထိုမြင်ကွင်းလည်း မှိန်ကွယ်သွားတော့၏။

* * *

ထို့နောက် မမြင့်ကြည်၏အခန်းကလေး ပေါ်လာ၏။

"ဒေါ်ဒေါ်ရေ... ခဏလောက်"

မမြင့်ကြည်သည် နောက်ဖေးခန်းဘက်သို့ အသာငုံ၍ ခေါ်လိုက်ပြီးမှ သူ့ရှေ့တွင်ချထားသော အထုပ်တစ်ထုပ်မှ ကြိုးများကို ဖြေနေ၏။

"ဘာတုံး ကြည်ကြည်"

အခန်းထဲမှထွက်လာသော သူ့ဒေါ်ဒေါ်က သို့မေးရင်း မမြင့်ကြည်အနီးတွင် ထိုင်ချလိုက်ရာမှပင် ဆက်လက်၍...

"အင်း... ဒါပါနဲ့ဆို လေးခါရှိပြီ၊ ဒီခြင်ထောင် စာထုပ်ကြီးကို ခေါ်ခေါ်ပြရတာ တကတဲမှပဲ"

မမြင့်ကြည် ဖြေထုတ်နေသော စာထုပ်ကြီးနှင့် မမြင့်ကြည်အား တစ်လှည့်စီကြည့်ကာ သူ့ဒေါ်ဒေါ်က မဲ့ပြုံးနှင့်ပြောလိုက်သောကြောင့်...

"ဒေါ်ဒေါ်ကလည်း"

မမြင့်ကြည်တွင် သို့ပြောရင်း ရက်သွားသလို ငုံ့ချလိုက်ပြီးမှ...

"နက်ဖြန်လောက် ချုပ်ခိုင်းလိုက်ရင် မကောင်းဘူးလားလို့၊ ဒေါ်ဒေါ့်ကို မေးမလို့ ခေါ်တာပါ ဒေါ်ဒေါ်ရဲ့"

"နို့... ဘယ်တော့ ညည်းတို့က မင်္ဂလာဆောင်မှာတုံး၊ ရက် သေချာသွားပြီလား"

"ဒီနေ့ပါဆို ၁၇ ရက်ပဲ လိုတော့တယ်လေ"

"ဟဲ့... ဒီလိုဆို နီးနေပါရောလား၊ ချုပ်လိုက်တော့၊ နက်ဖြန်တောင် စောင့်မနေနဲ့၊ ခုညနေပဲ ငါ သွားအပ်ပေးမယ်၊ ညည်းကို ရှည်ပါတယ်အေ၊ ချုပ်ပြီးသား ဝယ်လိုက်တာ မဟုတ်ဘူး"

"ချုပ်ပြီးသားက ဇာ ဒီလို မကောင်းဘူး ဒေါ်ဒေါ်ရဲ့၊ ဒီပြင် အိပ်ရာခင်းနားတော့ ချုပ်ပြီးသားပဲ ဝယ်မှာပါ၊ ခုတင်ရော၊ ဘာရော အားလုံး သန်ဘက်ခါ ကိုလွင် သွားဝယ်မယ်တဲ့"

သို့ ပြောနေသော မမြင့်ကြည်တွင် ရှင်နေသလောက် အိမ်ရှေ့အေးပြီဖြစ်၍ အိမ်နောက်ပါချမ်းသာသလို သူ့ဒေါ်ဒေါ်လည်း ပျော်နေပုံရ၏။ နောက် မမြင့်ကြည်သည် ဖြေထားသော ဇာထုပ်ကို တရိုတသေ ပြန်ထုပ်ရင်း တစ်စုံတစ်ရာ သဘောကျသလို ပြုံးနေခိုက်မှာပင် ထိုအခန်းသည် တဖြည်းဖြည်းချင်း မှုန်ရီကွယ်ပျောက်သွားတော့၏။

* * *

"ပွမ်..."

ထိုဟွန်းသံနှင့်အတူ ဆလွန်းကားသစ်ကြီးတစ်စီးသည် စိမ်းလဲ့ကန်သာခြံအတွင်းသို့ ခပ်မှန်မှန်မောင်းဝင်သွားပြီး တိုက်ရှေ့တွင်ရပ်တန့်သွားသည်နှင့် မူမူသည် ကားပေါ်မှ အလောတကြီးဆင်း၍ တိုက်ထဲသို့ သုတ်သုတ်ပျာပျာ လှမ်းဝင်သွားသည်ကို တွေ့ရ၏။

အခန်းတစ်ခုအတွင်းမှ ထွက်လာသော နုလည်း မူမူနှင့် ဧည့်ခန်းတွင် ဆုံမိလျှင် ဆုံမိချင်း...

"ဟေး... မူမူ စောစောစီးစီး ဘာအရေးကြီးလာပြန်ပြီလဲ"

"အရေးကြီးလို့ မဟုတ်ပါဘူး နုရဲ့၊ ပြစရာတစ်ခု ရှိလို့ပါ"

သို့ ပြောရင်းကပင် နှစ်ယောက်သား ဆိုဖာရှည်ကြီးတွင် ထိုင်မိကြသည်နှင့်…

"မနေ့က မူမူနဲ့ ကိုလေးတို့ တိရစ္ဆာန်ရုံမှာ စကားပြောတတ်တဲ့ ကျီးကလေးတစ်ကောင် ရောက်နေတာ သွားကြည့်ကြတယ် နုရဲ့"

"ကြည့်စမ်း… နုကိုတောင် မခေါ်ဘူး၊ အေးပေါ့လေ၊ ကိုယ်ပါရင် မလွတ်မလပ် ရှိနေမှာကိုး"

"ဒါ အသာထားစမ်းပါဦး နုရယ်၊ အဲဒီနေ့က ကိုလေး ပြောလိုက်တယ်၊ သူ့ဝတ္ထုကြော်ငြာ ဒီနေ့ပါမယ်ဆိုလို့ သတင်းစာလှန်ကြည့်တော့"

"အင်း… မူမူတို့များ လူတင်မကဘူး၊ သူနဲ့ပတ်သက်တဲ့ကြော်ငြာတောင် အသည်းစွဲဖြစ်နေသကိုးနော်"

"လုပ်ပြန်ပြီ၊ ဒါက အကြောင်းရင်းမဟုတ်ပါဘူး ရှင်ရဲ့၊ အဲဒီကြော်ငြာကို ရှာရင်းနဲ့ မူမူတို့နှစ်ယောက် တွဲလျက်သား ဓာတ်ပုံလေ သတင်းစာထဲ ပါလာလို့"

မူမူသည် လက်ထဲတွင် အသင့်လှန်၍ခေါက်လာသော သတင်းစာကို ဖြန့်ပြလိုက်၏။

ထိုသတင်းစာ၏ တစ်နေရာအောက်ပိုင်းတွင် ဓာတ်ပုံနှစ်ပုံ ဘေးချင်းယှဉ်လျက် ပါလာသည်ကို တွေ့ရ၏။ တစ်ပုံမှာ သစ်ငုတ်တစ်ခုပေါ် နားနေသည့် ကျီးကလေးတစ်ကောင်ကို အနီးကပ် ရိုက်ကူးထားသောပုံ ဖြစ်လျက် အောက်နားတွင် "ရန်ကုန်တိရစ္ဆာန်ရုံသို့ ခေတ္တရောက်ရှိနေသော စကားပြောတတ်သည့် ရွှေကျီးကလေး"ဟူသော စာတန်းကို အထင်အရှား တွေ့ရ၏။

အခြားတစ်ပုံမှာမူ လူပရိသတ် နှစ်ဆယ်ခန့်ကို ရှေ့တည့်တည့်လည်း မကျ၊ ဘေးစောင်းလည်းမကသော ထောင့်မျိုးမှရိုက်ကူးထားသော ဓာတ်ပုံဖြစ်လျက် လူကြီးကလေး သုံးယောက်နှင့်အတူ ကိုပေါ်လွင်သည် ရှေ့ဆုံးက ပါနေ၏။ တစ်ဖန် ကိုပေါ်လွင်၏ဘေးတွင် လူကိုယ်တစ်ဝက်စာလောက် နောက်သို့ ယိုနေသော မူမူ၏ကိုယ်တစ်ခြမ်းကိုလည်း တွေ့ရ၏။ သို့သော် မူမူအား မျက်မှန်းတန်းမိနေသူများပင် အတပ်မပြောနိုင်လောက်အောင် မူမူ

မျက်နှာနှင့် ကိုယ်တစ်ခြမ်းသာသာသည် ဦးထုပ်ဆောင်းထားသော သူ့ရှေ့မှ ယောက်ျားကြီးတစ်ယောက်နှင့် ကွယ်နေ၏။

"အဲဒါ အဓိ ကံကောင်းတာ၊ တကယ်လို့ မူမူ့ပုံသာ ထင်ထင်ရှားရှား ပေါ်နေရင်တော့ တက္ကသိုလ်မှာ အတော်ပွက်လောရိုက်သွားမှာပဲ"

"ဘာပြုလဲ နုရဲ့၊ မူမူတို့က မကြာခင် ယူကြတော့မှာပဲဟာ"

ဤတွင်နုက မဲ့ပြတဲ့ရင်း သတင်းစာမှ ပုံကိုကြည့်နေပြန်၏။ မူမူမှာ လူကွယ်၍ အရိပ်ကျနေသဖြင့် သက်သာရာရသွားသော်လည်း ကိုပေါ်လွင်မှာမူ ထင်းထင်းကြီး ပေါ်နေရုံသာမက မူမူ့လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်၍ သူ့ပေါင်အနီးသို့ ဆွဲကပ်ထားသောကြောင့် သူနှင့်ကျွမ်းသော စာပေသမားများအဖို့ လှောင်စရာ ဖြစ်နေတော့၏။

"အဆိုပါ စကားပြောသော ရွှေကျီးကလေးအား စည်ကားစွာ တိုးဝေ့ကြည့်ရှုနေသော ပရိသတ်အချို့ ... တဲ့"

နုသည် သို့လျှင် ဓာတ်ပုံအောက်မှ စာကို ဖတ်လိုက်ပြီးမှ...

"အင်း... တော်ပါသေးရဲ့၊ သတင်းထောက်ကသာ မြားပြထားသူမှာ နိုင်ငံကျော် စာရေးဆရာ ကိုပေါ်လွင်နှင့် ဘယ်သူဘယ်ဝါ ဘာညာ ဆိုပြီး ထည့်ရေးလိုက်မှဖြင့် ..."

"ဟုတ်တယ်နော် နု၊ အားလုံး ကံကောင်းချင်လို့ထင်ပါရဲ့"

မူမူသည် စကားကို ဤတွင်ဖြတ်၍ တစ်စုံတစ်ရာ စဉ်းစားသလို တွေးနေပြီးမှ...

"ကဲ... နုရေ၊ မူမူ ကမန်းကတန်း ထွက်လာရတာ၊ ကော်ဖီတောင်..."

"မသောက်ရသေး ငတ်ပေါ့၊ ဘယ်သူက ကမန်းကတန်း ခေါ်သမို့လဲ"

"ဟယ်ကွယ်... အချစ်ဘူးကြီးကလည်း"

မူမူသည် သို့လျှင် နော့လိုက်ရင်းက နုကိုတွဲ၍ အခန်းတစ်ခုထဲသို့ ဆွဲခေါ်အသွားတွင် ထိုအခန်းနှင့်အတူ သတင်းစာတစ်စောင်ကိုကိုင်၍ ပက်လက် ကုလားထိုင်တွင် ခပ်မတ်မတ် ထိုင်နေသော မမြင့်ကြည်၏မြင်ကွင်းသည် ရောနှောပေါ်လာ၏။

မမြင့်ကြည်လည်း သူ့ အရေးတကြီးရှာနေသော သတင်းကိုတွေ့လိုက်

ရပြီကဲ့သို့ ကျေကျေနပ်နပ်ကြီး ပြုံးသွား၏။

"စိတ်တိုင်းမကျဟုဆိုကာ အချိန်ယူ၍ ပြင်ရေးနေခဲ့သောကြောင့် နောက်ကျရသည်ကို သည်းခံတော်မူကြပါ"

သို့သော် ယခု ထွက်ပါပြီ။

"ပေါ်လွင် ရေး ချစ်ပဟေဠိ"

ဆိုင်တိုင်းတွင် မေး... အပြေးဝယ်တော်မူ။

သတင်းစာပါ ထိုကြော်ငြာကိုဖတ်ရင်း မမြင့်ကြည်သည် အကျေနပ်ကြီး ကျေနပ်လျက်ရှိ၏။ နောက် သတင်းစာကို ထိုထို၌၌ လှန်နေရာမှ တစ်စုံတစ်ခု တွေ့လိုက်ရသလို မျက်လုံးကလေး ဝိုင်းသွား၏။

သူ စူးစူးစိုက်စိုက် ကြည့်နေမိသည်မှာ တိရစ္ဆာန်ရုံမှ ဓာတ်ပုံသတင်းဖြစ်၏။ မရှေးမနှောင်းမှာပင် မမြင့်ကြည်လည်း လက်ထဲမှ သတင်းစာကို ပေါင်ပေါ်သို့ ပစ်ချလိုက်ပြီး အငိုင်သားတွေ မျက်ရည်ပါ ဝေလာသည်ကို တွေ့ရ၏။

ဝမ်းနည်းခြင်း သက်သက်မဟုတ်ဘဲ ချစ်ဒေါသနှင့် ယှဉ်နေသောကြောင့်လေမလားမသိ၊ မမြင့်ကြည်သည် အူလှိုက်သည်းဖို မငိုမိစေရန် အံကလေးကြိတ်၍ စိတ်ကိုတင်းထားသည် ထင်ရ၏။ နောက် ချက်ချင်းပင် ထိုင်ရာမှထ၍ စားပွဲတစ်လုံးတွင်ပြန်ထိုင်ကာ စာတစ်စောင် ကောက်ရေးနေ၏။

၌တွင်လည်း ထိုအခန်းသည် အမှောင်သန်း၍ ပျောက်ကွယ်သွားလုလုတွင် ကိုပေါ်လွင်၏အခန်းကလေးသည် ရောထွေးပေါ်လာ၏။

ကိုပေါ်လွင် အမူအရာတွင်လည်း မသက်သာ၊ သတင်းစာကို လက်တွင်ဆုပ်လျက် အလွန်လျှင် စိတ်ရှုပ်နေသည်ထင်ရ၏။ ထိုအခိုက်တွင် ကိုဘိုးထင်၏အသံသည်လည်း ရုတ်တရက်ဆိုသလို ပေါ်လာပြန်၏။

"အဲဒီနေ့ မတိုင်မီညကဆိုရင် ကိုပေါ်လွင်ဟာ နှစ်ချက်တီးလောက်မှ မမြင့်ကြည်တို့အိမ်က ပြန်လာပြီး မနက်ကျတော့လည်း အတော်နေမြင့်မှ အိပ်ရာက နိုးပါတယ်။ နိုးနိုးချင်းပဲ သူတို့ပုံပါနေတဲ့သတင်းစာကို ထိုးပြလိုက်တော့ သူ သိပ်ပြီး စိတ်ထိခိုက်သွားတယ်၊ ကျွန်တော်က ဒီဓာတ်ပုံထဲက သူငယ်မဟာ မှုမှုလားလို့မေးတော့ သူက ခေါင်းခါတယ်၊ ဘယ်သူပါရယ်လို့

တော့ ထုတ်မပြောဘူး၊ နောက် ကျွန်တော်လည်း သူ စိတ်ပိုညစ်သွားမှာစိုးလို့ ထပ်မမေးတော့ဘဲ သူ့အရိပ်အကဲ ကြည့်နေတုန်းမှာ"

ထိုထိုစကားများ ကြားနေရသည့်အချိန်၌ ကိုပေါ်လွင်မှာ ယောင်ချာချာ ဖြစ်နေ၏။ သတင်းစာကြည့်လိုက်၊ ထလိုက်၊ လမ်းလျှောက်လိုက်၊ ဆေးလိပ်ကိုမီးညှိပြီးမှ ဆတ်ခနဲ လွှင့်ပစ်လိုက်ဖြင့် မူအမျိုးမျိုး ပြောင်းနေရာမှ အကျီအဝတ်အစားလဲနေစဉ် မမြင့်ကြည်၏ဒေါ်ဒေါ်သည် ဖြုန်းခနဲရောက်လာ၏။

"မောင်စိန်လွင် ရော့ဟေ့... ကြည်ကြည်က ပေးလိုက်တယ်"

သို့ပြောရင်း ဒေါ်ဒေါ်သည် စာတစ်စောင် လှမ်းပေးကာ နီးရာကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ ကိုပေါ်လွင်လည်း စိတ်မပါ့တပါနှင့်ပင် ထိုစာကို ဖောက်ဖတ်လိုက်သည်၌...

**ကိုလွင်...**

ဒီနေ့ ဟံသာဝတီ ဖတ်ပြီးရောပေါ့နော်၊ ခုလောက်ဆို ကိုလွင်နဲ့တကွ ကိုလွင်က ချစ်မြတ်နိုးစွာ လက်ကလေးဆုပ်ဆွဲထားခြင်းခံနေရတဲ့ ကလေးမပါ အဲဒီ သတင်းဓာတ်ပုံကို ကြည့်ပြီး ပျော်နေကြမလားပဲ။

ဘာပဲဖြစ်ဖြစ်လေ ခုချက်ချင်း မြင့်နဲ့လာတွေ့ပါ။

**မြင့်**

ကိုပေါ်လွင်သည် အမူအရာမပျက်အောင် ခက်ခက်ခဲခဲ ဟန်ဆောင်နေရရင်းက...

"ကဲ... ဒေါ်ဒေါ် ကျွန်တော် ခုပဲ လိုက်လာခဲ့မယ်လို့ ပြောလိုက်ပါ၊ ဟုတ်လား"

"အေး... ကြည်ကြည်ကတော့ မှာလိုက်တယ်၊ မင်းကိုတွေ့ရင် တစ်ခါတည်း ခေါ်ခဲ့ပါတဲ့"

"အိုဗျာ... လာခဲ့ပါ့မယ်လို့ ပြောနေမှပဲ"

ကိုပေါ်လွင်၌ စိတ်ထိခိုက်နေပုံမှာ သေးသေးကွေးကွေး မဟုတ်သည့်အတိုင်း စကားရော့အသံပါ မာမာထန်ထန် ထွက်သွား၏။

ဤတွင် ဒေါ်ဒေါ်လည်း ဘာတစ်ခွန်းမျှ ထပ်မပြောတော့ဘဲ ကိုပေါ်

လွင်အား မျက်စောင်းတခဲခဲနှင့်ပင် ချာခနဲ လှည့်ထွက်သွားတော့၏။ သို့ ဒေါ်ဒေါ် ထွက်သွားမှပင် ကိုပေါလွင်လည်း သူ့အမှားကို နောင်တရတော့ သည့်ပမာ ရုတ်တရက် ထိုင်ချရင်း ငိုင်ကျသွားတော့၏။ မကြာမီ ထိုအခန်း လည်း ပျောက်သွား၏။

* * *

မမြင့်ကြည်၏အခန်းကလေးသည် ရုတ်တရက် ပေါ်လာပြန်၏။ ထဘီ အထက်ဆင့်နှားဆီတွင် လက်ဝါးကလေးနှစ်ဖက်အုပ်ရင်း နောက်ဖေး အခန်းတွင်းမှ ထွက်လာပြီး ထိုင်နေကျအတိုင်း ပက်လက်ကုလားထိုင်တွင် ထိုင်ချလိုက်၏။

သူ့တွင် ပေါ့ပေါ့ပါးပါး မဟုတ်တော့ဘဲ လူရှေ့သူရှေ့တွင် လမ်း ကလေးသော်မျှ လျှောက်မပြဝံ့လောက်အောင် အချစ်နယ်ကျွံခဲ့ပြီဖြစ်၏။ သို့ အလျောက်လည်း မမြင့်ကြည်မှာ အဘယ်နေရာတွင်မှ လွတ်လွတ်လပ်လပ် မထိုင်ရဲရှာဘဲ ပက်လက် ကုလားထိုင်တွင်သာ ကိုယ်အောက်ပိုင်းမြုပ်၍ သူ့ အရှက်ကို လူမမြင်အောင် အုပ်ခဲ့ရသလို ရှိနေရှာ၏။

ယနေ့လည်း ထို့အတူ အခန်းထဲမှ အပုရုပ်နှင့်ထွက်လာပြီး လက်တစ် ဖက်တွင် စာတစ်စောင်ကိုင်လျက် တွေတွေကြီးငိုင်နေ၏။ မကြာမီ ငိုင်၍တွေ နေရာမှ မျက်ရည်များ ဒလဟော ဝေဆင်းလာ၏။

ထိုအခိုက်တွင် နောက်ဖေးခန်းမှထွက်လာသော သူ့ဒေါ်ဒေါ်လည်း မမြင့်ကြည်၏အဖြစ်ကို မြင်လိုက်ရသည်၌ ရင်ထဲတွင် ခိုက်သွားသကဲ့သို့ အတန်ကြာ ငိုင်ကြည့်နေပြီးမှ...

"ဒီမှာ ကြည်ကြည်၊ ငါက သွားရတာ ပင်ပန်းလို့ပြောနေတာ မဟုတ် ဘူးနော်၊ ဟိုနေ့က ငါ့ကိုတောင် ညည်းအကောင်က ဆောင့်ကြွားကြွားနဲ့ ငေါက်သလို ငမ်းသလိုပြောလိုက်လို့၊ ဟင်း... ငါတော့ သင်းမျက်နှာတောင် မကြည့်ချင်ဘူး သိလား၊ ဒါကြောင့် ငါ မသွားချင်တာ"

ဒေါ်ဒေါ်သည် အတော် မကျေမနပ် ဖြစ်နေပုံရ၏။

"အမှန်ကတော့ ဒေါ်ဒေါ့်ကို ဒီလိုကိစ္စမျိုးနဲ့ပတ်သက်ပြီး ခိုင်းမိတာပဲ ကျွန်မ လွန်လှပါပြီ ဒေါ်ဒေါ်ရယ်၊ ကျွန်မ နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်မ

ကိုယ်တိုင်လည်း သွားလို့မဖြစ်ဘူး မဟုတ်လား"

ဒေါ်ဒေါ်သည် သူ့ကိုယ်ရေးကိစ္စသာဆိုက မာနပြင်းပြင်းနှင့် တင်းခံနေမည့် အင်္ဂါရပ်မျိုးရှိ၏။ ယခုသော် သူ အလွန်ချစ်သော တူမလေးအတွက် တစ်ဖက်က ငဲ့လိုက်သည့်အမူအရာမျိုးဖြင့်...

"ကဲ... ပေး ကြည်ကြည်၊ ဒီစာကို ဒေါ်ဒေါ်ပဲ သွားပို့ပေးမယ်"

"လုပ်ပါ ဒေါ်ဒေါ်ရယ်၊ ကျွန်မဗျာ ဒေါ်ဒေါ်ပဲ အားကိုးစရာရှိတယ် မဟုတ်လား၊ သူနဲ့ စကားမပြောချင် မပြောနဲ့ပေါ့၊ ဒီစာကလေးပေးပြီး..."

"အေး... ငါ သွားပေးမယ်"

ဒေါ်ဒေါ်က သို့ပြောရင်း စာကိုလှမ်းအယူလိုက်တွင် ထိုအခန်းလည်း မှုန်၍ ပျောက်သွားတော့၏။

ချက်ချင်းပင် ကွက်သစ်ကလေးတစ်ခု၏ ရှုခင်းပေါ်လာ၏။ ကိုပေါ်လွင်တို့ အိမ်ကလေး၏ လှေကားရင်းတွင် ကိုပေါ်လွင့် ဂျစ်ကားနှင့် မှုမှု၏ ဆလွန်းကားကြီး ရှေ့ဆင့်နောက်ဆင့် ရပ်ထားသည်ကို တွေ့ရ၏။

ဖျတ်ခနဲ ထိုရှုခင်းကလေး ပျောက်သွားကာ ဘတ်စ်ကားတစ်စီးပေါ်မှ ဆင်းလာသော မမြင့်ကြည်၏ဒေါ်ဒေါ်ကိုတွေ့ရပြီး ဒေါ်ဒေါ်သည် ပါလာသော ထီးကလေးကိုဖွင့်လျက် သွက်လက်သော ခြေလှမ်းများဖြင့် ကွက်သစ်ကလေးတစ်ခုထဲသို့ လျှောက်ဝင်သွား၏။ မြုန်းခနဲ တစ်ဖန် ထိုအခန်းပျောက်သွားပြီး ကိုပေါ်လွင်တို့လမ်းကလေး ပေါ်လာပြန်၏။

နောက် မှုမှုဆလွန်းကားကြီးကို အနီးကပ် တွေ့မြင်နေရပြီး မကြာမီ ကိုပေါ်လွင်နှင့် မှုမှုတို့ဆင်းလာကာ ကားကြီးပေါ်တက်၍ တစ်ရှိန်ထိုး မောင်းထွက်သွားသည်နှင့် ခပ်လှမ်းလှမ်းရှိ ထောင့်ချိုးမှ ကွေ့ဝင်လာသော မမြင့်ကြည်၏ဒေါ်ဒေါ်ကို တွေ့ရသည်တွင် ရပ်ရှင်ကြည့် ပရိသတ်မှာ ဟာခနဲ၊ ဟင်ခနဲ ရင်ထဲတွင် နွေးသွားကြတော့၏။

ဒေါ်ဒေါ်လည်း ကိုပေါ်လွင်တို့အိမ်ရှေ့ ရောက်လာသည်နှင့် ဆိုက်ရပ်ထားသော ကိုပေါ်လွင့် ဂျစ်ကားကို အသာစောင်းငဲ့၍ လှည့်ကြည့်လိုက်ပြီးမှ အိမ်ပေါ်သို့ လှမ်းတက်သွား၏။ နောက် ထိုအခန်းလည်း ပျောက်သွားတော့၏။

* * *

တိရစ္ဆာန်ရုံ၏ ကန်တော်ကြီးဘက် အဝင်ဝတွင် မူမူတို့ကားကြီး ဆိုက်ရပ်ထားသည်ကို တွေ့ရ၏။ နောက် ထိုရှုကွင်းနှင့်အတူ တိရစ္ဆာန်ရုံအတွင်းရှိ ခုံတန်းကလေးတစ်ခုတွင် ဘေးချင်းယှဉ်၍ထိုင်နေသော မူမူနှင့်ကိုပေါ်လွင်တို့၏မြင်ကွင်းသည် အရောရော အထွေးထွေးနှင့် ဖြည်းဖြည်းချင်း ပေါ်လာ၏။

"တနင်္လာနေ့က ဟံသာဝတီမှာ ကိုလေးနဲ့မူမူတို့ ဓာတ်ပုံပါလာတာ တွေ့တယ် မဟုတ်လား…ဟင်"

မူမူက ရွှင်၍ ချိုနေသော မျက်နှာထားကလေးဖြင့် မေးလိုက်၏။ ကိုပေါ်လွင်မှာမူ သူ ကြုံတွေ့နေရသော လက်ငင်းပြဿနာကိုသာ ခပ်နာနာဖိတွေးနေဟန်တူ၏။ သို့ကြောင့်လည်း ပါးစပ်နှင့်မဖြေဘဲ စိတ်မပါလှသော အပြုံးနှင့်ကြည့်ကာ ခေါင်းညိတ်အဖြေပေးလိုက်၏။

"မူမူတို့နှစ်ယောက်က ကံကောင်းချင်တော့ ကြုံဖန်ဖြစ်လာတာပဲနော်၊ မညာဘးခင်က သတင်းစာထဲ စုံတွဲပါနေရတယ်၊ ကဲ… ကိုလေး၊ မူမူတို့ကို အကျိုးပေးတဲ့ ရွှေကျိုးကလေးဆီသွားပြီး ငါးကျပ်ဖိုးလောက် စကားပြောခိုင်းရအောင်နော်၊ လာ"

မူမူသည် သို့ပြောရင်းကပင် ဆတ်ခနဲထ၍ ဆွဲခေါ်နေသောကြောင့် ကိုပေါ်လွင်၌ ရွှေးပြန်အောင် စိတ်အိုက်သွားရှာ၏။

"ဒီပြင်နေရာပဲ သွားပါတော့ မူမူရယ်၊ အဲဒီ ကျိုးကလေးဆီမှာက လူရှုပ်လှပါတယ်"

"ဟာ… ဟုတ်တယ် ကိုလေးရေ၊ မူမူ မေ့သွားလို့၊ ကဲ… ဒါဖြင့် ကတ္တဝါရုံကို သွားမယ်နော်၊ လွတ်လွတ်လပ်လပ် စကားပြောရအောင်"

သို့နှင့် သူတို့နှစ်ယောက်လည်း တစ်ဦးလက်တစ်ယောက်ဆွဲပြီး ခြေလှမ်းကျဲကလေးနှင့် ကတ္တဝါရုံပေါ် တက်သွားကြ၏။

ကတ္တဝါရုံပေါ်ရောက်၍ တစ်အောင့်တစ်နား အမောဖြေသလို ထိုထိုဤဤ ကြည့်နေကြပြီးမှ…

"ဒါနဲ့လေ ကိုလေး၊ ခု ဖေဖော်ဝါရီလ မဟုတ်လားဟင်၊ အဲဒီတော့ မူမူတို့ စာမေးပွဲစစ်ဖို့ရာ သိပ်မဝေးတော့ဘူး"

"အင်း…"

ကိုပေါ်လွင်မှာ ထိုတစ်လုံးတည်းသော အင်းကိုပင် အတော်ကြီးစား၍ ပြောလိုက်ရသလိုအသွင်မျိုး ဆောင်နေ၏။

"အဲဒါလေ မွေးရာသီ ကျောင်းပိတ်လိုက်တာနဲ့ တစ်ပြိုင်တည်း မူမူတို့ မင်္ဂလာဆောင်ကိစ္စ စီမံလိုက်ရရင် ကောင်းမလားလို့ မူမူ စဉ်းစားနေတယ်"

ကိုပေါ်လွင်၌ အဘယ်ပုံ စိတ်အိုက်သွားသည်မသိ၊ မျက်လုံးကိုသာ နာနာဖိ၍ မှိတ်ချလိုက်သဖြင့်...

"အို... ကိုလေး၊ ဘာဖြစ်သွားရတာလဲဟင်၊ ကိုလေး ကြည့်ရတာ မူမူ့ကို တကယ်မချစ်သလိုပဲ"

"ဒီလိုကြောင့် မဟုတ်ပါဘူး မူမူ၊ တကယ်ဆိုတော့ ခုလိုကိစ္စမျိုးမှာ ကိုလေးလည်း ထိုက်သင့်သလောက် အကုန်ခံရမယ့်တာဝန်ရှိတယ် မဟုတ်လား"

"အောင်မာ... ကိုလေးရယ်၊ မူမူ့မှာ အစစ ပြည့်စုံနေပြီပဲဥစ္စာ၊ ကိုလေး ပူဖို့ မလိုပါဘူး၊ ဒီအတွက်နဲ့တော့ မျက်နှာကြီး ညိုးမထားစမ်းပါနဲ့ ကိုလေး ရယ်၊ ကဲ... ပြုံးစမ်း ကိုလေး၊ ပြုံး... ပြုံး...ပြုံးလေ"

ဤတွင် ကိုပေါ်လွင်၌ စိတ်မပါငြားသော်လည်း အလားသင့် ပြုံး လိုက်ရရှာ၏။

* * *

ထိုအခန်း ပျောက်သွားလျှင်သွားချင်း မမြင့်ကြည်၏ ညေ့ခန်းကလေး ပေါ်လာ၏။

တံတောင်ဆစ်ကွေးပေါ် မျက်နှာကလေးမြှုပ်၍ တရှုပ်ရှုပ်ငိုနေလိုက်၊ ရေးလက်စ စာကို ဆက်၍ခြစ်လိုက်ဖြင့် မမြင့်ကြည်မှာ အသည်းခိုက်အောင် ဆွေးနေရှာ၏။

ရုတ်တရက် ထိုအခန်းပျောက်သွားပြီး စာတစ်စောင်ကို မျက်မှောင် တကုတ်ကုတ်ဖြင့်ဖတ်နေသော ကိုပေါ်လွင်၏ရှုကွက်သည် ချက်ချင်းပင် ပေါ်လာ၏။

ကိုပေါ်လွင်လည်း စာဖတ်၍ဆုံးသည်နှင့် ဖြုန်းစားကြီး ဆွဲဆုတ်ပစ် လိုက်၏။ ကုလားထိုင်မှ ဆတ်ခနဲထ၍ ခေါက်ခုတင်လေးပေါ် ကိုယ်လုံးပစ်

လွဲချလိုက်ပြန်၏။ စိတ်အိုက်ရှုပ်ထွေး ယောက်ျားပင်ဖြစ်သော်လည်း မျက်ရည်ကျလုနီးပါး သူ့တွင် သောကတွေ များလျက်ရှိ၏။

ရုတ်တရက် ကိုဘိုးထင်၏အသံ ပေါ်လာပြန်သည်မှာ...

"သတင်းစာထဲမှာ မှုမှုနဲ့တွဲလျက် ဓာတ်ပုံသတင်းတွေ ပါလာပြီး ကတည်းက ကိုပေါ်လွင်ဟာ မမြင့်ကြည်နဲ့ အတွေ့မခံဘဲနေခဲ့တယ်လို့ ကျွန်တော် နောက်မှ သိရပါတယ်။ အဲသလို အတွေ့မခံတာဟာလည်း မတွေ့ကို မတွေ့ချင်တော့လို့လား၊ အတွေ့မခံရဲလို့လားဆိုတာတော့ ကျွန်တော် သိခွင့် မရခဲ့ပါဘူး"

ထိုစကားသံများ ပေါ်နေခိုက်တွင် ကိုပေါ်လွင့် ရှုကွင်းပျောက်သွားလိုက်၊ ဝမ်းနည်းပက်လက် မျက်ရည်စက်ဖြင့် စာရေးနေသူ မမြင့်ကြည်ပေါ်လာလိုက်၊ တစ်ဖန် ကိုပေါ်လွင်က စာဖတ်ရင်း ငိုင်သွားလိုက် စသည့် အခန်းများသည် အသွင်သီးခြားလျက် ပေါ်နေ၏။ ဆက်တိုက်ပင် မြင်နေရ၏။

"သုံးလေးရက်အတွင်းမှာ စာပေါင်းလေးငါးခြောက်စောင်အထိ မမြင့်ကြည်ဆီက ရောက်လာခဲ့ပေမဲ့ ကိုပေါ်လွင်ဟာ စာလည်းမပြန်၊ လူကိုယ်တိုင်လည်း မသွားဘဲနေလိုက်တဲ့အတွက် မျက်ရည်နဲ့သာ အသနားခံခဲ့တဲ့ မမြင့်ကြည်ဟာ တစ်နေ့ကျတော့..."

ဤအချိန်တွင် စာအိတ်ထောင့်တစ်နေရာ၌ M.M ဟူသော အမှတ်အသားပါသည့် မှုမှုစာကို ဖောက်ဖတ်နေသော ကိုပေါ်လွင်အား တွေ့ရ၏။ သူ့တွင် မမြင့်ကြည်၏စာကို ဖတ်ရာ၌သာ မျက်နှာထားဆိုးခဲ့သည်မဟုတ်၊ မှုမှုစာကိုကိုင်ရင်းလည်း သူ့အမူအရာသည် ညှိုးညှိုးငယ်ငယ် ဖြစ်နေ၏။

သို့လျှင် ခေါက်ခုတင်ကလေး၌ စိတ်မောကိုယ်မောထိုင်ရင်း စာဖတ်နေခိုက် တစ်စုံတစ်ရာသောအသံကို ကြားရသကဲ့သို့ ကိုပေါ်လွင်သည် ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

တံခါးဝတွင် ခါးနာနာထောက်၍ ရင်မောက်မောက်ထားကာ တင်းမာလှသော မျက်နှာထားနှင့်ရပ်နေသူ မမြင့်ကြည်ကို မြင်လိုက်ရသည်နှင့် ကိုပေါ်လွင်မှာ ဘာလုပ်၍ ဘာကိုင်ရမည် မသိအောင် ငေးကြောင်ကြောင် ကြည့်နေမိရှာ၏။

ဗိုက်ဖုံးအင်္ကျီကိုဝတ်လျက် အရဲစွန့်ထွက်လာရဟန်တူသော မမြင့်

ကြည်မှာ ချစ်ဒေါသကြောင့် မျက်နှာထားပင် တင်းနေသော်လည်း မျက်လုံး အိမ်ထဲတွင်မူ အပြည့် မျက်ရည်ဖြင့် ဝေလျက်ရှိ၏။

မရေးမနှောင်းမှာပင် ခပ်တွေတွေရပ်နေရာမှ ဆတ်ခနဲ လှမ်းဝင်သွားပြီး ကိုပေါ်လွင့်ဘေးတွင် ထိုင်ချလိုက်၏။ နောက် ကိုပေါ်လွင့်ကျောပေါ် မျက်နှာမြှုပ်ရင်း တရှုပ်ရှုပ်နှင့် ရှိုက်နေရှာ၏။

သို့လျှင် အတွေ့နှင့် ရင်ဆိုင်လိုက်ရသောကြောင့်လားမသိ၊ ကိုပေါ်လွင်မှာ ကြင်နာမှုအတိဖြင့် မမြင့်ကြည်ဘက်သို့ ယိုင်လာတော့၏။ သူ့ကျောတွင် မျက်နှာမြှုပ်လျက် သိမ့်သိမ့်ခါလှုပ်နေသော မမြင့်ကြည်၏ကိုယ်ကလေးကို အသာအယာ ဆွဲထူလိုက်၏။ နောက် မျက်နှာချင်း ထိလုနီးပါး သူ့အနားသို့ ဆွဲယူလိုက်ပြီးမှ...

"တော်တော့ မြင့်ရယ်... မငိုနဲ့တော့၊ ကိုလွင် စိတ်ပြောင်းလိုက်ပြီ၊ မြင့်အပေါ်မှာ ကိုလွင်သစ္စာမဖောက်တော့ဘူး၊ ဟုတ်လား... နော်၊ တိတ်တော့"

မမြင့်ကြည်သည် မျက်ရည်ကလေးစမ်းစမ်းနှင့် ဝမ်းပန်းတနည်း မော့ကြည့်လိုက်ပြီး...

"ဒီလိုစကားမျိုးနဲ့ မြင့်ကိုလှည့်ခဲ့တာ ဘယ်လောက်များနေပြီလဲ ကိုလွင်၊ မြင့် မယုံနိုင်တော့ဘူး"

"ဒီမှာ မြင့်"

"ကိုလွင် ဘယ်လိုပဲပြောပြော မြင့် ယုံကြည်ဖို့ ခက်နေပြီ၊ ကိုလွင် စဉ်းစားကြည့်စမ်း၊ ခုလို စိမ်းကားရလောက်အောင် မြင့်မှာ ဘာချို့ယွင်းချက်တွေ ရှိနေလို့လဲဟင်၊ ပြောပဲ ပြောစမ်းပါဦးတော့ ကိုလွင်ရယ်"

"ကိုလွင့်အမှားကို ကိုလွင် သိပါပြီ မြင့်ရယ်"

ကိုပေါ်လွင်သည် သို့ပြောရင်းကပင် မျက်ရည်များဖြင့် ရွှဲနေသော မမြင့်ကြည်၏ပါးကလေးကို တယုတယ ပွတ်သပ်လျက်ရှိ၏။

"သိရုံတင်မသိဘဲ အတိအကျ ကိစ္စပြီးလိုက်မှ ဖြစ်တော့မယ် ကိုလွင်၊ ဒီမှာ မြင့်ကို ကြည့်စမ်း"

မမြင့်ကြည်သည် ခါးကလေးကော့၍ မော့မော့ကလေး ထရပ်ပြလိုက်ပြီးမှ...

"တကယ်လို့ ကိုလွင်က ရက်စက်သွားမယ်ဆိုရင် မြင့်ရဲ့ ဒီခန္ဓာကိုယ်

ကြီးကို ဘယ်နေရာမှာ သွားထားရမလဲဟင်၊ မြင့် မွေးလာမယ့် ကလေးက ကော ဘယ်သူ့ကို ဖေဖေလို့ ခေါ်ရမလဲ ကိုလွင်ရယ်"

ကိုပေါ်လွင်သည် အလွန့်အလွန် စိတ်ထိခိုက်သွားသော မျက်နှာမျိုးဖြင့် မမြင့်ကြည်အား မော့ကြည့်နေရာမှ ခါးကလေးကို အသာဆွဲ၍ ထိုင်စေလိုက်၏။

"မပြောနဲ့တော့ မြင့်ရယ်၊ ကိုလွင် မှားခဲ့တာတွေအတွက် မြင့် ပေးချင်တဲ့ အပြစ်ပေး၊ ကိုလွင် ကျေကျေနုပ်နုပ်ခံမယ်၊ ခု ကိုလွင် နောင်တရပါပြီ၊ ဟိုသတင်းစာထဲပါတဲ့ အမျိုးသမီးနဲ့က အချစ်လွန်ရုံသာလွန်တာ၊ မြင့်နဲ့က ကျွံပြီးပြီ၊ ဒီတော့ ယူချင်းယူရင် မြင့်ကိုသာ..."

"မြင့် ဘယ်လိုလုပ်ပြီး ယုံရမလဲ ကိုလွင်၊ မြင့် စားမိတာ သုံးတုံးလည်း မကတော့ပါဘူး"

ကိုပေါ်လွင်မှာ ပြဿနာအရှုပ်တစ်ခု ရုတ်တရက် ရှင်းသွားသလို တစ်မျက်နှာလုံး လင်း၍ကြည်လာ၏။ နောက် ချစ်ရည်လည်နေသော မျက်လုံးများဖြင့် ခပ်ပြုံးပြုံး ကြည့်နေရာမှ မမြင့်ကြည်အား သိမ်သိမ်မွေ့မွေ့ ဖက်တွဲကာ ပါးပါးချင်း အပ်လိုက်ပြီးမှ...

"ကိုလွင် ခဏခဏ ပြောခဲ့ဖူးတယ်၊ မြင့်တို့အိမ် ပြောင်းလာပါရစေ၊ နည်းနည်းနဲ့ကျဲကျဲပဲ ဝိုင်းပြီး လက်ထပ်လိုက်ကြပါစို့လို့။ အဲဒီတုန်းကသာ မြင့် သဘောတူ လက်ခံခဲ့ရင် ခုလို စိတ်ဒုက္ခရောက်ရဖို့ မရှိဘူး"

"ဒါကတော့ ကိုလွင်ရယ်"

"မရှည်နဲ့တော့ အမိ၊ ဒီနေ့ပဲ ရုံးမှာသွားပြီး လက်ထပ်လိုက်မယ်၊ နောက်မှ မြင့် သဘောကျသလို ဖိတ်စာနဲ့ဘာနဲ့၊ မင်္ဂလာဆွမ်းကလေး ဘာလေး လုပ်ချင်လုပ်၊ ဟုတ်ပြီလား"

"ကိုလွင်... ကိုလွင် တကယ်ပြောနေတာလား ဒါ"

မမြင့်ကြည်သည် မျက်လုံးကလေးအပြူးသားနှင့် အံ့အားတသင့်မေးလိုက်သောကြောင့် ကိုပေါ်လွင်လည်း ထိုင်ရာမှ ဆတ်ခနဲ ထတဲ့ကာ မမြင့်ကြည်၏ ပါးကလေးကို အသာဆွဲလိမ်လိုက်ပြီးမှ...

"ကဲ... မြင့် တစ်ခါတည်း စိတ်ချမ်းသာသွားအောင် ခုပဲ သွားကြစို့၊ ရုံးကို ဟုတ်လား"

"ဟင်... ဒီနေ့ သွားတော့ကော ဒီနေ့ပဲ ချက်ချင်း လက်ထပ်ပေးမတဲ့လား၊ ရုံးက"

"အို... ဖြစ်တဲ့နည်းနဲ့ လုပ်မှာပေါ့ မြင့်ရဲ့၊ ဒီကိစ္စလောက်တော့ ကူညီနိုင်မယ့် မိတ်ဆွေတွေ ရုံးမှာ ရှိပါတယ်"

နောက် ကိုပေါ်လွင်သည် ခါးထဲမှ စွပ်ကျယ်ကိုချွတ်၍ တန်းပေါ်ရှိ အသစ်ကို ယူစွပ်လိုက်၏။ ရှပ်၊ လုံချည် စသည်တို့ကို အစဉ်လိုက်ဝတ်နေစဉ် ကိုဘိုးထင်၏အသံသည် ဖြုန်းခနဲ ပေါ်လာပြန်၏။

"အဲသလို ချစ်မှုတွေ ပွေလာမှပဲ ကိုပေါ်လွင်ဟာ အချစ်နဲ့ပတ်သက်ပြီး တည်တံ့ခိုင်မာမှုမရှိဘဲ စိတ်အပြောင်းအလဲမြန်တဲ့ လူတစ်ယောက်လို့ ကျွန်တော် သိရပါတော့တယ်"

ထိုအချိန်၌ ကိုပေါ်လွင်မှာ အဝတ်အစား လဲလှယ်ပြီးစီးနေပြီဖြစ်လျက် မမြင့်ကြည်၏လက်ကလေးကို အကြင်တနာ ကိုင်ဆွဲ၍ အိမ်ထဲမှ ထွက်လာကြ၏။ နောက် တံခါးကို သော့ခတ်ဆင်းလာကြကာ ဂျစ်ကားကလေးပေါ် တက်ထိုင်လိုက်ကြ၏။ ဤတွင် တစ်ဖန် ကိုဘိုးထင်၏အသံ ပေါ်လာပြန်သည်ကား...

"ကိုပေါ်လွင့်ပြောပြချက်အရ ကျွန်တော် သိသလောက်ဆိုရင် အဲဒီနေ့က ရုံးမှာ သွားလက်ထပ်ကြမယ်ဆိုပြီး ကားပေါ်တက်၊ စက်နှိုးတော့ ရတ်တရက် စက်နှိုးမရတာနဲ့ သူ့မျော ကားပေါ်ကဆင်း၊ စက်ဖုံးဖွင့်၊ ချို့ယွင်းချက်ကိုရှာ၊ နောက် ကားပေါ်ပြန်တက်၊ စက်ထပ်နှိုး၊ အမျိုးမျိုး ကြိုးစားသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့ရတယ်လို့ ကျွန်တော် သိရပါတယ်"

ကိုဘိုးထင် ပြောနေသော စကားများအတိုင်းပင် ကိုပေါ်လွင်သည် လှုပ်လှုပ်ရှားရှားနှင့် အလုပ်များလျက်ရှိ၏။

"ဘယ်လိုလုပ်လို့မှ စက်နှိုးမရနိုင်တာနဲ့ ကိုပေါ်လွင်လည်း သူ့ဂျစ်ကားကို လက်လျှော့လိုက်ပြီး မမြင့်ကြည်နဲ့တိုင်ပင်ရာက နောက်ဆုံးမှာ..."

ထိုစကားသံများနှင့်လျော်ညီစွာ ကိုပေါ်လွင်သည် သူ့ဂျစ်ကားစက်ဖုံးကို ပိတ်ချလိုက်ပြီး မမြင့်ကြည်ဆီသို့ ကွေ့လျှောက်သွားကာ တစ်စုံတစ်ရာ တီးတိုးပြောနေစဉ်မှာပင် ထိုအခန်းသည် မှုန်၍ ပျောက်ကွယ်သွား၏။

သို့သော် ကိုဘိုးထင်၏အသံကိုမူ ကြားမြဲကြားနေရ၏။

"ဆိုက်ကားနဲ့ပဲသွားကြဖို့ ဆုံးဖြတ်ပြီး ရုံးကိုထွက်လာကြလို့ ပုလိပ်ရုံး ဆင်ဝင်အောက်လည်းရောက်ရော..."

ကိုပေါ်လွင်နှင့် မမြင့်ကြည်တို့စီးလာသော ဆိုက်ကားကလေးသည် ပုလိပ်ရုံး ဆင်ဝင်အောက်သို့ရောက်သည်နှင့် ကိုပေါ်လွင်သည် တစ်ဖက်သို့ လှည့်ကြည့်ရင်း ရုတ်တရက် အံ့အားသင့်သွား၏။

သူ ကြည့်လိုက်သည်မှာ ပုလိပ်ရုံးအဝင်ပေါက် တံခါးမကြီးဖြစ်လျက် ကျကျနန သော့ခတ်ပိတ်ထားသည်ကို တွေ့ရသောကြောင့်လည်း သူ အံ့အား သင့်သွားခြင်းဖြစ်၏။ မရှေးမနှောင်းမှာပင် မမြင့်ကြည်က ဆင်းတော့မည်ကဲ့သို့ လှုပ်ရှားလိုက်သည်နှင့် ကိုပေါ်လွင်က လက်မောင်းတစ်ဖက်ကို အသာ ဆုပ်ကိုင်ထားလိုက်ရင်း ထိုထိုဤဤ မျက်လုံးကစားလိုက်၏။

လူ အလွန်စည်ကားလှသော ဤပုလိပ်ရုံးကြီးမှာ အဘယ်ကြောင့်ဟူ၍မသိ ခြောက်ကပ်နေသည်ကိုတွေ့ရပြီး လူဆို၍ ဒရဝမ်နှင့်တူသူ ကုလား- ဗမာ သုံးလေးယောက်သာ တွေ့ရ၏။

ထိုအခိုက်မှာပင် ဗမာဒရဝမ်တစ်ဦး သူတို့ဆိုက်ကားနား လျှောက် လာပြီး...

"ခင်ဗျားတို့ ရုံးကိုလာတာလား၊ ဒီနေ့ ရုံးပိတ်တယ်လေ"

"ဗျာ... ဘာပြုလို့ပိတ်တာလဲ၊ ဒီနေ့ သောကြာနေ့မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီနေ့က ပြည်ထောင်စုနေ့မို့ ရုံးပိတ်ထား တယ်၊ စာတိုက်ရော၊ အစိုးရရုံးတွေပါ အားလုံး ပိတ်တာပဲ"

"ခြော်... ခြော်... ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ... ကျွန်တော်တို့ သွားလိုက်ပါဦးမယ်"

ကိုပေါ်လွင်လည်း စိတ်ပျက်သွားသလို မျက်နှာထားဖြင့် ဆိုက်ကား အား ပြန်ကွေ့ခိုင်းလိုက်၏။ သူတို့ဆိုက်ကား ကွေ့လိုက်သည်ဆိုလျှင်ပင် ထိုအခန်းသည် တဖြည်းဖြည်း မှုန်၍မည်းသွားပြီးနောက် ဘုရားလမ်း ဆန်း မုန့်တိုက် အပေါ်ထပ်ရှိ စားပွဲတစ်လုံးတွင် ရယ်ကာပြုံးကာနှင့် တစ်ယောက်က လက်ကိုသုတ်နေလျက် တစ်ယောက်က ရေသောက်နေသည့် အခန်းကလေး ပေါ်လာ၏။ သူတို့ရှေ့တွင် စားကြွင်းစားကျန်နှင့် ပန်းကန်အချို့ကိုလည်း တွေ့ရ၏။

"ဒီကပြီး ဘယ်သွားမလို့လဲ ကိုလွင်"

မမြင့်ကြည်က ရေသောက်ပြီးပြီးချင်း မေးလိုက်၏။

"အိမ်ပြန်ကြရုံရှိတာပေါ့ မြင့်ရယ်၊ အင်း... နေပူကြီးထဲလာရတာနဲ့ ဆိုက်ကားဆောင့်တာနဲ့ မြင့်တောင် အတော် ပန်းသွားပြီထင်တယ်"

"မြင့်လား ဒီမောတာပန်းတာတွေ ယောင်လို့တောင် သတိမရဘူး၊ ကိုလွင် စဉ်းစားကြည့်လေ၊ ဒီနေ့ဟာ ကိုလွင်နဲ့၊ မြင့်နဲ့ ပေါ်ပေါ်ထင်ထင် ပထမဆုံးအကြိမ် တွဲလာကြတဲ့နေ့၊ တရားဝင် လင်မယားအဖြစ် လက်ထပ်ကြမယ့်နေ့၊ မြင့်ရဲ့ရင်ထဲမှာ တောက်လောင်နေတဲ့ အပူမီးတွေ ငြိမ်းအေးရမယ့်နေ့ မဟုတ်လား ကိုလွင်၊ မြင့် ဘယ်လောက် ပျော်နေမယ်ဆိုတာ ကိုလွင်ပဲ တွေးကြည့်တော့"

သူ့စကားနှင့်အညီ မမြင့်ကြည် ပြောနေပုံမှာ မြိန်မြိန်ရှက်ရှက် ရှိလှတော့၏။ ကိုပေါ်လွင်မှာလည်း ကြည်ကြည်သာသာပင် ရှင်နေရာမှ...

"အင်း... ဒီနေ့ သောကြာဆိုတော့ နက်ဖြန်လည်း ရုံးသွားလို့ဖြစ်မှာ မဟုတ်ဘူး၊ နေ့တစ်ဝက် ပိတ်ဦးမှာမို့ ဟိုမမီ သည်မမီနဲ့"

"ဒါဖြင့်လည်း တနင်္လာနေ့ပေါ့ ကိုလွင်ရယ်"

မမြင့်ကြည်လည်း ဤသို့ပြောလိုက်ပြီးမှ ရုတ်တရက် မျက်နှာပိုးကလေးသတ်တဲ့ကာ...

"ဒါပေမဲ့နော် ကိုလွင် ဒီကြားထဲ ဖောက်မလာနဲ့ဦး၊ အို... ရှုပ်တယ်၊ ဒီညပဲ မြင့်တို့အိမ်ပြောင်းတော့"

"ပြောင်းမယ်လေ၊ ကဲ... ပြောနေကြာတယ်၊ ထ... သွားကြစို့၊ ပစ္စည်းတွေ၊ ဘာတွေ သိမ်းရဆည်းရမှာနဲ့၊ ရွှေ့ရပြောင်းရမှာနဲ့"

"ခုဆို ချက်ချင်းပဲလား ဆရာကြီးရဲ့၊ အချိန်တွေ အများကြီး ကျန်ပါသေးတယ်၊ အိပ်ရာလိပ်နဲ့ သေတ္တာတစ်လုံး အရင်ရွှေ့လိုက်၊ ပြီးတာပဲဟာ"

"ဘာထူးဦးမှာလဲ မြင့်ရဲ့၊ ခု အိမ်ပြန်ကြမှာပဲဥစ္စာ၊ တစ်ခါတည်း သိမ်းဆည်းပြီး"

"ဟင့်အင်း... မြင့် ပြန်ချင်သေးဘူး"

မမြင့်ကြည်သည် ကျူသလို မူသလိုပြုး၍ ပြောလိုက်ရာမှ...

"ဒီနေ့ မြင့် သိပ်ပျော်တာပဲ၊ ဒီနေ့ဟာ ကိုလွင်နဲ့မြင့်တို့ လက်ထပ်ဖို့

ထွက်လာကြတဲ့နေ့ မဟုတ်လား၊ စာရေးဆရာကတော်လောင်းကလေးပီပီ ကဗျာဆန်ဆန်ပြောရရင် သမီးရည်းစားတို့ရဲ့ 'အချစ်နိဂုံး'နော်၊ 'လင်မယား ဘဝရဲ့အစ'ပေါ့"

မမြင့်ကြည်သည် သို့ပြောရင်းက သောသောကလေး ရယ်နေပြန်၏။

"အင်း... ဆိုပါဦး မေပေါ်လွင်"

ကိုပေါ်လွင်ကလည်း ရွှင်ရွှင်ပျပျပင် မေးလိုက်၏။

"မြင့်တို့ရဲ့ သမီးရည်းစားဘဝကို ဘယ်မှာ စခဲ့ကြသလဲ၊ အဲဒီကို မြင့် သွားချင်တယ် ကိုလွင်"

"အင်းလျားကိုလား မြင့်၊ ဟင်"

"အေးပေါ့ ကိုလွင်ရဲ့၊ ပျော်ပျော်ပါးပါး လှေစီးရအောင်လား နော်"

ကိုပေါ်လွင်လည်း စဉ်းစားသလို တွေလိုက်ပြီးမှ...

"သွားလေ၊ ကောင်းသားပဲ၊ ကိုယ်တို့လည်း ကျေးဇူးရှင် အင်းလျား ကန်ကြီးကို မေ့နေတာ ကြာပြီနော်၊ ကဲ... လာ... သွားစို့"

ပြောပြောဆိုဆို နှစ်ယောက်စလုံး ပြိုင်တူ ထလိုက်သည်နှင့်ပင် ထို အခန်းသည် မှုန်သွား၏။ နောက် ကိုပေါ်လွင်နှင့် မမြင့်ကြည်တို့နှစ်ဦး ရေ လယ်တွင် လှေငယ်နှင့်မြူးနေကြသည့် ရှုကွင်းကလေးသည် ဖြည်းဖြည်းချင်း ရောနှောပေါ်လာ၏။

မနေးမမြန် တက်ကလေးဖြင့် မှန်မှန်လှော်နေသော ကိုပေါ်လွင်တွင် ရွှင်နေသလောက် မျက်နှာချင်းဆိုင်တွင် လက်ကလေးနှစ်ဖက်ကို ထဘီ အထက်ဆင်နားတွင် ယှက်၍ထိုင်နေသူ မမြင့်ကြည်မှာလည်း အနင့်သား ကြည်နူးနေ၏။

အမြင်မှာ အတော်ကလေး အလှမ်းဝေးနေသောကြောင့် သူတို့ချင်း ရယ်ကာမောကာ ပြောဆိုနေကြသော စကားများကို မကြားရဘဲရှိနေပြီးမှ ရုတ်တရက်ဆိုသလို မမြင့်ကြည်၏ ကိုယ်တစ်ပိုင်းသည် အနီးကပ် ပေါ်လာ ၏။

"ဟုတ်တယ်လေ၊ ဒီနေ့အဖို့ရာမှာ မြင့် ပျော်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ စိတ်ကတော့ မချသေးဘူး ဆရာ၊ တထင့်ထင့်ပဲ"

မမြင့်ကြည်က သို့လျှင် ချစ်ရည်လည်နေသော မျက်လုံးကလေးများ

ဖြင့်ကြည့်ရင်း ပြောလိုက်သောကြောင့်...

"ကိုလွင့်အမှားကို ဝန်ခံထားပြီ၊ တောင်းလည်း တောင်းပန်ပြီးပြီ၊ နောက်ပြီး လက်ထပ်ဖို့လည်း..."

"အို...လက်က ထပ်ရသေးတာမှမဟုတ်ပဲ၊ ပြီးတော့ ကိုလွင် မှားတာဟာ ရိုးရိုးအမှားမျိုး မဟုတ်ဘူး၊ စာရေးဆရာတွေ များသောအားဖြင့် မှားတတ်ကြတဲ့ စိတ်ကူးယဉ်အမှားမျိုး၊ သိလား"

"ပြောရင် ကိုလွင့်တစ်ယောက်တည်းပြောပါ မြင့်ရယ်၊ ဒီပြင် စာရေးဆရာတွေ ဆွဲမထည့်ပါနဲ့၊ ခု ကိုလွင် ဖြစ်ရတာကလည်း..."

"အေးလေ၊ ကိုလွင်ကတော့ အမှန်ကို ကွယ်ပြောမှာပဲ၊ ဒါပေမဲ့ မြင့်က စာပေလောကထဲ ရောက်နေတာ ကြာပြီ ဆရာရေ့၊ သိတာပေါ့၊ ကိုလွင်လည်း အတူတူပဲ၊ ဝတ္ထုထဲတင် စိတ်ကူးယဉ်လိုက်ရတာ အားမရလို့ မတော်တဆ ကိုယ်တွေ့ကလေးကြုံတာနဲ့ ရောယောင်ပြီး စိတ်ကူးယဉ်လိုက်တာမဟုတ်လား၊ ကဲ... ပြောပါဦး"

စောစောက ရွှင်နေသလောက် ကိုပေါ်လွင်သည် ထိုစကားကြားလိုက်ရသည်နှင့် ရုတ်တရက် တွေသွား၏။

"ဘယ့်နှယ် ဆရာကြီး၊ ချက်ကောင်းထိသွားလို့ထင်ပါရဲ့၊ တစ်ခါတည်း မှိုင်ကျသွားလိုက်တာ"

"ဒါကတော့ မြင့်အထင်နဲ့ မြင့် ပြောနေတာကိုး"

"အောင်မယ်လေး... ဟင်း... ဟုတ်သားနဲ့"

ထိုစကားနှင့်အတူ မမြင့်ကြည်သည် တစ်ဖက်သို့ မျက်နှာကလေး လည်သွားပြီး သာယာလှသော အင်းလျားကန်ကြီး၏ ပတ်ဝန်းကျင် ရှုမျှော်ခင်းများကိုကြည့်ရင်း တစိမ့်စိမ့် အရသာခံလျက်ရှိ၏။

ကိုပေါ်လွင်တွင်မူကား ကြည်ကြည်လင်လင် မရှိလှတော့ဘဲ ငုံ့ငိုင်တွေဝေးနှင့် တစ်စုံတစ်ရာကို တွေးနေသည်ထင်ရ၏။ သို့ စိတ်ကပင် တွေးနေသော်လည်း လက်ကမူ မရပ်၊ လှေကို မှန်မှန်ကလေး ခတ်လျက်ရှိ၏။

မကြာမီ သူတို့နှစ်ဦး ဆိုက်ကပ်လှေရှိခဲ့ဖူးသော ကမ်းဆွယ်ကွေ့ကလေး အနီးသို့ရောက်အလာတွင် ဘာကို သတိရသည်မသိ၊ ကိုပေါ်လွင်သည် ရေကိုကြည့်ရင်း တွေနေရာမှ ဆတ်ခနဲမော့၍ ခပ်လှမ်းလှမ်းဆီသို့

မျှော်ကြည့်လိုက်၏။

ကိုပေါလွင် လှမ်းကြည့်လိုက်သည်မှာ သူတို့လှေကလေးနှင့် ပေနှစ်ရာနီးပါးလောက်အကွာ ကမ်းနဖူးကလေးပေါ်ရှိ နုတို့တိုက်ကလေး ဖြစ်နေ၏။

ဤတွင် ကိုပေါလွင်လည်း စိတ်အိုက်သွားသည့်ပမာ ချာခနဲ ခေါင်းကိုလှည့်ပစ်လိုက်ပြီးမှ တစ်ဖန် တစ်စုံတစ်ရာ မမြင်မရှင်းသလို ချက်ချင်းပင် ပြန်၍ ခေါင်းလှည့်လာ၏။ မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း အဆိုပါ တိုက်ကလေးဆီသို့ စူးစူးစိုက်စိုက် ကြည့်လိုက်ပြန်၏။

နုတို့တိုက်နှင့် မလှမ်းမကမ်းတွင် အင်းလျားကန်ဘက် ခပ်ကျကျ တစ်နေရာတွင် မျက်နှာချင်းဆိုင်ရပ်နေသော မိန်းမပျိုနှစ်ယောက်၏သဏ္ဌာန်ကိုမြင်လိုက်ရသောကြောင့် ကိုပေါလွင်လည်း လှေဦးကို အမြန်လှည့်လျက် သုတ်သုတ်ကလေး လှော်ထွက်သွားတော့၏။

ဖြုတ်ခနဲ ထိုအခန်းပျောက်ပြီး ရုတ်တရက်ဆိုသလို စိမ်းလဲ့ကန်သာ ခြံကြီး၏ ကမ်းစပ်ဘက်တွင် မျက်နှာချင်းဆိုင်ရပ်နေသော နုနှင့် မူမူတို့ရှုကွင်းကလေး ပေါ်လာ၏။

"အင်းလေ… ခု ကိုလေးတို့အိမ်က လာတာပေါ့ နုရဲ့၊ မတွေ့ခဲ့ဘူး၊ တံခါးသော့ခတ်ထားတယ်၊ ဂျစ်ကားတော့လည်း အရှိသား"

မူမူသည် မကောင်းလှသော မျက်နှာကလေးဖြင့် ပြောနေသောကြောင့်…

"အင်း… မူမူ့မလည်း တစ်နေ့မမြင်ရ၊ မနေနိုင်ဖြစ်နေပြီ ထင်ပါရဲ့၊ ဟိုတစ်နေ့ကလည်း မူမူ ကျောင်းမတက်ဘူး၊ ကိုပေါလွင်နဲ့ဘယ်သွားလဲ၊ မှန်မှန် ပြောစမ်း"

"ဒါတွေ မေးမနေစမ်းပါနဲ့ နုရယ်၊ သူနဲ့မတွေ့ခဲ့လို့ စိတ်ရှုပ်နေရတဲ့ အထဲမှာ…"

မူမူက ဆံစပ်ကလေးကိုကုတ်ရင်း ပြောလိုက်သောကြောင့်…

"ကဲပါကွယ်… တော်ကြာမှ တစ်ခေါက်သွားသေးတာပေါ့၊ နုလည်း လိုက်ခဲ့ပါ့မယ်၊ မူမူက ခေါ်မယ်ဆိုရင်ပေါ့လေ"

နုက သို့ပြောရင်း မဲ့ပြုံးလိုက်သည်နှင့် မူမူလည်း နုအား မျက်စောင်း

ကလေးနှင့်ကြည့်ကာ တိုက်ဘက်ဆီသို့ မသိမသာ လှမ်းထွက်သွားတော့၏။

ထိုအခန်းလည်း ဤတွင်ပင် တဖြည်းဖြည်း မှိန်၍ပျောက်သွား၏။ နောက် ရေလယ်သို့ရောက်နေပြီဖြစ်သော မမြင့်ကြည်တို့၏ လှေငယ်ကလေး ပေါ်လာ၏။

မမြင့်ကြည်တွင် ဟိုငေးသည်ကြည့်ဖြင့် အတော်ကလေး ပီတိဖြာနေသလောက် ကိုပေါ်လွင်မှာမူ ခေါင်းငိုက်စိုက်နှင့်တွေရင်း ရေပြင်တွင်ငေးနေ၏။ တစ်စုံတစ်ရာလည်း တွေးနေသည်ထင်ရ၏။

သို့ ကိုပေါ်လွင် ငေးစိုက်ကြည့်နေစဉ်မှာပင် ရေပြင်သည် ရုတ်တရက် လှုပ်ရှားသွားပြီး မူမူ၏ မျက်နှာကလေး ပေါ်လာ၏။

"ကိုလေးမှာ စိတ်ညစ်စရာရယ်လို့ ဘာတွေရှိသေးလဲ ပြောစမ်း၊ ငွေနဲ့သာ ဝယ်လို့ရရင် ဘယ်လောက်ပေးရပေးရ၊ မူမူ ဝယ်ပြီး လွှင့်ပစ်ပေးမယ်လေ၊ ပြောသာပြော ကိုလေး"

တစ်ခါက မူမူ ပြောခဲ့ဖူးသော စကားနှင့်အတူ ထိုမြင်ကွင်းကလေးသည်လည်းကောင်း။

"ဒီလိုစက်မျိုးတွေနဲ့သာ ရိုက်လိုက်ရရင် ဓာင်ရေတစ်သောင်းလောက်ဟာ ဆယ့်ငါးရက်နဲ့ ပြီးသွားမှာပဲ"

ကိုပေါ်လွင်ကိုယ်တိုင်က ဤလိုပြောရင်း မူမူ ယူလာသော ပုံနှိပ်စက်ကက်တလောက်များကိုကြည့်ကာ အာသာငမ်းငမ်းဖြစ်ခဲ့သည့် ရှုကွက်ကလေးသည်လည်းကောင်း။

သူက မွှေးမွှေးကြူလိုက်သဖြင့်...

"သွား... ကိုလေးက သိပ်ဆိုးတာပဲ"ဟု မူမူက ချစ်စဖွယ် ငြူစူလိုက်သည့် ရှုကွင်းကလေးသည်လည်းကောင်း။

ဆလွန်းကားကြီးနှင့် စုံတွဲထိုင်ကာ ဗိမ်ကလေးလှိုင်လှိုင်နှင့် လည်ခဲ့၊ ပျော်ခဲ့ရသည့် အခန်းကလေးများသည်လည်းကောင်း။

တစ်ခုပြီးတစ်ခု ရောနှောပေါ်လာပြီးမှ နောက်ဆုံး မြင်ကွင်းဖြစ်သော...

"အဲဒါလေ...မွေ့ရာသီ ကျောင်းပိတ်လိုက်တာနဲ့တစ်ပြိုင်တည်း မူမူတို့ မင်္ဂလာဆောင်ကိစ္စ စီမံလိုက်ရရင် ကောင်းမလားလို့ မူမူ စဉ်းစားနေတယ်"

သို့လျှင် ကတ္တဝါရုံကလေး၌ မူမူက ပြောနေသော အခန်းကလေးသည် တဖြည်းဖြည်း မှုန်သွားပြီး တလွန့်လွန့် လှုပ်နေသော ရေပြင်သည် ထင်ထင်ရှားရှား ပေါ်လာ၏။

"ဟင်း..."

ကိုပေါ်လွင်သည် မောသွားသလို သက်ပြင်းတစ်ချက် ချတဲ့ကာ မြင့်ကြည်အား မသိမသာ လှမ်းကြည့်လိုက်၏။

"ဘာဒိုင်နေတာလဲ ဆရာကြီးရဲ့၊ မြင့် ကိုလွင့်ကိုကြည့်နေတာ ကြာလှပြီ သိလား၊ ရေကသိုဏ်းရှုပြီး ဘာတွေ စိတ်ကူးယဉ်နေတယ် မသိဘူး၊ ဟင်း"

"ဝတ္ထုစာတလ်လမ်း စဉ်းစားတာပါ မြင့်ရဲ့"

ကိုပေါ်လွင်က ပြီးလွယ်စီးလွယ်ပင် ပြောလိုက်ကာ မသိမသာ မျက်နှာလွှဲပစ်လိုက်၏။ ဤတွင်တစ်ဖန် ရေပြင်ဆီသို့ အာရုံစိုက်သွားပြန်၏။

ရွှင်ရွှင်ပျပျမဟုတ်၊ အသနားခံသလို အပူရှပ်ကလေးဖြင့် မူမူ့မျက်နှာသည် လှုပ်သွားသော ရေထဲတွင် ထင်းခနဲ ပေါ်လာပြန်၏။

ထို့နောက်...

သစ်လွင်တောက်ပသော ဆလွန်းကားကြီးတစ်စီးသည် ရန်ကုန်မြို့လယ်ရှိ ခံ့ညားထည်ဝါသော တိုက်ကြီးတစ်လုံးရှေ့တွင် ထိုးရပ်သွားပြီး ကိုပေါ်လွင်က ဦးစွာ ဆင်းလာလျက် မူမူ့အားစောင့်ကာ တယုတယ လက်ကမ်း တွဲခေါ်ပြီး 'ပေါ်လွင် မဂ္ဂဇင်းတိုက်'ဟူသော ဆိုင်းဘုတ်ကလေး တပ်ထားသည့် တိုက်ထဲသို့ ပျော်ပျော်ရွှင်ရွှင် လှမ်းဝင်သွားကြသော ရှုကွင်းကလေးသည်လည်းကောင်း၊

တိုက်အတွင်း ညှော်ခန်းရှိ လေးငါးခြောက်လုံးမျှသော စားပွဲများအနက် 'အယ်ဒီတာချုပ်'ဟု ရေးထားသော သုံးမြွောင့် သစ်သားတုံးကလေးတင်ထားသည့် စားပွဲတွင် ကိုပေါ်လွင်က တင်ပါးလွှဲကလေးတက်ထိုင်လျက် မူမူ့လက်ကလေးကိုကိုင်ထားရင်း ခမ်းနားသိုက်မြိုက်လှသော သူ့မဂ္ဂဇင်းတိုက်ခန်းကြီးကို ကြည်နူးအားရစွာဖြင့် ခေါင်းတလည်လည် ကြည့်နေသည့် ရှုကွင်းသည်လည်းကောင်း၊

တစ်ခုနှင့်တစ်ခု ရှေ့ဆင့်နောက်ဆင့် ရောနှောပေါ်လာကာ မကြာမီ

ထိုအခန်း တဖြည်းဖြည်း မှုန်သွားပြီး တရွရွ လှုပ်နေသော ရေပြင်ကလေးသာ ရေးရေးမှသည် ဖြည်းဖြည်းချင်း ပေါ်လာ၏။

အလွန့်အလွန် စိတ်ညစ်သွားသလို မျက်နှာမျိုးဖြင့် ကိုပေါ်လွင်သည် အံကလေး နာနာကြိတ်၍ မျက်လုံးများ မှိတ်ချလိုက်၏။ ဤတွင် ကိုဘိုးထင်၏အသံကို မမျှော်လင့်ဘဲ အစွင့်သား ကြားနေရ၏။

"တကယ်လို့ပေါ့လေ... ငွေကြေးသာ လုံလုံလောက်လောက်ရှိခဲ့ရင် ပေါ်လွင်ဆိုတဲ့နာမည်နဲ့ မဂ္ဂဇင်းတစ်စောင် ထုတ်ဝေမယ့်အကြောင်း၊ ဘယ်လို အစီအစဉ်တွေနဲ့ အဆန်းထွင်မယ်ဆိုတဲ့အကြောင်း၊ ကျွန်တော့်ကို မကြာခဏပဲ သူ ပြောခဲ့ဖူးပါတယ်။ အဲဒီ မမြင့်ကြည်နဲ့ နောက်ဆုံး လေ့စီးကြတဲ့နေ့ကလည်း မူမူနဲ့တိုင်ပင်ထားတဲ့ မဂ္ဂဇင်းထုတ်ဝေရေးကိစ္စကို သူ တွေးနေမိ ရှာက..."

ကိုဘိုးထင်၏ စကားသံများ ကြားနေရချိန်အတွင်း၌ ကိုပေါ်လွင်သည် တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးနေသည့်အလား သူ့မျက်နှာထားသည် ထူးထူးခြားခြား တည်နေသည်ကို တွေ့ရ၏။

မမြင့်ကြည်မှာမူ ကိုပေါ်လွင်ကိုသာ အကဲခတ်ရင်း တွေတွေစိုက်စိုက် ငေးကြည့်နေ၏။ ကိုပေါ်လွင်မှာလည်း အမူအရာတင်းတင်းဖြင့် စဉ်းစားလျက်ပင် ရှိနေသေး၏။

ကိုဘိုးထင်က တစ်ဖန် ဆက်လက်၍ ပြောပြန်သည်မှာ...

"အချစ်နဲ့ပတ်သက်ရင် အင်မတန် စိတ်အပြောင်းမြန်တဲ့ ကိုပေါ်လွင်ဟာ အဲသလို မူမူရဲ့ရုပ်ရည်၊ ဂုဏ်၊ ပစ္စည်း၊ အစရှိတဲ့ သာယာမှုတွေဘက်ကို မက်မောယိမ်းယိုင်နေရာက မမြင့်ကြည်ဘက်ကို စိတ်လည်လာပြန်ပါတယ်"

ကိုပေါ်လွင်လည်း ရေပြင်ဆီငေးနေရာမှ မမြင့်ကြည်အား လှမ်းကြည့်လိုက်၏။ မသိမသာကလေး ပြုံးပြလိုက်သော မမြင့်ကြည်၏ မျက်နှာကလေးမှာ တဖြည်းဖြည်း ဝိုးတိုးဝါးတားဖြစ်သွားပြီး...

မမြင့်ကြည်က ကိုပေါ်လွင် ရေးသော ဝတ္ထုကလေးများနှင့်ပတ်သက်၍ အကြံဉာဏ်ပေးခဲ့ပုံ၊ ဝတ္ထုနာမည်ပေးသည်မှအစ စနစ်တကျ ကူညီပေးခဲ့ပုံနှင့်အတူ တစ်ယောက်နှင့်တစ်ဦး အပျော်ကြီးပျော်၊ အမြူးကြီးမြူး၍ ပလူးပလဲချစ်ခဲ့ပုံ အခန်းကလေးများသည် တစ်ကွက်ပြီးတစ်ကွက် ရေယှက်ပေါ်လာ

ပြီးနောက် တဖြည်းဖြည်း ပျောက်ကွယ်သွားကာ လှေဦးတွင်ထိုင်နေသော မမြင့်ကြည်၏ မျက်နှာကလေးသည် ရိပ်ရိပ်ရေးရေးနှင့် ဝါးနေရာမှ အထင်အရှား ပေါ်လာ၏။

ဤအချိန်၌ မမြင့်ကြည်က စေ့စေ့ကလေး ပြုံးရယ်လိုက်ရင်းက...

"ဘာတွေများ ဒီလောက် တွေးနေတာလဲ ကိုလွင်ရယ်၊ ကြည့်ရတာ ကိုလွင့်အစား မြင့်ဖြင့် စိတ်ကိုမောနေတာပဲ"

ကိုပေါ်လွင်၌ ထိုစကားကြောင့် အလန့်တကြားဖြစ်သွား၏။ ဒူးနှစ်လုံးကြားတွင်ထောင်၍ ကိုင်ထားသော ခတ်တက်ကလေးကိုလည်း ယောင်ယမ်း လွှတ်ချမိကာ...

"တွေးဆို ရှေ့ရေးနောက်ရေးတွေက ရှိသေးတယ်မဟုတ်လား မြင့်ရဲ့"

"ဩ... ဩ၊ မြင့်တို့ရဲ့ အိမ်ထောင်ရေးကိစ္စ တွေးနေတယ်ပေါ့၊ ဟုတ်လား ကိုလွင်"

"အင်း..."

သို့ ဖြေလိုက်သော ကိုပေါ်လွင်၏အမူအရာမှာ စိတ်ပါလက်ပါ မရှိလှဘဲ သူ့အတွေးတွင်သာ စိတ်ဝင်စားနေသည်ထင်ရ၏။

"ဒါဖြင့် မြင့်နဲ့အတွေးချင်းတူနေပြီ၊ မြင့်ကလည်း ကိုလွင်နဲ့ တနင်္လာနေ့မှာ လက်ထပ်ပြီးရင် နောက် တနင်္ဂနွေလောက်မှာ မင်္ဂလာဆွမ်းကျွေးမယ်လို့ စိတ်ကူးနေတယ်လေ"

"ကောင်းသားပဲ"

ကိုပေါ်လွင်သည် မမြင့်ကြည်အား သို့လျှင် ပြန်ပြောရင်း တစ်ချက်မျှသာ မျက်လွှာလှန်ကြည့်ပြီး ရေပြင်ဆီသို့ ငေးစိုက်တွေဝေသွားပြန်၏။

"အဲဒီနေ့ကျရင် စာရေးဆရာတွေ၊ အမျိုးသမီး ကလောင်ရှင်တွေရော ထုတ်ဝေသူတွေပါ ဖိတ်မယ်နော်၊ ကိုလွင့်ဦးလေးဆီလည်း စာရေးလိုက်ပေါ့"

ကိုပေါ်လွင်က ခေါင်းညိတ်လိုက်၏။

ယင်းသို့လျှင် မမြင့်ကြည်က ပြောနေသော်လည်း ကိုပေါ်လွင်၌ လုံးစေ့ပတ်စေ့ ကြားရပုံမပေါ်ဘဲ သူ ငေးကြည့်နေသည့် ရေပြင်ထဲတွင်သာ အာရုံစူးစိုက်မှု အားသန်နေသည်နှင့်အမျှ မူမူနှင့်မမြင့်ကြည်၊ မမြင့်ကြည်နှင့် မူမူ၊ သူတို့နှစ်ယောက်၏ ခြားနားချက် အကွက်အခန်းကလေးများသာလျှင်

အလုအယက် ပေါ်နေ၏။

တစ်ရုံလုံးသော ရုပ်ရှင်ကြည့် ပရိသတ်မှာလည်း ရင်တလှပ်လှပ်နှင့် မျက်တောင်မခတ် ငေးစိုက်လျက်ရှိကြ၏။

"အဲဒီအချိန်မှာဆိုရင် ကိုပေါ်လွင်ဟာ သူ့စိတ်ကို သူမနိုင်ဖြစ်နေပြီး မမြင့်ကြည်ကိုလည်း သနား၊ မူမူကိုလည်း မမုန်းရက်၊ ဆုံးဖြတ်ချက် ဘယ်လို ချရမယ်ဆိုတာကို လေးလေးနက်နက် စဉ်းစားနေရင်းက မောင်လှမင်းရဲ့ ဝတ္ထုကလေးအကြောင်း ဆွေးနွေးတာကို ဖြုန်းခနဲ သူ တွေးမိပြီး..."

ဤတွင် တစ်ခါက မောင်လှမင်းဆိုသူ ကလောင်သစ်ကလေး၏ ဝတ္ထုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ဖူးသည့် မြင်ကွင်းသည် လှုပ်ရှားလူးလွန့်နေသော ရေထဲတွင် ဝိုးတဝါး ပေါ်လာ၏။

"အဲဒီတော့ ဘာခက်သလဲ၊ ကောင်မလေးနှစ်ယောက်အနက် တစ်ယောက်ယောက်ကို သတ်ပစ်လိုက်ပေါ့"

ထိုသို့ ပြောလိုက်သော ကိုဘမြင့်၏စကားအဆုံးတွင် 'ဒေါင်'ခနဲ မြည်သွားသော အသံကြီးနှင့်အတူ ထိုအခန်းသည် ဖြုန်းခနဲ ပျောက်သွား၏။

ချက်ချင်းပင် လှုပ်လှုပ်ရှားရှားဖြစ်နေသော ကိုပေါ်လွင်သည် ဘယ်လို စိတ်မျိုး ဝင်လာသည်မသိ၊ လေ့နှံနှစ်ဖက်ကို ဆတ်ခနဲကိုင်ဆုပ်လျက် ရုတ်တရက်ဆိုသလို ကိုယ်ကိုပါ ညာဘက်သို့ယိမ်း၍ လှေကိုပင် တိမ်းမှောက်လိုက်တော့မည်ကဲ့သို့ ခပ်ပြင်းပြင်း ဆွဲစောင်းလိုက်သောကြောင့် လှေကလေးသည် သွက်သွက်ခါအောင် လူးသွား၏။

"အား..."

စူးစူးဝါးဝါး အော်လိုက်သောအသံနှင့်အတူ ကိုယ်ကလေးပါ ယိမ်းသွားသော မမြင့်ကြည်ကို သတိထားမိမှ ကိုပေါ်လွင်လည်း အကြီးအကျယ် တုန်လှုပ်သွားတော့၏။ နောက်မှ ရောယောင် ပြုံးရယ်လိုက်ရင်းဖြင့်...

"မြင့်က ငိုင်နေလို့ ကိုလွင် ကျီစားလိုက်တာပါ၊ သိပ်ကြောက်သွားတယ်ထင်ပါရဲ့"

"ဟူး... လူကို အသည်းတွေ အူတွေတုန်သွားတာပဲ၊ ဟိုတစ်ခါ မြင့် ရေနစ်တုန်းက ကိုလွင် ဆယ်ရတာ တစ်ယောက်တည်းမို့ အရေးမကြီးဘူး၊ ဒီတစ်ခါနစ်ရင်တော့ နှစ်ယောက် ဆရာ"

မမြင့်ကြည်က လက်ကလေးနှစ်ချောင်း ထောင်ပြရင်း ပြောလိုက်သော စကားဆုံးသည်နှင့်...

"တွီ... ဝီ... ဝီ... ဝီ"

သို့လျှင် ပုံ့တင်ထပ်သွားသော အသံကြီးတစ်ခုနှင့်အတူ ကိုပေါ်လွင်လည်း မျက်လုံးတွေ ပြာသွားသကဲ့သို့ လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကိုအုပ်လိုက်၏။ နောက် လက်များကို ဖြည်းဖြည်းချင်း အောက်သို့လျှောချလိုက်ပြီးမှ...

"ကံကောင်းတယ်နော် မြင့်၊ ကိုလွင် ကျီစားတာ လက်များလွန်သွားရင်တော့"

ကိုပေါ်လွင်လည်း စကားကို ဤမျှတွင်ဖြတ်လျက် ရေပြင်ဆီသို့ မျက်လုံး ရောက်သွားပြန်၏။ မကြာမီပင် ရေပြင်ထဲ၌ မှုမှု၏ မျက်နှာကလေးသည် ရွှင်ရွှင်ပျပျ ချစ်စရာအသွင်ဖြင့် ကြည်ကြည်လင်လင်ကလေး ပေါ်လာပြန်၏။

ကိုပေါ်လွင်တွင် သူ့အတွေးနှင့်သူ ငေးနေသကဲ့သို့ မမြင့်ကြည်တွင်လည်း သူ့စိတ်ကူးနှင့်သူ မြူးနေရာမှ...

"ခု တပို့တွဲလဆိုတော့ နယုန် ဝါဆိုလောက် မွေးလိမ့်မယ်ထင်တာပဲ၊ ဪ... ဒါနဲ့ ကိုလွင် ဘာလေးလိုချင်လဲဟင်၊ သားသားလေးလား၊ သမီးလေးလား"

သို့ မမြင့်ကြည်က မေးလိုက်သောအချိန်၌ ကိုပေါ်လွင်မှာ ရေပြင်ဆီ ငေး၍ လေးလေးနက်နက်ပင် တွေးလျက်ရှိ၏။ သူ စိတ်ကူးချက်အရ ရေပြင်တွင် မြင်နေရသည်ကား...

"တကယ်လို့ ကိုလွင်က ရက်စက်သွားမယ်ဆိုရင် မြင့်ရဲ့ ဒီခန္ဓာကိုယ်ကြီး ဘယ်နေရာမှာ သွားထားရမလဲဟင်၊ မြင့် မွေးလာမယ့်ကလေးကကော ဘယ်သူ့ကို ဖေဖေလို့ခေါ်ရမလဲ ကိုလွင်ရယ်"

ဝမ်းနည်းပက်လက်နှင့် ထိုနေ့နံနက်ကပင် အိမ်၌ ပြောခဲ့သည်ဖြစ်သော မမြင့်ကြည်၏ သနားဖွယ်ရာ မျက်နှာကလေးသည် ကိုပေါ်လွင်၏ အတွေးရေပြင်၌ ထင်ထင်ရှားရှားပေါ်နေ၏။ ဤတွင် မမြင့်ကြည်က အထက်ပါအတိုင်း မေးလိုက်သောကြောင့်...

"အို…မြင့်ရယ်၊ သားသားဖြစ်ဖြစ်၊ သမီးလေးပဲဖြစ်ဖြစ် ရရာကိုပဲ ချစ်ရမှာပေါ့"

ကိုပေါလွင်သည် တစ်ချက်မျှသာ လှန်ကြည့်ရင်းပြောလိုက်ပြီး ချက်ချင်းပင် ငုံ့သွားပြန်၏။ ဤတစ်ကြိမ် သူ့အတွေးရေပြင်၌ ခပ်မှိန်မှိန် ထင်လာသည်မှာ တစ်ခါက မူမူ ပြခဲ့ဖူးသော အော်တိုမစ်တစ် ယန္တရား ပုံနှိပ်စက်များ ဖြစ်၏။ နောက် သူ ထုတ်ဝေမည်ဟု စိတ်ကူးယဉ်ခဲ့ဖူးသော 'ပေါလွင်မဂ္ဂဇင်း' ၏ စာအုပ်အနေအထား ပုံစံများနှင့် ရန်ကုန်မြို့လယ်မှ 'ပေါလွင်မဂ္ဂဇင်း' တိုက် အစရှိသည်တို့သည် တစ်ခုပြီးတစ်ခု ပေါ်နေ၏။

ထိုအချိန်၌ မမြင့်ကြည်ကလည်း တတွတ်တွတ် ပြောလျက်ပင်ရှိနေသေး၏။

"အင်း… မြင့်ကတော့ သားသားလေးပဲလိုချင်တယ် ဆရာ၊ ဒါမှ ရှင်ပြုရတဲ့အခွင့်အရေးနဲ့ ထွတ်မြတ်သော ဒါနပါရမီဖြည့်နိုင်မယ်၊ နော ကိုလွင်"

ကိုပေါလွင်မှာမူ သူ့စိတ်ကူးနဲ့သူ၊ အော်တိုမစ်တစ်စက်၊ ဆလွန်းကားကြီး၊ မဂ္ဂဇင်းတိုက် စသည်တို့ကိုတွေးရင်း စိတ်ကူးယဉ်နေရသောကြောင့် မမြင့်ကြည်၏အမေးကို အရေးတယူမဖြေနိုင်၊ ခေါင်းညိတ်ရုံသာ ညိတ်လိုက်၏ ။

"သမီးလေးတော့ လိုချင်ပေါင် ကိုလွင်ရယ်၊ အရွယ်ရောက်လာတာနဲ့ စိတ်တထင့်ထင့် ပူနေရမှာနော်"

ကိုပေါလွင်မှာ ဤအကြိမ်၌ ခေါင်းညိတ်ရုံပင် မညိတ်လိုက်နိုင်၊ မမြင့်ကြည်တစ်ယောက်လုံး လှေပေါ်တွင် ထိုင်နေသည်ကိုသော်လည်း သတိမရတော့သလို ငိုင်နေ၏။

သူသည် ငေးမြိုင်ငေးနေ၏။ သူ့အတွေးရေပြင်၌လည်း စောစောက မြင်ယောင်ခဲ့သည့်အတိုင်း မြိုင်မြိုင်ဆိုင်ဆိုင် အလုပ်လုပ်နေကြသော စာစီသမားများ၊ ပုံနှိပ်စက်ကြီးများ၊ ပေါလွင်မဂ္ဂဇင်းကို ချုပ်သူကချုပ်၊ အဖုံးကပ်သူကပ်၊ ဖြတ်သူက ဖြတ်နေကြလျက် လက်မလည်နိုင်အောင် 'ပေါလွင်မဂ္ဂဇင်း' အရောင်းသွက်နေသည့် စိတ်ကူးယဉ်အခန်းကလေးများသည် ရွှင်းတစ်ကွက်မှ တစ်ကွက်သို့ ခပ်သွက်သွက် ကူးပြောင်းနေသည်ကို တွေ့နေရ၏ ။

ရေထဲတွင် တရိပ်ရိပ်ထင်နေသော ထိုထိုအခန်းများနှင့်အတူ တက်သုတ်ရိုက်၍ တီးနေသော တူရိယာသံများကိုလည်း ကြားနေ၏။

ရုတ်တရက် ထိုအခန်းများပျောက်သွားပြီး ကိုပေါ်လွင်၏မျက်နှာကြီးသည် ရုပ်ရှင်ပိတ်ကားကြီး ပြည့်သွားလုနီးမျှ ထင်းခနဲ ပေါ်လာ၏။ စိတ်ရောလူရော မောနေသည့်ပမာ ခေ့ချွေးများသည် တစ်မျက်နှာလုံး သီးနေ၏။

တစ်ဖန် ကိုပေါ်လွင့်မျက်နှာကြီးသည် တဖြည်းဖြည်း ဝါး၍မှုန်သွားပြီး သူ ငေးစိုက်ကြည့်နေသည့် ရေပြင်ထဲ၌ပင် ချစ်ချင်စဖွယ် ပြုံးပြနေသော မူမူ၏ မျက်နှာကလေး ပေါ်လာ၏။

ထိုအခိုက်တွင် ကိုပေါ်လွင်အား ခပ်တွေတွေ အကဲခတ်နေသော မမြင့်ကြည်က...

"ဒီမှာ ကိုလွင်၊ မြင့်တို့သာ တကယ်လို့ သားသားလေး မွေးလာရင် နာမည် ဘယ်လိုပေးမလဲ ဟင်"

ကိုပေါ်လွင် အဖြေမပေး၊ ငေးမြဲပင် ငေးနေ၏။

"မောင်မြင့်လွင်လို့ ပေးရင်ကော မကောင်းဘူးလား ကိုလွင်"

မမြင့်ကြည် ဘာတွေပြောနေသည်ဟူ၍ လုံးဝ မကြားသလို ကိုပေါ်လွင်မှာ တွေးမြဲပင် တွေးနေ၏။ ထိုအချိန်၌ သူ ငေးကြည့်ကြည့်နေသော ရေပြင်ထဲဝယ် မူမူသည် ချစ်စဖွယ် ပြုံးပြုံးကလေး ထင်နေရာမှ ရုတ်တရက် မျက်ရည်လည်လာပြီး ချက်ချင်းဆိုသလို လက်ဝါးကလေးနှစ်ဖက် မျက်နှာတွင်ဖုံးပြီး ချုံးချ၍ငိုနေသည့်သဏ္ဌာန်ကို တွေ့လိုက်ရသောကြောင့် ကိုပေါ်လွင်တွင် မိုက်ခနဲ ငိုက်သွားကာ မျက်လုံးကို နာနာမှိတ်ချလိုက်သည့် အတောအတွင်းမှာပင်...

"မောင်မြင့်လွင်ဆိုတဲ့ နာမည်က ကောင်းတော့ အကောင်းသား၊ ဒါပေမဲ့ ဖအေ့နာမည်က နောက်ရောက်နေတယ်၊ ရှုပ်ပါတယ်လေ၊ သားသားလေးကို မောင်စိန်မြင့်လို့ပဲ နာမည်ပေးရအောင်၊ ဟုတ်လား ကိုလွင် နော်"

**"အို... မသိဘူး... မသိဘူး"**

ကိုပေါ်လွင်သည် မျက်စိကို စုံမှိတ်ထားရာမှ လက်နှစ်ဖက်ကို သူ့မျက်နှာအနီးတွင် တဝဲဝဲ ယမ်း၍ခါရင်း စူးစူးဝါးဝါး အော်ပြောလိုက်၏။

မမြင့်ကြည်တွင်လည်း ရုတ်တရက် ဖြစ်သောကြောင့် ပထမသော်

နောက်သို့ပင် လန်သွားလုနီးပါး တုန်လှုပ်သွားရှာ၏။ အတန်ကြာ ကြက်သေ သေပြီး တွေနေရာမှ မျက်ရည်ပါ ဝေလာ၏။

ကိုပေါ်လွင်မှာလည်း သို့လျှင် ကယောင်ကတမ်း အော်လိုက်မိသည်၏ သူ့အမှားကို နောင်တကြီးစွာ ရသွားသကဲ့သို့ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်လိုက်စဉ်...

"ကိုလွင်... ကိုလွင်"

သို့ခေါ်လိုက်သော အသံနှင့်အတူ မမြင့်ကြည်သည် ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်၏။ ဝဲနေသော မျက်ရည်များသည်လည်း အတွဲလိုက်ယိုဆင်းလာသဖြင့် တံတောင်ကလေးကွေးကာ ပျာပျာသလဲ သုတ်ပစ်လိုက်ပြီး...

"ကိုလွင်... ကိုလွင်... ကိုလွင် ဘာဖြစ်သွားတာလဲဟင်၊ မြင့်ကို... မြင့်ကို..."

မမြင့်ကြည်သည် မပြေမပြစ် အထစ်ထစ် အငေါ့ငေါ့ ပြောနေရာမှ ကိုပေါ်လွင်ဆီသို့ တစ်ရှိန်ထိုး ပြေးအလာတွင် လှေကလေးမှာ သွက်သွက်ခါအောင် လူးသွား၏။

"မြင့်... မြင့်.... ပြေးမလာနဲ့လေ၊ ထိုင်ချလိုက် ထိုင်၊ အို..."

လှေဦးဆီမှ ပြေးလာသော မမြင့်ကြည်မှာ လှေလယ်နားသို့အရောက်တွင် လှေကလေး လူးခါသွားသည်နှင့်အမျှ မမြင့်ကြည်မှာလည်း မိုးတိုးမတ်တတ် ယိမ်းယိုင်လျက်ရှိ၏။

ကိုပေါ်လွင်က အထိတ်တလန့်နှင့် လှေနံနှစ်ဖက်ကို ဆုပ်ကိုင်ထားရင်းက သို့လျှင် အော်ပြောနေသော်လည်း မမြင့်ကြည်က မထိုင်၊ သူ့ကိုယ်ကလေးကို ဟန်နိုင်သလောက် ဟန်၍ထိန်းကာ ကိုပေါ်လွင့်ဆီသို့သာ ဒယိမ်းဒယိုင် လှမ်းနေသောကြောင့် လှေကလေးမှာ လူးသည်ထက် လူးသွား၏။

သို့လျှင် လူလှုပ်သဖြင့် လှေကလူး၊ လှေလူးသဖြင့် လူ မဟန်နိုင်တော့ဘဲ မမြင့်ကြည်လည်း ကိုပေါ်လွင့်အနီးသို့ ရောက်လုလုတွင် အယောင်ယောင်အယွင်းယွင်း ခြေကန်၍နင်းလိုက်မိသည်နှင့် လှေကလေးသည် တစ်ဖက်သို့စောင်းငိုက်သွားပြီး မမြင့်ကြည်ပါ ယိမ်းထိုးစိုက်ကျသွားတော့မယောင်ရှိစဉ်....

ထိုအခန်းသည် ဖြုတ်ခနဲ ပျောက်သွား၏။ နောက် ထိုအင်လျားကန်

ကြီးပင်လျှင် အတော် အလှမ်းဝေးဝေးနှင့် အပေါ်မှဆီး၍မြင်ရသော ရှုကွင်းသည် ကြည်ကြည်လင်လင် ပေါ်လာ၏။

ကိုပေါ်လွင်တို့၏ လှေကလေးကိုလည်း မြင်နေရ၏။ သို့သော် အလှမ်းဝေးလှသောကြောင့် လှေကလေးမှာ သုံးပေသာသာခန့် သစ်သားတုံးဖြူဖြူကလေး လူးလွန့်လှုပ်ရှားနေသလောက်သာမြင်ရပြီး မကြာမီပင် တစ်ဖက်သို့ လိမ့်စောင်းသွား၏။ ရေပန်းကလေးများသည် ဖွာခနဲ မြောက်တက်လာ၏။

ရုတ်ခြည်းပင် ထိုအခန်းပျောက်သွားပြီး အတော်ကလေး ချောင်ကျသော ကမ်းစပ်တစ်ခုပေါ်သို့ အမောတပန်း ကူးတက်လာသော ကိုပေါ်လွင်ကို တွေ့ရ၏။ သစ်ပင်အုပ်ကောင်းလှသော ချုံပုတ်တစ်နေရာတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သော ကိုပေါ်လွင်၏အမူအရာမှာ သူ့တစ်သက်တွင် မကြုံဖူးသော တုန်လှုပ်ခြင်းဖြင့် တုန်လှုပ်ချောက်ချားနေသည် ထင်ရ၏။ ရေလယ်မှ ကမ်းစပ်အထိ လက်ပန်းကျလုမတတ် ကူးလာရသည့်တိုင်အောင် ဤမျှလောက် နွမ်းခွေသွားစရာ အကြောင်းမရှိ။ ယခုသော် တစ်စုံတစ်ရာအတွက် စိတ်မသန့်သလို ထိတ်လန့်နေခြင်းကပါ ရောနှောမွှေနှောက်နေသောကြောင့်လားမသိ၊ သူ့အားကြည့်ရသည်မှာ ရုပ်ရှင်ပရိသတ်အဖို့၌ပင် ရင်ထဲတွင် ကျပ်၍မနေတတ်အောင် စိတ်မောနေကြရတော့၏။

စိုစွတ်နေသော သူ့ခေါင်းမှ ရေများသည် နဖူး၊ နားသယ် ဆံဖျားတို့မှ တတောက်တောက်ကျလျက် ယိုစီးလျက်ရှိ၏။ ကိုပေါ်လွင်လည်း ထိုရေများကို သုတ်ရင်း၊ ခါရင်းကပင် လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကိုအုပ်လျက် စိတ်ရှုပ်သလို ငုံ့ကျသွားပြန်၏။

ခဏချင်းမှာပင် ကိုပေါ်လွင်လည်း သူ့မျက်နှာကိုဖော်လျက် တစ်စုံတစ်ရာ စဉ်းစားရင်း တွေးနေ၏။ သူ ငေးစိုက်ကြည့်နေရာ ပုဏ္ဏရိက်ပင်အုပ်သည် အမှတ်မထင် လှုပ်ရှားသွားသောကြောင့် ကိုပေါ်လွင်မှာ အထိတ်လန့်ဆုံး တုန်လှုပ်သွားပြီး လက်နှစ်ဖက်ပင် နောက်သို့ပစ်၍ ထောက်လိုက်ရသည်အထိ ကိုယ်ကလေး လန်သွား၏။

သူ ကြည့်နေဆဲမှာပင် ခွေးကလေးတစ်ကောင် ခေါင်းပြူလာပြီး ကိုပေါ်လွင့်အား မြင်လိုက်ရသည်နှင့် တုံ့ခနဲနောက်ပြန်ဆုတ်သွား၏။ ဤတွင်မှ

ကိုပေါ်လွင်ခမျာ စိတ်သက်သာရာရသွားပြီး ရုတ်တရက် ထရပ်လိုက်၏။ ရုပ်အင်္ကျီရော၊ စွပ်ကျယ်ကိုပါချွတ်၍ နေရောင်ရှိရာ ချုံပုတ်တစ်ခုပေါ် လွှားလိုက်၏။

ချက်ချင်းပင် ထိုမြင်ကွင်းပျောက်သွားပြီး အတွင်းခံ ဘောင်းဘီတိုကလေးဖြင့် ဆောင့်ကြောင့်ကလေး တွေနေသော ကိုပေါ်လွင့်ကို တွေ့ရ၏။ သူ့မျက်လုံးများသည် မနီးမဝေး ပုဏ္ဏရိုက်ပင်ပေါ် အခြောက်လှန်းထားသည့် သူ့လုံချည်ဆီတွင် အာရုံစိုက်နေ၏။

ထိုအခိုက်တွင် လှန်းထားသော သူ့လုံချည်တွင် မူမူ၏မျက်နှာကလေး မသိမသာ ထင်လာ၏။

"ဘာတွေများ ဒီလောက် စိတ်ညစ်နေတာလဲ ကိုလေးရယ်... ဟင်၊ လောကမှာ ငွေရှိရင် ဘာမဆို ပြီးနိုင်တယ် မဟုတ်လား၊ မူမူတစ်ယောက်လုံး ရှိနေပြီ ဥစ္စာ၊ ပျော်ပျော်နေစမ်းပါ ကိုလေးရယ်"

ထိုသို့သော အားပေးစကားကလေးအဆုံးတွင် မူမူလည်း ဖြုန်းခနဲ ပျောက်သွားတော့၏။

ခဏတာမျှသာ ကိုပေါ်လွင့်မျက်နှာ၌ ပြုံးယောင်သန်းတော့မယောင် ကြည်လင်လာပြီး ချက်ချင်းပင် ညှိုးသွားပြန်၏။ နောက် ထိုမြင်ကွင်းသည် မရှင်းမလင်းနှင့် မှုန်ဝါးကွယ်ပျောက်သွားတော့၏။

* * *

ဆလွန်းကားကြီးတစ်စီးသည် ကွက်သစ်ကလေးတစ်ခုအတွင်းသို့ ခပ်မှန်မှန် ကွေ့ဝင်လာပြီး ကိုပေါ်လွင်တို့အိမ်ရှေ့ လေ့ကားရင်းတွင် တုံ့ခနဲ ရပ်တန့်သွားပြီး မကြာမီ နုနုနှင့်အတူ မူမူပါ နှစ်ယောက်တွဲလျက် ကားထဲမှ ဆင်းလာကြသည်ကို တွေ့ရ၏။

ထိုအချိန်၌ ကိုပေါ်လွင်မှာ စားပွဲတွင်ထိုင်ရင်း တစ်စုံတစ်ရာအတွေးဖြင့် မေးထောက်ငိုင်နေစဉ် မူမူနှင့် နုတို့ဝင်လာသည်ကို တွေ့လိုက်ရသောကြောင့် ဝေးကြောင်တွေဝေနှင့် ကြက်သေကြီး သေသွားတော့၏။ အတန်ကြာသည့်တိုင်အောင် ဟန်ဆောင်မှုကလေးဖြင့်သော်မှ ဧည့်ဝတ်မကျေနိုင်ဘဲ တွေမြဲတွေနေသည်နှင့်...

"ဘာဖြစ်နေတာလဲ ကိုလေးရဲ့...ဟင်၊ မျက်စိမကောင်း၊ မျက်နှာမကြည်နဲ့၊ နေမကောင်းလို့လား"

မူမူက ကိုပေါလွင့်အနီးသို့လျှောက်သွားပြီး နဖူးကို စမ်းကိုင်ရင်းမေးလိုက်သည်တွင်းမှ ကိုပေါလွင် သတိရသလို ပြုံးလာ၏။

"ကိုယ်လည်း မပူပါဘူး၊ ဘာလဲ၊ ဝတ္ထုအတွက် ဇာတ်ကွက်ရှာမရလို့ စိတ်ရှုပ်နေတယ်လား"

မူမူကပင် ဆက်လက်၍ မေးလိုက်၏။

"ဟုတ်တယ် မူမူ။ နက်ဖြန် အပြီးပေးရမယ့် ဝတ္ထုတစ်ပုဒ်က အရေးကြီးနေတာနဲ့"

"ဘာလို့ ဒီလောက် စိတ်အပင်ပန်းခံရသလဲ ကိုလေးရယ်၊ ဒီလမမီရင် နောက်လမှပဲ ပေးပေါ့၊ ကဲ... ကိုလေး အဝတ်အစား လဲ၊ ကန်တော်ကြီးမှာ လှေပြိုင်ပွဲ သွားကြည့်ရအောင်နော်"

မူမူက သို့ပြောလိုက်သည်နှင့် ကိုပေါလွင်တွင် စိတ်အိုက်သွားသလို ခေါင်းငုံ့ချလိုက်ရာမှ တစ်စုံတစ်ရာ ပြောတော့မည်ကဲ့သို့ ပါးစပ်ပြင်လိုက်သည်နှင့်...

"ထပါ ကိုလေးရဲ့၊ မနက်ကတောင် ကိုလေးဆီ မူမူ တစ်ခေါက်ရောက်ပြီးပြီ သိလား၊ သောခတ်ထားလို့ ပြန်သွားရတယ်၊ ခု နကလည်း လှေပြိုင်ပွဲကြည့်ချင်လို့တဲ့၊ ကဲ... အကျီလဲပါတော့၊ နု စောင့်နေရတာ အားနာစရာကြီး"

မူမူသည် ပြောရင်းဆိုရင်းကပင် ကိုပေါလွင်၏လက်မောင်းတစ်ဖက်ကို ဆွဲ၍ထူလိုက်သောကြောင့် ကိုပေါလွင်မှာ မပါစဖူး ပါလာသူ နုအတွက် မငြင်းသာတော့ဘဲ ထိုင်ရာမှထ၍ အဝတ်အစားလဲရန် ဟန်ပြင်လိုက်သည့် အခိုက်တွင် ထိုအခန်းသည် တဖြည်းဖြည်း မှုန်၍ပျောက်သွားတော့၏။

* * *

တစ်ခုသော ဟဲအတွင်းရှိ ဘူးသီးကြော်ဆိုင်တစ်ဆိုင်တွင် မူမူတို့သုံးယောက်လည်း ဖိုခုံလောက်ဆိုင်ထိုင်ရင်း စကားတပြောပြောဖြင့် ဘူးသီးကြော် စားနေကြသည်ကို တွေ့ရ၏။

"ကိုယ်ဖြင့် အသက်ရှုကျပ်နေတာပဲ၊ လှေပြိုင်ပွဲမှာ လူတွေ ဒီလောက်

များအားကြီးတော့ ကြည့်ရတာ နည်းနည်းမှ စိမ်မရှိဘူးနော်"

နုသည် မူမူအားကြည့်၍ပြောနေရာမှ စကားအဆုံးတွင် ကိုပေါ်လွင့်ဘက်သို့ မျက်လုံးရောက်သွား၏။

ကိုပေါ်လွင်မှာမူ ရွှင်ရွှင်ပျပျ မရှိလှဘဲ ဦးခေါင်းငိုက်စိုက်ချကာ စိတ်မပါ့တပါနှင့်ပင် ဆလတ်ရွက်ကိုကိုက်လိုက်၊ ဘူးသီးကြော် အချောင်းကလေး ကောက်ဝါးလိုက်ဖြင့်သာ အချိန်ကုန်နေ၏။

"ဟုတ်ပါရဲ့ နုရယ်နော်၊လှေပြိုင်ပွဲလေးတစ်ပွဲလောက် ကြည့်ရဖို့အရေး တိုးလိုက်ရတာ ချွေးကို ပြန်သွားတာပဲ"

"အေးကွယ်... လှေပွဲကလေးတစ်ပွဲ ကြည့်ရပါတယ်၊ ဒီတစ်ပွဲမှာပဲ လှေတစ်စီးက မှောက်သွားပြန်တော့"

"အင်းလေ... လှေပြိုင်ပွဲလာတာ လှေမှောက်ပွဲလာကြည့်သလို ကျနေတာပေါ့၊ နော... ကိုလေးရယ်နော်"

ကိုပေါ်လွင်လည်း ပြုံးတုံးပျာတာ မော့ကြည့်ရင်း ခေါင်းသာညိတ်လိုက်ရသည်။ သူ့စိတ်မှာ မူမူတို့ ပြောနေသည့်စကားကြောင့် တစ်စုံတစ်ရာ တွေးမိသလို ငေးတိငိုင်တိုင်ပင် ရှိနေသေး၏။

"တကယ်လို့ အဲဒီလှေသာမမှောက်ရင် သူပဲ နိုင်မှာနော် နု"

"အသေအချာပေါ့ မူမူရဲ့၊ ရိပ်ခနဲ၊ ရှိတ်ခနဲ ထိုးတက်လာတာကြည့်ပါလား၊ ပန်းတိုင်ရောက်ခါနီးမှ မှောက်သွားရတာ၊ သူတို့အဖို့တော့ သိပ်နာမှာပဲ"

"သူတို့တင် ဘယ်ကမလဲ နုရဲ့၊ မူမူတို့နားက အလောင်းအစားလုပ်နေတဲ့ လူတွေပြောနေတာမကြားဘူးလား၊ ဒါ သက်သက်ငွေစားပြီး တမင်မှောက်ပစ်တာနဲ့ တူတယ်တဲ့"

ထိုစကားကိုကြားလိုက်ရသော ကိုပေါ်လွင်မှာ မျက်လုံးတွေပြာသွားသည့်အလား၊ သူ ကြည့်နေသော ဘူးသီးကြော်ပန်းကန်များပင် ဝိုးတိုးဝါးတား ဖြစ်သွား၏။ နောက် ထိုပန်းကန်ထဲတွင်ပင် မျက်ရည်ကလေး တဝေဝေဖြင့် တွေကြည့်နေသော မမြင့်ကြည်၏ မျက်နှာကလေး ပေါ်လာ၏။

နောက် လှေလှူးသဖြင့် ယိမ်းထိုးနေသော မမြင့်ကြည်ကိုလည်းကောင်း၊ သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ရေထဲသို့ယိုင်ကျသည့် အဖြစ်တို့သည်

လည်းကောင်း၊ ဘူးသီးကြော် ပန်းကန်ထဲတွင် တရိပ်ရိပ် ထင်လာပြန်သော ကြောင့် ကိုပေါ်လွင်သည် ဆတ်ခနဲ မျက်နှာလွဲလိုက်ပြီး မူမူအား လှမ်းကြည့် တဲ့ကာ—

"တဲ— ပြန်ကြပါစို့လား မူမူ"

သို့ ကိုပေါ်လွင် ပြောလိုက်၍မှ စကားမဆုံးမီ...

သူ့ မျက်နှာမူထားရာဘက်မှ ရဲအုပ် ယူနီဖောင်းနှင့် ရဲဗိုလ်တစ်ယောက် သည် ကိုပေါ်လွင့်အား ခပ်ပြုံးပြုံးကြည့်ရင်း လျှောက်လာသည်ကို တွေ့ရ သည်နှင့် အထိတ်တလန့် မျက်နှာပျက်သွားပြီး ချက်ချင်းပင် ဟန်မပျက် ရောယောင် ပြုံးပြလိုက်ရ၏။

အကြော်ဆိုင်အတွင်းသို့ တည့်တည့်ကြီး ဝင်လာသူ ထိုရဲအုပ်လည်း ကိုပေါ်လွင်တို့နောက်ရှိ အခြားလူတစ်စုနှင့် ရောနှောဝင်ထိုင်လိုက်သည်တွင်မှ စောစောက ပြုံးပြသည်မှာ ထိုလူစုကိုပင် နှုတ်ဆက်လိုက်ခြင်းဖြစ်ကြောင်း ကိုပေါ်လွင် ရိပ်မိသွားရှာတော့၏။

မကြာမီ သူတို့သုံးဦးသား ထရပ်လိုက်သည်နှင့် ထိုမြင်ကွင်းလည်း လင်းနေရာမှ မှောင်သွားတော့၏။

* * *

မျက်လုံးအပြူးသားနှင့် အံ့အားသင့်နေသော နုသည် တယ်လီဖုန်း ကလေး ကိုင်ထားရာမှ...

"ဘယ်လိုဖြစ်တာတဲ့လဲ ဒေါ်ဒေါ်၊ ရှင်... ဟုတ်ကဲ့... ဟုတ်ကဲ့၊ ကျွန်မ အခုပဲ လာခဲ့ပါ့မယ်"

နု စကားပြော၍အဆုံး တယ်လီဖုန်းချလိုက်သည်နှင့် ထိုအခန်းလည်း ပျောက်တော့၏။

အသေးစား ကိုယ်ပိုင်ကားကလေးတစ်စီးသည် ဝင်းခြံကျယ်ကြီး တစ်ခုအတွင်းသို့ ရုတ်တရက် ချိုးဝင်လာပြီး တိုက်ရှေ့ ဆင်ဝင်အောက်တွင် ဆိုက်လိုက်လျှင် ဆိုက်လိုက်ချင်း နုသည် ကားပေါ်မှ အပြေးကလေး ဆင်း လိုက်ပြီး တိုက်ထဲသို့ ခြေလှမ်းကျဲနှင့် ခပ်သုတ်သုတ် လျှောက်ဝင်သွား၏။

တိုက်အပေါ်ထပ် အခန်းတစ်ခုအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့်

ဆရာဝန်ကိုပင် ပင့်ခေါ်ကုသနေရသော မူမူအား သူ့ခုတင်ကလေးပေါ်တွင် စိတ်မချမ်းသာဖွယ်ရာ မြင်လိုက်ရသောကြောင့် နုတွင် အတော်ကလေး စိုးရိမ်သွားကာ အတန်ကြာ ငေးနေမိရှာ၏။

နောက် သူ့အား တံခါးဝအထိ လာကြိုသူ မူမူ့ဒေါ်ဒေါ်ကို တွေကြည့်နေမိပြီးမှ...

"ဘယ်လိုဖြစ်တာလဲ ဒေါ်ဒေါ်ရယ် ဟင်၊ ကျွန်မ စိတ်မချမ်းသာလိုက်တာ"

သို့ မေးလိုက်ပြီးမှ နုသည် မူမူ့ဒေါ်ဒေါ်နှင့်အတူ ခုတင်နားသို့ကပ်သွားပြီး မျက်စိကလေး စုံမှိတ်၍ အိပ်ပျော်နေဟန်တူသော မူမူအားလည်းကောင်း၊ အနီးတွင် ရပ်နေသော ဆရာဝန်အားလည်းကောင်း၊ တစ်လှည့်စီကြည့်နေရာမှ...

"ဘယ်လိုလဲ ဒေါက်တာ"

"အို... ဘာမှ မဖြစ်နိုင်ပါဘူး၊ စိတ်နည်းနည်းထိခိုက်ပြီး သတိလစ်သွားတာပါ"

"ဘယ်တော့လောက်မှ သတိရမှာလဲဟင်"

နုက စိုးရိမ်တကြီး မေးလိုက်သည်ကို ဒေါက်တာက ပြုံးတဲ့ပြီး...

"သတိရပြီးပါပြီ၊ ခုမှ နည်းနည်းမှိန်းသွားတာပါ၊ နောက် ဆယ့်လေးငါးမိနစ်ဆို ကောင်းသွားမှာပါပဲ"

ဒေါက်တာလည်း ပြောနေရင်းကပင် သူ့ပစ္စည်းများကို သိမ်းဆည်းနှုတ်ဆက်၍ ထွက်ခွာသွား၏။ မူမူ့ဒေါ်ဒေါ်လည်း နုအား ခုတင်အနီးမှ လက်တို့ခေါ်သွားပြီး ဧည့်ခန်းတွင် ထိုင်မိကြသည်နှင့် စားပွဲပေါ်ရှိ သတင်းစာတစ်စောင်ကို ဆွဲယူထိုးပြလိုက်ရင်း တစ်နေရာကို လက်ညှိုးဖြင့်ထောက်လျက်...

"အဲဒီသတင်းကိုဖတ်နေရင်းက ကိုလေး...ကိုလေး...ကိုလေးပေါ်လွင် ဆိုပြီး ကုလားထိုင်ပေါ်မှာတင် ခွေကျသွားတာပဲ တူမရဲ့၊ ဒေါ်ဒေါ်တို့လည်း ဘုမသိ ဘမသိနဲ့ ဆရာဝန်ဆီသာ အမြန် တယ်လီဖုန်းဆက်လိုက်ရတာပဲ"

ဒေါ်ဒေါ့်စကားအဆုံးတွင် နုသည် ထိုသတင်းကို ဂရုတစိုက် ဖတ်နေ၏။ အရေးတကြီး အသားပေးထားသော သတင်းမျိုးဖြစ်သည့်အတိုင်း ကျကျ

နန ပန်းဘောင်ကလေးပင် သိုင်းခတ်ဖော်ပြထားသည်ကို တွေ့ရ၏။

နိုင်ငံကျော် စာရေးဆရာ 'ပေါ်လွင်'ကို ဖမ်းလိုက်ပြီ။

ယမန်နေ့က (ပြည်ထောင်စုနေ့) ည ၉ နာရီအချိန်တွင် ရာဇဝတ်မှုဆိုင်ရာ စုံထောက်အချို့သည် ကန်တိုမင်ရဲဌာနအမှုထမ်းများ၏ အကူအညီဖြင့် နိုင်ငံကျော် အချစ်ဝတ္ထုရေးဆရာ 'ပေါ်လွင်'ဆိုသူအား ရင်းနေထိုင်ရာ ဦးဝိစာရကွက်သစ်ရှိ အိမ်တွင် သွားရောက်ဖမ်းဆီးလိုက်ကြောင်း။

မည်သည့်အတွက် ဖမ်းသည်ကို ဆိုင်ရာမှထုတ်ဖော်ရန် စောသေးသည်ဟု အကြောင်းပြငြင်းဆိုလိုက်သော်လည်း ကျွန်ုပ်တို့သတင်းထောက်၏ ကြိုးပမ်းချက်အရ စုံစမ်းသိရှိရသည်မှာ လူသတ်မှုတစ်ခုနှင့် ပတ်သက်နေသည်ဟု မသင်္ကာ၍ ဖမ်းဆီးခြင်းဖြစ်သည်ဆိုကြောင်း။

ထိုသတင်းကို ဖတ်လိုက်ရသည်နှင့် နုပင်လျှင် စိတ်ထိခိုက်ပြီး မိုက်ခနဲဖြစ်သွားရှာ၏။

"အဲဒါပဲ တူမရဲ့၊ ဒေါ်ဒေါ်တို့လည်း ဘာမှန်းမသိဘူး"

ထိုထိုကိစ္စ ပြောပြ၍ သင့်မသင့်ကို နုသည် ချင့်ချိန်သလို တွေနေပြီးမှ...

"ဒါနဲ့ ဦးလေးကော ဒေါ်ဒေါ်"

"အေး... မနက်ကပဲ မိတ္ထီလာကို ကိစ္စတစ်ခုနဲ့ထွက်သွားတယ်၊ သူ့ဆီ သံကြိုးရိုက်ခေါ်ရကောင်းမလားလို့လည်း ဒေါ်ဒေါ် စဉ်းစားနေတယ်လေ၊ အင်း... ဒေါ်ဒေါ်လည်း ထူပူပြီး ဘာကို အရင်လုပ်ရမယ်တောင် တွေးမရတော့ဘူး"

နုလည်း တစ်စုံတစ်ရာ စဉ်းစားသလို စားပွဲပေါ် ငုံ့ကြည့်နေပြီးမှ...

"ကျွန်မ အကြံတစ်ခုပေးချင်တယ် ဒေါ်ဒေါ်"

"ပေးပေါ့ တူမရယ်၊ ဒေါ်ဒေါ်ဖြင့် ခေါင်းရှုပ်နေပြီ"

"ဦးလေးကိုလည်း သံကြိုးရိုက်ခေါ်မနေပါနဲ့တော့ ဒေါ်ဒေါ်၊ သိပ်အရေးကြီးတဲ့ရောဂါ မဟုတ်ပါဘူး၊ နောက် ဦးလေးပြန်လာလည်း အသိပေးလို့မဖြစ်ဘူးထင်တယ်၊ သူက ဆူလားပူလားလုပ်ရင် ပိုဆိုးကုန်လိမ့်မယ်၊

မူမူ့စိတ်ကိုလည်း ဒေါ်ဒေါ် အသိသားမဟုတ်လား"

ဒေါ်ဒေါ်က ခေါင်းတညိတ်ညိတ်နှင့် ကတိပေးရင်း နားစွင့်နေ၏။

"အဲဒီ စာရေးဆရာ ပေါ်လွင်ဆိုတဲ့လူနဲ့ မူမူနဲ့ပတ်သက်ပုံက ဒီလို ဒေါ်ဒေါ်ရဲ့"

နုက ဤသို့ အစချီလိုက်နှင့် ထိုအခန်းသည် ရုတ်တရက် ကွယ်ပျောက်သွားပြီး...

မလှုပ်မယှက် စောစောကအတိုင်းပင် မှိန်းလျက်ရှိနေသေးသော မူမူ့အား တွေ့ရ၏။ သူ့ခုတင်ဘေးတွင် ယပ်တောင်ကလေး တဖျပ်ဖျပ်ခတ်ရင်း ရပ်နေသော မိန်းကလေးတစ်ဦးသည်လည်း မူမူ၏အရိပ်အကဲကိုသာ မျက်ခြည်မပြတ် ဂရုစိုက်လျက်ရှိ၏။

မကြာမီပင် မူမူ၏ကိုယ်ကလေး လူးလွန့်လာပြီး မျက်လွှာကို အသာဖွင့်၍ အစွင့်သား လှည့်ကြည့်လိုက်၏။

"ဘာယူမလဲ မမ"

ယပ်ခတ်ပေးနေသူ ကလေးမက သို့မေးလိုက်သည်ကို မူမူက ခေါင်းကလေး ယမ်းခါပြလိုက်ပြီး ချက်ချင်းပင် ပြန်၍ မှိန်းသွား၏။ ယင်းသို့လျှင် မျက်လွှာကို အသာမှိတ်ချလိုက်သည်နှင့် မူမူ့မျက်နှာကလေး တဖြည်းဖြည်း မှုန်သွားပြီးနောက်...

အချုပ်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ကိုပေါ်လွင်အား တွေ့ရ၏။ သို့လျှင် လမ်းလျှောက်နေရာမှ သံတံခါးဘက်သို့ ကပ်လာပြီး လက်နှစ်ဖက် နောက်ပစ်ထားရင်းကပင် တစ်စုံတစ်ဦးအား မျှော်သလို အတော်ကြာအောင် တွေကြည့်နေ၏။

ယင်းသို့ အချုပ်ခံနေရသည်မှာ နာရီပေါင်း ၂၀ မျှသာ ရှိသေးသော်လည်း သူ၌ အဘယ်လောက် စိတ်ထိခိုက်သွားသည်ကို ချုံးကျသွားသော သူ့မျက်နှာက သက်သေခံလျက်ရှိ၏။

ကိုပေါ်လွင်၏မျက်နှာထားသည် ကယ်မည့်သူကိုစိတ်တွင်းကလည်း မျှော်လင့်၍၊ မျက်လုံးများဖြင့်လည်း မျှော်နေသော အသွင်ဆောင်လျက်ရှိစဉ် သူ ငေးကြည့်နေရာ သံတိုင်နှစ်ခုကြားမှ ကြိုးတစ်ချောင်းသည် ကွင်းလျှောစွပ်အတိုင်း သူ့မျက်နှာအနီးသို့ တဖြည်းဖြည်း ဝင်လာသောကြောင့် ကိုပေါ်လွင်

လည်း ထိုကြိုးကွင်းကို လက်နှစ်ဖက်နှင့်ကာရင်း အထိတ်တလန့် နောက်ဆုတ်သွား၏။

"အား..."

သို့ အော်လိုက်သော အသံနှင့်အတူ မူမူသည် အလူးအလဲ ထထိုင်လိုက်၏။ အနီးရှိ ကလေးမကလေးကလည်း မူမူ့အား အပြေးကလေး ဖက်ထားလိုက်စဉ် နုနှင့် မူမူ့ဒေါ်ဒေါ်ပါ ရောက်လာ၏။

မူမူသည် နုအား မြင်လိုက်ရသည်နှင့် လက်နှစ်ဖက် ဆန့်တန်းဆီးကြိုကာ ကပိုကရို သိမ်းဖက်၍ သိမ့်သိမ့်ခါအောင် ရှိုက်ငိုနေသောကြောင့်...

"ဒါက ဘာလုပ်တာလဲ မူမူ၊ ကောလိပ်ကျောင်းသူ ပညာတတ်တစ်ယောက်ဟာ ဘာမဟုတ်တာကလေးနဲ့ ဒီလိုပဲ ရှိုက်ကြီးတငင် ငိုရသတဲ့လား ကွယ်"

ထိုစကားသည် ပျော့နေသောစိတ်ကို တင်း၍မာသွားအောင် ဆွပေးလိုက်သလို ရှိနေသောကြောင့် မူမူသည် နုအား မှီတွယ်ဖက်ကိုင်ထားရာမှ ဆတ်ခနဲ ခွာလိုက်ပြီး...

"ဘာမဟုတ်တာလေး...တဲ့၊ အင်း... ချစ်သူတစ်ယောက်လုံး ကြိုးပေးခံရလုနီး ဒုက္ခရောက်နေတာဟာ ဘာမဟုတ်တာလေးလား နုရဲ့"

"ဒါက မူမူ့အထင်နဲ့ တွေးနေတာဖြစ်မှာပေါ့၊ ခုန မူမူ အလန့်တကြား အော်လိုက်တာက ဘာဖြစ်တာလဲ"

မူမူက မဖြေ၊ ရုတ်တရက် တွေသွားပြီးမှ...

"ဟုတ်တယ် သူငယ်ချင်းရယ်၊ မူမူလေ မှေးမှေးနဲ့ဖြစ်သွားတုန်း မျက်စိထဲမှာ ကိုလေးကိုချည်း မြင်နေရတယ်၊ အဲဒါ ကြိုးကွင်းကြီးတစ်ခု သူ့လည်ပင်းနားလည်း ရောက်သွားရော မူမူလည်း လန့်အော်မိတာပဲ"

"အေး... ဒါကြောင့် နု ပြောတာပေါ့၊ သတင်းစာထဲပါတဲ့အတိုင်းဆို မနေ့ညက ဖမ်းတာ၊ ဒီနေ့အချိန်ထိ စုစုပေါင်းမှ နာရီ ၂၀ လောက်ပဲ ရှိဦးမယ်၊ ကြိုးပေးဖို့ဆိုတာ ဖယ်ထား၊ သူ့မှာအပြစ်ရှိတယ်လို့တောင် ဘယ်သူမှ အတပ်မပြောနိုင်သေးဘူး၊ နောက်ပြီး ဖမ်းတာကလည်း မသင်္ကာရုံသာရှိတယ်။ အတိအကျ မဟုတ်သေးတော့ မူမူက ဘာလို့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးသလို တွေးတွေးနေရတာလဲကွယ်"

နုက သတိပေးစကားအနေဖြင့် အားတင်းအောင် ပြောနေစေကာမူ လည်း မူမူမှာ စိတ်မတင်းနိုင်၊ အငိုင်သား တွေနေသည်ကိုသာ တွေ့ရ၏။

"အမှန်ကတော့ မူမူ... ဒါဟာ ဘာမှ ပူနေစရာကို မလိုပါဘူးကွဲ့၊ နု အခုပဲ သွားပြီး စုံစမ်းခဲ့ပါ့မယ်၊ မေဖေ့သူငယ်ချင်း ဝတ်လုံတော်ရကြီးကိုပါ ခေါ်သွားပြီး အာမခံရဖို့ကိစ္စတွေပါ အားလုံး လုပ်ခဲ့မပေါ့၊ ဟုတ်လား"

"မူမူလည်း လိုက်မယ်၊ ဒါဖြင့်"

"ဟာ...ဘယ်ဖြစ်မလဲ မူမူရဲ့၊ ခုပဲ ဆရာဝန်က ပြောသွားတယ်၊ နုလုံးကို နည်းနည်းထိခိုက်သွားတာမို့ အိပ်ရာထဲမှာ လှဲနေပါစေတဲ့၊ လမ်းတောင် လျှောက်ဖို့ ခွင့်မပြုပါနဲ့လို့ မှာသွားတယ်"

မူမူလည်း မျက်ရည်လေးဝေလာရာမှ ခပ်တွေတွေ ငိုသွားပြန်၏။

"ကဲ... အသာလှဲပြီး ငြိမ်ငြိမ်ကလေး အိပ်နေလိုက်နော်၊ နု အခုပဲ ပြန်လာမယ်၊ တောင်တောင်မြောက်မြောက် တွေးမနေပါနဲ့ မူမူရယ်၊ သူလည်း နိုင်ငံကျော် စာရေးဆရာတစ်ယောက်ပါကွဲ့၊ ပိုးစိုးပက်စက်တော့ မဖြစ်နိုင်ပါဘူး"

နုက ပြောပြောဆိုဆို မူမူ့ကိုယ်ကလေးကို အသာမှေးပေးလိုက်သည်တွင် မူမူကလည်း ဘာမျှ ပြောဆိုငြင်းဆန်ခြင်းမပြုတော့ဘဲ တစ်ဖက်စောင်းကလေး လှဲချလိုက်၏။ ဤတွင်ပင် ထိုရှုခင်းကလေး ပျောက်သွား၏။

နောက် နုနှင့် မူမူ့အဒေါ်သည် နု စီးလာသော ကားကလေးနားတွင် ရပ်နေကြသည်ကိုတွေ့ရပြီး...

"ဒါနဲ့ ဒေါ်ဒေါ်တို့က ဒီညနေ သတင်းစာကို အမြဲ ယူသလား၊ ခါတိုင်း ကျွန်မ လာတော့ဖြင့် မတွေ့မိပါဘူး"ဟု နုက လက်ထဲတွင် ကိုင်ထားသော သတင်းစာကိုပြရင်း မေးလိုက်၏။

"တစ်ခါမှ မတွေ့မိပါဘူးကွယ်၊ မနက်ကတောင် လာနေကျ သတင်းစာတွေမရောက်လို့ မေးမိသေးတယ်၊ မူမူကပြောတော့ မနေ့က ပြည်ထောင်စုနေ့မို့ သတင်းစာတွေပိတ်သတဲ့၊ အေး... ခု ညနေဘက်ကျမှ သူငယ်ကလေး တစ်ယောက် အော်ဟစ်ရောင်းသွားတာကို ဝယ်ဖတ်ရင်း ခုလို ဖြစ်သွားတာပဲ"

ဤတွင်မှ ရှင်းရှင်းလင်းလင်း နားလည်သွားသလို နုသည် ခေါင်းတညိတ်ညိတ်နှင့် တွေနေ၏။

"ဪ... ဦးလေး သွားတဲ့ကိစ္စက ပြီးစီးတဲ့အထိ မိတ္တီလာမှာ ဘယ်လောက်ကြာမတဲ့လဲ ဒေါ်ဒေါ်"

"အေး... အဲဒါက အပြောရအခက်သားကွဲ့၊ သွားတာကတော့ အရင်ဒေါ်ဒေါ်တို့ ဟိုမှာ နေခဲ့တုန်းက ဝယ်ထားခဲ့တဲ့ အိမ်ကလေးတစ်လုံးအတွက် အရောင်းအဝယ်ကိစ္စပဲ၊ ၁၀ ရက်ကြာမလား၊ ၁၅ ရက်ကြာမလား မသိဘူး"

"ကဲ... ဒေါ်ဒေါ် ဒီစကား နောက်မှပဲ ဆက်ကြစို့၊ ကျွန်မ သွားစုံစမ်းချည်ဦးမယ်"

ပြောရင်းဆိုရင်းက နု ကားပေါ် အတက်လိုက်တွင် ထိုအခန်းပျောက်သွား၏။

* * *

သူ အလွန်ချစ်သော သူ့ကိုလေးအား မတွေးဘဲမနေနိုင်၊ မျက်ရည်တအိုင်အိုင်ဖြင့် အငိုင်သား တွေးလျက်ပင်ရှိ၏။ ခုတင်ဘေးရှိ သူ ငေးကြည့်နေရာ အလှပြင် စီရိုကလေးပေါ်မှ ဘဲဥပုံမှန်ကလေးထဲတွင်လည်း ကိုပေါ်လွင်နှင့်သူ ကြူကြူမွေးရင်း ပျော်ခဲ့သည့်အတိတ်က ဖြစ်စဉ်ကလေးများသာ တစ်ခုပြီးတစ်ခု သူ့အတွေးအတိုင်း ထင်လာ၏၊ မြင်လာ၏။

"တီ... တီ"

ထိုမည်သော ကားဟွန်းသံတစ်ခု ပေါ်လာသည်နှင့် မူမူ့အတွေးများလည်း ပျောက်သွားကာ ဟိုမှာဘက်သို့ စောင်းနေရာမှ ဤမှာဘက်သို့လှည့်လာ၏။

"နုနု ပြန်လာပြီထင်တယ်"

မူမူ့ဒေါ်ဒေါ်သည် ပြောပြောထထ ခုတင်ဘေးမှ ထထွက်သွား၏။ အောက်ထပ် ဧည့်ခန်းသို့အရောက် နုနှင့်ဆုံမိကြသည်တွင်...

"ကြားခဲ့ရတဲ့ သတင်းကတော့ အသည်းယားစရာကြီး ဒေါ်ဒေါ်၊ ကိုယ်ဝန်ဆောင် မိန်းကလေးတစ်ဦးကို ရေထဲနှစ်သတ်တဲ့အမှုလို့ သိခဲ့ရတယ်"

"ဘုရားရေ..."

မူမူ့အဒေါ်သည် မျက်လုံးမျက်ဆန် အပြူးသားနှင့် သို့လျှင် ရေရွတ်လိုက်ပြီးမှ...

"နို့… အဲဒီသူငယ်ကော တွေ့ခဲ့သေးသလား နုနု ဟင်၊ သူကကော ဘာပြောလိုက်သလဲ"

"ဟုတ်ကဲ့၊ ဒီနေ့ စနေနေ့မို့ ရုံး နေ့တစ်ဝက်ပိတ်တယ် မဟုတ်လား၊ ဒါပေမဲ့ ဝတ်လုံတော်ရကြီးရဲ့ ကြိုးပမ်းချက်ကြောင့် အချည်းနှီးတော့မဖြစ်ပါဘူး၊ တွေ့ခဲ့ပါတယ်၊ သူက ဒါတွေ ဘာမှမသိဘူးလို့ ဘူးကွယ်လိုက်တာပဲ၊ ဒါနဲ့ ဒေါ်ဒေါ်"

နုသည် စကားကိုဆက်မပြောသေးဘဲ ပတ်ဝန်းကျင်ကိုမျက်လုံးကစား လိုက်ပြီးမှ…

"စောစောက ကျွန်မ ပြောပြခဲ့တဲ့အတိုင်းပဲ အဲဒီစာရေးဆရာကို မူမူ က အတော် စွဲစွဲလမ်းလမ်း ချစ်နေတယ်ဆိုတော့ မူမူ စိတ်မထိခိုက်အောင်ဟာ အတော်ကလေး ဖျောင်းဖျောင်းဖျဖျနဲ့ သတိပေးဖို့လိုလိမ့်မယ်၊ နောက်ပြီး နက်ဖြန်ထွက်မယ့် သတင်းစာတွေထဲမှာလည်း ဓာတ်ပုံတွေ ဘာတွေနဲ့ တော်တော်ကလေး ကြီးကြီးကျယ်ကျယ် ရေးကြလိမ့်မယ်ထင်တယ်"

"အေး… အဲသလိုဆိုရင်တော့ ဒီကောင်မလေး စိတ်ထက်တာနဲ့တော့ ဒုက္ခပါပဲ တူမရယ်၊ အဲဒါ ဘယ်လိုလုပ်ကြမလဲ၊ အင်း… ကိုမြတ်မင်းသာရှိရင် ဒေါ်ဒေါ့်ကို ဘယ်လောက်များ ပြောလိုက်မလဲလို့… သူက သတိတော့ အပေးသား တူမရဲ့၊ ခုခေတ် မိန်းကလေးတွေ အသွားအလာ စည်းကမ်းမဲ့အား ကြီးတယ်၊ တစ်နေ့ ဘေးတွေ့လိမ့်မတဲ့လေ"

"ကဲ… ဒီလိုလုပ်ရင် မကောင်းဘူးလား ဒေါ်ဒေါ်၊ မူမူက ကျွန်မကို တော့ ချစ်လည်းချစ်၊ ရိုလည်းရိုသေ၊ စကားလည်း နားထောင်တယ်နော်၊ အဲဒီတော့ သူ့ကို ကျွန်မတို့အိမ် ခေါ်ထားရရင် မကောင်းဘူးလား"

"အတိုင်းထက် အလွန်ပေါ့ တူမရယ်၊ ခု တူမလည်းထွက်သွားရော သူ့မှာလည်း မျက်ရည်တွေတွေနဲ့ ငိုင်နေတော့တာပဲ၊ ဒေါ်ဒေါ်လည်း ဘယ်လိုမှ သူ စိတ်ပြေအောင် မပြောတတ်တော့ မခက်ဘူးလား၊ အေး… ကောင်းတယ်၊ ကောင်းတယ်၊ နုနုတို့အိမ်မှာဆို နုနုကလည်း အကျိုးနဲ့အကြောင်းနဲ့ ပြောပြတတ်တော့ ဘာပဲဖြစ်ဖြစ် သူ စိတ်သက်သာရာတော့ ရမှာပဲ၊ ကဲ… လာ… အပေါ်တက်ကြဦးစို့၊ မူမူ မျှော်နေရောမယ်"

နုနှင့် ဒေါ်ဒေါ် အိမ်အပေါ်ထပ် တက်သွားသည်နှင့် ထိုအခန်းသည်

လည်း မှုန်ပျောက်သွားတော့၏။

* * *

"နိုင်ငံကျော် စာရေးဆရာနှင့် လူသတ်မှု"

* * *

"နှုတ်ခမ်းနီကလေးများ၏ အသည်းစွဲ စာရေးဆရာကို ဖမ်းလိုက်ပြီ"

* * *

"ကိုယ်ဝန်ဆောင် မိန်းမငယ်တစ်ဦးအား ရေနှစ်သတ်သော စာရေးဆရာ"

* * *

"စာရေးဆရာ ပေါလွင်၏ လူသတ်မှု အရှုပ်တော်ပုံ"

* * *

နောက်တစ်နေ့ထုတ် သတင်းစာတိုင်းတွင် ကိုပေါလွင်တို့၏ သတင်းသည် အထက်ပါ မျက်နှာမည်း ခေါင်းစဉ်အသီးသီးဖြင့် ပါလာသည်ကိုတွေ့ရ၏။

နုသည် ဆယ်စောင်နီးပါးမျှသော သတင်းစာများကို စားပွဲရှေ့တွင်ချထားပြီး တစ်စောင်ကိုမှ လက်ထဲတွင်ကိုင်၍ ဖတ်နေရာမှ မကြာမီ သတင်းစာအားလုံးကို သိမ်းကျုံးယူသွားပြီး မလှမ်းမကမ်းရှိ ဗီရိုတစ်ခုတွင်ထည့်၍ သော့ခတ်လိုက်၏။

နောက် အခန်းကလေးတစ်ခုထဲသို့ လှမ်းဝင်သွားကာ ခုတင်ကလေးတစ်လုံးပေါ် မှိန်းနေသော မူမူအား ပေါင်လောက်ဆီတွင် စုနေသော စောင်ကလေးကို အသာဆွဲ၍ ခြုံပေးလိုက်၏။

ဤတွင် မူမူလည်း ရုတ်တရက် လွန့်လူးလာကာ မျက်လွှာကလေးအသာဖွင့်ကြည့်ရာမှ...

"နုရေ... ဘာမျှား ထူးသေးသလဲဟင်"

"ဒီနေ့တော့ ဘာမှမထူးဘူး မူမူ၊ ရုံးတွေကလည်း ပိတ်ထားတယ် မဟုတ်လား၊ နက်ဖြန် တနင်္လာနေ့မှပဲ အားလုံး အစီအစဉ်တွေ စလုပ်မှာပေါ့၊ သိပ်လည်း ပူမနေပါနဲ့ သူငယ်ချင်းရယ်၊ စောစောက သတင်းစာတိုက် တစ်တိုက်ကို တယ်လီဖုန်းနဲ့ လှမ်းပြီးစုံစမ်းတော့ ကိုပေါ်လွင်ဟာ စာပေလောကမှာ နာမည်ကြီးလွန်းလို့ မနာလိုတဲ့ စာရေးဆရာတစ်စုက သက်သက် ချောက်တွန်းလိုက်တာလို့ သိရသတဲ့"

"အင်း... အဲဒီအတိုင်းပဲ ဖြစ်ပါစေလို့ မူမူတော့ ဆုတောင်းတာပဲ နုရယ်၊ ကိုလေးရဲ့ရုပ်ရည်ကို ကြည့်စမ်းပါဦး၊ လူတစ်ယောက်ကို သတ်ဝံ့လောက်အောင် ရက်စက်တဲ့ ရုပ်မျိုးလားလို့ကွယ်၊ ဟင်"

"အင်းလေ... ဒါကြောင့် နု ပြောတာပေါ့၊ ဒီကိစ္စ မကြာခင် ရှင်းသွားမယ်လို့၊ ကဲ... မူမူ မျက်နှာလေး ဘာလေး သစ်လိုက်ဦးနော်"

နုသည် ရုတ်တရက် ခုတင်ပေါ်မှ ထသွားပြီး အသင့် စိမ်ထားသော မျက်နှာသစ်ရေတင် စားပွဲဝိုင်းကလေးကို မူမူ့အနီးသို့ ရွှေ့လာ၍ ချပေးလိုက်သည်နှင့် ထိုအခန်း ပျောက်သွားတော့၏။

ထို့နောက်...။

ပျော်တော်ဆက် မဂ္ဂဇင်းတိုက်တွင်လည်းကောင်း...။

လက်ဖက်ရည်ဆိုင်များတွင်လည်းကောင်း...။

ဘော်လီဆိုင်၊ ဆေးလိပ်ရုံ၊ ဟင်းသီးဟင်းရွက်သည်များကအစ သတင်းစာတကိုင်ကိုင်ဖြင့် ကိုပေါ်လွင်တို့အကြောင်းသာလျှင် စိတ်ဝင်စားစွာ ဝေဖန်ကြသည့် မြင်ကွင်းကလေးများ တစ်ခုပြီးတစ်ခု ပေါ်လာသည်ကို တွေ့ရ၏။

* * *

ယခု မြင်နေရသည်မှာ နုနှင့် မူမူတို့ စကားပြောနေကြသည့် ညရှုခင်း ကလေးဖြစ်၏။

"ကိုယ့်စိတ်ကိုယ် တင်းမှပေါ့ မူမူရယ်၊ ခုလိုသာ ထမင်းမစား၊ ဟင်း မစားလုပ်နေရင် မူမူပဲ ဒုက္ခရောက်မယ်၊ သိလား"

ယှဉ်ထားသော ခုတင်နှစ်လုံးအနက် တစ်ဖက်ခုတင်ပေါ်တွင် ခြေတွဲလောင်းချ၍ထိုင်နေသူ နုက ဤသို့ပြောလိုက်သည်။ အခြားတစ်ဖက်ရှိ ခုတင်ပေါ်တွင် ပက်လက်ကလေးလှဲနေရာမှ မူမူသည် နုဘက်သို့ အသာလှည့်လာပြီး—

"မူမူ စိတ်မချမ်းသာလွန်းလို့ပါ နုရယ်"

"အေး... စိတ်ညစ်တိုင်းသာ ထမင်းမစားဘဲနေရင် သေရုံပဲရှိမယ်၊ ပြဿနာက ပြေမှာမဟုတ်ဘူး သိလား၊ ခု... ကြည့်စမ်း၊ နုမှာ နှစ်မျိုးပူနေရတယ်၊ မူမူက မစားနိုင်၊ မသောက်နိုင်ဖြစ်နေလို့ အားပြတ်သွားမလားဆိုပြီး နောက်ဆံတင်းရတာကတစ်မျိုး၊ မူမူ့ကိုလေးအတွက် လုံးပန်းနေရတာက တစ်မျိုး၊ အဲဒီတော့ နု ဘယ်ကိစ္စကို ဦးစားပေးပြီး စိတ်အေးလက်အေးလုပ်မလဲ မူမူ၊ ကဲ..."

မူမူလည်း ဤတွင်မှ အသိဉာဏ်ကလေး ဝင်လာသလို နုအား မော့ကြည့်တဲ့ပြီး...

"ဟုတ်ပါတယ် နုရယ်၊ ကိုလေးအတွက်ပဲ လုံးပန်းပါတော့နော်၊ မူမူ နက်ဖြန်ကစပြီး စားပါတော့မယ်၊ ဟုတ်လား၊ ဒါနဲ့ နုရယ် မူမူ့ကို ဘာလို့ သတင်းစာကြည့်ခွင့်မပေးတာလဲ ဟင်၊ ဘာကြောင့်ဆိုတာ ညကျမှပြောမယ်ဆို၊ ပြောတော့လေ..."

နုလည်း ရုတ်တရက် အထိုင်ပြင်လိုက်ပြီးမှ...

"သေသေချာချာ နားထောင်နော်၊ နု ပြောပြမယ်၊ ဒီနေ့ ကိုယ် သတင်းစာ ၅ ဆယ့်နှစ်စောင် ဖတ်တယ်၊ ကိုပေါ်လွင်တို့သတင်းနဲ့ပတ်သက်လို့ ရေးပုံချင်းဟာ တစ်စောင်နဲ့တစ်စောင် လုံးလုံးမတူဘူး၊ တချို့ရေးပုံဟာ နုတောင်မှ သတိလစ်မတတ် စိတ်ထိခိုက်သွားတယ်၊ မူမူသာ ဖတ်ရရင်တော့ ပုံလျက်သား လဲကျသွားဦးမှာပဲ"

"ဘာ... ဘာ... ဘာတွေ... ဘယ်လို... ဘယ်လို"

"ဟော... ကဲ... ဒါတောင် မူမူ မဖတ်ရသေးဘူး၊ စကားတွေ ထစ်နေပြီ၊ နေ့လယ်က ဆရာဝန် ပြောသွားတယ် မဟုတ်လား၊ သတင်းစာမဖတ်ရဘူးလို့၊ အဲဒါ မူမူ စိတ်ထိခိုက်မှာစိုးလို့ပဲ၊ နို့... ကိုပေါ်လွင်ကို မူမူ သိပ်ချစ်တာပဲမဟုတ်လား၊ ဟင်"

"ဘယ်လိုများ မေးလိုက်ပါလိမ့် နုရယ်"

"အဲ... သိပ်ချစ်ရင် စိတ်ကို သိပ်ထိခိုက်မယ်မဟုတ်လား၊ ဘယ်သတင်းစာမှာ ဘာပါတယ်၊ ဘယ်လိုရေးတယ်ဆိုတာက အကြောင်းရင်းမဟုတ်ပါဘူး မူမူရယ်၊ ဖတ်ရရင် စိတ်မချမ်းသာရုံပဲရှိမယ်၊ မကြာဘူး၊ နက်ဖြန် သန်ဘက်ဆို အကြောင်းမှန်တွေ သိရမှာပါ"

မူမူသည် တစ်စုံတစ်ရာ ပြောချင်သေးသလို နှုတ်ခမ်းကလေး တရွရွလှုပ်နေစဉ်မှာပင်...

"ကဲ... အိပ်တော့ မူမူ... နော်၊ ကိုယ်လည်း မနက်စောစောထပြီးဝတ်လုံဆီ သွားရဦးမယ်"

စကားအဆုံးတွင် နုသည် သူ့ခုတင်ပေါ်လှဲချရင်း ဓာတ်မီးခလုတ်ကိုပိတ်လိုက်သဖြင့် တစ်ခန်းလုံး မှောင်သွားတော့၏။

* * *

ဆီဒင်ကားကြီးတစ်စီးသည် မူမူတို့ခြံထဲသို့ ကွေ့ဝင်လာပြီး ဆင်ဝင်အောက်တွင် ရပ်လိုက်သည်နှင့် အသင့် ဆီးကြိုနေသော မူမူ့အခေါ်က...

"ဘယ့်နှယ် ကိုမြတ်မင်း၊ ကိစ္စအားလုံး ပြီးခဲ့ပြီပေါ့နော်"

ခေါင်းတညိတ်ညိတ်နှင့် ဆင်းလာသူ ဦးမြတ်မင်းကလည်း မျက်နှာချင်းဆိုင်မိသည်နှင့်...

"အေး... ပြီးခဲ့ပြီလေ၊ ဒါနဲ့ ကောင်မလေးကော"

"မူမူလေ ဟိုမှာ၊ ရှင့်ဆီတောင် သံကြိုးရိုက်ခေါ်မလို့ဟာ၊ မူမူ့ကအလုပ်ပျက်ပါ့မယ် ဒေါ်ဒေါ်ရယ်ဆိုတာနဲ့"

ဦးမြတ်မင်းလည်း ရုတ်တရက် မျက်လုံးဝိုင်းသွားရာမှ...

"ရှည်လိုက်တာကွာ၊ ဘာဖြစ်လို့လဲ မူမူ၊ ဟင်... ပြောစမ်းပါကွ၊ မြန်မြန်"

"ဩော်... ပါးစပ်ထဲ ရေဝင်တဲ့ရောဂါဆိုလား"

"အယ်... ဘယ်က ပါးစပ်ထဲရေဝင်တာကွ၊ အဆုတ်ရေဝင်တယ်သာ ကြားဖူးတယ်၊ ခု ဘယ်မလဲ၊ ဆေးရုံတင်ထားရပြီလား၊ မင်းတို့ အဲဒါ ခက်တာပဲ၊ ဘာလို့ အကြောင်းမကြားသလဲ၊ ငါ့ကို"

"အရေးမကြီးဘူးဆိုလို့ပေါ့ရှင်၊ လေကောင်းလေသန့်ရအောင်ဆိုပြီး အင်းလျားက နတို့ခြံကို ပို့ထားတယ်၊ ဆရာဝန်က ပြောလို့"

"ဟာ ဒါလည်းမဟုတ်သေးပါဘူး၊ ကဲ… ရေချိုးပြီး ငါသွားကြည့်မယ်"

ဦးမြတ်မင်း ဝင်သွားသည်နှင့် ထိုအခန်းများပျောက်သွားပြီး နတို့ အိပ်ခန်းကလေး ပေါ်လာ၏။

မူမူမှာ ထုထုထောင်ထောင် မရှိသေး။ ခုတင်ပေါ်တွင် စောင်းစောင်း ကလေးခွေရင်း သတင်းစာတစ်စောင်ကို ဖတ်လျက်ရှိ၏။ မကြာမီ ခုတင် အနီးသို့ န ရောက်လာသည်နှင့်…

"ဘာလိုလိုနဲ့ ဒီနေ့ပါဆို နှစ်ဆယ့်တစ်ရက်ရှိသွားပြီနော် န၊ ကိုလေး တို့အမှု မစစ်သေးဘူးထင်တယ်၊ ဘာသတင်းမှလည်း မပါဘူး"

"အင်း… န ပြောတုန်းကတော့ မူမူ မယုံဘူး မဟုတ်လား၊ သတင်းစာ ဖတ်ချင်လှချည်ရဲ့ဆို"

"အမယ်… ခု လေးငါးရက်အတွင်းမှာမှ မူမူ့ကို ပေးဖတ်တာကော ကိုလေးတို့သတင်း မပါလို့ပဲ မဟုတ်လား"

"အဲဒါ ဆရာဝန်လာမှမေး မူမူ၊ နတော့ မသိဘူး၊ တစ်နေ့က သတင်း စာမှာလည်း ကိုပေါ်လွင်တို့အကြောင်း ဘာမှ မပါဘဲနဲ့၊ ဒီပြင် စိတ်ထိခိုက် စရာတွေပါတယ်၊ မပေးရဘူးဆိုလို့ မူမူ မဖတ်ရဘူး၊ ဟုတ်လား"

ဤလိုနှင့်ပင် ကိစ္စပြီးခဲ့ရပေါင်း များနေပြီဖြစ်၍လောမသိ၊ မူမူ့၌ ယခင် ဖြစ်စကလောက် စိတ်ထိခိုက်ခြင်းမရှိတော့သလို နအား စိုက်ကြည့်နေစဉ် နက မူမူ့ ခုတင်ဘေးတွင် ဝင်ထိုင်လိုက်၏။ ဤတွင် ထိုအခန်းလည်း ပျောက် သွားပြန်၏။

* * *

"စာရေးဆရာပေါ်လွင်အမှု ယနေ့ စစ်မည်"

* * *

"ကိုယ်ဝန်ဆောင် စာရေးမကလေးသတ်မှု ယနေ့စ၍ စစ်မည်ဆိုခြင်း"

* * *

အထက်ပါ ခေါင်းစဉ်သဘောသွားအတိုင်းပင် ထိုနေ့ထုတ် သတင်းစာ အသီးသီးက စာလုံးကြီးများဖြင့် ဖော်ပြနေကြသည်ကို တွေ့ရ၏။

အလှအယက် ဝယ်ကြသဖြင့် အရောင်းရအသွက်ဆုံး သတင်းစာမှာ ထူးထူးခြားခြား ဓာတ်ပုံများနှင့်တကွ ဖော်ပြထားသော 'ကမ္ဘာ့နေ့စဉ် သတင်းစာ'ပင် ဖြစ်၏။

ထို ကမ္ဘာ့နေ့စဉ် သတင်းစာတွင် ဓာတ်ပုံ ငါးခု ပါ၏။ ပုံကလေးနှစ်ပုံမှာ ကိုပေါလွင်နှင့် မမြင့်ကြည်တို့၏ ကိုယ်တစ်ပိုင်းပုံကလေးများဖြစ်လျက် ကျန်သုံးပုံမှ တစ်ပုံမှာ ကန်တစ်ခုတွင်း၌ လှေစီးနေကြပုံဖြစ်၏။ အခြားနှစ်ပုံမှာမူ လူရွယ်တစ်ဦးက မိန်းမပျိုတစ်ယောက် ပခုံးပေါ်တွင်ထမ်း၍ ရေထဲမှတက်လာပုံနှင့် ရေနစ်သူ မိန်းမပျိုတစ်ဦးအား လူရွယ်တစ်ယောက်က ပြုစုနေသည့် ဓာတ်ပုံများ ဖြစ်၏။

သတင်းကိုလည်း အလယ်ဖောင် နှစ်မျက်နှာပြည့်လုနီးပါးမျှ အသိုင်းအဝိုင်းနှင့် ဝေဝေဆာဆာ ဖော်ပြထား၏။

ယင်းသည့်သတင်းစာကို ပျော်တော်ဆက် မဂ္ဂဇင်းတိုက်မှ ဦးရင်မောင်တို့လူသိုက်သည် တစ်စောင်စီကိုင်၍ စိတ်ပါဝင်စားစွာ ဖတ်လျက်ရှိကြ၏။ ထိုသတင်းကိုဖတ်၍ ပြီးဆုံးသွားဟန်တူသော ဦးရင်မောင်လည်း စိတ်ထိခိုက်သွားသလို ခေါင်းတယမ်းယမ်း ခါနေစဉ်မှာပင် ထိုအခန်း ပျောက်သွား၏။

* * *

ထို့နောက် ကိုပေါလွင်တို့အမှုကို စစ်ဆေးကြားနာနေသော ရုံးခန်းတစ်ခု ပေါ်လာ၏။ မမြင့်ကြည်၏ဒေါ်ဒေါ်သည် ဝတ်လုံတစ်ဦးက မေးခွန်းထုတ်နေသည်ကို စိတ်လိုက်မာန်ပါ ဖြေလျက်ရှိသည်ကိုတွေ့ရ၏။ သို့သော် အသံကိုကား မကြားရဘဲ ရုတ်တရက်ဆိုသလို ကိုဘိုးထင်၏အသံ ပေါ်လာ၏။

"အဲဒီနေ့ဟာ ကိုပေါလွင်ရဲ့အမှုကို ပထမ စတင် စစ်ဆေးတဲ့နေ့ပါပဲ၊ မမြင့်ကြည်ရဲ့ ဒေါ်ဒေါ်ကတော့ မှန်တဲ့အတိုင်း ကိုပေါလွင်နဲ့ မမြင့်ကြည်တို့ဟာ ဘယ်လိုကစပြီး ဘယ်အထိ ချစ်သွားကြတယ်၊ မမြင့်ကြည်မှာ ကိုယ်ဝန်

ရှိလာပြီးတဲ့နောက် ကိုပေါ်လွင်က ဘယ်လို ခြေလှမ်းပျက်လာတယ်ဆိုတာပါ မကျန်၊ နောက်ဆုံး မမြင့်ကြည် သေဆုံးမယ့်နေ့က ကိုပေါ်လွင့်ဆီသွားမယ်ဆိုပြီး ထွက်သွားတဲ့အကြောင်းတွေကို အတော်ကလေး စေ့စေ့စပ်စပ် ထွက်ဆိုသွားပါတယ်"

ကိုဘိုးထင်၏စကားများ ကြားနေရစဉ်အတွင်း၌ မမြင့်ကြည်၏ ဒေါ်ဒေါ်အား တရားခံဝတ်လုံနှင့် အစိုးရရှေ့နေတို့က သူ့အလှည့်နှင့်သူ မေးခွန်းထုတ်လျက်ရှိကြပြီး မကြာမီ ထိုအခန်း မှုန်ပျောက်သွားကာ အင်းလျားမှ လှေရှင်အဘိုးကြီးအားလည်းကောင်း၊ ပုလိပ်အရာရှိတစ်ဦးအားလည်းကောင်း စစ်ဆေးသော အခန်းများသည် အကူးအပြောင်း သွက်သွက်ဖြင့် တစ်ခုပြီးတစ်ခု ပေါ်လာ၏။ ကိုဘိုးထင်၏အသံကိုလည်း ကြားနေရသည်မှာ...

"အဲဒီနေ့ကတော့ ကျွန်တော့်ကိုလည်း စစ်ပါသေးတယ်၊ ဒီကိစ္စတွေနဲ့ ပတ်သက်လို့ ဘာမှမသိရတဲ့အကြောင်း အမှန်အတိုင်းပဲ ထွက်ဆိုခဲ့ပါတယ်၊ ပထမနေ့အဖို့ရာမှာတော့ ဒီမျှနဲ့ပဲ ရက်ချိန်းပေးလိုက်ပါတယ်"

ထိုစကားများနှင့်အညီ ယင်းသည့်အချိန်၌ တရားခွင်ဝယ် အရပ်သားလူရွယ်တစ်ယောက်အား စစ်ဆေးနေ၏။ ၎င်းလူရွယ်မှာ တရားသူကြီးဘက်သို့ မျက်နှာလှည့်ထားသောကြောင့် သူ၏ကျောပိုင်းကိုသာတွေ့ရပြီး ချက်ချင်းပင် ထိုအခန်းလည်း မှုန်ကွယ်သွားတော့၏။

* * *

"ဒီနေ့ ဘာတွေ ထူးသလဲ နု၊ ဟင်"

မူမူသည် သူ့ခုတင်ပေါ်တွင် ကိုယ်တစောင်းကလေး လှဲနေရာမှ မေးလိုက်၏။

"ထူးတယ် မူမူ၊ ကိုပေါ်လွင်တော့ သေချာပေါက် လွတ်မှာပဲ သိလား၊ ဒီနေ့လေ သက်သေ သုံးလေးယောက် စစ်တယ်၊ အားလုံး တစ်ယောက်တစ်မျိုးစီပြောကြလို့ ဒီအမှုဟာ သက်သက် လီဆယ်ထားတယ်ဆိုတာ တရားသူကြီးကတော့ ရိပ်မိသွားပြီကွဲ့"

နုသည် မူမူမှ စိတ်ချမ်းသာပါစေတော့ဟူသော သဘောမျိုးဖြင့် ရယ်

ကာ မောကာ ပြောလျက်ရှိ၏။

"နို့... အာမခံကိစ္စကကော"

"ကွယ်... ဒါက လူသတ်မှုဆိုပြီး စွဲထားတာ မဟုတ်လား၊ အာမခံပေးရိုးထုံးစံမှမရှိပဲ၊ နို့ပေမဲ့ အရေးကုန် စောင့်ရလှ ဆယ်ရက်ပေါ့ မူမူ၊ ဒီကိစ္စ ရှင်းရှင်းပြီးသွားမှာပါ"

"ဒါနဲ့ နုရယ်၊ ကိုလေးက ဘယ်သူ့ကိုသတ်တယ်လို့ စွပ်စွဲထားတာလဲကွယ်၊ ဟင်"

နုသည် ရုတ်တရက် တွေနေမိပြီးမှ...

"သိချင်လည်း ပြောပြရမှာပေါ့ မူမူ၊ ဒါပေမဲ့ စိတ်ကောင်းကောင်းထားနော်၊ ဒီလိုတဲ့ကွဲ့၊ သူတို့နေတဲ့ ဦးဝိစာရကွက်သစ်ထဲက အရက်မူးသမားတစ်ယောက်နဲ့ ကိုပေါ်လွင်နဲ့ ပခုံးချင်းဝင်တိုက်မိရာက စကားများကြသတဲ့၊ ည ၇ နာရီလောက် အဲသလို စကားများပြီး ၈ နာရီလောက်မှာ ဓားထိုးခံရပြီး သေသွားတာကို ကိုပေါ်လွင် သတ်တာဖြစ်မှာပဲဆိုပြီး ဖမ်းတာတဲ့"

နုသည် မူမူအား အကဲခတ်ရင်း ဣန္ဒြေရရပင် ပြောနေသောကြောင့် မူမူကလည်း ယုံယုံကြည်ကြည်ပင် နားစွင့်လျက်ရှိပြီး နုက စကားဖြတ်လိုက်သည်နှင့် မူမူသည် ဓောင်းထားသော ကိုယ်ကလေးကို ကပိုကရိုကလေး လှန်ကာ တစ်စုံတစ်ရာကို တွေ၍ စဉ်းစားနေမိုက်မှာပင် ထိုအခန်း မှိန်သွားတော့၏။

* * *

တရားရုံးခန်းသည် ပေါ်လာပြန်၏။

သက်သေအဖြစ် အစစ်ဆေးခံနေရသူမှာ တစ်ကြိမ်က ကိုပေါ်လွင်တို့နှင့် အင်းလျားတွင် ဆုံမိကြသော သတင်းထောက် ကိုတင်သိန်းဖြစ်သည်ကို တွေ့ရ၏။

"ကမ္ဘာ့နေ့စဉ် သတင်းစာတိုက်က သတင်းထောက် ကိုတင်သိန်းဆိုတာ ခင်ဗျားပဲနော်"

အစိုးရရှေ့နေက တည်ခန့်သော ဣန္ဒြေဖြင့် မေးလိုက်သည်ကို...

"ဟုတ်ပါတယ်"

"ဒီဓာတ်ပုံတွေဟာ ခင်ဗျားကိုယ်တိုင် ရိုက်တာတွေပဲလို့ သတင်းစာထဲမှာ ပါတယ်၊ နောက်ပြီး ရေးပုံရေးနည်းနဲ့ သဘောသွားကလည်း ခင်ဗျားကိုယ်တိုင် ရေးတဲ့ဆောင်းပါးလိုလို"

"ဆောင်းပါး မဟုတ်ပါဘူး၊ သတင်းပါ"

ကိုတင်သိန်းက ခပ်ဆတ်ဆတ်ပြောလိုက်သောကြောင့် အစိုးရရှေ့နေက မဲ့ပြုံးနှင့်ကြည့်ကာ...

"ထားပါတော့လေ၊ ဒါနဲ့ မေးစမ်းပါရစေ၊ ခင်ဗျား ဟို... စာရေးဆရာ ပေါ်လွင်နဲ့သိတာ ဘယ်လောက် ကြာပြီလဲ"

သို့မေးရင်းပင် အစိုးရရှေ့နေက ကိုပေါ်လွင်ရိုက်ရာသို့ ကိုင်ထားသော သတင်းစာလိပ်ဖြင့် ညွှန်ပြလိုက်သောကြောင့် ကိုတင်သိန်းပါ ရောယောင်လှည့်ကြည့်မိ၏။

စိတ်ရောကိုယ်ပါနွမ်းပြီး အလွန်လျှင် စိတ်မချမ်းသာသလို ညှိုးငယ်နေသော ကိုပေါ်လွင်အား ကိုတင်သိန်းသည် အတန်ကြာ တွေကြည့်နေမိပြီးမှ...

"အဲဒီဓာတ်ပုံတွေ ရိုက်ခဲ့တဲ့နေ့ကစပြီး အင်းလျားမှာ စပြီး သိကြပါတယ်"

"အဲဒီနေ့ဆိုတာ ဘာတုံး၊ ဘယ်လ၊ ဘယ်ရက်ဆိုတာကို မေးနေတာ" ဟု အစိုးရရှေ့နေက ငေါက်လိုက်သောကြောင့်...

"ကျုပ် သက်သေဗျ၊ ငေါက်လား၊ အော်လား မလုပ်ပါနဲ့၊ တရားခံကိုတောင် ဒီလို ကြိမ်းလား၊ မာန်လားလုပ်ဖို့ အခွင့်အရေးမရှိဘူးဆိုတာ ခင်ဗျားနားလည်ဖို့ကောင်းပါတယ်"

သတင်းထောက်ပီပီ ခပ်တည်တည် ပြန်ပြောလိုက်မှ အစိုးရရှေ့နေလည်း မခိုးမခန့် ပြုံးလိုက်ပြီး...

"ဒါဖြင့် ဘယ်လ၊ ဘယ်ရက်ဆိုတာ ခင်ဗျား မမှတ်မိဘူးပေါ့"

"မေးနေဖို့ လိုသေးသလားဗျာ၊ အဲဒီသတင်းစာထဲမှာ ပါနေပြီဟာပဲ"

"အင်း... ရှိပါစေတော့၊ အဲဒီအချိန်က ကိုပေါ်လွင်နဲ့ မမြင့်ကြည်တို့ကို ခင်ဗျား ဘယ်လို အကဲခတ်မိသလဲ"

ကိုတင်သိန်းလည်း ရုတ်တရက် တွေသွား၏။

"ကျုပ်မေးတာက ဒီလိုပါလေ၊ သူတို့နှစ်ယောက်ရဲ့ အမူအရာတွေဟာ တစ်ဦးကိုတစ်ဦး ကာလသားစကားနဲ့ပြောရရင် ချိတ်တိတ်တိတ်၊ ရှိသဲ့သဲ့"

"မဟုတ်ပါဘူး၊ ရိုးရိုးဆက်ဆံတာပဲ သတိထားမိပါတယ်"

ဤတွင် ကိုတင်သိန်းလည်း ကိုပေါ်လွင်ဆီသို့ လှမ်းကြည့်လိုက်၏။ ကြံ့လို့ဖျော့တော့နှင့် အားလျော့စိတ်ငယ်နေသော ကိုပေါ်လွင်ကလည်း ကိုတင်သိန်းအား တွေကြည့်နေရာမှ အမှုနားထောင်နေသူ ပရိသတ်ဘက်သို့ မျက်လုံးလည်သွား၏။

စိတ်ဝင်စားစွာ လာရောက်နားထောင်နေသော ပရိသတ်များအထဲမှ ကိုတင်သိန်း၏ထွက်ချက်များကို အထူး နားစွင့်နေသူ နုအား မြင်လိုက်ရသည်နှင့် ကိုပေါ်လွင်လည်း ခေါင်းငိုက်စိုက်ကျသွားတော့၏။

"ဒါဖြင့် အဲဒီအချိန်က ကိုပေါ်လွင်နဲ့ မမြင့်ကြည်တို့ဟာ သမီးရည်းစား ဖြစ်နေကြပြီလို့ ထင်မှားလောက်တဲ့ အမူအရာ အထောက်အထားမျိုး မရှိသေးဘူးလို့ ခင်ဗျား ဆိုချင်သပေါ့"

ကိုတင်သိန်းက ခေါင်းညိတ်လိုက်၏။

"ဒီဓာတ်ပုံကို ကြည့်စမ်းပါ"

အစိုးရရှေ့နေသည် သတင်းစာကိုဖြန့်၍ တစ်နေရာကို ထောက်ပြလိုက်ရင်း...

"ကိုပေါ်လွင်က မမြင့်ကြည် ရေနစ်လို့ လက်ပစ်ကူးသွားပြီး ဆယ်တင်လာတဲ့ ပုံနော်၊ အောက်က စာမှာလည်း ဒီသဘောမျိုးပဲ ခင်ဗျားရေးထားတယ်၊ ဟုတ်ကဲ့လား"

"ဒီအတိုင်းပါပဲ"

"အဲသလို ခု ဖြစ်ပွားတဲ့ အမှုနဲ့ မပတ်သက်တဲ့ ဓာတ်ပုံတွေထည့်ပြီး အကျယ်တဝင့် ရေးလိုက်တာဟာ ဒီတရားခံအပေါ်မှာ ကျရောက်လာမယ့် အပြစ်ဒဏ်ကို ပေါ့လျော့သွားစေချင်တဲ့ဆန္ဒနဲ့ မိတ်ဆွေကောင်းပီသစွာ ရေးသား ကူညီလိုက်တာပဲ မဟုတ်လား"

ကိုတင်သိန်းတွင် အဘယ်ပုံဖြေရမည်ကို အစဉ်းစားရ ကျပ်သွားသလို ငိုင်နေ၏။ ပရိသတ်များသည်လည်း အထူးတလည် အာရုံစိုက်ကာ ကိုယ်များပင် ရှေ့သို့ ငိုက်လာ၏။

"မဟုတ်ပါဘူး၊ သတင်းစာတို့ရဲ့ ဝတ္တရားအတိုင်း ပြည်သူလူထု သိသင့်သိထိုက်တာကို စုံစုံစေ့စေ့ သိစေချင်လို့"

"ခင်ဗျား သတင်းစာနယ်ထဲရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ဒီမေးခွန်းဟာ အမှုနဲ့မဆိုင်ပါဘူး"

"ဆိုင်တာကို ကျုပ် ပြောပြမယ်၊ ဒီသတင်းစာထဲမှာ ခင်ဗျား ရေးထားတယ်"

အစိုးရရှေ့နေသည် သတင်းစာကို တလှပ်လှပ် မြှောက်ပြနေပြီးမှ...

"ဖော်ပြပါ ဓာတ်ပုံတွင်ပါသည့်အတိုင်း အင်းလျားသို့ ပျော်ပွဲစားထွက်ခဲ့ကြသည့် ထိုနေ့က မမြင့်ကြည် ရေနစ်ရာ၌ ယခု အဖမ်းခံနေရသူ ကိုပေါ်လွင်ကပင်လျှင် သက်စွန့်ကြိုးပမ်း ကယ်ဆယ်ခဲ့ဖူးသည်ဖြစ်သောကြောင့် ယခု ဖြစ်ပွားနေသော အမှုနှင့်ပတ်သက်၍ စဉ်းစားစရာ၊ စိတ်ဝင်စားစရာဖြစ်နေပေကြောင်းတဲ့၊ အဲသလို ခင်ဗျား ရေးလိုက်တယ်၊ မှန်ရဲ့မဟုတ်လား"

အစိုးရရှေ့နေက သတင်းစာမှ စာတစ်ပိုဒ်ကို ဖတ်ပြပြီး မေးလိုက်သောကြောင့်...

"မှန်ပါတယ်"

"ခုနတုန်းကတော့ သတင်းစာတို့ ဝတ္တရားအတိုင်း ပြည်သူလူထု သိသင့်သိထိုက်တာတွေ၊ ဘာတွေ ထည့်ပြောသွားတယ်၊ တရားရုံးတော်က အပြစ်ရှိ၊ မရှိ မဆုံးဖြတ်ရသေးဘဲနဲ့ အမှုတစ်ခုရဲ့ အမှားအမှန်၊ အကျိုးအပြစ်နဲ့ပတ်သက်လို့ သက်သေထွက်ချက်သဘောမျိုး သက်ရောက်အောင် ဘယ်လို နည်းနဲ့မှ ဝေဖန်ရေးသားခြင်း ပြုပိုင်ခွင့်မရှိတဲ့ သတင်းစာဝတ္တရားကိုတော့ ခင်ဗျား နားမလည်ဘူးလား"

ကိုတင်သိန်းတွင် အကြောင်းသား တွေသွား၏။

"တရားသူကြီးမင်းခင်ဗျာ၊ ဒီသတင်းထောက်ရဲ့ ရေးသားချက်ဟာ တရားရုံးတော်ရဲ့ဆုံးဖြတ်ချက်ကို တိုင်းပြည်က ထင်ယောင်ထင်မှား ဖြစ်လောက်အောင် တရားခံဘက်က ပင်းပြီး ကိုယ်လိုရာဆွဲရေးထားပါတယ်၊ တာဝန်မဲ့ ဝေဖန်ထားပါတယ်၊ ဒါကြောင့် ဒီသတင်းစာကို ရုံးတော်က အရေးယူဖို့ တောင်းဆိုပါတယ်"

အစိုးရရှေ့နေက တရားသူကြီးရှေ့သို့လျှောက်သွားပြီး လက်ဟန်ခြေ

ဟန်နှင့် မာန်ပါပါလျှောက်လိုက်သည်တွင် တရားသူကြီးလည်း မေးဖျားကို လက်နှင့်ပွတ်၍ နားစွင့်နေရာမှ...

"ဒါကို နောက်မှ စဉ်းစားပါမယ်၊ မေးစရာရှိသေးရင် ဆက်မေးပါ"

"တော်ပါပြီ၊ နောက်ထပ် မေးခွန်းမရှိတော့ပါ"

အစိုးရရှေ့နေက သို့ပြောလိုက်သည်နှင့် ထိုအခန်းပျောက်သွားပြီး အမှုနားထောင်သူ ပရိသတ်များ၏နောက်မှ ရပ်၍ကြည့်နေရသကဲ့သို့သော မြင်ကွင်း အသွင်တစ်မျိုး ပေါ်လာ၏။ တရားသူကြီးသည် တစ်စုံတစ်ရာ ပြောဆိုနေသော်လည်း အလှမ်းဝေးနေသောကြောင့် အသံမကြားရဘဲ...

"အဲဒီနေ့အဖို့ရာမှာတော့ ဒီမျှနဲ့ပဲ အမှုကို ရက်ချိန်းပေးလိုက်ပြန်ပါတယ်"ဟူသော ကိုဘိုးထင်၏အသံပေါ်လာကာ မကြာမီ ထိုအသံပျောက်၍ ထိုအခန်းလည်း မှုန်သွား၏။

* * *

ပေါ်လာသည်မှာ နုတို့အိမ်အောက်ထပ် ရှခင်းကလေးဖြစ်၏။

"နေ့လယ်က မှုမှု အိမ်ရှေ့ ထွက်သေးသလား"

နုသည် မှုမှုအနီးတွင် အမြဲတစေ အစောင့်ချထားသော ကလေးမလေး အား သို့လျှင် မေးလျက်ရှိ၏။

"ဟုတ်ကဲ့၊ ညနေခင်းဘက်ကို ခဏတော့ ထွက်ပြီး ဟိုနားဒီနားလျှောက် ပါတယ်"

"နှင့်ကိုကော သတင်းစာတွေ ဘာတွေ မတောင်းဘူးလား ခင်စိန်"

"ဟင့်အင်း... မတောင်းပါဘူး"

"အေး... မှုမှု ဘယ်သွားသွား အပြတ်မခံနဲ့နော်၊ အနားကသာ ကပ် ပြီးလိုက်နေ၊ ကြားရဲ့လား"

ကလေးမကလေးက တရိုတသေ ခေါင်းညိတ်လိုက်သည်နှင့်ပင် ထို မြင်ကွင်း ပျောက်သွားပြီး မှုမှုအခန်းကလေး ပေါ်လာ၏။

ခုတင်ပေါ်တွင် ခြေတွဲလောင်းကလေးချ၍ ထိုင်နေသူ မှုမှုအား ခပ် ပြုံးပြုံးကြည့်ရင်း လှမ်းဝင်သွားသော နုသည် မှုမှုအနီးသို့ရောက်မှ တစ်စုံတစ် ရာ သတိရသလို...

"အို... "ဟူသော ရေရွတ်သံကလေးနှင့်အတူ လက်ထဲကိုင်လာသော သတင်းစာကို ငုံ့ကြည့်တဲ့ပြီးမှ...

"နေဦးနော် မူမူ"

သို့ပြောလိုက်၍မှစကားမဆုံးသေးမီ ကိုယ်ကလေးကို ချာခနဲအလှည့် လိုက်တွင် မူမူက နု၏လက်မောင်းတစ်ဖက်ကို ဖမ်းကိုင်လိုက်ရာမှ...

"ဘာလဲ နုရဲ့၊ အဲဒီသတင်းစာကို မူမူဖတ်မှာစိုးလို့လား"ဟု မျက်နှာ ငယ်ကလေးဖြင့် မေးလိုက်၏။

"ခုအတိုင်းပဲနေတာ မူမူ စိတ်ချမ်းသာတယ် မဟုတ်လားကွယ်၊ သတင်းစာကို ဘာလို့များ ဖတ်ချင်နေရတာလဲ"

"ကိုလေးတို့သတင်း ပါနေသမို့လား နုရယ်... ဟင်"

"ဒါကြောင့် မဟုတ်ပါဘူး၊ စောစောက ဆရာဝန် တယ်လီဖုန်းဆက် တယ်၊ ဒီသတင်းစာကို ဖတ်ခွင့်မပြုပါနဲ့တဲ့၊ ဒါနဲ့ နုလည်း ဘာတွေပါလို့ပါ လိမ့်ဆိုပြီး လှန်ကြည့်နေတုန်း မူမူ့ချောင်းဆိုးသံကြားတာနဲ့ ကမန်းကတန်း ဝင်လာတာ"

"သတင်းစာပါ ရောယောင် ပါလာတယ်ဆိုတော့ နုရယ်၊ နို့... ဘာ သတင်းတွေပါလို့ ဆရာဝန်က ပေးမဖတ်တာတဲ့လဲ"

"အင်မတန် ရက်စက်တဲ့ လူသတ်မှုသတင်းတစ်ခုတော့ ပါတယ်၊ ဒါအတွက် ဖြစ်မှာထင်ပါရဲ့"

"ကိုလေးတို့အကြောင်းတော့..."

"မဟုတ်ပါဘူး၊ ကဲ... မူမူ ဒီလောက် သိချင်ရင် ဒီခေါင်းစဉ်ကိုပဲ ကြည့်နော်၊ သတင်းကိုတော့ နု ပြောပြမယ်"

နုသည် သတင်းစာကိုဖြန့်၍ ပြလိုက်၏။

"လင်ငယ်နှင့်ပျော်လို၍ လင်ကြီးကိုသတ်သူ"

ထိုခေါင်းစဉ်ကို မြင်လိုက်ရသည်နှင့် မူမူတွင် မျက်လုံးကလေးအဝိုင်း သားနှင့် တွေသွားတော့၏။

"ကဲ... နု မပြောဘူးလား၊ ဒီသတင်းတွေဖတ်ရင် မူမူပဲ စိတ်မချမ်းသာ ဖြစ်မယ်လို့"

"အင်း... တော်တော်လည်း ရက်စက်တဲ့ မိန်းမပဲနော် နု"

"ခုဟာက မူမူ ခေါင်းစဉ်လောက်သာ ဖတ်ရသေးလို့၊ သတင်းအကျယ်သာ သိရရင်"

"ဘယ်လိုတဲ့လဲ နု... ဟင်..."

နုသည် မူမူ့အား မသိမသာ အကဲခတ်လိုက်ပြီးမှ...

"အသက် ၃၀ ရွယ် မိန်းမချောတစ်ယောက်ပဲဆိုပါတော့ကွယ်၊ အဲဒီမိန်းမဟာ လင်ကြီးငုတ်တုတ်ရှိနေရာက သူ့ထက် အသက်လည်းငယ်၊ ရုပ်လည်းချောတဲ့ ပညာတတ်၊ အရာရှိကလေးတစ်ယောက်နဲ့ တိတ်တိတ်ပုန်းအချစ်နယ်ကျွံရာက နောက်ဆုံးမှာ လင်ငယ်နဲ့ လွတ်လွတ်လပ်လပ်၊ ထင်ထင်ပေါ်ပေါ် ပျော်ချင်တာနဲ့ လင်ကြီးကို အဆိပ်ခတ်ပြီး သတ်သတဲ့ကွယ်၊ ကြည့်စမ်းပါဦး"

မူမူသည် အတော်ကလေး စိတ်ထိခိုက်သွားသည့်ပမာ မျက်လွှာကလေး မှေးချလိုက်ပြီး မသိမသာ ပြန်ဖွင့်ရင်း...

"အင်း... ဒီလို ရက်စက်တဲ့ မိန်းမမျိုးကလည်း ရှိသေးသနော်"

"ကွယ်... ဒါကတော့ မိန်းမတင် မဟုတ်ပါဘူး၊ ယောကျ်ားတွေမလည်း ဒီလိုလူစားမျိုး ရှိတာပါပဲ"

နုသည် မူမူ့အား အကဲခတ်လိုက်၏။ ထူးထူးခြားခြား အမူအရာပြောင်းသွားသည်ကို မတွေ့ရတော့သည်တွင်မှ...

"ဟို... တမြန်နေ့ကကော၊ မူမူ သတင်းစာတောင်းတော့ နု မပေးဘူးမဟုတ်လား၊ အဲဒီထဲမှာလည်း ခုလို လူသတ်မှုသတင်းမျိုးပါနေလို့ မူမူ့ကိုပေးမဖတ်တာပဲ၊ သတင်းကတော့ ဝင်ကုန် ထွက်ကုန်တိုက် စာရေးတစ်ယောက်က အဲဒီတိုက်ရှင်သူဌေး မုဆိုးမကလေးကိုလိုချင်တာနဲ့ ကိုယ်ဝန်ဆောင် လက်ရှိမယားကြီးကို ရေထဲနှစ်သတ်တဲ့အမှုအကြောင်းပေါ့ မူမူ၊ ဒါတွေကိုသာ မူမူ ဖတ်ရရင် ပိုပြီး စိတ်မထိခိုက်ပေဘူးလား၊ ကဲ..."

နုသည် မူမူ့အား အကဲတခတ်ခတ်နှင့် လုပ်ဇာတ်ခင်းလျက်ရှိ၏။ မူမူကသော် ရတ်တရက် ဘာမျှမပြောသေးဘဲ ပြတင်းပေါက်ဆီသို့သာ တွေငေးကလေး ငေးနေရှာ၏။

"လူတွေဟာ မကောင်းတော့ပါဘူး နုရယ်... နော်"

"အေး... အဲသလို ယုတ်မာရက်စက်တဲ့ သတ္တဝါမျိုးတွေကတော့

မကောင်းရုံတင် ဘယ်ကမလဲ၊ လူအဖြစ်နဲ့ကို ရှိမနေသင့်တော့ဘူးပေါ့၊အင်း... ဒါကြောင့် နုလည်း ဆုတောင်းမိတယ်၊ ဘုရားသိကြားမလို့ ဒီလိုလူစားမျိုးနဲ့ ဘဝဆက်တိုင်း ကင်းဝေးရပါလို၏လို့..."

"ဒါနဲ့ ကိုလေးတို့အမှုက..."

"နက်ဖြန် ကိုပေါ်လွင့်ကို စစ်ပြီးရင် အဖြုအမည်း သိရမှာပါ မှုမှု၊ လွတ်မှာကတော့ သေချာပါတယ်"

မှုမှုလည်း မယုံတစ်ဝက် ယုံတစ်ဝက်နှင့်တွေသွား၏။ ထိုအခိုက်မှာပင် ဤမြင်ကွင်းလည်း မှုန်ဝေကွယ်ပျောက်သွားတော့၏။

* * *

တရားခွင်အတွင်းဝယ် ကိုပေါ်လွင်သည် မျက်နှာ ညှိုးညှိုးငယ်ငယ်နှင့် ငိုင်လျက်ရှိ၏။ သူ့ရှေ့တွင်လည်း အစိုးရရှေ့နေကြီးသည် ဖိုင်တွဲထဲမှ တစ်စုံတစ်ရာသော မှတ်စုကို ရှာနေပြီးမှ...

"ဒီမှာ ကိုပေါ်လွင်၊ မမြင့်ကြည်ရဲ့အခေါင်က ဘယ်လိုထွက်တယ်ဆိုတာ ခင်ဗျား သိပြီးနေပြီနော်၊ အဲဒါနဲ့ပတ်သက်လို့ ကိုပေါ်လွင်က ငြင်းဆိုချင်သေးသလား"

အစိုးရရှေ့နေက သို့ မေးလိုက်သည်ကို ကိုပေါ်လွင်လည်း ခပ်သွက်သွက်ပင် ခေါင်းခါလိုက်ပြီး...

"ကျွန်တော် ဘာမှ မငြင်းလိုပါဘူး၊ မမြင့်ကြည်နဲ့ ကျွန်တော်ဟာ သမီးရည်းစားထက်မက ချစ်ခဲ့ကြတယ်ဆိုတာရော၊ အဲဒီ အခင်းဖြစ်ပွားတဲ့နေ့က မမြင့်ကြည် ကျွန်တော့်ဆီလာတယ်ဆိုတာပါ အားလုံး မှန်ပါတယ်"

ကိုပေါ်လွင်သည် စကားကို ရုတ်တရက် ရပ်လိုက်ပြီး ဝတ်လုံကြီးဘေးတွင် ထိုင်နေသော နုအား မသိမသာ လှည့်ကြည့်လိုက်သည်၌ နုသည် အလွန်လျှင် ရွံသွားသော အမူအရာမျိုးဖြင့် ချာခနဲ မျက်နှာလွှဲပစ်လိုက်၏။

ဤတွင် အလိုလိုက အားငယ်နေရှာသော ကိုပေါ်လွင်မှာ နု၏အပြုအမူကြောင့် ပို၍ ဝမ်းနည်းသွားသလိုဖြင့် အစိုးရရှေ့နေကြီးဘက်သို့ ပြန်လှည့်လာစဉ်...

"လေ့ရှင်ကြီးက ထွက်ဆိုသွားတဲ့အတိုင်း ကိုပေါ်လွင်နဲ့ မမြင့်ကြည်တို့

လေ့ငှားစီးကြတယ်ဆိုတာလည်း အမှန်ပဲပေါ့"

"ဟုတ်ကဲ့၊ မှန်ပါတယ်၊ ဒါပေမဲ့..."

သို့ပြောနေစဉ်မှာပင် အနီးကပ် မြင်နေရသော ထိုမြင်ကွင်းပျောက်သွားပြီး အမှူ နားထောင်နေကြသူ ပရိသတ်ရော၊ တရားသူကြီးကိုပါ မြင်နေရသည့် ရှုကွင်းတစ်မျိုး ပြောင်းသွားသောကြောင့် ကိုပေါ်လွင်နှင့် အစိုးရရှေ့နေကြီးတို့ အမေးအဖြေ လုပ်နေကြသည်ကို အလှမ်းဝေးသွားသည်နှင့်အမျှ လုံးဝ မကြားရတော့ဘဲ ကိုဘိုးထင်၏အသံသာလျှင် ရုတ်တရက် ကျယ်ကျယ်လောင်လောင် ပေါ်လာ၏။

"ကိုပေါ်လွင်ရဲ့ ထွက်ဆိုချက်ကတော့ အမှန်အတိုင်းပဲ၊ အဲဒီနေ့က မမြင့်ကြည် ရောက်လာပုံ၊ သူ့အမှားသူသိပြီး ချက်ချင်းပဲ လက်ထပ်လိုက်ကြဖို့ ရုံးကိုသွားသော်လည်း ရုံးပိတ်ထားလို့ ပြန်လာခဲ့ရပုံ၊ ဆန်းမုန့်တိုက်မှာဝင်ပြီး စားသောက်ကြပုံ၊ အင်းလျားမှာ လေ့သွားစီးကြရင်း မတော်တဆ လေ့မှောက်ရပုံ၊ သူက တမင်သတ်တာ မဟုတ်ရကြောင်းတွေပါ ထွက်ဆိုသွားပါတယ်"

ထို့နောက် ကိုပေါ်လွင်နှင့် အစိုးရရှေ့နေတို့အား အနီးကပ်မြင်နေရသော ရှုကွင်းသည် ရုတ်တရက် ပေါ်လာပြန်ပြီး...

"ဒါနဲ့ ကျုပ် တစ်ခု မေးပါရစေဦး၊ အဲသလို မမြင့်ကြည်နဲ့ ချစ်ခဲ့ကြလို့ ကလေးမလေးမှာ ပဋိသန္ဓေရှိလာခဲ့ပြီးတဲ့နောက် ကိုပေါ်လွင်ဟာ ဒီပြင်မိန်းမပျိုတစ်ယောက်နဲ့ အဲ... အဲ... ဆိုပါတော့လေ၊ ချောချောလှလှ၊ ငယ်ငယ်ရွယ်ရွယ် ငွေကြေးလည်း အင်မတန်ချမ်းသာတဲ့ ပညာတတ် အမျိုးသမီးကလေးတစ်ဦးနဲ့ အတော်ကလေး ရင်းရင်းနှီးနှီး ချစ်မိကြတယ် မဟုတ်လား"

ထိုမေးခွန်းကြောင့် နတွင် အတော်ကလေး တုန်လှုပ်သွား၏။ ကိုပေါ်လွင်က ဟုတ်မှန်ကြောင်း ဖွင့်ဟ ဝန်ခံလိုက်လေမည်လားဟူသော စိုးရိမ်မှုကလေးဖြင့် ကိုပေါ်လွင့်အား ငေး၍ နားစွင့်နေ၏။

ကိုပေါ်လွင်ကမူ ခေါင်းညိတ်ခေါင်းခါ ဘာမျှမလုပ်သေးဘဲ နတက်သို့ လှည့်ကြည့်နေခိုက်...

"ဒီမှာ ကိုပေါ်လွင်၊ ဟောဒီ ဓာတ်ပုံကိုကြည့်စမ်းပါ၊ ဒါ... ခင်ဗျားဓာတ်ပုံပဲ မဟုတ်လား"

အစိုးရရှေ့နေက ဖိုင်ထဲတွင်ညှပ်ထားသော သတင်းစာပြတ်မှ ဓာတ်ပုံကို ထိုးပြလိုက်၏။ ပုံမှာ တစ်ကြိမ်သောအခါက မူမူနှင့်လက်တွဲ၍ တီရှော့ခ်ရုံထဲတွင် ချွေကျိုးကလေးသွားကြည့်စဉ်က သတင်းစာတစ်စောင်တွင် ပါသွားသော ပုံဖြစ်သည်ကို တွေ့ရ၏။

"ဟုတ်ပါတယ်၊ ဒါ ကျွန်တော်ပါပဲ"

"အင်း... အဲဒီတော့ ကိုပေါလွင် အမှန်ကိုသာ ဝန်ခံထွက်ဆိုဖို့ ကျုပ်တိုက်တွန်းချင်တယ်၊ တကယ်လို့ ခင်ဗျားက မမြင့်ကြည်အပြင် တခြားချစ်သူမရှိပါဘူးလို့ ငြင်းကွယ်ရင် ကျုပ်ကလည်း အမှန်အတိုင်း သိထားသလောက်ဖွင့်ပြောရမှာပဲ"

ကိုပေါလွင်သည် ဘာတစ်ခွန်းမျှ မပြောနိုင်။ နှုတ်ခမ်းကိုသာ လျှာဖြင့်သပ်ရင်း ငိုင်နေသောကြောင့်...

"မထူးပါဘူး ကိုပေါလွင်၊ အစစ်အမှန်ကိုသာဝန်ခံလိုက်ပါ၊ တစ်ဖက်သားရဲ့ဂုဏ်ကို ထိခိုက်သွားမှာ ခင်ဗျား မစိုးရိမ်ဘူးဆိုရင်တော့ ကျုပ် ဖွင့်ပြောရတော့မှာပဲ"

နုတွင်လည်း ကိုပေါလွင့်ထွက်ချက်တွင်သာ စိတ်စောရင်း သောကပွေနေတော့၏။

"ဟုတ်ပါတယ်၊ မမြင့်ကြည်အပြင် ဒီပြင် ချစ်သူတစ်ယောက်လည်း ရှိပါသေးတယ်"

"အင်း... အဲဒီ မိန်းမပျိုက မမြင့်ကြည်ထက်လည်း လှတယ်၊ ပိုက်ဆံလည်း ချမ်းသာတယ်၊ နောက်ပြီး..."

"ရှေ့... ရှေ့မဆက်ပါနဲ့တော့ဗျာ၊ ဟုတ်ပါတယ်၊ အားလုံးပဲ မှန်ပါတယ်။ ဒါပေမဲ့ ... မမြင့်ကြည် သေရတာဟာ ဒီကိစ္စနဲ့ ဘယ်လိုမှ မပတ်သက်..."

ကိုပေါလွင်လည်း သို့ပြောနေရင်းကပင် စိတ်ထိခိုက်သွားသည့်အလား လက်ဝါးနှစ်ဖက်ဖြင့် မျက်နှာကိုအုပ်၍ ရုတ်တရက် ငိုချလိုက်သောကြောင့် နုသည် ကရုဏာသက်သွားသလို အမူအရာဖြင့် စိုးရိမ်တကြီး ငေးကြည့်နေမိရှာ၏။

"မောင်ပေါလွင် ဆက်လက်ပြီးအစစ်ဆေးခံနိုင်ပါ့မလား၊ နေမကောင်း

ရင် ပြောပါ၊ ရက်ချိန်းပေးလိုက်မယ်"ဟု တရားသူကြီးက မေးလိုက်သည်တွင်...

"အစစ်ခံနိုင်ပါတယ်၊ မြန်မြန်စစ်ဆေးပြီး မြန်မြန်ပဲ စီရင်ချက်ချဖို့ ကျွန်တော် လိုလားပါတယ်"

"ကောင်းပြီ၊ မောင်ပေါလွင် နည်းနည်းစိတ်ဖြေလိုက်ပါဦး၊ နေ့လယ် ရုံးပြန်တက်မှ ဆက်ပြီး ကြားနာမယ်"

* * *

ထိုမြင်ကွင်း ပျောက်သွားသည်နှင့် ခုတင်ပေါ်တွင် တင်ပါးလွှဲကလေး ထိုင်နေသော မူမူ့အား တွေ့ရ၏။ သူ့အမူအရာမှာ သာသာယာယာ မရှိလှဘဲ တစ်စုံတစ်ရာ စဉ်းစားသလို တွေနေရာမှ မသိမသာ ထ,လိုက်သည်နှင့်—

"ဘာလဲ မူမူ... ဘာလိုချင်လို့လဲ၊ ဒေါ်ဒေါ် ယူပေးမယ်လေ၊ ပြောမှပေါ့ တူမရဲ့၊ ဘာအားနာစရာရှိတာလိုက်လို့"ဟု နု မေမေက ရုတ်တရက် ထသွား ရင်း ပြောမေး မေးလိုက်သည်ကို...

"မယူပါဘူး ဒေါ်ဒေါ်၊ မူမူ အပြင်ခဏ ထွက်ချင်လို့ပါ"

သို့ပြောရင်း မူမူက ခြေလှမ်းပြင်လိုက်သည်နှင့် နုမေမေလည်း မူမူ့အား တယုတယတွဲ၍ အခန်းထဲမှ ခေါ်လာခဲ့၏။ မူမူတို့ညှော်ခန်းတွင် ထိုင်မိကြသည်နှင့်ပင် ခင်စိန်ကလေး တက်လာသည်ကို တွေ့ရ၏။

"ကဲ... မူမူ ဒေါ်ဒေါ် အပြင်ခဏ သွားစရာကလေး ရှိသေးလို့နော်"

"ဟုတ်ကဲ့ ဒေါ်ဒေါ် သွားပါ၊ မူမူ ဘာမှမဖြစ်ပါဘူး၊ နေကောင်းပါတယ်"

နု၏မေမေ ဆင်းသွားသည်နှင့်ပင် မူမူသည် သူ့ဘေးတွင် ပိပိရိရိကလေး ထိုင်နေသူ ခင်စိန်၏ နဖူးဆံစပ်ကလေးကို လက်ဖျားနှင့်ပွတ်သပ်ပေးနေရာမှ...

"ထမင်းစားလို့ကောင်းရဲ့လား ခင်စိန်"

"ကောင်းပါတယ် မမမူ၊ ကျွန်မကတော့ ဘယ်တော့စားစား စားလို့ကောင်းနေတာပဲ၊ မမမူကတော့ နည်းနည်းလေး စားတယ်နော်၊ ဘာဖြစ်လို့လဲဟင်၊ အဲဒါ"

"သြော်... မမမူက နေမကောင်းလို့ပေါ့ကွယ်၊ အင်း... ငါညီမက

သိပ်အဖော်ရတာပဲ၊ မမမူ နေကောင်းမှ ခင်စိန့်ကိုခေါ်သွားပြီး နားသန်သီး လှလှကလေးတစ်စုံ ဝယ်ပေးရဦးမယ်”

သို့လျှင် မူမူက ပြောလိုက်သည်နှင့် ခင်စိန်ကလေးမှာ သနားစရာ မော့ကြည့်ရင်း သူ့နားကလေး တကိုင်ကိုင်နှင့် ပြုံးပြုံးကြီး ကျေနပ်သွားရှာ၏။ ဤတွင်ဝင် ထိုမြင်ကွင်း ပျောက်သွားတော့၏။

* * *

“ဂြိုဟ်မင်းတဲ့ မောင့်ကိုမွေ…ဟူသော ဝတ္ထုဖြင့် တစ်ရှိန်ထိုး နာမည်ကြီး လာသော စာရေးဆရာ ပေါ်လွင်အား ဂြိုဟ်မင်းသည် ယခု မွေချင်တိုင်း မွေနေပြီလော”

* * *

“အချစ်ဦး ကိုယ်ဝန်ရင့်ခါမှ အသစ်နှင့်ပျော်လိုသည့် စာရေးဆရာ”

* * *

“ရေလယ်တွင် လှေငယ်နှင့် ပျော်ကြရာမှ မတော်တဆ လှေမှောက် ၍ မဗြင့်ကြည် သေရခြင်းဖြစ်ပါသည်ဟု ပေါ်လွင် ထွက်ဆိုပုံ”

* * *

အထက်ပါ ခေါင်းစဉ်များပါသည့် သတင်းစာတို့သည် တစ်စောင်ပြီး တစ်စောင် စားပွဲဝိုင်းကလေးပေါ်သို့ကျလာပြီး မကြာမီ နှ၏တစ်ကိုယ်လုံး သော မြင်ကွင်းကလေး ပေါ်လာကာ နှသည် ထုံးစံအတိုင်းပင် သတင်းစာ များကို ထပ်ယူသွားပြီး မူမူ့အခန်းကို စောင်းငဲ့ကြည့်လိုက်သေး၏။

နောက် ဗီရိုနားသို့ကပ်သွားပြီး နံရံတွင်ချိတ်ထားသော ပန်းချီကား ကလေးနောက်သို့ကပ်သွားကာ လက်ဖြင့်နှိုက်စမ်းရင်း သော့တံကလေးကိုယူ ၍ ဗီရိုကိုဖွင့်လျက် သတင်းစာများ ထည့်လိုက်၏။

ဤတွင် တစ်ဖန် ထိုအခန်းပျောက်သွားပြန်၏။

* * *

"စာရေးဆရာပေါ်လွင့်အမှုနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းလှသော နှစ်ဖက် ဝတ်လုံကြီးတို့၏ လျှောက်လဲချက်များ..."

* * *

"မျော်စံရိပ်ငြိမ်နှင့် ချစ်ပဟေဠိ ဝတ္ထုများရေးခဲ့သူ၊ ယခု သူ့ချစ်ပဟေဠိကို သူ မဖြေတတ်၍ သေကြောင်းကြံစည်မှုဖြင့် စွဲချက် အတင်ခံလိုက်ရလေပြီ၊ သူကား မမျော်တော့နိုင်..."

* * *

"ကိုယ်ဝန်အရင့်အမာနှင့် ရေနစ်သေဆုံးရရှာသော မမြင့်ကြည်ကလေးအမှု စွဲချက်တင်လိုက်ပြီ..."

* * *

"စာရေးဆရာပေါ်လွင်၌ အပြစ်ရှိ၊ မရှိ ယနေ့ လျှောက်လဲချက် ပေးကြတော့မည်..."

* * *

ထိုထိုခေါင်းစဉ်နှင့် သတင်းစာများသည် တစ်ခုပြီးတစ်ခု ပေါ်လာပြီးနောက် အဆိုပါ သတင်းစာများ ပျောက်သွားသည်နှင့် အချုပ်ခန်းတစ်ခုအတွင်းဝယ် ငေးငေးငိုင်ငိုင်နှင့် စာတစ်စောင်ကိုင်၍ ဖတ်နေသော ကိုပေါ်လွင်အား တွေ့ရ၏။

မောင်စိန်လွင်...

ဦးလေးရဲ့စိတ်ဓာတ်ကို မင်း သိပြီးဖြစ်သည်၊ မင်းသဘောအတိုင်း မင်း ထင်ရာလုပ်သွားသဖြင့် ဦးလေး လျစ်လျူရှုထားခဲ့သော်လည်း ဆွေမျိုးမိတ်သင်္ဂဟများက ပိုင်းဝန်းတောင်းပန်ကြသဖြင့် ယခု ရန်ကုန်သို့ လိုက်လာသည်။

မင်းအမှုအတွက် အစွမ်းကုန် ဆောင်ရွက်မည်၊ အားမငယ်နှင့်။

ဦးတိုးမောင်

အထက်ပါ စာကိုဖတ်ရင်း ကိုပေါ်လွင် တွေနေစဉ်မှာပင် ထိုအခန်း ပျောက်သွားတော့၏။

* * *

နုသည် သူ့ကားကလေးပေါ်မှဆင်း၍ ရုံးပေါ်သို့ ခပ်သုတ်သုတ်ပြေး တက်သွား၏။ အမှုစစ်နေသော တရားရုံးပေါ်က်အရောက်တွင် သူ့ဝတ်လုံကြီး ဆီးကြိုရင်း...

"ငါ့တူမက အရေးကြီးတဲ့နေ့မှ နောက်ကျသကိုး"

"ဟုတ်တယ် ဦး၊ မွမ္မက သူလည်း လိုက်ပါ့မယ် တကဲကဲလုပ်နေလို့ အမျိုးမျိုး ချော့နေရတာနဲ့ပဲ။ ဩော်... ဦးကော လျှောက်လဲလို့ ပြီးသွားပြီ လားဟင်"

"အေး... ခုလေးတင်ပဲပြီးတယ်၊ကဲ... လာ၊ အစိုးရရှေ့နေကြီး လျှောက် လဲတော့မယ်"

နုတို့ ရုံးခန်းထဲရောက်၍ ထိုင်မိကြသည်နှင့် အစိုးရရှေ့နေကြီးက စတင် လျှောက်လဲတော့၏။

"တရားသူကြီးမင်းခင်ဗျာ... ဒီအမှုဟာ ကျွန်တော့်အဖို့တော့ အင် မတန်မှပဲ ရှင်းနေပါတယ်၊ တရားခံရဲ့ထွက်ဆိုချက်အရ သူဟာ ဒုတိယချစ်သူ နဲ့ ရည်င်ခဲ့သည်တိုင်အောင် သူ့အမှားကိုသူသိပြီး သေသူ မမြင့်ကြည်နဲ့ပဲ မင်္ဂလာဆောင်ဖို့ ပစ္စည်းအချို့ဝယ်ခဲ့ပါတယ်လို့ဆိုတယ်၊ ဒါ မှန်တဲ့အကြောင်း သေသူ့အဒေါ်ကလည်း ဝန်ခံထွက်ဆိုသွားကြောင်း တစ်ဖက် ဝတ်လုံကြီးက လည်း အထောက်အထားပြုသွားပါတယ်"

ဤတွင် စကားကို ခေတ္တဖြတ်၍ အစိုးရရှေ့နေကြီးသည် ကိုပေါ်လွင် အားလည်းကောင်း၊ သူ့ဝတ်လုံအားလည်းကောင်း စောင်းငဲ့ကြည့်လိုက်ပြီးမှ တရားသူကြီးဘက်သို့လှည့်၍...

"တရားသူကြီးမင်းခင်ဗျာ ဒီနေရာမှာ သေသူ မမြင့်ကြည်ရဲ့အဒေါ် ထွက်ဆိုသွားတဲ့ စကားများအနက် အင်မတန် အရေးကြီးတဲ့အချက်တစ်ခုကို ကောက်နုတ်ဖော်ပြလိုပါတယ်၊ ဘာလဲဆိုရင် မမြင့်ကြည်နဲ့ ကိုပေါ်လွင်တို့ တစ်နေ့ စကားများရာမှာ ဒါပဲနော်၊ သစ္စာဖောက်မယ်တော့ မကြံနဲ့၊ သတင်း

စာထဲကိုထည့်ပြီး ကြေညာလိုက်မယ်...လို့ မမြင့်ကြည်က ခြိမ်းခြောက်ခဲ့ဖူးတယ်ဆိုတဲ့ အချက်ပါပဲ"

အစိုးရရှေ့နေကြီးသည် ခြေဟန်လက်ဟန်နှင့် မာန်ပါပါပြော၍ နားနေပြီးမှ...

"အဲဒီတော့ ကိုပေါ်လွင်ဟာ အိမ်ထောင်ပရိဘောဂအချို့ကို ဝယ်ထားတယ်ဆိုတာဟာ မမြင့်ကြည်ရဲ့ ခြိမ်းခြောက်ထားမှုကို ကြောက်၍သော်လည်းကောင်း၊ အယုံသွင်းတဲ့သဘောမျိုး၊ ပရိယာယ်ဆင်ပြီး ဝယ်တာသော်လည်းကောင်း မဖြစ်နိုင်ဘူးလားဆိုတာလည်း တစ်ချက် စဉ်းစားဖို့ရှိပါတယ်"

လက်ထဲမှ ဖိုင်ကို ရုတ်တရက် လှန်လိုက်ပြန်၏။

"စင်စစ်မှာတော့ ခု လျှောက်လဲချက်ဟာ အသေးအမွှားကလေးမျှသာဖြစ်သော်လည်း အလျဉ်းသင့်သွားလို့သာ ထည့်ပြောရခြင်းဖြစ်ပါတယ်၊ ထားပါတော့... ကိုပေါ်လွင်ဟာ မမြင့်ကြည်နဲ့ တကယ် မင်္ဂလာဆောင်တော့မှာမို့ ပစ္စည်းတွေ ဝယ်တယ်ပဲထားပါတော့..."

ဖိုင်တွဲမှ မှတ်စုတစ်ခုကို ကြည့်လိုက်ပြီးမှ...

"နောက်တစ်ခု တစ်ဖက်ဝတ်လုံ၊ ကျွန်တော့်မိတ်ဆွေကြီးက လျှောက်လဲသွားပါတယ်၊ သူ့အမှုသည်ဟာ သာမန်လူတစ်ယောက် မဟုတ်ပါဘူး၊ အသိဉာဏ်ရှိသော နိုင်ငံကျော် စာရေးဆရာတစ်ယောက်ဖြစ်တဲ့အတွက် ဒီလိုခြောက်မက်စက်ဆုပ်ဖွယ်ကောင်းတဲ့ ရာဇဝတ်မှုမျိုးကို ကျူးလွန်ဖို့ လွယ်မလွယ်ဆိုတာ အထူး စဉ်းစားဖို့လိုပါတယ်တဲ့၊ အကယ်၍ ကိုပေါ်လွင်ဟာ မမြင့်ကြည်ကို သေကြောင်းကြံစည်ဖို့ ရည်ရွယ်ချက်ရှိပြီးဖြစ်နေရင် အဲဒီနေ့ကလက်ထပ်ဖို့ ရုံးကို သွားနေစရာတောင် မလိုတော့ပါဘူးတဲ့၊ အဲသလို တစ်ဖက် ဝတ်လုံကြီးက စဉ်းစားစရာ အချက်ကလေးတွေအဖြစ်နဲ့ တင်ပြပြောဆိုသွားပါတယ်"

ရုတ်တရက် စကားဖြတ်လိုက်ပြီးမှ...

"တရားသူကြီးမင်း ခင်ဗျာ၊ ကျွန်တော်ကတော့ ဒီအချက်တွေကို တစ်မျိုး စဉ်းစားပါတယ်၊ စာရေးဆရာဆိုတာ ဘယ်လို လူစားမျိုးဖြစ်ရမလဲ၊ ကျွန်တော် နားလည်တာကတော့ စာရေးဆရာဆိုတာ ကျွန်တော်တို့လို ဝတ်လုံတွေ၊ တရားသူကြီးမင်းတွေ၊ ကုန်ကုန်ဆိုရင် ဝန်ကြီးတွေထက် ဗဟုသုတ

အရာမှာ ကျယ်ကျယ်ဝန်းဝန်းသိတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်တယ်လို့ ကျွန်တော် နား လည်ပါတယ်၊ ဒီတော့ နိုင်ငံကျော် စာရေးဆရာတစ်ယောက်လုပ်နေတဲ့ ကို ပေါ်လွင်ဟာ ပြည်ထောင်စုနေ့သည် ရုံးပိတ်ရက်ဆိုတာကလေးမှ မသိတော့ ဘူးလား၊ ကျွန်တော်က အဲသလို စဉ်းစားပါတယ်"

ထိုစကားအဆုံးတွင် "ဟာ..."ဟူသော အသံကြီးနှင့်အတူ တစ်ရုံးလုံး လှုပ်လှုပ်ရှရှ ဖြစ်သွားတော့၏။

"နောက်ပြီး ကိုပေါ်လွင်ရဲ့အစစ်ခံချက်မှာ သူတို့လာတဲ့နေ့က ရုံး တံခါး သော့ခတ်ထားတယ်လို့ ထွက်ဆိုသွားပါတယ်၊ အမှန်က ရုံးပိတ်ရက် ဟုတ်ဟုတ် မဟုတ်ဟုတ် အချိန်တန်ရင် တံခါးဟာ အမြဲ ဖွင့်ထားလေ့ရှိပါ တယ်"

ဤတွင် ကိုပေါ်လွင့်ဝတ်လုံက ထရပ်လိုက်ပြီး...

"တရားသူကြီးမင်းခင်ဗျာ၊ အစိုးရရှေ့နေကြီးပြောနေတာ မြောက် ဘက်တံခါး ဖြစ်ပါလိမ့်မယ်၊ တောင်ဘက်တံခါးကတော့ ရုံးပိတ်ရက်တိုင်း ပိတ်ထားလေ့ရှိပါတယ်"

တရားသူကြီးကလည်း ခေါင်းတညိတ်ညိတ်ဖြင့် အသိအမှတ်ပြုလိုက် ၏။

"တရားသူကြီးမင်းခင်ဗျာ၊ ဒါကို သိပ်အရေးကြီးလို့ ထည့်ပြောနေတာ မဟုတ်ပါဘူး၊ ဒီအမှုမှာ အကွက်စေ့စေ့ကလေး လျှောက်လဲချင်လို့ပါ၊ ခုန ပြောခဲ့တဲ့အတိုင်း ဒီ နိုင်ငံကျော် စာရေးဆရာဟာ ပြည်ထောင်စုနေ့ကို ရုံးပိတ် ရက်မှန်းမသိဘူးဆိုတာ အခြေအမြစ် အတော် ကင်းနေပါတယ်၊ ဒီပြည် ထောင်စုနေ့ဟာလည်း ခါတိုင်းနှစ်တွေနဲ့အတူပဲ လေ့ပြိုင်ပွဲတွေ၊ ဘာတွေနဲ့ တခမ်းတနား လုပ်လိုက်တာမို့ အမှတ်တရကို သိသင့်ပါတယ်၊ သိလည်း သိပါလိမ့်မယ်၊ သူ နိုင်ငံကျော် စာရေးဆရာကြီးပဲ၊ သတင်းစာ မဖတ်ဘူးလား၊ ဒါပေမဲ့ ဒီနေ့မှပဲ လက်ထပ်မယ်ဆိုပြီး ရုံးကိုခေါ်သွားတာဟာ အကြောင်းပြ ကောင်းအောင် လီဆယ်တာလားဆိုတာလည်း စဉ်းစားစရာတစ်ရပ် ဖြစ်နေ ပါတယ်"

ရှေ့နေကြီးသည် ဗိုင်ကို ငုံ့ကြည့်နေပြန်၏။

"အင်း... ချစ်သူနှစ်ယောက်ကြားမှာ ဗျာများနေရလို့ အမေ့မေ့

အလျော့လျော့နဲ့ ကယောင်ချောက်ချားဖြစ်ပြီး သတိမထားမိဘူးဆိုလည်း ရှိပါစေတော့၊ ကဲ... ရုံးကအပြန် ဘယ်သွားကြသလဲ၊ မမြင့်ကြည်ကိုယ်တိုင်က သွားချင်ပါတယ်ဆိုလို့ တရားခံက အင်းလျားကို လိုက်ပို့ရပါသတဲ့၊ တရားသူကြီးမင်း အထူး စဉ်းစားစေလိုပါတယ်၊ မမြင့်ကြည်ဟာ လက်ညှိုးထိုးပြစရာ လင်ယောကျ်ားရယ်လို့ မရှိသေး၊ မသေချာသေးဘဲနဲ့ ကိုယ်ဝန်ရှိနေသူ ကလေးဖြစ်တဲ့အတွက် သူ့အရှက်ကို လူမြင်မခံဝံ့ဘဲ အိမ်တွင်းပုန်းနေခဲ့ရတဲ့ မိန်းကလေးတစ်ယောက်က အင်းလျားကို သွားချင်ပါတယ်ဆိုတာ ယုတ္တိရှိမရှိ၊ လမ်းခရီးမှာ အသိမိတ်ဆွေတွေနဲ့ တွေ့မှာကို မစိုးရိမ်ပေဘူး၊ မရှက်ပေဘူးလား"

ဤတွင်လည်း ပရိသတ်များသည် တစ်ယောက်မျက်နှာတစ်ယောက် လှည့်ကြည့်ရင်း အမူအရာ အမျိုးမျိုး ပြနေကြ၏။

"တရားသူကြီးမင်းခင်ဗျာ၊ ဖြစ်နိုင်တဲ့ဘက်ကနေတွေးရင် မမြင့်ကြည်ဟာ ကိုပေါ်လွင့်အိမ်ကိုရောက်အောင်ပဲ လာဝံ့နေမှ အင်းလျားသွားဖို့ ဘယ်မှာ ရှက်တော့မလဲ၊ အဲသလိုတွေးမယ်ဆို တွေးနိုင်ပါတယ်၊ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ မမြင့်ကြည်ဟာ ကိုပေါ်လွင့်အိမ်ရောက်တဲ့အထိ အချစ်စိတ်ကြောင့်၊ ထိပ်ခြွေခဲဆိုတာလို သွေးပူနေတဲ့အချိန် ဖြစ်တယ်ဆိုတာကိုတော့ မေ့ချန်ထားလို့ မဖြစ်ပါဘူး၊ ဒီအချိန်မှာ ကလေးမအဖို့ ရှက်ရ၊ စိုးရိမ်ရမှန်းကို သိချင်မှ သိပေလိမ့်မယ်၊ နို့ပေမဲ့ ရုံးကိုရောက်သွားကြပြီးတဲ့နောက်ပိုင်းမှာတော့ သူ့ချစ်သူ ကိုပေါ်လွင်အတွက် စိတ်ချရသလောက် ရှိသွားပြီလို့ထင်ပြီး မမြင့်ကြည်က စိတ်အေးကောင်း အေးသွားပေလိမ့်မယ်၊ အဲသလိုဆိုရင် သွေးလည်း အေးသွားမှာပဲ၊ သွေးအေးသွားတာနဲ့အမျှ ရှက်တတ် ကြောက်တတ်တဲ့စိတ်လည်း ပြန်ဝင်လာပြီလို့ဆိုရမယ်၊ ဒီအချိန်မှာလည်း သူတို့နှစ်ယောက်ကို ဘယ်သူကမှ ဇနီးမောင်နှံအဖြစ် အသိအမှတ် မပြုကြသေးဘူး၊ ဒီတော့ မမြင့်ကြည်က အင်းလျားကိုပဲ သွားချင်မလား၊ သူ့ကိုယ်ဝန်နဲ့ သူ့အရှက်လုံခြုံရာ အိမ်ကိုပဲပြန်ချင်မလား၊ ဒါလည်း စဉ်းစားစရာတစ်ရပ်ပါပဲ"

စိတ်ပါဝင်စားစွာ လျှောက်လဲပြောဆိုနေသော ရှေ့နေကြီးမှာ မောရမှန်းပင် မသိနိုင်တော့သလို ဆက်လက်၍...

"တရားသူကြီးမင်းခင်ဗျာ၊ ဒီအမှုမှာ အကွက်စေ့စေ့နဲ့ အသေးစိတ်

လျှောက်လဲလိုပါတယ်၊ ဘာကြောင့်ဆိုတာလည်း နိဂုံးချုပ်မှာ ရှင်းပြပါမယ်"

ဤတွင် တရားသူကြီးက ခေါင်းညိတ်လိုက်၏။

"နောက်တစ်ချက်က မမြင့်ကြည်ဟာ ဒီအရင်ကလည်း ကိုပေါလွင်နဲ့ အင်းလျားကိုသွားနေကျဖို့ ခု နောက်ဆုံးအကြိမ်သွားရာမှာကော ရှက်နေစရာ လိုသေးသလားဆိုတဲ့အချက် ဖြစ်ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်က မမြင့်ကြည်မှာ လူမြင်မခံဝံ့ရလောက်အောင် ကိုယ်ဝန်မရှိသေးပါဘူး၊ ဒါကိုလည်း ထည့်စဉ်းစားရပါလိမ့်မယ်၊ ကိုင်း... ဒါတွေ ထားပါတော့၊ အရေးကြီးတာက..."

ရှေ့နေကြီးသည် တစ်မျက်နှာလုံး ချွေးပြန်နေသည့်တိုင်အောင် လေသံမပျက် သွက်လက်တုန်းပင် ရှိနေသေး၏။

"တရားသူကြီးမင်းခင်ဗျာ၊ အချစ်သဘောနဲ့တွေးတွေး၊ ဘယ်လိုပဲ စဉ်းစား စဉ်းစား၊ အဲဒီနေ့ဟာ သူတို့နှစ်ယောက်အဖို့ အလွန်အရေးကြီးတဲ့ အချိန်၊ ခပ်မြန်မြန် ခရီးပေါက်ရောက်ဖို့ လိုနေတဲ့အချိန်လည်းဖြစ်ပါတယ်၊ ဒါပေမဲ့ တရားခံဟာ သူ့မှာ ဂျစ်ကားရှိလျက်သားနဲ့ အသုံးမပြုခဲ့ပါဘူး၊ သူ့အဆိုကတော့ ကားပျက်နေလို့ပါတဲ့၊ အင်း... အခင်းဖြစ်ပွားတာက သောကြာနေ့၊ ဒါပေမဲ့ ကြာသပတေးနေ့ညအထိ ဂျစ်ကားဟာ သွားလာ မောင်းနှင်လျက်ပါလို့ တရားခံရဲ့သူငယ်ချင်း ကိုဘိုးထင်က ထွက်ဆိုသွား ပါတယ်"

ဖိုင်ကို လှန်လှောနေပြန်၏။

"တကယ်လို့ ဂျစ်ကားနဲ့သွားကြရင် ကားကို လှေဆိပ်မှာထားခဲ့ရ မယ်၊ လှေစီးတုန်းက နှစ်ယောက်စီးသွားပြီး အပြန်မှာ တစ်ယောက်တည်းဆို ရင် လှေရှင်က သူငယ်မရော လို့ မေးမယ်၊ ဖြေဖို့ရာမလွယ်ဘူး၊ လိုးလွဲပြီး ဖြေခဲ့ဦးတော့၊ တစ်နေ့ အမှုပေါ်ခဲ့သော် လှေရှင်ဟာ အရေးပါတဲ့သက်သေ ဖြစ်လာမယ်၊ ဒါတွေကို စာရေးဆရာက တွေးမိလို့ ဂျစ်ကားကို ယူမသွားတာ လားဆိုတာလည်း စဉ်းစားစရာ ဖြစ်နေပါတယ်"

ရှေ့နေကြီးသည် တစ်စုံတစ်ရာကို တွေးနေပြီးမှ...

"တရားသူကြီးမင်းခင်ဗျာ၊ တစ်ဖက်ဝတ်လုံ ကျွန်တော့်မိတ်ဆွေကြီး က ပြောသွားပါတယ်၊ သူ့အမှုသည်ဟာ အကယ်တိ မမြင့်ကြည်ကို သေ ကြောင်းကြံချင်ရိုးမှန်ခဲ့ရင် ဒီလို လှေငှားစီးပြီး ကြံမှာမဟုတ်ပါဘူးတဲ့၊ ဘာပြု

လို့လဲဆိုတော့ လေ့ရှင်ဟာ သူတို့နဲ့ မျက်မှန်းတန်းမိပြီး သိကျွမ်းခင်မင်နေတဲ့အတွက် အမှုပေါ်စရာရှိရင် ဒီလေ့ရှင်က စပြီးပေါ်မယ်ဆိုတာ နိုင်ငံကျော် ဓာတ်ကွက်အဆင်ကောင်းတဲ့ စာရေးဆရာတစ်ယောက်ဖြစ်တဲ့အတိုင်း ဒါလောက်တော့ တွေးမိမှာပါပဲတဲ့၊ နောက်ပြီး လေ့ငှားစီးသွားကြတဲ့အချိန်မှာ ကိုပေါ်လွင်နဲ့ မမြင့်ကြည်တို့ဟာ ပျော်ပျော်ရွှင်ရွှင်၊ ရယ်ရယ်မောမောပါပဲဆိုတဲ့ လေ့ရှင့်ထွက်ဆိုချက်ကိုလည်း ကိုးကားပြောဆိုသွားပါတယ်"

"တရားသူကြီးမင်းခင်ဗျာ၊ အဲသလိုပြောဆိုငြင်းကွယ်နိုင်ဖို့ အထောက်အထားရအောင် ဒီ မျက်မှန်းတန်းမိနေတဲ့ လေ့ရှင်ရှေ့မှာပဲ ဟန်ဆောင်ရယ်မော ပျော်ရွှင်စွာနဲ့ လေ့ငှားစီးသွားကြပြီး ရေလယ်ရောက်မှ တမင် မှောက်ပစ်တာကော မဖြစ်နိုင်ဘူးလား၊ နိုင်ငံကျော် ဓာတ်ကွက်အဆင်ကောင်းတဲ့ စာရေးဆရာတစ်ယောက်ပဲ၊ ဒါလောက်တော့ အကွက်ဆင်တတ်ကောင်းပါလိမ့်မယ်"

ဤတွင်လည်း 'ဟင်...'ဟူသော အသံများ ထွက်လာသေး၏။

"ကိုင်း... ဒါတွေက တွေးယူရတဲ့အချက်တွေမို့ ထားလိုက်ပါဦးတော့"

ရှေ့နေကြီးသည် တရားသူကြီးဘက်သို့လှည့်တဲ့ကာ...

"တရားသူကြီးမင်းခင်ဗျာ... တရားခံရဲ့ထွက်ဆိုချက်အတိုင်း မမြင့်ကြည်က သူ့ဆီကို ထပြေးလာလို့ လေ့လူးပြီး မတော်တဆ မှောက်သွားတယ်ပဲ ထားပါတော့၊ ကိုပေါ်လွင်ဟာ အင်မတန် ရေကူးကျင်လည်တဲ့ လူတစ်ယောက်ဖြစ်ပါတယ်၊ တစ်ခါက မမြင့်ကြည် ရေနစ်စဉ်မှာ သူပဲ သက်စွန့်ကြိုးပမ်း ကယ်ခဲ့ဖူးတယ်လို့ သတင်းထောက် ကိုတင်သိန်းကလည်း ဓာတ်ပုံအထောက်အထားနဲ့ ရေးသားဖော်ပြ ထွက်ဆိုသွားပြီးပါပြီ၊ ကိုပေါ်လွင်ကလည်း ဝန်ခံတယ်၊ ကိုင်း... ဒီတစ်ကြိမ် လေ့မှောက်ပြီး မမြင့်ကြည် ရေနစ်တော့ သူ ဘာကြောင့် မဆယ်သလဲ၊ မကယ်သလဲ"

တစ်ရုံးခန်းလုံးပင် ပါးစပ်အဟောင်းသားနှင့် 'ဟာ'ခနဲ ဖြစ်သွားကြတော့၏။ လှုပ်ရှားမှုသည်လည်း စောစောပိုင်းကထက် ပိုလာ၏။

"တရားသူကြီးမင်း ခင်ဗျာ၊ တရားခံကတော့ ထွက်ဆိုသွားပါတယ်၊ မမြင့်ကြည် ရေထဲနစ်သွားတော့ နာရီဝက်နီးပါး သူ ရှာပါသေးတယ်တဲ့၊

မြုပ်သွားပြီးတဲ့နောက် တစ်ခါမှ ထပ်ပေါ်မလာလို့ သူ မဆာယ်ရတာပါတဲ့၊ နောက်ပြီး တစ်ဖက် ဝတ်လုံကြီးကလည်း ရေရှင်၊ ရေသေ နှစ်မျိုးနှစ်စား အကြောင်းကို ဗဟုသုတဖြစ်ဖွယ်ရာရှင်းလင်းပြရင်း ရေသေဖြစ်တဲ့ အင်းလျား လို ကန်မျိုးမှာ ရေနစ်သူကို နာရီဝက်ထက် ပိုပြီးရှာဖို့ဆိုတာ မလွယ်ပါဘူးတဲ့၊ ကောင်းပါပြီ၊ ချစ်သူတစ်ယောက်လုံး ရေနစ်သွားရတဲ့အတွက် မွှန်ထူနေလို့ ကြာကြာမရှာနိုင်ဘူးပဲထားပါတော့၊ ကိုပေါ်လွင်ဟာ ကမ်းပေါ်ကို ကူးတက် လာပြီးတဲ့နောက် ဘာကြောင့် ပတ်ဝန်းကျင်ရဲ့အကူအညီကို မရှာသလဲ၊ မအော်ဘဲ၊ မခေါ်ဘဲနေခဲ့သလဲ"

ပရိသတ်မှာ ထိုစကား ကြားလိုက်ရသည်နှင့် ညီညီညာညာ နောက် သို့ ယိမ်းသွားသည်အထိ လှုပ်လှုပ်ရှားရှားနှင့် ပါးစပ်အဟောင်းသား ငေး သွားကြတော့၏။

"အဲဒီအချိန်က ပတ်ဝန်းကျင်မှာ လူသူကင်းနေတယ်ပဲထားပါတော့၊ သူ ကမ်းပေါ်ရောက်ပြီးတဲ့နောက် အမောအပန်းပြေပြီးတဲ့အထိ သူ ဘာလုပ် ရမှန်းမသိအောင် ကယောင်ချောက်ချားဖြစ်နေတယ်လို့ ဆိုချင်လည်းဆိုပါ တော့၊ အိမ်ပြန်ဖို့ သတိရတဲ့အချိန်မှာကော ဆိုင်ရာရဲဌာနကို ဘာကြောင့် အကြောင်းမကြားသလဲ၊ မတိုင်သလဲ"

ဤတွင်လည်း လှုပ်လှုပ်ရွရွ ဖြစ်သွားကြပြန်၏။

"ဂျူရီလူကြီးမင်းများ ခင်ဗျာ၊ ကိုပေါ်လွင်က သူဟာ မမြင့်ကြည်ကို သနားလည်းသနား၊ ချစ်လည်း အင်မတန်ချစ်တဲ့အပြင် ရင်သွေးကလေး လည်း မကြာမီ ရတော့မှာမို့ ချစ်သူနှစ်ယောက်အနက်က မမြင့်ကြည်ကိုပဲ ပိုပြီး မြတ်နိုးပါတယ်၊ ဒါကြောင့်လည်း အဲဒီနေ့မှာ တစ်ခါတည်း လက်ထပ် လိုက်ဖို့ဆုံးဖြတ်ပြီး ရုံးကိုသွားခဲ့ကြပါတယ်တဲ့၊ တရားခံက ကျမ်းကျိန်ထွက် ဆိုထားပါတယ်၊ စဉ်းစားကြည့်ပါ၊ မမြင့်ကြည် ရေနစ်တဲ့အချိန် နေ့လယ် ၁၂ နာရီခွဲက သူ အဖမ်းခံရတဲ့ ည ၉ နာရီအထိ ဒီအတောအတွင်းမှာ မမြင့်ကြည် အသက်ရှင်ရေးအတွက် ဘယ် ကယ်ဆယ်ရေးအဖွဲ့ကိုမှ အကူ အညီ မတောင်းခဲ့ပါဘူး၊ ဆိုင်ရာကိုလည်း သူ တိုင်ကြားခြင်း မရှိခဲ့ပါဘူး၊ ဒါဟာ မမြင့်ကြည်ကို အင်မတန် ချစ်မြတ်နိုးလို့ပဲလား၊ ဒီသူငယ်မကလေး ကိစ္စတုံးသွားမှ ဟို… သူဌေးသမီး ချောချောကလေးနဲ့ ဘေးရန်ကင်းကင်း

အကြောင်းဆက်နိုင်မှာမို့ပဲလားဆိုတာ အထူး စဉ်းစားကြစေချင်ပါတယ်"

ဤအကြိမ်၌လည်း ပရိသတ်တွင် ရုတ်ရုတ်ရက်ရက် ဖြစ်သွားပြန်၏။

"ဘယ့်နှယ်လဲ၊ ရှေ့နေကြီးကတော့ မလှုပ်နိုင်အောင်ကို ချည်တုပ်နေပါကလားဗျ"

"အေးဗျာ... ကြည့်ရတာတော့ တရားခံရဲ့အပြုအမူကို အတော်ဒေါသဖြစ်နေပုံပဲ"

အမှုနားထောင်သူတို့အနက် လူကြီးနှစ်ယောက်က ကိုယ့်ထင်မြင်ချက်နှင့်ကိုယ် ပြောနေစဉ်...

"တရားသူကြီးမင်းခင်ဗျာ...၊ အဲသလို ဆိုင်ရာကို တိုင်ကြားဖို့ ပျက်ကွက်ခဲ့ရတာဟာ သူ့အပေါ် အမှုပတ်လာမလားဆိုပြီး ကြောက်လို့ပါတဲ့၊ ဒါ... အင်မတန် အပေါစားနိုင်တဲ့ အကြောင်းပြချက်လို့ ကျွန်တော် ယူဆပါတယ်၊ ဒီအမှုဟာ ရှင်းရှင်းကလေးပါလို့ စောစောက ကျွန်တော် လျှောက်လဲခဲ့ပြီးပါပြီ၊ ဟုတ်ပါတယ်၊ အတော်ရှင်းတဲ့အမှုပါပဲ၊ တရားခံကိုပေါ်လွင်ဟာ သေသူ မမြင့်ကြည်နဲ့ ချစ်ကြိုက်ခဲ့ကြတယ်၊ သူငယ်မမှာ ကိုယ်ဝန်ရှိလာပြီးတဲ့နောက် မမြင့်ကြည်ထက် အစစ အရာရာသာတဲ့ သူဌေးသမီးတစ်ဦးနဲ့ မေတ္တာမျှကြပြန်တယ်၊ ဒီတော့ ကိုပေါ်လွင် ဘယ်သူ့ကိုရွေးမလဲ၊ လက်ထပ်မလဲ၊ အချစ်မှာ သစ္စာမဲ့ချင်သူတို့ရဲ့ သဘာဝအတိုင်း အသစ်ကိုသာ ရွေးမှာပဲ၊ ရုပ်လည်းချော၊ ပစ္စည်းဥစ္စာလည်းပေါတဲ့ သူဌေးသမီးကိုသာ သူ လက်ထပ်ချင်မှာပဲ၊ ဒီတော့ ကိုပေါ်လွင် ဘာလုပ်ရမလဲ၊ ကျွန်တော် ပြောဖို့မလိုတော့ဘူး၊ သူ လုပ်ခဲ့ပြီးပါပြီ"

တရားသူကြီးသည် ကိုယ်ကို ရှေ့ခပ်ငိုက်ငိုက်ထား၍ နားစွင့်နေရာမှ နောက်သို့ မှီလိုက်၏။

"တရားသူကြီးမင်းခင်ဗျာ... ဒီအမှုနဲ့ပတ်သက်လို့ အကွက်စေ့နိုင်သမျှ စေ့အောင် တော်တော်ပဲ အပင်ပန်းခံပြီး လျှောက်လဲခဲ့ပါပြီ၊ ဒီအတွက် ခွင့်ပြုတာရော၊ စိတ်ရှည်လက်ရှည် ကြားနာတဲ့အတွက်ပါ တရားသူကြီးမင်းနဲ့တကွ ဂျူရီလူကြီးမင်းများကိုပါ အထူးပဲ ကျေးဇူးတင်လှပါတယ်၊ ဘာကြောင့် ဒီအမှုမှာ ထူးထူးခြားခြားနဲ့ အကြိုးတပမ်း လုံ့လစိုက်ပြီး လျှောက်လဲရပါသလဲ၊

မပြေးဘူး ကန်ရာရှိဆိုတဲ့စကားအတိုင်း ကန်ရာတွေ ဘယ်လောက်များများ ရှိနေတယ်ဆိုတာ ထင်ရှားစေချင်လို့ပါပဲ"

အစိုးရရှေ့နေကြီးသည် ဂျူရီများဘက်သို့ လှည့်လိုက်ပြန်၏။

"ဂျူရီလူကြီးမင်းများခင်ဗျာ၊ ဒီအမှုနဲ့ပတ်သက်လို့ ကျွန်တော် အတော်ကလေး ပြည့်ပြည့်စုံစုံ လျှောက်လဲပြီးခဲ့ပါပြီ၊ ဂျူရီလူကြီးမင်းများ အထူးပဲ စဉ်းစားစေချင်ပါတယ်၊ တရားခံဟာ အသိဉာဏ်ရှိတဲ့ နိုင်ငံကျော် စာရေးဆရာတစ်ယောက်ဖြစ်တဲ့အတွက် ဒီလို ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုမျိုးကို တကယ် ကျူးလွန်ဝံ့ပါ့မလားဆိုတာ သံသယ ဖြစ်စရာရှိနေပါတယ်... တဲ့၊ တစ်ဖက်က အဲသလို လျှောက်လဲသွားပါတယ်"

ရှေ့နေကြီးသည် လည်ချောင်းရှင်းသလို ချောင်းတစ်ချက် ဟန့်လိုက်ပြီးမှ...

"စာရေးဆရာဆိုတဲ့ပုဂ္ဂိုလ်တွေရဲ့ အဓိက ဝတ္တရားဟာ ဘာလဲ၊ ပြည်သူလူထုရဲ့ ကိုယ်ကျင့်တရားကို ထိန်းသိမ်းပေးဖို့ မဟုတ်ပါလား၊ ခု ကြည့်ပါ၊ ဒီနိုင်ငံကျော်ဆိုတဲ့ စာရေးဆရာကတော့ သူ့ကိုယ်ကျင့်တရားတောင်သူ မထိန်းနိုင် ဖြစ်ခဲ့ပါတယ်"

တရားသူကြီးဘက်သို့ ရှေ့နေကြီး လှည့်လိုက်ပြန်၏။

"တရားသူကြီးမင်းနဲ့တကွ ဂျူရီလူကြီးမင်းများခင်ဗျာ၊ ယောကျ်ားတစ်ယောက်က မိန်းမနှစ်ယောက်ယူတာ၊ မယားငယ်နေတာဆိုတဲ့ ကိစ္စတွေမှာ ဗမာလူထုက အထိုက်အလျောက် ခွင့်လွှတ်ထားသလိုရှိနေပေမဲ့လို့ ခု ဒီတရားခံရဲ့ ပြုမှုပုံဟာ ဒီသဘောမျိုး မဟုတ်ပါဘူး၊ စာရေးဆရာဆိုတဲ့ ဂုဏ်ကိုအယောင်ပြပြီး အမျိုးသမီးကလေးတွေအပေါ်မှာ ကိလေသာသိုက်တူးဖို့လောက်ပဲ စိတ်သန်နေတဲ့ အထောက်အထားမျိုး တွေ့နေရပါတယ်၊ သူ့အပြုအမူကလည်း သက်သေခံနေပါပြီ၊ ဒီလို ကိုယ်ကျင့်တရားပျော့ညံ့ပြီး ဒီလို ကာမဂုဏ်ကိစ္စမှာ ဒီလောက် ဖောက်ပြန်နေတယ်ဆိုရင် ဒီလို သူဌေးသမီး ချောချောကလေးနဲ့ ပေါင်းဖက်ပျော်မွေ့ရမယ့်အရေးအတွက် ဒီလို ရာဇဝတ်မှုမျိုးကျူးလွန်ဖို့ ကာမမှောင်ဖုံးလွှမ်းနေတဲ့ ဒီလိုလူစားမျိုးမှာ ဘာမှ ဝန်လေးစရာ မရှိနိုင်ပါဘူး"

ရှေ့နေကြီးသည် ဒေါနှင့်မာန်နှင့် ခပ်ကျယ်ကျယ်အော်၍ ပြောလိုက်

သောကြောင့် ပရိသတ်၏ သက်ပြင်းချသံနှင့်အတူ ကိုပေါလွှင်မှာလည်း ထုထုပုပုနှင့် ငိုင်ကျသွားတော့၏။

"ဂျူရီလူကြီးများခင်ဗျာ... ဒီတရားခံ ကျူးလွန်ခဲ့တဲ့ သေကြောင်းကြံစည်မှုဟာ မမြင့်ကြည်တစ်ယောက်တည်းပေမဲ့ သေရတာကတော့အသက်နှစ်ချောင်းဖြစ်ပါတယ်၊ ဒါကိုလည်း သတိလစ်လို့မဖြစ်ပါဘူး"

"တရားသူကြီးမင်းခင်ဗျာ၊ ဒီတရားခံဟာ နိုင်ငံကျော်လောက်အောင်ကို အသိဉာဏ်ရှိတဲ့ စာရေးဆရာ ဖြစ်ပါတယ်၊ နောက်ပြီး ပြည်သူပြည်သားတွေရဲ့ အကျင့်စာရိတ္တကို လမ်းမှန်ညွှန်ကြား ထိန်းသိမ်းပေးရမယ့် တာဝန်ရှိသူလည်း ဖြစ်ပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးက ဒီလိုပြစ်မှုမျိုးကို ကျူးလွန်တာဟာ ရဲဗမာက ဓားပြတိုက်တာမျိုး၊ ဝန်ကြီးက လာဘ်စားတာမျိုးထက် အဆပေါင်းများစွာ ဆိုးဝါးရက်စက် ယုတ်မာလှတဲ့အတွက် ဒီတရားခံကို ဘယ်လိုအကြောင်းနဲ့မှ ချမ်းသာခွင့်ပေးဖို့ မဖြင့်ပါဘူး၊ ခု စွဲချက်တင်ထားတဲ့ပုဒ်မအရ အပြစ်ဒဏ်ပေးဖို့ကိုသာ ကျွန်တော် လေးလေးနက်နက် တောင်းဆိုပါတယ်ခင်ဗျား"

သို့လျှင် အဆုံးသတ်လိုက်သောကြောင့် ကိုပေါလွှင်ခမျာ မည်သူ့ကိုမျှမကြည့်နိုင်၊ သူ့ရှေ့ကြမ်းပြင်တွင်သာ ငေးငေးကြီး ငိုင်နေတော့၏။

ဤတွင်ပင် ထိုမြင်ကွင်းလည်း ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားတော့၏။

* * *

နသည် အပေါ်ထပ်သို့ ခပ်သုတ်သုတ်ကလေး ပြေးတက်လာပြီး မှူမှူ့အခန်းဝတွင် ရပ်မိသည်နှင့် တစ်စုံတစ်ခုသော ထိတ်လန့်ဖွယ်ရာကို မြင်လိုက်ရသကဲ့သို့ မျက်လုံးကလေး ဝိုင်းသွား၏။ ချက်ချင်းပင် ကိုယ်ကလေးစောင်း၍ ငုံ့ကြည့်လိုက်ရာ၌ သူ သတင်းစာများ သိမ်းဆည်းသော့ခတ်ထားလေ့ရှိသော ဗီရိုတံခါးကလေးမှာ လက်နှစ်လုံးသာသာလောက် ပွင့်ဟနေသည်ကို တွေ့ရသောကြောင့် မှူမှူ့အခန်းတွင်းသို့ အလောတကြီး ပြေးဝင်သွား၏ ။

ခုတင်ပေါ် ခြေဆင်းကလေးထိုင်လျက် သတင်းစာတစ်စောင်ကို ကိုင်

ဖတ်နေသော မူမူနှင့်အတူ သူ့ခုတင်ဘေးရှိ စားပွဲဝိုင်းကလေးပေါ်တွင်လည်း တစ်ပေနီးပါးအမြင့်ရှိသော သတင်းစာထပ်ကြီးကိုပါ တွေ့ရသည်နှင့် နုတွင် ထိတ်ခနဲ ရင်တုန်သွားသလို ကပိုကရိုကြီး ပြေးကပ်၍ ခုတင်ပေါ် ဆတ်ခနဲ ထိုင်ချလိုက်၏။

ဤတွင်မှ သတင်းစာတွင် စွဲလမ်းနေသော မူမူသည် နုအား အလန့်တကြား မော့ကြည့်လိုက်၏။

"ဘာလုပ်တာလဲ မူမူ... ဟင်၊ ဒါက ဘာလုပ်တာလဲလို့"

မူမူက အဖြေမပေး၊ အပြည့်မျက်ရည်ဖြင့် ငေးကြည့်နေရာမှ နုအား ကျုံးဖက်လိုက်၏။

"မူမူက သိပ်ခက်တာကိုးကွယ်... အဲသလို ဖြစ်မယ်ဆိုတာ နု သိလို့ မူမူ့ကို ဘာမှ မသိမပေးဘဲ ကျပ်တည်းထားတာကို"

မူမူသည် သည်းလှိုက်အူလှိုက် ရှိုက်နေ၏။

"ကဲ... ခုတော့ ကောင်းသေးသလားလို့...ဟင်၊ နုကတော့ မူမူပဲ စိတ်ချမ်းသာပါစေတော့လို့ စိတ်မောလူမောနဲ့ အပင်ပန်းခံပြီး ဆောင်ရွက်ခဲ့သမျှ ခု အလကား ဖြစ်ကုန်ပြီ၊ မူမူ ကိုယ့်စကား နားမထောင်ဘူး"

မူမူကား အငိုမရပ်သေး၊ သည်းလှိုက်အူလှိုက်နှင့် တရှိုက်ငင်ငင် ဖြစ်နေရှာ၏။

"သတိထားမှပေါ့ မူမူရယ်၊ ဘာလို့ စိတ်ကို သိပ်အထိနိုက်ခံချင်ရသလဲ၊ ဒီမှာ မူမူ..."

မူမူသည် ထူးလည်းမထူး၊ စကားလည်းမပြန်၊ ကိုယ်ကလေးသာ သိမ့်သိမ့်ခါနေသောကြောင့် နုတွင် ပို၍ စိုးရိမ်လာ၏။ မျက်လုံးကလည်း ထိုထို၍၍ ကြည့်လိုက်ပြီးမှ...

"တောက်... ဒီသောက်ကောင်မလေးကြောင့် ဒီလို ဖြစ်ရတာ၊ ဘယ်သွားနေတယ် မသိဘူး၊ သူ... မိခင်စိန်"

နုသည် မူမူ့အား ဖက်ထားရာမှ သို့ကလို ရေရွတ်လျက် တစ်ဆက်တည်း အော်ခေါ်လိုက်ပြီးနောက် အောက်နှုတ်ခမ်းကို အပေါ်သွားဖြင့်ကိုက်ရင်း ဒေါပွနေခိုက်မှာပင် နု ရင်ခွင်ထဲ၌ မြုပ်ထားသော မူမူ့မျက်နှာကလေး မော့လာ၏။

"ဘာလဲ နု၊ ကောင်မလေးကို ရိုက်ဦးမလို့လား၊ မလုပ်ပါနဲ့ နုရယ်၊ မူမူပဲ တမင် ဉာဏ်ဆင်ပြီး ခိုင်းလိုက်တာပါ၊ ဒီသတင်းစာတွေဖတ်ချင်လို့"

သို့ပြောရင်းကပင် မူမူသည် ဣန္ဒြေမပျက် မျက်ရည်ကို သုတ်နေ၏။ နုတွင်လည်း သူ့အတွေးနှင့်သူ မူမူ့အား အကဲခတ်လျက်ရှိ၏။

"ဘယ်လိုလဲ မူမူ၊ ခု ကိုပေါ်လွင့် အမှုအကြောင်းတွေ အကုန် ဖတ်ပြီးနေပြီပေါ့၊ ဟုတ်လား မူမူ"

မူမူက ဘာတစ်ခွန်းမျှ မဖြေမပေးဘဲ နုအား တွေစိုက်ကြည့်နေရာမှ မျက်ရည်ကလေး ဝဲလာပြန်၏။ နောက် နု၏ လက်မောင်းတစ်ဖက်တွင် မျက်နှာနှစ်၍ တအစ်အစ် ဖြစ်နေပြန်တော့၏။

"မူမူ... မူမူ သတိထားမှပေါ့ကွယ်၊ ချစ်သူတစ်ယောက်လုံး ခုလို အဖြစ်မျိုးနဲ့ကြုံရတယ်ဆိုတော့ မူမူ ဘယ်လောက် အပူမီးတောက်မယ်ဆိုတာ နု ကိုယ်ချင်းစာတတ်ပါတယ်ကွယ်၊ ဒါပေမဲ့လည်း..."

နု စကားမဆုံးသေးမီပင် မူမူသည် သူ့ကိုယ်ကလေးကိုထူ၍ နုအား တွေကြည့်နေရာမှ...

"ဒီမှာ နု၊ မူမူ ဘာလို့ ငိုနေတာလဲ သိလား...ဟင်၊ ဘယ်သူ့အတွက် လဲ နု သိလား"

နုတွင် ရုတ်တရက် ကြောင်သွား၏။ ဘာပြော၍ ဘာဖြေရမည်ကို စဉ်းစားမရသေးမီ...

"သတင်းစာထဲပါတဲ့အတိုင်းသာမှန်ရင် မူမူ အသည်းမကွဲသေးဘူး လား နုရယ်... ဟင်"

နုကလည်း ရောယောင် ခေါင်းညိတ်လိုက်၏။

"နို့... အမှုစစ်တိုင်းရော နု သွားနားထောင်တယ် မဟုတ်လား... ဟင်၊ ဖြစ်ပုံက ဒီသတင်းစာတွေရေးတဲ့အတိုင်းပဲလား နုရယ်၊ ပြောစမ်းပါဦး"

နုတွင် ဤမေးခွန်းအတွက် ခေါင်းညိတ်ခေါင်းခါ ဘာလုပ်ရမည်မသိအောင် ယောင်ချာချာ ဖြစ်နေရှာ၏။

"ပြောစမ်းပါ နုရဲ့၊ ဒီသတင်းစာတွေရေးတာ အမှန်ချည်းပဲ မဟုတ်လား...ဟင်၊ မူမူ ရင်ကွဲတော့မယ်၊ သူ့အတွက် မူမူ ရင်ကွဲတော့မယ်"

မူမူသည် ဤသို့လည်း တတွတ်တွတ်ပြော၏။ လက်နှစ်ဖက်က

လည်း ရင်ကလေးဖိကာ မချိတင်ကဲနှင့် အတော်ကလေး လှိုက်လှိုက်လှဲလှဲ ဖြစ်နေရှာ၏။

"မူမူ သတိမလစ်စေနဲ့ မူမူရယ်၊ ခက်တာပဲ"

"အသည်းကွဲတော့မယ် နုရယ်၊ သူ့အတွက် မူမူ အသည်းကြွေရချေ ရဲ့၊ နု စဉ်းစားကြည့်စမ်း၊ သူ့ခမျာ ဘယ်လောက် သနားဖို့ကောင်းသလဲဟင်၊ ကိုယ်ဝန်ကြီးနဲ့ မရှုမလှ ရေနစ်ပြီး သေသွားရရှာတယ်၊ ဒါ မူမူ့ပယောဂ မကင်းဘူး မဟုတ်လား နုရဲ့... ဟင်"

ဤတွင်မူ အမိပွာယ်ရှင်းသွားသလို နုတွင်လည်း စိုးရိမ်မှုကင်းသွား တော့၏။

"ဒီလိုလည်း ဘယ်ဟုတ်မလဲ မူမူရယ်၊ ဘဝအကြောင်းကလည်း ရှိ သေးတော့"

"နု ဒီလိုမပြောနဲ့၊ ဒီစကားကို မူမူ လက်မခံနိုင်ဘူး၊ ဒါ မူမူ့အပြစ်၊ ယောကျ်ားတစ်ယောက်ကို အရမ်းကာရောချစ်မိလို့ ခုလိုဖြစ်ရတာ၊ တကယ်လို့ မူမူသာ ကိုပေါလွင်ရဲ့နောက်ကြောင်း ရှင်းမရှင်း ပထမ စုံစမ်းခဲ့ရင်၊ မမြင့် ကြည်နဲ့ ဒီလို ဒီလိုဆိုတာ သိရမယ်၊ သိရင် မူမူ ဘယ်နည်းနဲ့မှ သူ့ကိုချစ်နိုင် မှာမဟုတ်ဘူး၊ မမြင့်ကြည်လည်း အသေဆိုး မသေရဘူး၊ ခုတော့ မူမူ ရဲ့ လောဘကြီးချစ်မိလို့ မစုံစမ်း မဆင်ခြင်လို့ မမြင့်ကြည်ခမျာ ကိုယ်ဝန်ကြီးနဲ့ ပိုးစိုးပက်စက် ဖြစ်ရတာ သိလား၊ သူ့အတွက်၊ အဲဒီ မမြင့်ကြည်အတွက် မူမူ အသည်းကျွမ်းရချေရဲ့ နုရယ်၊ မမြင့်ကြည်တို့ သားအမိအတွက် မူမူ ရူးရချေရဲ့"

အရှိုက်သည်းဖို မူမူသည် ရှိုက်၍ရှိုက်၍ ငိုနေပြန်၏။

"အေးကွယ်..."

နုတွင်လည်း ထိုစကားမှ ရှေ့ဆက်၍ ဘာပြောရမည်မသိတော့သလို စိတ်အိုက်ပွေနောက်နှင့် ဦးနှောက်ခြောက်နေရှာ၏။

"ဒီမှာ နု၊ ဒီနေ့ ဘယ်လို ထူးသလဲဟင်၊ မူမူ့ကို ဖုံးမထားပါနဲ့တော့ ကွယ်၊ အမှန်အတိုင်းသာ"

"နှစ်ဖက်ဝတ်လုံတွေ လျှောက်လဲကြတာတော့ စုံလို့ပဲ မူမူ၊ နုတော့ လိပ်ပတ်လည်အောင် မပြောတတ်ဘူး၊ နက်ဖြန် သတင်းစာထွက်မှပဲ..."

"စီရင်ချက်တော့ မချသေးဘူးပေါ့"

"၁၈ ရက်နေ့ စီရင်ချက် ချမတဲ့"

မူမူသည် တစ်စုံတစ်ရာ စဉ်းစားနေခိုက်မှာပင် ထိုမြင်ကွင်း ပျောက်သွားတော့၏။

* * *

စိမ်းလဲ့ကန်သာခြံအတွင်းရှိ ခုံတန်းကလေးတစ်ခုပေါ်တွင် နုနှင့် မူမူတို့သည် မျက်နှာချင်းဆိုင်လုနီးနီး တစ်ယောက်ဘက်သို့တစ်ယောက် စောင်း၍ ထိုင်ရင်း တစ်စုံတစ်ရာ ဆွေးနွေးနေကြသည်ကို အဝေးမှ လှမ်းမြင်ရ၏။ ချက်ချင်းပင် အနီးကပ်ပေါ်လာပြီး...

"ဟုတ်တယ် နုရယ်၊ မူမူတော့ စိတ်ပြေလက်ပျောက်ဆိုသလို တစ်လလောက်တော့ နုနဲ့ပဲ နေချင်သေးတယ်"

"တစ်သက်လုံးပဲနေပါရှင်၊ ဒါမှ မူမူ့ကျေးဇူးတွေကို ပြည့်ပြည့်ဝဝ ကြီး..."

"ဒါကို ထည့်မပြောပါနဲ့ သူငယ်ချင်းရယ်"

မူမူသည် စကားကို ဤတွင်ဖြတ်လိုက်ပြီး အင်းလျားကန်ကြီးဘက်သို့ မျက်လုံးရောက်သွား၏။

"ဒီမှာနေလို့လည်း ဖြစ်မယ်မထင်ပါဘူး နုရယ်၊ ဒီကန်ကြီးကို မြင်တိုင်း မမြင့်ကြည်တို့သားအမိကို..."

မူမူ့တွင် မသိမသာ မျက်ရည်ကလေး ဝေလာပြန်၏။

"ဟုတ်တာပဲ မူမူ၊ အင်း... ဒီကိစ္စမှာ မူမူတို့နှစ်ယောက် ချစ်တင်းဆိုဖို့ နေရာပေးမိတဲ့အတွက် နု ပယောဂလည်း မကင်းဘူး၊ ဟုတ်တယ်"

မူမူကား တွေမြဲတွေနေသေး၏။

နုကပါ အင်းလျားဆီသို့ငေးရင်း တစ်စုံတစ်ရာ တွေးနေခိုက်မှာပင် နု မျက်စိထဲ၌ အစိုးရရှေ့နေကြီးကို မြင်လာ၏။

"လူ...ဆိုတဲ့ ပုထုဇဉ်တွေဟာ မိမိတို့ရဲ့ ကျွမ်းကျင်မှုကို ရိုးရိုးပြရတာထက် စွန့်စားခြင်းနဲ့ယှဉ်ပြီး အသုံးချချင်တဲ့ဘက်မှာ ပိုပြီး စိတ်သန်တတ်ကြပါတယ်၊ တကယ်လို့ လူတစ်ယောက် ရှေ့နေနေတာကို ဒီတရားခံသာတွေ့ရင်

အမှန်မှုချ သူ ကယ်ဆယ်မှာပါပဲ၊ တစ်ယောက်တည်း မတတ်နိုင်တောင် ပတ်ဝန်းကျင်ရဲ့အကူအညီကို မရအရ သူ ရှာမယ်ဆိုတာ ဘာမှ သံသယဖြစ်စရာ မလိုပါဘူး၊ ရေနစ်သူဟာ ကောက်ရင်ကို ကုလားမပဲဖြစ်ဖြစ် 'ကိုယ်ဝန်နဲ့'ဆိုတာသိရင် သူ ပိုပြီး ပျာပျာသလဲ ကြိုးစားပေလိမ့်မယ်၊ မိန်းမသားလည်းဖြစ်၊ ကိုယ်ဝန်ဆောင်လည်း ဖြစ်နေသကိုး၊ ကြင်နာမှု ပိုရပေမှာပေါ့၊ ရေမကူးတတ်ဦး၊ လူ့ဝတ္တတရား နားမလည်ဘူးပဲထားပါဦး၊ ဒီလိုကိစ္စမျိုးနဲ့ကြုံလာရင် လူတစ်ဦးရဲ့ အသက်ရှင်ရေးကိုတော့ ဘယ်လိုလူစားပဲဖြစ်ဖြစ် အပြင်းအထန် စွန့်စားကြိုးပမ်းမှာပါပဲ၊ ကဲ... အသိဉာဏ်လည်းရှိ၊ ရေကူးလည်း ကျွမ်းကျင်တဲ့ ဒီတရားခံကတော့ မဖြင့်ကြည်တို့သားအမိကို ဘာကြောင့် မကယ်ခဲ့သလဲ"

နုသည် ဤတွင်ပင် မျက်နှာကို ချာခနဲ လွှဲပစ်လိုက်၏။ အစိုးရရှေ့နေကြီး၏မြင်ကွင်းလည်း ပျောက်သွား၏။

"အင်း... မူမူ မပြောနဲ့၊ နုတောင် ဒီကန်ကြီးနားမှာ မနေချင်တော့ဘူး"

မူမူလည်း ယခုမှ နုဘက်သို့ လှည့်လာ၏။

"ဟုတ်တယ်၊ မူမူနဲ့ပဲ ကိုယ်လိုက်နေမယ်နော်၊ ဒီလိုမှ ဖြစ်တော့မှာပဲ"

ထိုစကားကြောင့် မူမူ့မျက်နှာကလေး ကြည်လာ၏။

ယင်းသည့်အခိုက်မှာပင် နုတို့ကားကလေး ဝင်လာသည်ကိုတွေ့ရသည်နှင့် မူမူရော နုပါ ပြိုင်တူထ၍ ကြိုနေကြ၏။

ကားပေါ်မှ ဆင်းလာသူ ဝတ်လုံကြီးလည်း တစ်စုံတစ်ရာ ဘာမျှ မပြောဘဲ နုလက်သို့ စာရွက်ကလေးတစ်ခု လှမ်းပေးလိုက်သဖြင့် ကတိုက်ကရိုက်ဆိုသလို နုရော မူမူပါ ပြိုင်တူ ဖတ်လိုက်ကြသည်၌...

"သေဒဏ်တဲ့ တူမကြီး"

ဤလို ရေးထားသည်ကိုတွေ့ရသည်နှင့် မူမူလည်း ဘာတစ်ခွန်းမျှ မပြောတော့ဘဲ ချာခနဲ လှည့်ဝင်သွားသောကြောင့် နုပါ အပြေးကလေးလိုက်သွားရရှာတော့၏။ ဤတွင်ပင် ထိုအခန်းလည်း မှုန်ဝါးပျောက်ကွယ်သွားတော့၏။

* * *

မူမူတို့အိမ်အောက်ထပ် ဧည့်ခန်းတွင် နုနု့်အတူ မူမူရော မူမူ့အဒေါ်ပါ သုံးမြွှာင့်ဆိုင် ထိုင်နေကြသည်ကို တွေ့ရ၏။

"ဒီမှာ မူမူ၊ မူမူ့ကျန်းမာရေး အခြေအနေက သိပ်ကောင်းသေးတာ မဟုတ်ဘူးနော်၊ မူမူ စိတ်ကောင်းပါစေတော့လို့သာ ပို့ရတာ၊ ဟိုရောက်ရင်..."

"မူမူ နားလည်ပါတယ် နုရယ်၊ တစ်ခေါက်လောက်တော့ သွားတွေ့ဖို့ ဝတ္တရားရှိတယ် မဟုတ်လား...၊ မပူပါနဲ့ နုရယ်၊ မူမူ့စိတ်ကို မူမူ နိုင်ပါတယ်"

ထိုအခိုက်တွင် မော်တော်ကားဟွန်းသံတစ်ခု ပေါ်လာသည်နှင့် မူမူတို့လည်း တိုက်ထဲမှ ထွက်လာကြ၏။ အားလုံးကပင် ကားရှေ့တွင်ပါလာသော ဝတ်လုံကြီးအား အပြုံးနှင့်နှုတ်ဆက်လိုက်ပြီး ကားပေါ် တက်ထိုင်လိုက်ကြ၏။

မော်တော်ကားထွက်သွားသည်နှင့် မူမူတို့အိမ်အောက်ထပ်မှ သံခေါက်တံခါးကြီးကို ကလေးမကလေးတစ်ယောက်က လက်နှစ်ဖက်ဖြင့် ပြိုင်တူဆွဲ၍ ပိတ်နေသည်ကို အနီးကပ်မြင်နေရရာမှ တဖြည်းဖြည်း မှုန်သွားကာ ထိုမြင်ကွင်း ပျောက်လုလုတွင် သံတိုင်နှစ်ခုကို ခပ်တင်းတင်းဆုပ်ကိုင်ရင်း တွေနေသော ကိုပေါ်လွင်အား ခပ်ရေးရေး မြင်နေရ၏။

မကြာမီ ထင်ထင်လင်းလင်း ပေါ်လာပြီး တစ်စုံတစ်ရာ တွေးသလိုငေးနေသော ကိုပေါ်လွင့်မျက်နှာသည် ရုတ်တရက် အသွင်ပြောင်းသွား၏။ သူ တမ်းတနေသူ တစ်ဦးတစ်ယောက်ကို တွေ့လိုက်ရသကဲ့သို့ လှုပ်လှုပ်ရှားရှားနှင့် စူးစူးစိုက်စိုက် ကြည့်နေရာမှ...

"မူ... မူ... မူမူ"

စိတ်မချမ်းသာဖွယ် ပိန်ချုံးနေရှာပြီဖြစ်သော ကိုပေါ်လွင်သည် ထိုမျှသာ ရေရွတ်ပြီး နှုတ်ခမ်းတရွရွ လှုပ်နေရှာ၏။ ထိုအခိုက်မှာပင် ကိုပေါ်လွင်နှင့် မျက်နှာချင်းဆိုင် လာရပ်သော မူမူ၏ကျောပိုင်းကို မြင်ရ၏။

ချက်ချင်းပင် အပြည့်မျက်ရည်ဖြင့် တွေစိုက်ကြည့်နေသော မူမူ့မျက်နှာသည် ရုပ်ရှင်ပိတ်ကားကြီး ပြည့်သွားလုနီးပါး မြင်နေရပြီးမှ တစ်ဖန် ကိုပေါ်လွင့် မျက်နှာ ထင်လာပြန်၏။

ကိုပေါလွှင့်မျက်လုံးများမှာလည်း လည်နေသော မျက်ရည်ကြောင့် ဝေနေသည်ထင်ရ၏။ နှုတ်ခမ်းများသည်လည်း ပြုံးမလိုမဲ့မယောင်နှင့် အသွင်အမျိုးမျိုးဆောင်ကာ တရှုရှု လှုပ်နေရာမှ…

“ကို… ကို… ကိုလေးကို မူမူ လာကြည့်တယ်နော်”

မူမူက ခွန်းတုံ့မပြန်၊ မျက်ရည်အလျှံသားနှင့်ပင် တွေကြည့်နေ၏။

“သိပ်… သိပ်ဝမ်းသာတာပဲ မူမူ၊ ကိုလေး သိပ်ဝမ်းသာတာပဲ”

မူမူသည် မလှုပ်မရှားနှင့် ငြိမ်ချက်သား ကောင်းနေသေး၏။

“အမှန်ကတော့ မူမူ့ကို ကိုလေး လှည့်စားတာ မဟုတ်ရပါဘူး မူမူ၊ ကိုလေး မူမူ့ကိုချစ်လွန်းလို့ လှည့်စားသလိုဖြစ်သွားရတာကို ခွင့်… ခွင့်လွှတ်ပါ မူမူရယ်… နော်”

မူမူကား ယခုထိ ခေါင်းညိတ်ခေါင်းခါ ဘာမျှမလုပ်၊ ဝေနေသော မျက်ရည်များသာလျှင် ဝဲကျလာ၏။

“သတင်းစာတွေ မူမူ ဖတ်ပြီးရောပေါ့နော်၊ ဒါပေမဲ့ မမြင့်ကြည်ကို ကိုလေး မ… မသတ်ရတာတော့ အမှန်ပါ မူမူ၊ မတော်တဆ ဖြစ်သွားရတာပါ”

မူမူသည် တစ်စုံတစ်ရာ ပြောတော့မည်ကဲ့သို့ နှုတ်ခမ်းကလေးနှစ်လွှာသည် လွန့်လွန့်ပါအောင် လှုပ်နေ၏။

“ဒါဟာ မတော်တဆ ဖြစ်ရတာမှန်ပေမဲ့ ဘယ်လိုပြောပြော ဘယ်သူကမှ မယုံကြဘူး မူမူရဲ့… မယုံကြဘူး၊ ရှိပါစေ၊ ဘယ်သူမယုံ ယုံယုံ၊ မမြင့်ကြည်ကို ကိုလေးသတ်တာ မဟုတ်ဘူးရယ်လို့ မူမူကသာ ယုံကြည်မယ်ဆိုရင် ကိုလေး… ကိုလေး သေပျော်ပါပြီ မူမူ၊ သေပျော်ပါပြီ၊ မတော်တဆဖြစ်တယ်ဆိုတာ မူမူကတော့ ယုံတယ်မဟုတ်လားဟင်၊ ကိုလေး… မသတ်ဘူး ဆိုတာလေ… မူမူ ယုံတယ်မဟုတ်လား”

မူမူတွင် မျက်ရည်သာ တဝေဝေကျနေ၏။ အင်းလည်းမလုပ်၊ အဲလည်းမလုပ်ဘဲ နှုတ်ခမ်းကလေးများ တတွန့်တွန့်လှုပ်နေရာမှ…

“ကိုလေး… မူမူ ပြန်တော့မယ်…နော်”

မူမူသည် ထိုစကားနှင့်အတူ ညင်ညင်သာသာကလေး လှည့်ထွက်သွားသောကြောင့် ကိုပေါလွှင်မှာ သံတိုင်နှစ်ချောင်းကိုကိုင်ရင်း အငိုင်သား

ကျွန်ရစ်ရှာ၏။

ထိုအခိုက်တွင် ကိုဘိုးထင်၏အသံ ရုတ်တရက် ပေါ်လာပြန်သည်မှာ...

"ဇာတ်လမ်းကလေးပမာ ကျွန်တော် ပြောပြခဲ့တဲ့ ကိုပေါလွှင့်ဖြစ်စဉ်ကိုတော့ ဒီလောက်အထိပဲ ကျွန်တော် ပြောပြနိုင်ပါသေးတယ်၊ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်အနေနဲ့ ကျွန်တော် သိရသလောက်ဆိုရင် ကိုပေါလွှင်ဟာ ကြက်ကလေးတစ်ကောင်တောင် သတ်ဝံ့တဲ့လူ မဟုတ်ရှာပါဘူး၊ ဒါပေမဲ့လည်း အဲဒီအချိန်ကတော့ မူမူ့ဘက်ကို ပိုပြီး စိတ်ယိုင်ခဲ့တဲ့အတိုင်း မမြင့်ကြည်ကလေးကို သေစေချင်တဲ့ဆန္ဒတော့ ရှိမိတဲ့အကြောင်း သူ ဝန်ခံပါတယ်၊ ဒါပေမဲ့ ကာယကံမြောက်တော့ သူ မသတ်ဝံ့ပါဘူး၊ သတ်လည်း မသတ်ရပါဘူး၊ မတော်တဆ ဖြစ်သွားရတာပါတဲ့၊ ဒါကို သူ့သဏ္ဍာန်အကြောင်းကောင်းကောင်းသိတဲ့ ကျွန်တော်ကတော့ ခြွင်းချက်မရှိ ယုံကြည်ပါတယ်၊ သို့သော်လည်း သူ့မနောကံကြောင့် သူ ချိုးဖောက်ခဲ့တဲ့ လူ့ဝတ္တရားတွေအရ သူ့ကိုဖြင့် ဆိုင်ရာက သေဒဏ်ပေးလိုက်ပါပြီ၊ ဒါပေမဲ့ သူ မသေရသေးပါဘူး၊ တရားလွှတ်တော်မှာ အယူခံထားပါတယ်၊ နောက်တစ်ဆင့် တရားလွှတ်တော်ချုပ်၊ နောက်ထပ်တစ်ဆင့် သမ္မတကြီး အသနားခံစာစသဖြင့် အဆင့်သုံးဆင့် တက်နိုင်သေးတဲ့အတိုင်း တစ်ဆင့်ဆင့်မှာတော့ ဒီသေဒဏ် ပျက်နိုင်ကောင်းစရာရှိသေးတာမို့ ဒီအားကိုးနဲ့ပဲ နေ့စဉ်နဲ့အမျှဆုတောင်းနေရပါတော့တယ်၊ ဪ... ကိုပေါလွှင်... ကိုပေါလွှင် အကြောင်းဆိုးရှာတဲ့ ကိုပေါလွှင်၊ ကျွန်တော့်သူငယ်ချင်း ကွင်းလုံးကျွတ် လွတ်မြောက်ပါစေသော်"

ကိုဘိုးထင်၏အသံ စ၍ကြားရသည်မှ ဆုံးသွားသည်အထိ ကိုပေါလွှင်မှာ သံတိုင်နှစ်ချောင်းကိုကိုင်ရင်း ငိုင်လျက်ပင်ရှိနေသေး၏။ မျက်တောင်ခတ်ရန်ပင် သတိမရသလို မူမူ ထွက်သွားရာဆီသို့သာ ငေးလျက်ရှိ၏။ နောက် ကိုဘိုးထင်၏စကား ပြတ်သွားသည်နှင့် ထိုမြင်ကွင်းမှာပင် 'ပြီးပါပြီ' ဟူသော စာတန်းပေါ်လာကာ မကြာမီ တစ်ရုံလုံး ထိန်ထိန်လင်းသွားတော့၏ ။

* * *

ရုပ်ရှင်ပြစကာ နောက်ကျ၍ဝင်လာသော ဇနီးမောင်နှံမှာ ယခု ကြည်ကြည်လင်လင်နှင့် နှစ်ဦးစလုံး ရှင်နေသည်ကိုတွေ့ရ၏။ ညဈေးတန်းဘက်မှ လျှောက်လာကြစဉ်ကလို ခပ်ခွာခွာနှင့် တင်းမာနေသော အသွင်မျိုးမဟုတ်တော့ဘဲ ဗိုလ်ချုပ်လမ်းအတိုင်း အနောက်မှအရှေ့သို့ လျှောက်လာကြသူ ထိုဇနီးမောင်နှံသည် ပခုံးချင်းထိလုမတတ် အဆင်ပြေမှု နီးစပ်နေသည်ကို တွေ့ရ၏။

စည်ပင်သာယာရုံးရှေ့ ဘုရားရှိခိုးကျောင်းဘေး ပလက်ဖောင်းပေါ်သို့ ရောက်သည်တွင် သိသိသာသာ ပူးကပ်သွား၏၊ ပခုံးချင်းလည်း ကပ်သွား၏။ လူပြတ်၍ မှောင်ရိပ်ကျရာ သစ်ပင်အောက်ရောက်သည်နှင့် လူရွယ်သည် မိန်းမငယ်၏ လက်ဖဝါးကလေးကို တယုတယ ဆုပ်ကိုင်လိုက်ပြီးမှ...

"အင်း... ဒီရုပ်ရှင်ဝင်ကြည့်မိပေလို့ပဲ၊ ကိုကြိုင်တောင် မယားနှစ်ယောက်ကြား ဗျာများတော့မလို့၊ သီသီကလေး လိုတော့တယ်"

ဤတွင် မိန်းမငယ်က သူ့လက်ကလေးကို ဆတ်ခနဲ ဖယ်ရုန်းတဲ့ပြီး...

"ကိုယ့်ဟာကိုယ် မယားငယ်ယူချင်ယူ၊ ဗျာများချင်များ၊ မှားချင်သပဆိုလည်း လွတ်လွတ်ကျွတ်ကျွတ်မှားပါ ကိုကြိုင်၊ အညွန့်ကိုတော့ လေ့စီးရအောင်ဆိုပြီး အင်းလျားကို မခေါ်ပါနဲ့။ မောင်မင်းကြီးသား တောင်းပန်ပါရစေ"

ကိုကြိုင်က လှိုင်လှိုင်ကလေး ရယ်လိုက်ရင်း အညွန့်၏လက်ကလေးကို ဆတ်ခနဲ ပြန်ဖမ်းလိုက်၏။ ကျေနပ်မှုပီတိဖြင့် နာနာကလေးဖိ၍ ဖျစ်လိုက်လေသလောမသိ၊ အညွန့်က "အား... နာလိုက်တာ" ဟူသော အသံနှင့်အတူ သူ၏ကိုယ်ကလေးသည် ကိုကြိုင့်ဘက် ပူးသွား၏။ ယင်းသည့်နောက် သူတို့နှစ်ယောက် လျှောက်သွားကြသော ခြေလှမ်းမှာ စောစောကထက် သိသိသာသာကြီး သွက်နေသည်ကို တွေ့ရ၏။ ။

သာဓု

(၁၂-၃-၅၄)